ပါရာဇိကနှင့်
သာသနမဏ္ဍိုင်ပါဠိတော်ကြီး

သာသနဝင် သိရိပဝရ ဓမ္မာစရိယ
သာသနဝင် ဓမ္မာစရိယ အဂ္ဂတ္တရနိကာယ ပါဠိပါရဂူ

ဘာရတဓမ္မသာဟိတ်ဝေ

ခေတ်မှီ မာတိကာ မာတုကထာ

ဘရေကောက်

ကျမ်းပေါင်း (၁၀၀)

ဦးလှစိုး (ပါဠိပါရဂူ) ကြီးကြပ်ပြင်ဆင်သည်

မည္ဇနီဝေ
ပိဋ္ဌကတ်စာအုပ်ဆိုင် ၃၇-ရွှေတိုဏ်ဘုရား
စျေးတော်ရုံ - ရန်ကုန်မြို့

ဘ ဗ ဉ ၂ ၆

ပဲခူးမြို့
သာသနာ့ဓမ္မကျောင်း ပါဠိတတ္တုသိုလ်

သာသနဝင် သိရိပဝရ ဓမ္မာစရိယ
သာသနဝင် ဓမ္မာစရိယ အဂ္ဂတ္တရနိကာယ ပါဠိပါရဂူ

ဒေတ်မှီ မာတိကာ မာတုကာယာ

အာရုဏကောက်

ကျမ်းပေါင်း (၁၀၀)

ဦးလှစိုး (ပါဠိပါရဂူ) ကြီးကြပ်ပြင်ဆင်သည်

ချစ်ရတနာတိုးပုံနှိပ်တိုက်
၀၁၂၊ မန္တလေးလမ်း၊ ကန်တော်ကလေး
ရန်ကုန်မြို့

F. I ချစ်ရထနာတိုး

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၀၀၃၁-က)

ပဌမအကြိမ် အုပ်ရေ ၂၀၀၀

ဈေးနှုန်း ၁၀

၁၃၃၈ ခု၊ တပေါင်းလ
၈၆၇၀ ခု၊ ဧပြီလ

၁၅၂၂

စာစီဌာန် ကိုစိုးမြင့်နှင့် အဖွဲ့

ပုံနှိပ်သူ ဒေါ်ကျင်(၀၁၄၅၅)
ချစ်ရတနာတိုးပုံနှိပ်တိုက်
၈၁၂၊ မန္တလေးလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်

ထုတ်ဝေသူ ဒေါ်ခင်ကြည်(၀၁၆၄၇၀)
ငွေစပယ်စာပေ၊ ၁၃၇၊ ၃၂ လမ်း၊ ရန်ကုန်မြို့

မာတိကာ

အကြောင်းအရာ		**စာမျက်နှာ**
အဘိဓမ္မာ ကျမ်းစာသမိုင်း	....	၇
ကျမ်းဦးပလွင်	....	၂၅
၁။ တိကမာတိကာ ပါဠိ	....	၃၁
၂။ တိက မာတိကာ အရကောက်	....	၃၃
၃။ အဘိဓမ္မဒုက မာတိကာပါဠိ	....	၇၄
၄။ အဘိဓမ္မဒုက မာတိကာ အရကောက်	....	၈၀
၅။ သုတ္တန္တိကဒုက မာဘိကာပါဠိ	....	၁၀၅
၆။ သုတ္တန္တိကဒုက မာတိကာ အရကောက်	....	၁၀၇
၇။ ခေါတုကထာ ပါဠိ	....	၂၈၀
၈။ ဓာတုကထာ အရကောက်	....	၂၃၃
၉။ တိက မာတိကာ အဋ္ဌကောက် အဓိပ္ပာယ်	....	၄၅၁
၁၀။ ဒုက် မာတိကာ အရကောက် အဓိပ္ပာယ်	....	၄၇၀
၁၁။ တိတ မာတိကာ ဂဏ္ဌိ	....	၄၇၅
၁၂။ ဒုကမာတိကာ ဂဏ္ဌိ	....	၄၉၇
၁၃။ ဓာတုကထာ ဂဏ္ဌိ	....	၅၁၀
၁၄။ ဓာတုကထာ သံပေါက်	....	၅၂၃
၁၅။ ဓာတုကထာ လက္ခဏသာရ	....	၅၂၈
၁၆။ ဓာတုကထာ တုတ်လှမ်းချီး	....	၅၄၂
၁၇။ ဓာတုကထာ တုတ်လှမ်းချီး အဖြေ	....	၅၄၇
၁၈။ ဓာတုကထာ ဝိဇ္ဇာချီး	....	၅၅၇

ခေတ်မှီ မာတိကာ ဓာတုကထာ အရုကောက်

အ ကြောင်းအရာ	စာမျက်နှာ
၁၉။ ဓာတုကထာ အိမ်မြောင်ကဗျာ	.... ၅၆၁
၂၀။ ဓာတုကထာ ဟောပုဒ်ပြဂါထာ	.... ၅၆၂
၂၁။ ဓာတုကထာ ဟောပုဒ်မျိုး	.... ၅၆၃
၂၂။ ပိဋကတ် သင်္ချာယူနည်း	.... ၅၆၄
၂၃။ ပဋ္ဌဝိသာခံကပဒသတယူပုံ	.... ၅၆၄
၂၄။ ကောသလာ အရုယူပုံ	.... ၅၆၅
၂၅။ မာတိကာ တုတ်လှမ်းချိုး	.... ၅၆၆
၂၆။ သုတ္တန္တိက ဒုက မာတိကာချိုး	.... ၅၆၉
၂၇။ မာတိကာ ဝိသောဓနီ	.... ၅၆၉
၂၈။ တိကမာတိကာ အမေးအဖြေ	.... ၅၇၁
၂၉။ တိက် သရုပ်ခွဲ	.... ၅၇၄
၃၀။ နိဗ္ဗာန်ကို ကောက်ရသော တိုက်မျိုး	.... ၅၇၅
၃၁။ ခန္ဓာ ၅ ပါးလုံးရသော တိက်ပုဒ်မျိုး	.... ၅၇၆
၃၂။ အာယတန ၁၂ ပါးလုံးရသော တိက်ပုဒ်မျိုး	.... ၅၇၈
၃၃။ ဓာတ် ၁၈ ပါးလုံးရသော တိက်ပုဒ်မျိုး	.... ။
၃၄။ အရတူတိက်မျိုး	.... ၅၇၈
၃၅။ ပဌမပုဒ်ချင်း အရတူ တိက်မျိုး	.... ။
၃၆။ ဒုတိယပုဒ်ချင်း အရတူတိုက်မျိုး	.... ။
၃၇။ တတိယပုဒ်ချင်း အရတူ တိုက်မျိုး	.... ၅၇၉
၃၈။ ပုန္နင် ဒု အရတူတိက်မျိုး	.... ။
၃၉။ တိက်နှင့် တိက်မုတ်	.... ။
၄၀။ တိက်ပုဒ်နှင့် ခန္ဓာစသည်	.... ၅၈၀

အကြောင်းအရာ	စာမျက်နှာ
၄၁။ အဘိဓမ္မာဒုက် သရုပ်ခွဲ	.... ၅၀၁
၄၂။ နိဗ္ဗာန်ကို ကောက်ရသော အဘိုဓမ္မာဒုက်များ	.... ၅၀၂
၄၃။ အရတူ အဘိဓမ္မာ ဒုက်များ	.... ″
၄၄။ ထပ်ဟောရခြင်း အကြောင်း	.... ၅၀၃
၄၅။ သုတ္တန္တိကဒုက် အပေးအဖြေ	.... ″
၄၆။ သုတ္တန်ဒုက် သရုပ်ခွဲ	.... ၅၀၅
၄၇။ သုတ္တန္တိကဒုက် သင်္ဂဟဂါထာ	.... ၅၀၇
၄၈။ ခန္ဓာ ၅ ပါးဖွဲ့ပုံ	.... ၅၀၁
၄၉။ အာယတန ၁၂ ပါး ဖွဲ့ပုံ	.... ″
၅၀။ ဓာတ် ၁၈ ပါးဖွဲ့ပုံ	.... ၅၀၉
၅၁။ သစ္စာ ၄ ပါးဖွဲ့ပုံ	.... ၅၉၀
၅၂။ အဘိဓမ္မာဒုက်နှင့် ခန္ဓာစသည်	.... ၅၉၁
၅၃။ သုတ္တန္တိကဒုက်နှင့် ခန္ဓာစသည်	.... ၅၉၆
၅၄။ အဘိမ္မာ ၇ ကျမ်း	.... ၅၉၈
၅၅။ ဖွားဘက်တော် ၇ ပါး	.... ၅၉၉
၅၆။ ကြည့်ခြင်းကြီး ၅ ပါး	.... ၆၀၀
၅၇။ ကောလဟာလ ၅ ပါး	.... ″
၅၈။ ပါရမီ ၃၀	.... ၆၀၁
၅၉။ ပြာသာဒ် သုံးဆောင်	.... ၆၀၂
၆၀။ ခုနှစ်နေ့	.... ″
၆၁။ သုံးဖဝါး နှစ်လှမ်း	.... ၆၀၃
၆၂။ စောင်းတန်း ၃ သွယ်	.... ၆၀၃

အကြောင်းအရာ	စာမျက်နှာ
၆၃။ သုံးဆဲ့တဘုံ	.... ၆၀၄
၆၄။ ၃ဝဘုံအကွာအဝေး	.... ၆၀၆
၆၅။ ပုဂ္ဂိုလ် ဝ၂ ယောက်	.... ၆၀၇
၆၆။ ဘုံပုဂ္ဂိုလ်ရလက်ဝ	.... ၆၀၈
၆၇။ ဘုံနှင့်ပုဂ္ဂိုလ်	.... ၆၀၈
၆၈။ ပုဂ္ဂိုလ်ဘုံရလက်ဝ	.... ၆၁၀
၆၉။ ပုဂ္ဂိုလ်နှင့်ဘုံ	.... ။
၇၀။ ငရဲကြီးရှစ်ထပ်	.... ၆၁၁
၇၁။ ငရဲကြီးရှစ်ထပ်သက်တမ်း	.... ၆၁၂
၇၂။ အဝီစေတိတဋ္ဌာနလေးပါး	.... ။
၇၃။ သံဝေဇနီယဋ္ဌာန်လေးပါး	.... ၆၁၃
၇၄။ ဧကန်အာရုံပြုလက်ဝ	.... ။
၇၅။ အနေကန်အာရုံပြုလက်ဝ	.... ။
၇၆။ အာရုံပြုသံပေါက်	.... ၆၁၄
၇၇။ ဘုံပုဂ္ဂိုလ်ရသံပေါက်	.... ၆၁၆
၇၈။ သတ္တာဝ၀ါသဘုံကိုးဝသံပေါက်	.... ။
၇၉။ ပုဂ္ဂိုလ်စိတ်ရသံပေါက်	.... ၆၁၇
၈၀။ ၃၁ဘုံအပိုင်းအခြားသံပေါက်ကဗျာ	.... ၅၁၉
၈၁။ ဘုံအပိုင်းအခြားသံပေါက်	.... ။
၈၂။ မြင့်မိုရ်စကြဝဠာအပိုင်းအခြားသံပေါက်	.... ၆၂၃
၈၃။ နတ်သက်လက်ဝ	.... ၆၂၄
၈၄။ နတ်သက်ခလေးဆတက်ပုံ သံပေါက်	.... ၆၂၅

အကြောင်းအစု	စာမျက်နှာ
၈၅။ နတ်သက်သံပေါက်	.... ၆၂၅
၈၆။ နတ်သက်ချိုး	.... ၆၂၆
၈၇။ နတ်သက်ချိုးအဖြေ	.... ၆၂၇
၈၈။ ဘုံပုဂ္ဂိုလ်ရတေးတပ်	.... ၆၂၈
၈၉။ မန္ဒာယုက အမန္ဒာယုက မဂ္ဂိမာယုကရွေးနည်း သံပေါက်	.... ။
၉၀။ ငရဲသက်လက်ခံ	.... ၆၂၉
၉၁။ ကိလေသာ ၁၅၀၀ မြောက်ပွားနည်း	.... ၆၃၀
၉၂။ ၅၂၈ သွယ်မေတ္တာလက်ခံ	.... ။
၉၃။ ၅၂၈ သွယ်မေတ္တာမြောက်ပွားနည်း	.... ၆၃၁
၉၄။ ၅၂၈ သွယ်မေတ္တာမြောက်ပွားပုံ	.... ။
၉၅။ ဝေဒနာသင်္ဂဟအဖွင့်	.... ၆၃၂
၉၆။ ဟေတုသင်္ဂဟအဖွင့်	.... ၆၃၃
၆၇။ ကိစ္စသင်္ဂဟအဖွင့်	.... ၆၃၄
၉၈။ ဒွါရသင်္ဂဟအဖွင့်	.... ။
၉၉။ အာရမ္မဏသင်္ဂဟအဖွင့်	.... ၆၃၅
၁၀၀။ ဝတ္ထုသင်္ဂဟအဖွင့်	.... ။
ကျမ်းပြီးနိဂုံး	.... ၆၃၆

အဘိဓမ္မာကျမ်းစာသင်္ခြိုင်း

အပ္ပ၁။ ကျမ်းစာအမည်၊ကျမ်းပြုပုဂ္ဂိုလ်၊ကျမ်းပြု သက္ကရာဇ် များ ကို အစဉ်အတိုင်း ပြဆိုထားပါသည်။

၁။ ဓမ္မသင်္ဂဏီ ဘုရားရှင် ၅၇၂ ဘီစီ
၂။ ဝိဘင်္ဂ ။ ။
၃။ ဓာတုကထာ ။ ။
၄။ ပုဂ္ဂလပညတ္တိ ။ ။
၅။ ကထာဝတ္ထု ။ ။
၆။ ယမက ယမိုက် ။ ။
၇။ ပဋ္ဌာန ပဋ္ဌာန်း ။ ။
၈။ အက်ုရဋ္ဌိကာ၊ အရှင်ဝိမလ၊(၁၂၆၇)
၉။ အခြေပြုသင်္ဂြိုဟ်၊ အရှင်ဇနကာဘိဝံသ၊(၁၂၉၅)
၁၀။ အဋ္ဌသာလိနီ အဋ္ဌကထာ၊အရှင်ဗုဒ္ဓဃောသ၊(၁၁ရာစု)
၁၁။ အဋ္ဌသာလိနီ အင်္ဂလိပ်ဘာသာပြန်၊ ဦးဖေမောင်တင်၊ (၁၂၈၁)
၁၂။ အဋ္ဌသာလိနီဂဏ္ဌိ၊ အရှင်ဥာဏဝရ၊ ကျော်အောင်စံထား ဆရာတော်၊ (၁၀၉၄)
၁၃။ အဋ္ဌသာလိနီဂဏ္ဌိ၊ [အရှင်စန္ဒဝံသ၊ ဒုတိယ မြို့ပြင်ကြီး ဆရာတော်၊ (၁၂၁၆)
၁၄။ အဋ္ဌသာလိနီဂဏ္ဌိ၊ အရှင်ဝိုစာရိန္ဒ၊ ဒုတိယ မင်းခင်း ဆရာတော်၊ (၁၂၈၀)
၁၅။ အဋ္ဌသာလိနီနိဿ၊ အရှင် အရိယာလင်္ကာရ၊ နေ ရင်း ဆရာတော် (၁၀၇၆)
၁၆။ အဋ္ဌသာလိနီနိဿ၊အရှင်မေဓာ၊ ပြည်ဆရာတော်၊ (၁၂၂၅)
၁၇။ အဋ္ဌသာလိနီမူလဋ္ဌိကာဂဏ္ဌိ၊ အရှစ်ကေလာသ၊ ကြာခံဆရာတော်၊ ((၁၁၁၈)
၁၈။ အဋ္ဌသာလိနီယောဇနာ၊အရှင်ဥာဏကိတ္တိ။
၁၉။ အတိသုန္ဒရကျမ်း၊ ဦးနတ်သား၊

F. 2 ချစ်ရတနာတို့

၂၀။ အနုဋ္ဌီကာ၊ အရှင်ဓမ္မပါလ၊ ၁၂ ရာစု။
၂၁။ အနုဋ္ဌီကာနိဿ၊အရှင်အရိယဝံသ၊ ၈၃၀။
၂၂။ အနုဒီပနီ၊ လယ်တီဆရာတော်။
၂၃၊ အနုဝိဘာဝနီ၊ အရှင်သာဂရ၊ ၁၂၇၁။
၂၄။ အဖေဂ္ဂုသာရဒီပနီ၊အရှင်မဟာသုဝဏ္ဏဒီပ၊ ၉၄၄။
၂၅။ အဖေဂ္ဂုသာရဒီပနီအမေးအဖြေ၊အရှင်နရိန္ဒ၊ဆုံထားဆရာတော်။
၂၆။ အဖေဂ္ဂုသာရဒီပနီနိဿ၊အရှင်ဒီပ၊လက်ဝရ၊ဒုတိယင၊ားခုန်ဆရာတော်။
၂၇။ အဘိဓမ္မဂုဠတ္ထဒီပနီ၊ မေဓာဝီဆရာဆိုင်၊ ၁၃၀၁၊
၂၈။ အဘိဓမ္မတ္ထဒီပ၊ကာ၊ အရှင်ဥာဏဝံသ၊ ဗိုလ်ကုန်းဆရာတော်၊ ၁၂၇၃
၂၉။ အဘိဓမ္မတ္ထဒီပနီကျမ်း၊အရှင်ကဝိန္ဒ၊ ၁၁၉၀။
၃၀။ အဘိဓမ္မတ္ထနိယံကျမ်း၊ အရှင်ပရမ၊ ၁၂၈၀၊
၃၁။ အဘိဓမ္မတ္ထပကာသနီကျမ်း၊ညောင်ဖြူပင်ဆရာတော်၊အလုံမြို့၊ ၁၂၉၀။
၃၂။ အဘိဓမ္မတ္ထမဇ္ဇရီ၊ ပြည်ဆရာတော်။
၃၃။ အဘိဓမ္မတ္ထဝိကာသိနီ၊အရှင်သုမင်္လသာမိ။
၃၄။ အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)၊အရှင်သုမင်္လသာမိ။
၃၅။ အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာနိဿ၊ အရှင်အရိယာလက်ဝရ၊ နေရှင်း
ဆရာတော် ၁၀၇၀။
၃၆။ ၎င်းနိဿ၊ အရှင်ဇနိန္ဒ၊ ဒုတိယဆင်တဲဆရာတော်၊ ၁၂၂၀။
၃၇။ ၎င်းနိဿ၊ အရှင်ပညာဇေဒတ၊ ဒုတိယဗားကရာဆရာတော်၊ ၁၂၂၀။
၃၈။ ၎င်းနိဿ၊ အရှင်မေဓာ၊ ပြည်ဆရာတော်၊ ၁၂၂၀။
၃၉။ ၎င်းနိဿ၊ မင်းကြီး မဟာသီရိဇေယျသူ မိုင်းခိုင်မြို့စား၊
၁၁၇၇-၁၂၅၄။
၄၀။ ၎င်းနိဿ၊ အရှင်ကေလာသ၊ မုံရွာမြို့။
၄၁။ ၎င်းနိဿ၊ အရှင်ကေလာသ၊ ပစ္ဆိမာရုံဆရာတော်၊ ကျိုက်လတ်မြို့။
၄၂။ အဘိဓမ္မတ္ထဝိဘာဝိနီပဒယောဇနာ၊ အမည်မသိ။
၄၃။ အဘိဓမ္မတ္ထဝိဘာဝိနီယောဇနာ၊ အရှင်ဥာနိန္ဒာသဖ၊ ၁၂၈၀။
၄၄။ ၎င်းယောဇနာ၊ ဦးကဝိ၊ ဦးရှေ့မင်း။
၄၅။ အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကျမ်း၊ အရှင်အနုရုဒ္ဓ၊ ၁၅ ရာစု။

၄၆။ အဘိဓမ္မတ္ထသင်္ဂဟအနုဋီကာဝဏ္ဏနာ၊ အရှင်နာဂရက္ခိတ၊ ၁၂၀၄။
၄၇။ အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိ၊ အရှင်ဝိစာရ၊ မင်းကျောင်း ဆရာတော်၊ ၁၂၉၄။
၄၈။ အဘိဓမ္မတ္ထသင်္ဂဟဂါထာ ဒေသနာနှင့် အကျယ်ကောက်၊ အရှင်နန္ဒမာလာ၊ ၁၂၇၆။
၄၉။ အဘိဓမ္မတ္ထသင်္ဂဟဏ္ဌိပဒ၊ အမည်မသိ။
၅၀။ အဘိဓမ္မတ္ထသင်္ဂဟတောတိကကျမ်း၊ အရှင်နန္ဒမာလာ၊ ၁၂၈၁။
၅၁။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ၊ အရှင်သီလာစာရ၊ ၁၁၆၃။
၅၂။ အဘိဓမ္မတ္ထသင်္ဂဟဒေသနာ၊ ဦးသောမ (ဦးသာဘိုင်)။
၅၃။ ၎င်းယောဇနာ၊ ၊ ်းကဒိ (ပုံးမြေမင်း)။
၅၄။ အဘိဓမ္မတ္ထသင်္ဂဟယမကကျမ်း၊ အရှင်နာဂိန္ဒ၊ ၀၂၄၆။
၅၅။ အဘိဓမ္မတ္ထသင်္ဂဟပုစ္ဆာ ပိသဇ္ဇနာကျမ်း၊ အရှင်အဂ္ဂဝံသ၊ ခေမာသမ် ဆရာတော်၊ ၁၂၇၃။
၅၆။ အဘိဓမ္မတ္ထ သင်္ဂဟဋီကာဟောင်း၊ အရှင်ဝိမလ၊ ၁၅ ရာစု။
၅၇။ အဘိဓမ္မတ္ထ သင်္ဂဟနိဿယ၊ အရှင်မုနိန္ဒဃောသ၊ ဗဟင်ဆရာတော်၊ ၀၁၄၄။
၅၈။ ၎င်းနိဿယ၊ အရှင်မုနိန္ဒဘိဝ၊ ကျီးသဲလေးထပ် ဆရာတော်၊ ၁၁၇၉-၁၂၅၆။
၅၉။ ၎င်းနိဿယ၊ အရှင်ခေကလာသ၊ ဦးသံမှိ။
၆၀။ ၎င်းနိဿယ၊ အရှင်ဇာဝဂရ၊ မိုးထိဆရာတော်။
၆၁။ ၎င်းနိဿယ၊ အရှင်အဂ္ဂဝံသ၊ တောင်သာဆရာတော်။
၆၂။ အဘိဓမ္မတ္ထသင်္ဂဟပဂ္ဂေသန်၊ အရှင်ပဏ္ဍိစ္စ၊ ၁၂၆၂။
၆၃။ အဘိဓမ္မတ္ထသခေါ်ပနယကျမ်း၊ ဦးဆိုးပုံ၊
၆၄။ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီနိဿယ၊ အရှင်သီလာစာရ၊ ပန်းလွှာဆရာတော်။
၆၅။ အဘိဓမ္မတ္ထ သင်္ဂဟဝိကာသနီ၊ အမည်မသိ။
၆၆။ အဘိဓမ္မတ္ထ သင်္ဂဟဝိနိစ္ဆယ၊ အရှင်မေဓာသိရိ၊ ၁၂၇၃။
၆၇။ အဘိဓမ္မတ္ထသင်္ဂဟဝိနိစ္ဆယဋီကာ၊ အရှင်ပညာဒေဝတ၊ ၁၂၈၁။
၆၈။ အဘိဓမ္မတ္ထ သင်္ဂဟဝိနိစ္ဆယ နိဿယ၊ အရှင်မေဓာသိရိ၊ ၁၂၇၃။

၆၉။ အဘိဓမ္မတ္ထ သင်္ဂဟသင်္ဂြိုဟ်ကျမ်း၊ အရှင်ပညာဝံသ၊ ၁၂၉၆။
၇၀။ အဘိဓမ္မတ္ထသင်္ဂြိုဟ်အဓိကာက်၊ အရှင်ဓမ္မာဘိနန္ဒ၊ ပဌမ ဗားကဆု ဆရာတော်။
၇၁။ ဂင်းအကောက်၊ အရှင်သာဂရ၊ စတုတ္ထ ဆင်းတဲဆရာတော်။
၇၂။ ဂင်းအကောက်၊ မြို့ပြင်ကြီး ဆရာတော်။
၇၃။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းရိုးကြီး၊ အရှင်အဂ္ဂဓမ္မ၊ နန်းကျောင်း ဆရာတော်။
၇၄။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ဂဏ္ဌိ၊ အရှင်ဥာဏဝရ၊ ကျော်အောင်စံထား ဆရာတော်၊ ၁၀၉၄။
၇၅။ ဂင်းဂဏ္ဌိ၊ အရှင်ဇာဂရ၊ ဘုရားကြီး ဆရာတော်၊ ၁၂၀၅။
၇၆။ ဂင်းဂဏ္ဌိ၊ အရှင်ဝရသမ္ဘောဓိ၊ ရေစကြို့ဆရာတော်၊ ၁၂၂၈။
၇၇။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ပုစ္ဆာကျမ်း၊ အမည်မသိ။
၇၈။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ပုစ္ဆာအဖြေ၊ (ပဋ္ဌာန်ကမဒီပနီအဖြေဂဏ္ဌိ) အရှင်အာစရ၊ ၁၂၃၁။
၇၉။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိကျမ်းသစ်အကျဉ်း၊ဦးတိသ၊ ၁၂၃၉။
၈၀။ အဘိဓမ္မတ္ထသရူပဒီပကကျမ်း၊ အရှင်စန္ဒဝံသ၊ ဒုတိယ မြို့ပြင်ကြီး ဆရာတော်၊ ၁၁၈၉၊ ၁၂၆၃။
၈၁။ အဘိဓမ္မတ္ထသင်္ဂြိုဟ်စုဒ်စောဒနာဂဏ္ဌိ၊ အရှင်သုဓမ္မာလင်္ကာရ၊ သလုံး လေးထပ်ကြီးဆရာတော်။
၈၂။ အဘိဓမ္မတ္ထသာရဒီပနီ၊ အရှင်ကေတုမာလာ၊ ၁၂၆၀။
၈၃။ အဘိဓမ္မနယပကာသနီ၊(အမည်မသိ)။
၈၄။ အဘိဓမ္မာသမူဟဝိနိစ္ဆယကျမ်း၊အရှင်သာဂရ(ဆင်တဲ)၊ အရှင်ပဏ္ဍိတ လင်္ကာရ၊အရှင်နရိန္ဒ(ဆီးဘန်နီ)၊အရှင်စန္ဒဝံသ(မြို့ပြင်ကြီး)။
၈၅။ အဘိဓမ္မာအလွတ်ပညာ၊ အရှင်သံဝရ၊ ၁၃၂၁။
၈၆။ အဘိဓမ္မာ ညဝါလရောင်ကျမ်း၊အရှင်ကောဝိဒ၊ ၁၂၉၈။
၈၇။ အဘိဓမ္မ ၁၈ါးစောင်တွဲ၊ အရှင်စန္ဒိမာ၊စကားပင်ကျောင်း ဆရာတော်။
၈၈။ အဘိဓမ္မာဥာဏ်ရောင်ကျမ်း၊ အရှင်ကေသရမောဠီ၊ ၁၃၁၈။
၈၉။ အဘိဓမ္မာနေရောင်ကျမ်း၊ အရှင်ကောဝိဒ၊ ၁၂၉၆။

၉၀။ အဘိဓမ္မာတံခွန်ကျမ်း၊ အရှင်အာဒိစ္စ (ဦးအုန်း)၊ ၁၂၃၅။
၉၁။ အဘိဓမ္မာဝတာရကျမ်း၊ အရှင်ဗုဒ္ဓဒတ္တ၊ ၁၁ ရာစု။
၉၂။ ၎င်းဋီကာဟောင်း၊ အရှင်ဝါစိသရ။
၉၃။ ၎င်းဋီကာသစ်၊(အမည်မသိ)။
၉၄။ ၎င်းဋီကာသစ်နီသျှ၊(အမည်မသိ)။
၉၅။ အဘိဓမ္မာဝတာရနီသျှ၊ အရှင်ဥာဏာ၊ ပဌမကျော်၊ ၁၁၁၂။
၉၆။ ၎င်းနီသျှ၊ အရှင်မုနိန္ဒာဘိဝံသ၊ စလင်းသာသနာပိုင်၊ ၁၁၈၁။
၉၇။ အဘိဓမ္မာဝတ္ထု (ဦးဖိုးစိန်တည်းဖြတ်) ၁၂၂၀
၉၁။ အဘိဓမ္မာလမ်းညွှန်၊ အရှင်ဥတ္တမာဘိဝံသ ၁၃၁၆။
၉၉။ အဘိဓမ္မာသင်တန်း၊ ဦးကံသာ။
၁၀၀။ ဥပေက္ခာဗလဝံတရဝိနိစ္ဆယ ပြည်မြို့၊ အင်းဝနယ်၊ အင်းမကြီးကျောင်း ဆရာတော် ၁၂၆၅။
၁၀၁။ ကထာဝတ္ထုပါဠိတော်နီသျှ၊ အရှင်ဇမ္ဗုဒီပခေ၊ ၁၂၀၀။
၁၀၂။ ၎င်းနီသျှ၊အရှင်ဇာဝဂရ၊ မိုးထိဆရာတော်။
၁၀၃။ ကထာဝတ္ထုပါဠိတော်မြန်မာပြန်၊ ဆဋ္ဌမ၊ ၁၃၂၄။
၁၀၄။ ကလျာဏဋီကာ၊ အရှင်ကလျာဏ။
၁၀၅။ ကုံကျုစ္ဆဝိနိစ္ဆယ၊ အမည်မသိ။
၁၀၆။ ကူညီရေး အဘိဓမ္မာ၊ အရှင်ဓမ္မသာမိ ဘိဝံသ၊သာသနဇ္ဇောတ်၊ ပဲခူးမြို့ ၁၃၁၅
၁၀၇။ ကိုယ်ကျင့်အဘိဓမ္မာ၊ အရှင်ဇနကာဘိဝံသ၊ ၁၃၁၆။
၁၀၈။ ခေမာပကရဏ၊ အရှင်ခေမာ။
၁၀၉။ ခေမာဋီကာ၊ အရှင်မဟာဗောဓိ။
၁၁၀။ ခေတ်မှီ အဘိဓမ္မာဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ သာသနမဇ္ဈိုင်၊ပဲခူးမြို့၊ ၁၃၂၅
၁၁၁။ ခေတ်မှီမာတိကာ ခေါတုကထာအရကောက်၊ အရှင်ဓမ္မသာမိ ဘိစံသ၊ သာသနမဇ္ဈိုင် ပဲခူးမြို့၊ ၁၃၂၅
၁၁၂။ ခေတ်မှီသရုပ်ပြ အဘိဓမ္မာ၊အရှင်ဓမ္မသာမိ ဘိစံသ၊သာသန မဇ္ဈိုင် ပဲခူးမြို့၊ ၁၃၂၅

၁၁၃။ ဂမ္ဘီရပုစ္ဆာဝိသဇ္ဇနာကျမ်း၊ အရှင်ဝိလာသ၊ တွင်းကြီး ဆရာတော်၊

၁၁၄။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ၊ အရှင်ဇာဂရ၊ ပဌမရှေ့ကျင် သာသနာပိုင် ၁၁၈၄-၁၂၅၅။

၁၁၅။ ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်း၊ အရှင်ဝိသုဒ္ဓ၊တောင်ခွင် သာသနာပိုင်ဆရာတော် ၁၂၃၃

၁၁၆။ ဃဋ္ဋနာဗေဒမိ၊ အရှင်ကာရဏိက၊မြောင်းမြ ၁၃၃၇။

၀၁၇။ စာဘုဝိသတိကျမ်း၊အရှင်သုန္ဒရ၊ပြည်၊ ၁၂၅၀။

၁၁၈။ ဆရာလွတ်ညဝါ၊ အရှင်ဥက္ကံသာဘိဝံသ။

၁၁၉။ ညဝါတံခွန်ကျမ်း၊ အရှင်ဓမ္မသာမိ၊ ၁၂၈၉

၁၂၀။ ဋီကာကျော် အနုဝိဘာဝနီ၊အရှင်ဝိသဒ္ဒဥာဏ၊ ၀၃၁၈။

၁၂၁။ ဋီကာကျော်ဂဏ္ဌိ၊အရှင်အာဒိစ္စဝံသ၊ ပဌမင၊ားခုန်ဆရာတော်၊ ၁၁၆၉

၀၁၂။ ဋီကာကျော်ဂဏ္ဌိ၊ အရှင်ဝိစာရိန္ဒ၊ မင်းခင်းဆရာတော်၊ ၁၂၈၀။

၁၂၃။ ဋီကာကျော်ဂဏ္ဌိ၊ အရှင်နာယက၊ လပွတ္တာမြို့၊ ၁၃၁၂။

၁၂၄။ ဋီကာကျော်နီသျှ၊ နေရင်းဆရာတော်။

၁၂၅။ ဋီကာကျော်နီသျှ၊အရှင်ပညာ၊ ပခုက္ကူ၊ ၁၃၀၄။

၀၁၆။ ဋီကာကျော်နီသျှ၊ အရှင်အာဌာရ၊ မေဒီနီဆရာတော်၊ ၁၃ဝ၄။

၁၂၇။ ဋီကာကျော်မြန်မာပြန်၊ မေဓာဝီဆရာဆိုင်။

၁၂၈။ တေတ္တိ သပုစ္ဆာဝိသဇ္ဇနာကျမ်း၊အရှင်ကေတုမာလာ၊စလင်းဆရာတော်၊

၁၂၉။ ဒီဋ္ဌဘေဒပကာသနီကျမ်း၊(အမည်မသိ)။

၁၃၀။ ဓာတုကထာဥဒါန်းချုပ်ဂါထာ၊ ဂူဒကျောင်းဆရာတော်။

၀၁၁။ ဓမ္မသင်္ဂဏီပါဠိတော်နီသျှ၊(အမည်မသိ)။

၁၃၂။ ဂင်းနီသျှ၊ အရှင်သုဒဿန၊ ဒုတိယစံကျောင်း ဆရာတော်၊ **မန္တလေး**၊ ၁၁၉၉။

၁၃၃။ ဂင်းနီသျှ၊အရှင်အဂ္ဂဓမ္မ၊ ထနောင်းဝန်းဆရာတော်။

၀၁၄။ ဂင်းနီသျှ၊အရှင်ဇာဂရ၊ မိုးထိုဆရာကော်။

၀၁၅။ ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်၊ ဦးမြို့။

၁၃၆။ ဂင်းမြန်မာပြန်၊ဆဋ္ဌမှု၊ ၁၃၂၉။

၀၃၇။ ဓာတုကထာ အရကောက်၊ အရှင်မုနိန္ဒယောသ၊ ဘောင်ဘီလာ ဆရာတော်၊ ၉၀၀။

၁၃၀။ ဓာတုကထာအရကောက်၊ အရှင်အဂ္ဂဓမ္မ၊ နန်းကျောင်း ဆရာတော်၊ ၉၀၅။

၀၃၉။ ဓာတုကထာအရကောက်၊အရှင်အနုဇ္ဇဓဇ၊ တောင်ဘီလူး ဆရာတော် ၁၀၃၀။

၁၄၀။ ဓာဘုကထာအရကောက်၊ အရှင်နန္ဒမေဓာ၊ ထန်းတပင် ဆရာတော် ၁၁၃၀။

၁၄၁။ ဓာတုကထာအနုဋ္ဌိကာ၊အရှင်ဘိဒလာကဂုရု၊ ၉၀၀။

၁၄၂။ ဓာတုကထာအရကောက်(အမည်မသိ)။

၁၄၃။ ဓာတုကထာအရကောက်၊ အရှင်ဇမ္ဗုဒီပဓဇ၊ ၁၂၀၀။

၁၄၄။ ဓာတုကထာအရကောက်၊ အရှင်ဇာဝဂရ၊ မိုးထိဆရာတော်။

၁၄၅။ ဓာတုကထာအမေးအဖြေ၊ အရှင်ဓမ္မသာမိ ဘုံဝံသ၊သာသနာ့ မဟာရှိုင်း ပဲခူးမြို့၊ ၁၃၃၅။

၁၄၆။ ဓာတုကထာ အင်္ဂလိပ်ဘာသာပြန်၊ အရှင်နာရဒ၊ မူလပဋ္ဌာန်း ဆရာတော်။

၁၄၇။ ဓာတုကထာဂဏ္ဌိ၊ အရှင်ဥာဏာ၊ တောင်တွင်း ဆရာတော် ၁၁၀၁။

၁၄၈။ ဓာတုကထာချိုး၊အရှင်စန္ဒမာလာ၊ တုတ်လှမ်း ဆရာတော်၊ ၁၁၀၅။

၁၄၉။ ဓာတုကထာချိုးအဖြေ၊ အရှင်စန္ဒမာလာ၊တုတ်လှမ်းဆရာတော်၊ ၁၁၀၅။

၁၅၀။ ဓာတုကထာယောဇနာ၊ အရှင်သာရဒဿီ၊ ၁၀၉၅။

၁၅၁။ ဓာတုကထတ္ထဒီပနီ၊အရှင်သုစိတ္တသာရ၊ ၁၃၀၁

၁၅၂။ ဓာတုသထဝ၀ဏ္ဏနာ၊ အရှင်တိကောကဂုရု၊ ၉၀၀။

၁၅၃။ ဓာတုကထာဝိဇ္ဇာချိုးနှင့် ကဗျာ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်။

၁၅၄။ ဓာတုကာထာသံပေါက်၊ ဂူကျောင်းဆရာတော်။

၁၅၅။ ဓာတုကထာဝိဘာဝနီ၊အရှင်ဝိသဒဥာဏ၊ ၁၃၁၅။

၁၅၆။ နာမစာရဒီပက၊ အရှင်ဆပ္ပဒ။

၁၅၇။ နာမရူပပရိစ္ဆေဒ၊ အရှင်အနုရုဒ္ဓါ၊ ၁၅ရာစု။

၁၅၈။ နာမရူပ ပရိစ္ဆေဒ ဋီကာသစ် (အမည်မသိ)။
၁၅၉။ နာမရူပရိစ္ဆေဒဋီကာဟောင်း၊အရှင်ဝါစိသရ။
၁၆၀။ နာမရူပပရိစ္ဆေဒနီသျှ၊ အရှင်ဥာဏာလင်္ကာရ၊ ပဌမဆင်ဘဲ့ ဆရာတော် ၁၁၉၉။
၁၆၁။ ပဋ္ဌယတ္ထပကာသနီကျမ်း၊ သေက္ချ ဘောင် ဦးတိလောဘ ၁၂၇၅။
၁၆၂။ ပစ္စယပကာသနီကျမ်း အရှင်ကေတုမာလာ၊ ၁၂၅၇။
၁၆၃။ ပစ္စယမဉ္ဇရီကျမ်း၊လယ်တီပဏ္ဍိတ၊
၁၆၄။ ပစ္စယဝိဘာဂသင်္ခေပကျမ်း၊ အရှင်ပညာဝံသ။
၁၆၅၊ ပဋ္ဌယာကာရဒီပနီသံပေါက်၊ ဆရာတော်ဦးဗုဒ္ဓ၊ ၁၁၀၃။
၁၆၆။ ပစ္စယုဒ္ဒေသဒီပနီ၊ အရှင်ဝိစာရ၊ မြတောင်ဆရာတော်၊ ၁၂၀၇။
၁၆၇။ ပခုက္ကူသင်ကြိုဟ်၊ အရှင်ရာဇိန္ဒ၊ ၁၃၁၇။
၁၆၈။ ပစ္စယဋ္ဌာနပကာသနီ၊ အရှင်ဇမ္ဗုဓဇ၊ ၁၁၀၃။
၁၆၉။ ပစ္စယတ္ထပကာသနီ၊ အရှင်ဇမ္ဗုဓဇ၊ ၁၁၀၂။
၁၇၀။ ပဋ္ဌာန်ကြိုဏ်၊ အရှင်ဗုဒ္ဓဃောသ၊ ၁၁ ရာစု။
၁၇၁။ ပဋ္ဌာန်ကြိုဏ်နီသျှ၊အရှင်ပညာသီဟ၊ဂူကြီးဆရာတော်။
၁၇၂။ ပစ္စယတ္ထပကာသနီနီသျှ၊ ဆရာတော်ဦးဗုဒ္ဓ၊ ၁၁၀၁။
၁၇၃။ ပဋ္ဌိစ္စသမုပ္ပါဒနယဒီပနီ၊ အရှင်စန္ဒဝံသ၊မြို့ပြင်ကြီးဆရာတော်။ ၁၂၄၅။
၁၇၄။ ပဋ္ဌိစ္စသမုပ္ပါဒ် အရသာ၊ အရှင်အရိယ၊ ညောင်လေးပင် တောရ ဆရာတော်၊
၁၇၅။ ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ၊လယ်တီဆရာတော်။
၁၇၆။ ပဋ္ဌာဘာလိသပုစ္ဆာဝိသဇ္ဇနာ၊ အရှင်ကေတုမာလာ။
၁၇၇။ ပဋ္ဌာန်ကမ္မဒီပနီ၊အရှင်နရိန္ဒ၊ ဆုံထား:ဆရာတော်၊ ၁၁၃၀
၁၇၈။ ပဋ္ဌာန်:အရကောက်၊ အရှင်မုနိန္ဒယောသ၊ တောင်ဘီလ်ပ ဆရာတော်၊ ၉၄၀–၁၀၁၃။
၁၇၉။ ပဋ္ဌာန်: အရခကာက်၊ အရှင်အာဂခမ္မ၊ နန်:ကျောင်: ဆရာတော်၊ ၉၀၅။

၁၀၈။ ပဋ္ဌာန်းအရကောက်၊ အရှင်အနန္တမဇ၊ တောင်ဘီလူး ဆရာတော်၊ ၁၀၃၄။

၁၀၁။ ပဋ္ဌာန်းအရကောက်၊အရှင်ဥာဏ၊ တောင်တွင်းဆရာဟော်၊ ၁၁၂၁။

၁၀၂။ ပဋ္ဌာန်းအရကောက်၊ အရှင်နန္ဒမေဝ၊ထန်းတပင်ဆရာတော်၊ ၁၁၃၀။

၁၀၃။ ပဋ္ဌာန်းအရတောက်၊တောရ ဦးဒီပ။

၁၀၄။ ပဋ္ဌာန်းအရကောက်၊(အမှည်မသိ)။

၁၀၅။ ပဋ္ဌာန်းအရကောက်၊ အရှင်ဇမ္ဗုဒီပဓဇ၊ ၁၂၀၀။

၁၀၆။ ပဋ္ဌာန်းအရကောက်၊ အ[illegible]ဝဂရ၊ မိုးထိုဆရာတော်။

၁၀၇။ ပဋ္ဌာန်းအရကောက် အ[illegible]ဦးချုပ်၊ မစိုးရိမ်ညဝါအဖွဲ့၊ [illegible]၁[illegible]။

၁၀၈။ ပဋ္ဌာန်းအနုဂဏ္ဌိ၊ ပဌမကျော် ဦးကြီးဖေ၊ ၁၃၀၀။

၁၀၉။ ပဋ္ဌာန်းအမေးအဖြေ၊ လယ်တီပဏ္ဍိတ၊ ၁၂၀၀

၁၉၀။ ပဋ္ဌာန်းပစ္စည်းပြိုင်၊ အရှင်သူရိယ၊ သဲအင်းသာသနာပိုင်၊ ၁၁၂၅-
၁၂၀၁။

၁၉၁။ ပဋ္ဌာန်းပစ္စည်းပြိုင်အဓိပ္ပာယ်၊ အရှင်ဝိသုဒ္ဓ၊ တောင်ငူင် သာသနာပိုင်၊

၁၉၂။ ပဋ္ဌာန်းပစ္စည်းပြိုင်ဂဏ္ဌိ၊ အရှင်ကလျာဏဝံသ၊ ၁၂၅၉။

၁၉၃။ ပဋ္ဌာန်းပြိုင်၊အရှင်ဝိသုဒ္ဓ၊ပဋ္ဌာန်းဆရာတော်၊ ၁၃၂၂။

၁၉၄။ ပဋ္ဌာန်းပါရဂူကျမ်း၊ အရှင်နာရဒ၊ မူလပဋ္ဌာန်းဆရာတော်။

၁၉၅။ ပဋ္ဌာန်းရာသီစု၊ အရှင်သူရိယ၊ သဲအင်းသာသနာပိုင်။

၁၉၆။ ပဋ္ဌာန်းသုံးချက်စု၊ ၎င်း။

၁၉၇။ ပဋ္ဌာန်းသုံးချက်စုခက်ဆစ်၊ အရှင်ဝိသုဒ္ဓ၊ တောင်ငူင် သာသနာပိုင်၊

၁၉၈။ ပဋ္ဌန်းသုံးချက်စုဂဏ္ဌိ၊ အရှင်ကလျာဏဝံသ၊ ၁၂၅၉။

၁၉၉။ ပဋ္ဌန်းသင်နည်းအကျဉ်းချုပ်၊ အရှင်သူရိယ၊မစိုးရိမ်ဆရာတော်၊ ၁၃၁၀။

၂၀၀။ ပဋ္ဌာနပန်းကုံး၊ အရှင်ကုမာရ၊ မြောင်းမြ။

၂၀၁။ ပဋ္ဌာနနယဒီပနီ၊ အရှင်သောဘိတ၊ ၁၃၁၄။

၂၀၂။ ပဋ္ဌာနသရူပနယူပဒေသ၊ အရှင်သူရိယ၊ မစိုးရိမ်ဆရာတော်၊ ၁၃၁၁။

၂၀၃။ ပဋ္ဌာနဝဏ္ဏနာ၊ အရှင်တိုလောကဂုရု၊ ၉၈၀။

၂၀၄။ ပဋ္ဌာနသာရဝိဘာဝနီ၊ အရှင်ဝိသဒဥာဏ၊ ၁၃၁၂။

၂၀၅။ ပဋ္ဌာနသာရဒီပနီ၊ အရှင်သဒ္ဓမ္မာလင်္ကာရ။

F. 3 ချစ်ရတနာတိုး

၂၀၆။ ပဌာနုဒ္ဒေသဒီပနီ၊ လယ်တီဆရာတော်၊ ၁၂၅၉။
၂၀၇။ ပဌာနုဒ္ဒေသဒီပနီနိသျှ၊ အရှင်အဂ္ဂဝံသ၊ ၁၂၈၅။
၂၀၈။ ပဏ္ဍိတဝေဒနိယဒီပနီ၊ သေက္ခြတောင် ဦးတိလောက၊ ၁၂၆၇။
၂၀၉။ ပရမတ္ထခန္ဓာဒိနယဒီပနီ၊ ကျောင်းတော်ရှာဆရာတော်၏တပည့်။
၂၁၀။ ပရမတ္ထစက္ခုကျမ်း၊ ဒီပဲရင်းဆရာတော်၊ ၁၂၇၅။
၂၁၁။ ပရမတ္ထဇောတိကျမ်း၊ ဟံသာဝတီဆရာတော်၊ ၁၃၀၀။
၂၁၂။ ပရမတ္ထဗိန္ဒု၊ ကျစ္စာမင်း။
၂၁၃။ ၎င်းနိသျှ၊ အရှင်ဓမ္မာဘိနန္ဒ၊ ပဌမဗားကရာဆရာတော်၊ ၁၁၄၄။
၂၁၄။ ပရမတ္ထဘာဝဗောဓ၊ ပြည်မြို့၊ အင်းမနယ်၊ အင်းမကြီး ဆရာတော်။
၂၁၅။ ပရမတ္ထမေဒနီ၊ အရှင်တေဇောသာရ၊ ၁၁၇၁။
၂၁၆။ ပရမတ္ထမေဒနီကျမ်းသစ်၊ အရှင်လက္ခဏ။
၂၁၇။ ပရမတ္ထဒီပနီ၊ လယ်တီဆရာတော်၊ ၁၂၅၉။
၂၁၈။ ပရမတ္ထရတနာဝင်္ဂ၊ မဟာဓမ္မသင်္ကြန်၊ ချည်ပါရွာစား။
၂၁၉။ ပရမတ္ထဒီပနီနိသျှ၊ အရှင်ကဝိ။
၂၂၀။ ပရမတ္ထဝိနိစ္ဆယ၊ အရှင်အနုရုဒ္ဓ၊ ၁၅-ရာစု။
၂၂၁။ ၎င်း နိသျှ၊ အရှင်ဥာဏာလင်္ကာရ၊ ပဌမဆင်တဲဆရာတော်၊ ၁၁၉၉။
၂၂၂။ ၎င်း ဋီကာဟောင်း၊ အရှင်မဟာဗောဓိ။
၂၂၃။ ၎င်း ဋီကာသစ်၊ (အမည်မသိ။)
၂၂၄။ ပရမတ္ထဝိသောဓနီ၊ (အမည်မသိ။)
၂၂၅။ ၎င်း ဋီကာဟောင်း၊ (အမည်မသိ။)
၂၂၆။ ၎င်း ဋီကာသစ်၊ အရှင်ဒီပမာလာ၊ ချောင်းဦးမြို့။
၂၂၇။ ပရမတ္ထသင်္ဂဟ၊ အရှင်ဝိသုဒ္ဓ၊ တောင်ခွင်သာသနာပိုင်၊ (၁၂၉၀)
၂၂၈။ ပရမတ္ထသရူပဒီပက၊ အရှင်ကေတုမာလာ၊ (၁၂၆၂)
၂၂၉။ ပရမတ္ထသရူပဘေဒနီ၊ မဟာဝိသုဒ္ဓါရုံဆရာတော်၊ (၁၂၄၅)
၂၃၀။ ပရမတ္ထသရူပအနုဝဏ္ဏနာ၊ အရှင်သဒ္ဓမ္မဇောတိပါလ၊ (၁၂၈၈)
၂၃၁။ ပရမတ္ထသင်္ဂဟသံပေါက်အဓိပ္ပာယ် အရှင်အမတဇောတိ၊ (၁၃၂၄)
၂၃၂။ ပရမတ္ထသူရကျမ်း၊ အရှင်ဓမ္မဝိလာသ၊ (၁၁၃၂)
၂၃၃။ ပရမတ္ထသံခိပ်၊ လယ်တီဆရာတော်။

၂၃၄။ ၎င်းဋ္ဌိကာ၊ လယ်တီပဏ္ဍိတ။
၂၃၅။ ပရမတ္ထသံခိပ်အမေးအဖြေ၊ လယ်တီပဏ္ဍိတ။
၂၃၆။ ပုဂ္ဂလပညတ်ပါဠိတော်နိသျှ၊ အရှင် ဇမ္ဗုဒီပဓဇ၊ (၁၂၂၁)
၂၃၇။ ၎င်းနိသျှ၊ အရှင်သာဂရ၊ ဆင်တဲဆရာတော်၊ (၁၂၂၁)
၂၃၈။ ၎င်းနိသျှ၊ အရှင်ဇာဂရ၊ မိုးထိဆရာတော်။
၂၃၉။ ၎င်း မြန်မာပြန်၊ ဆဋ္ဌမူ၊ (၁၃၂၄)
၂၄၀။ ဖဟာဋ္ဌဘေဒဒီပနီ၊ အရှင်စန္ဒဝံသ၊ မြို့ပြင်ကြီးဆရာတော်။
၂၄၁။ မစိုးရိမ်ဋ္ဌိကာကျော်အဖြေ၊ အရှင်သုဇာတာလင်္ကာရ၊ (၁၃၁၅)
၂၄၂။ မဏိဒီပ၊ အရှင်အရိယဝံသ၊ စစ်ကိုင်းတောင်ရိုး။
၂၄၃။ မဏိသာရမဥ္ဇူသာ၊ ၎င်း။
၂၄၄။ ၎င်း နိသျှ၊ အရှင်ပညာသီဟ၊ (ခင်ကြီးပု)၊ (၁၁၉၆)
၂၄၅။ ၎င်း နိသျှ၊ အရှင်နာဂိန္ဒ၊ မိုးကောင်းဆရာတော်၊ (၁၂၄၆)
၂၄၆။ ၎င်းနိသျှ၊ အရှင်ဝိသုဒ္ဓ၊ သစ်ဆိမ့်ဆရာတော်။
၂၄၇။ မဓုဋ္ဌိကာ (မဓုသာရတ္ထဒီပနီ)၊ အရှင်အာနန္ဒာ။
၂၄၈။ မဟာအတုလဋ္ဌိကာ၊ အရှင်နာဂိန္ဒသာမိ၊ (ဝ.၂၇၆)
၂၄၉။ မနောရထပူရဏီ၊ အရှင်မုနိန္ဒ၊ ကျီးသဲလေးထပ်ဆရာတော်၊ (၁၂၃၅)
၂၅၀။ မာတိကတ္ထဝိဘာဝနီ၊ အရှင်ဝိသဒဥာဏ၊ (၁၃၀၅)
၂၅၁။ မာတိကာအမေးအဖြေ၊ အရှင်ဓမ္မသာမီ ဘိဝံသ၊ သာသနမဏ္ဍိုင်၊ ပဲခူးမြို့၊ (၁၃၃၅)
၂၅၂။ မာတိကာအရကောက်၊ အရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော် (၉၄၀–၁၀၁၃)
၂၅၃။ ၎င်း အရကောက်၊ အရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်၊ (၆၈၅)
၂၅၄။ ၎င်း အရကောက်၊ အရှင်အနန္တဓဇ၊ တောင်ဘီလူး ဆရာတော်။ (၁၀၃၄)
၂၅၅။ ၎င်းအရကောက်၊အရှင်ဓမ္မာဘိနန္ဒ၊ပဋ္ဌမဗားကမဏ္ဍဆရာတော်၊(၁၁၄၄)
၂၅၆။ ၎င်းအရကောက်၊ အရှင်နန္ဒဓမ္မာ၊ ထန်းတပင်ဆရာတော်၊ (၁၁၃၈)
၂၅၇။ ၎င်းအရကောက်၊အမည်မသိ။
၂၅၈။ မာတိကာကြေးမုံ၊ အရှင်စန္ဒိမာ။ ၁.၂.၂။

၂၅၉။ မာတိကာချိုး၊ အရှင်စန္ဒမာလာ၊ တုတ်လှမ်းဆရာတော်၊ ၁၁၇၅။
၂၆၀။ မာတိကာဂဏ္ဌိ၊ အရှင်ဥာဏာ၊ တောင်တွင်းဆရာတော်၊ ၁၁၇၁။
၂၆၁။ မာတိကာဓာတုကထာအမေးအဖြေ၊ သုခမွဝတီပါဠိဆရာကြီးများ၊ ၁၃၀၃။
၂၆၂။ မာတိကာဓာတုကထာပန်းကုံး၊ အရှင်ကုမာရ၊ မြောင်းမြ။
၂၆၃။ မူလဋီကာ၊ အရှင်အာနန္ဒာ၊ ၁၂ ရာစု။
၂၆၄။ ၎င်းနိဿ၊ အရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်၊ ၉၇၅။
၂၆၅။ ၎င်းနိဿ၊ အရှင်ဓမ္မာဘိနန္ဒ၊ ပဌမဗားကရာဆရာတော်၊ ၁၁၄၄။
၂၆၆။ ၎င်းနိဿ၊ အရှင်ပညာဒီပ၊ ဂူကြီးဆရာဘော်။
၂၆၇။ ၎င်းနိဿ၊ အရှင်မဏိဇောတ၊ ခင်မကန်ဆရာတော်၊ ၁၁၉၉။
၂၆၈။ မူလတန်းသင်္ဂြိဟ်၊ ဦးကံသာ၊ ၁၃၁၆။
၂၆၉။ မောဟာဝိစ္ဆေဒနီ၊ အရှင်အာနန္ဒာ၊ ၁၂ ရာစု။
၂၇၀။ ၎င်းဋီကာ၊ အရှင်ကဿပ။
၂၇၁။ မြန်မာအဘိဓမ္မာကျမ်း၊ နိဗ္ဗိန္ဒဆရာတော်၊ ပြည်မြို့။
၂၇၂။ ယမကတ္ထဝိဘာဝနီ၊ အရှင်ဝိသဒဉာဏ၊ ၁၂၉၅။
၂၇၃။ ယမကတ္ထသင်္ဂဟ၊ အရှင်ဝဏ္ဏ၊ ၁၃၂၂။
၂၇၄။ ယမကနယဒီပနီ၊ အရှင်ဝေပုလ္လ။
၂၇၅။ ယမကနယူပဒေသကျမ်း၊ အရှင်သူရိယ၊ မစိုးရိမ်ဆရာတော်။
၂၇၆။ ယမကနီတိ၊ အရှင်ဝိစာရာဘိဝံသ၊ ၁၃၂၀။
၂၇၇။ ယမကပန်းကုံး၊အရှင်ကုမာရ၊မြောင်းမြ။
၂၇၈။ ယမကဝဏ္ဏနာ၊ အရှင်တိလောကဂုရု၊ ၉၈ဝ။
၂၇၉။ ယမကဝိဘာဂပကာသနီ၊ အရှင်ဝိုမလ၊ ၁၂၉၇။
၂၈၀။ ယမကဝိသဇ္ဇနာ၊ လယ်ထီးဆရာတော်၊ ၁၂၇၃။
၂၈၁။ ယမကဝိထိမဇ္ဇရီ၊အရှင်အာဒိစ္စ(ဦးအုန်း) ၁၂၃၅။
၂၈၂။ ယမိုက်အဖြေကျမ်း၊ လယ်တီဆရာတော်၊ ၁၂၈၅။
၂၈၃။ ယမိုက်အဓိပ္ပာယ်ကျမ်း၊အရှင်ဥာဏဝရ။
၂၈၄။ ယ မိုက်အဌကကာနိဿဟောင်း၊(အမည်မသိ)
၂၈၅။ ယမိုက်အနုဂဏ္ဌိ၊ ပဌမကျော်ဦးကြီးဖေ၊ ၁၃၁၆။

၂၀၆။ ယမိုက်အရကောက်၊ အရှင်မုနိန္ဒဃောသ၊ တောင်ဘ‌ီလာ ဆရာတော် ၁၀၃၄။
၂၀၇။ ယမိုက်အရကော်ဘက်၊ အရှင်အဂ္ဂဓမ္မ၊နန်းကျောင်း ဆရာတော်၊ ၉၀၆။
၂၀၈။ ယမိုက်အရကောက်၊ အရှင်အနုန္တဇေ၊ တောင်ဘီလူး ဆရာတော် ၈၀၃၄။
၂၀၉။ ယမိုက်အရကောက်၊ အရှင်နန္ဒမေဓာ၊ ထန်းတပင်ဆရာတော် ၁၁၃၀။
၂၉၀။ ယမိုက်အရကောက်၊ အရှင်ဇမ္ဗုဒီပဓဇ၊ ၁၂၀၀။
၂၉၁။ ယမိုက်အရကောက်၊ အရှင်ဇာဝဂရ၊ မုံးထိဆရာတော်။
၂၉၂။ ယမိုက်အရကော်ဘက်(အမည်မသိ)
၂၉၃။ ယမိုက်အရကောက်အဓိပ္ပာယ်၊အရှင်ဃရိန္ဒမ၊ ၁၂၁၄။
၂၉၄။ ယမိုက်ကဗျာ၊ မဟာဝိသုဒ္ဓါရုံဆရာတော်။
၂၉၅။ ယမိုက်ချိုး၊အရှင်ဥာဏာ၊ တောင်တွင်း ဆရာတော်၊ ၁၁၀၁။
၂၉၆။ ယမိုက်ဂဏ္ဌီ၊ ၎င်း။
၂၉၇။ ယမိုက်ဂဏ္ဌီအမေးအဖြေ၊ အရှင်ဓမ္မသေန၊ ၁၃၁၇။
၂၉၈။ ယမိုက်ပါရဂူကျမ်း၊ အရှင်နာရဒ၊ မူလပဋ္ဌာန်းဆရာတော်၊ ၁၃၁၃။
၂၉၉။ ရူပဝိဘာဂကျမ်း၊ (အမည်မသိ)။
၃၀၀။ ရူပဂီထိပကာသနီ၊ အရှင်စန္ဒဝံသ၊ မြို့ပြင်ကြီးဆရာတော် ၁၂၄၅။
၃၀၁။ ရူပါရူပဝိဘာဂ၊ (အမည်မသိ)။
၃၀၂။ ၎င်းဋီကာ၊(အမည်မသိ)
၃၀၃။ ရှေးဦးသင် အဘိဓမ္မာ ဦးအောင်သိန်း၊ ၁၃၁၈။
၃၀၄။ လက္ခဏာဒီပကာသနီ၊ အရှင်သူရိယ၊ ၁၂၀၉။
၃၀၅။ ဝိဘင်းပါဠိတော်နိဿ၊ အရှင်သာရဓမ္မ။
၃၀၆။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အရှင်ဗုဒ္ဓဃောသ၊ ၁၁ရာစု။
၃၀၇။ ဝိသုဒ္ဓိမဂ်အရသာ၊ အရှင်အရိယ၊ညောင်လေးပင်တောရ ဆရာတော်။
၃၀၈။ ဝိသုဒ္ဓိမဂ်မြန်မာပြန်၊အရှင်နန္ဒမာလာ'ကျိုက်ထိုမြို့။
၃၀၉။ ဝိသယဆက္ကစိန္တာ၊ နေမျိုးဓမ္မကျော်သူ(ဦးဖား) ၁၂၁၄။
၃၁၀။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ အရှင်ဓမ္မပါလ၊ ၁၂ရာစု။
၃၁၁။ ၎င်းနိဿ၊ အရှင်သောဘန၊ မဟာဝည်ဆရာတော်၊

၃၁၂။ ဝိဘင်းပါဠိတော်နိသျ၊ အရှင်ဇာဂရ၊ မိုးထိဆရာတော်။
၃၁၃။ ဝိထိစိတ္တပကာသနီ၊ ဆရာတော်ဦးဗုဒ်၊ ၁၁၀၃။
၃၀၄။ ဝိထိစိတ္တဝိကာသနီ၊ နေမျိုးဓမ္မကျော်သူ(ဦးဖား) ၁၂၁၄။
၃၁၅။ ဝိထိနှင့် သုံးချက်စုဘာသာဋီကာ၊ အရှင်ဇနိကာဘိဝံသ၊ ၁၃၁၄။
၃၁၆။ ဝိထိမဏ္ဍရိကျမ်း၊ လယ်တီပဏ္ဍိတ။
၃၁၇။ ဝိထိပုံသိမ်ပုံဆန်းပုံ၊အရှင်ပဏ္ဍိတ၊ မိုင်းခိုင်းဆရာတော်၊ ၁၂၃၆။
၃၁၈။ ဝိထိမှန်ပြကျမ်း၊ အရှင်သိရိဝိမလ၊ ၁၂၉၈။
၃၁၉။ ဝိထိလက်ဆန်းကျမ်း၊လယ်တီဆရာတော်။
၃၂၀။ ဝိထိလက်ရိုးကျမ်း၊အရှင်ဥာဏာ၊ တောင်တွင်းဆရာတော် ၁၀၀၆။
၃၂၁။ ၎င်း၊အရှင်ဥာဏာ၊ ရွှေတောင်ဆရာဘော်၊ ၁၀၉၂။
၃၂၂။ ၎င်း၊အရှင်သူရိယ၊ သဲအင်းသာသနာပိုင်၊ ၁၁၂၅။
၃၂၃။ ဝိထိသခေါ်ပဒီပနီ၊ အရှင်သုဇာတ၊ ၁၂၀၉။
၃၂၄။ ဝိသတိဝဏ္ဏနာကျမ်း၊ အရှင်မုနိန္ဒယောသ။
၃၂၅။ သခေါ်ပဝဏ္ဏနာဋီကာ၊ အရှင်ဆပ္ပဒ။
၃၂၆။ ၎င်းနိသျ၊အရှင်အရိယာလင်္ကာရ၊နေရင်းဆရာတော်၊ ၁၀၇၀။
၃၂၇။ ၎င်းနိသျ၊အရှင်သဒ္ဓမ္မရံသိ။
၃၂၈။ ၎င်းနိသျ၊ အရှင်အာလောက၊ သက်ငယ်ကျင်းဆရာတော်၊ ၁၁၀၂။
၃၂၉။ သင်္ဂဟအမေးအဖြေ၊အရှင်ဇောတိပါလ၊ ၁၂၉၁။
၃၃၀။ သင်္ဂဟဂဋ္ဌတ္ထဝိသဇ္ဇနာ၊ အရှင်ပဉ္ညာ၊ ၁၃၀၁။
၃၃၁။ သင်္ဂဟနှင့် သဒ္ဒါပုစ္ဆာအဖြေပေါင်းချုပ်၊အရှင်ကေသရမောဠီ။
၃၃၂။ သင်္ဂြိဟ်အရကောက်စကားပြောပုံကျမ်း၊ အရှင်ပညာ၊ ၁၂၉၅။
၃၃၃။ သင်္ဂြိဟ်အင်္ဂလိပ်ဘာသာပြန်၊ ဦးရွှေ့အောင်။
၃၃၄။ သင်္ဂြိဟ်အဓိပ္ပာယ်၊ခေါ်ခင်မြင့်၊ ၁၃၁၅။
၃၃၅။ သင်္ဂြိဟ်အရသာ၊ အရှင်အရိယ၊ ညောင်လေးပင် တောရ ဆရာတော် ၁၃၀၀။
၃၃၆။ သင်္ဂြိဟ် ဦးပိုင်းသရုပ်ခွဲဇယား၊ အရှင်နာရဒ၊ မူလပဋ္ဌာန်း ဆရာတော် ၁၃၁၆။
၃၃၇။ သင်္ဂြိဟ်ဋီကာကျော်အမေးအဖြေ၊အရှင်သီရိကဉ္စန၊ ၁၃၁၂

၃၃၈။ သင်္ဂြိဟ်ဘာသာဋီကာ၊ အရှင်ဇနကာဘိဝံသ၊ ၁၂၉၇။
၃၃၉။ သင်္ဂြိဟ်မြန်မာပြန်၊ဦးလှဘင်၊မန်းတက္ကသိုလ်၊ ၁၃၂၂။
၃၄၀။ သင်္ဂြိဟ်သင်တန်း၊အရှင်ဝေပုလ္လ။
၃၄၁။ သင်္ဂြိဟ်သရုပ်အခြေပြုကျမ်း၊ဦးကျော်၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း ၁၂၂၆။
၃၄၂။ သစ္စသံခိပ်ပါဠိ၊အရှင်ဝါစိသရ။
၃၄၃။ ၎င်းဋီကာဟောင်း၊အရှင်ဝါစိသရ။
၃၄၄။ ၎င်းဋီကာသစ်၊ အရှင်သုမင်္လ။
၃၄၅။ သစ္စသံခိပ်နိဿ၊ ဆရာတော် ဦးဗုဒ္ဓိ၊ ၁၁၈၁။
၃၄၆။ ၎င်းနိဿ(အမည်မသိ)။
၃၄၇။ သစ္စသံခိပ်ဋီကာနိဿ၊ (အမည်မသိ)
၃၄၈။ သဘောပြအဘိဓမ္မာ၊ အရှင်ပဏ္ဍိတ၊မြောင်းမြဇေယျမေဒနိဆရာတော် ၀၃၁၉။
၃၄၉။ သမ္မောဟဝိနောဒနီ၊အရှင်ဗုဒ္ဓဃောသ၊ (၁၁ ထုစု)။
၃၅၀။ ၎င်းနိဿ၊ အရှင်အရိယာလင်္ကာရ နေ့ရင်းဆရာတော်၊ ၁၁၇၆။
၃၅၁။ သမ္မောဟဝိနောဒနီဂဏ္ဌိ၊ ရွှေတောင်ဆရာတော်။
၃၅၂။ သရူပတ္ထသင်္ခေပကျမ်း၊ အရှင်ကောသလ္လာဘိဝံသ၊ ၁၂၉၃။
၃၅၃။ သမ္မောဟဝိနောဒနီယောဇနာ၊အရှင်ဥာဏကိတ္တိ။
၃၅၄။ သာရတ္ထမေဒိနီ(မာတိကာဓာတုကထာဂဏ္ဌိသစ်)အရှင်အာဠာဝရ မေဓိ ဆရာတော်၊ ၁၂၉၉။
၃၅၅။ သာရတ္ထမေဒိနီ(ယမိုက်ပဋ္ဌာန်းဂဏ္ဌိသစ်)၎င်း။
၃၅၆။ သုစိတ္တာ လင်္ကာရပါဠိ။
၃၅၇။ ၎င်းနိဿ၊ (အမည်မသိ)။
၃၅၈။ သုစိတ္တာလင်္ကာရဋီကာ၊ (အမည်မသိ)။

ခေတ်မီ မာတိကာ စာတွဲကဏာ

အာရဂေါက်

ကျမ်းဦး ပဌမ

ပဏ္ဍာမနှင့် ပဋိညာဉ်

လောကဂ္ဂ ကန္တီ ကရဏံ သမ သန္တ သန္တံ၊
သာရဂ်ရတ္တရတနံ ဓတဓမ္မဓမ္မံ။
သံနိန္ဒ နိစ္စနိဓိကံ ကတကမ္မကမ္မံ၊
ဥ ဝန္တဝဏ္ဏစစနံ ဝရဝဏ္ဏဝန္တံ။

(ဝသန္တတိလကာဂါထာ)

ဥတ္တမံ ဥတ္တမဂေါ်နု၊ မဟေသိနောဘိဝါဒိယ။
နိဗ္ဗာနမဓုရံ ပါဒ၊ ပဂ်ီ သဇ္ဇနာလိနံ။
မောဟန္ဓကာရ ဓံသေန္တံ၊ ပသတ္ထံ ဓမ္မဘာဝဏံ။
ကာလောဒိတံ မဟာတေဇံ၊ မုနိရာဇောဒယာစလေ။
သောတုစိတ္တသရေ ဇာတ၊ ပသာဒကုမုဒ ပရ။
ပေါခဏ် သံဃဝန္ဒံ စ၊ ဓမ္မောရ ကိရဏုဇ္ဇလံ။
ခေတ်မီမာတိကာအရဂေါက်၊ ဂန္ထံ သရ္ဝပသူစကံ။
ဇယဒိန္နံ နယကိဏ္ဏံ၊ ကရိသ သတဂန္ထကံ။

ဥ = ကမ္ဘာသူကမ္ဘာသား သတ္တဝါများတို့ ဘုရားတရား သံဃာ ရတနာရောင် ထွန်းလင်းပြောင်၍ မှုက်မှောင်ကင်းပြတ် အလင်းခတ်သို့ ချဉ်းကပ်နိုင်ကြပါစေကုန်သတည်း။

အဟံ = ဓမ္မဿာမိဘိဝံသ နာမ မှည့်ခေါ် တပည့်တော်သည်၊

လောကဂ္ဂ ဇာန္ဓကရဏံ = လောကဌ် အမြတ်ဆုံးဖြစ်၍ နှစ်သက်ခြင်းကို ပြုတော်မူတတ်သော၊

သမသန္ဓသန္ဓ = အေးငြိမ်းသော နိဗ္ဗာန်ချမ်းသာမြတ် ရှိတော်မူထသော၊

သာရဂ်ရတ္တရတနံ = ကောင်းစွာနှစ်သက်တတ်သောသူတော်ကောင်းတို့သည် ကောင်းစွာ နှစ်သက်မြတ်နိုးအပ်သော ရတနာ ဖြစ်တော်မူထသော၊

ဓတဓမ္မဓမ္မ = ဆောင်အပ်သော လောက လောကုတ္တရာ ကုသိုလ်တရား ရှိတော်မူထသော၊

သံနိန္ဒနိစ္စနိဓိကံ = ကောင်းစွာ ညွှတ်အပ်ပြီးသော နိဗ္ဗာန်တည်းဟူသော ရွှေအိုးရှိတော်မူထသော၊

ကတကမ္မကမ္မ = ပြုအပ်ပြီးသော လောကီလောကုတ္တရာ ကုသိုလ်ကံ ရှိတော်မူထသော၊

ဝံန္ဓဝဏ္ဏဝစနံ = ထွေးအံတော်မူအပ်ပြီးသော ချီးမွမ်းအပ်သော စကား ရှိတော်မူထသော၊ ဝါ၊ စကားတော် ဖြစ်တော်မူထသော၊

ဝရဝဏ္ဏဝန္ဒ = မြင့်မြတ်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ် သပ္ပါယ်သော အဆင်းတော် ရှိတော်မူထသော၊ ဝါ၊ မြင့်မြတ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူထသော၊

အမှာ။ ။ဤ "ဝိသေသန"တို့ကို ပါ[illegible]၊ ဓမ္မဘာဂရုံ၊ သံဃစန္ဒ တို့နှင့် ထိုက်သင့်သလိုစပ်ပါ။

ဗုဒ္ဓပဏာမ

သင်္ခနာလိနံ	သူတော်ကောင်း ဘည်းဟူသော ပျား ပိတုံ တို့အား၊
နိဗ္ဗာနမဓုရံ	နိဗ္ဗာန်တည်းဟူသော ချိုသောပျားရည်ကို ပေးတော်မူတတ်သော၊
ဥတ္တမံ	မြတ်သော၊
မဟေသိနော	မြတ်စွာဘုရား၏၊
ပါဒပင်္ကဇံ	ခြေတော်အစုံ ကြာပဒုံကိုလည်း၊
ဥတ္တမင်္ဂေန	= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊
အဘိဝန္ဒာမိ	= အလွန်ရိုလေစွာ ရှိခိုးပါ၏၊

ဓမ္မပဏာမ

မောဟန္ဓကာရဝိ သေန္တ	= မောဟတည်းဟူသော အမှောင်မြောင်ကို ပယ်ဖျောက်တော်မူတတ်သော၊
မုနိရာဇောဒ္ဒယာစလေ	= မြတ်စွာဘုရားတည်းဟူသော နေထွက်တောင်၌၊
ကဲာလေဝဒိတံ,	= နံနက်အခါ ထွက်ပေါ်လာသော၊
မဟာတေဇံ	= ကြီးမြတ်သော တန်ခိုးတေဇော် အာနုဘော်ရှိတော်မူသော၊
ဓမ္မဘာဂရံစ	= တရားတည်းဟူသော နေမင်းကိုလည်း၊
ဥတ္တမင်္ဂေန	= ဦးခေါင်းရဘနာ မြတ်အင်္ဂါဖြင့်။
အဘိဝန္ဒာမိ	= အလွန်ရိုသေစွာ ရှိခိုးပါ၏။

သံဃပဏာမ

သောတုစိတ္တသရေ	= တရားနာသူ မျှားဗိုလ်လူတို့၏ စိတ်နှလုံးတည်းဟူသော ရေအိုင်ကြီး၌၊

ဇာတံ = ကောင်းစွာမသွေ ပေါက်ရောက်၍နေသော၊

ပသာဒကုမုဒံ = ကြည်ညိုခြင်းသဒ္ဓါတရားတည်းဟူသောကုမုဒြာ ကြာဖြူပွင့်ကို၊

ပရုံ = လွန်စွာ၊

ပေါဓကံ = ပင်စေတော်မတတ်သော၊

သံဃစန္ဒံ = သံဃာတော် တည်းဟူသော လမင်းကိုလည်း၊

ဥဘတ္တမဂ်ေန = ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊

အဘိဝန္ဒာမိ = အလွန်ရိုသေစွာ ရှိခိုးပါ၏။

အဘိဝါဒိယ = အလွန်ရိုသေစွာ ရှိခိုးပြီး၍၊

ပဋိညာဉ်

သရူပသူစကံ = သရုပ်အရတောက်ကို ဖော်ပြတတ်သော၊

ဇယဒိန္ဒံ = စာမေးပွဲအောင်ဆုကို ပေးတတ်သော၊

နယကိဏ္ဏံ = ဆရာ့ဆရာတို့၏ နည်းနာနယ် အဝဝတို့နှင့် ပြည့်စုံသော၊

သတဂန္ထကံ = ကျမ်းဂန်တရာ အပြည့်ပါသော၊

ခေတ်မှီမာတိကာ အရကောက် ဂန္ထံ = ခေတ်မီမာတိကာ ဓာတုကထာ အရကောက် ကျမ်းကို၊

ဘရိဿံ = ရေးသားပြုပြင် စီရင်ပေအုံ။

မာတိကာအရကောက်ကျမ်းများ

မာတိကာ ဓာတုကထာ အရကောက် ကျမ်းများမှာ....

ကျမ်း	ကျမ်းပြု	ကျမ်းပြုနှစ်
၁။ တောင်ဖီလာမူ	အရှင်မုနိန္ဒဃောသ	(၆၇၀–၁၀၁၃)
၂။ နန်းကျောင်းမူ	အရှင်အဂ္ဂဓမ္မာလင်္ကာရ	(၉၈၅ ခန့်)
၃။ တောင်ဘီလူးမူ	အရှင်အနန္တဓဇ	(၁၀၃၄ ခန့်)
၄။ ထန်းတပင်မူ	အရှင်နန္ဒမေဓာ	(၁၁၂၈ ခန့်)
၅။ ဗားကရုမူ	အရှင်ဓမ္မာဘိနန္ဒ	(၁၁၄၄ ခန့်)
၆။ ညောင်ကန်မူ	အမည်မသိ	(မသိ)
၇။ သဲအင်းမူ	အရှင်သူရိယ	(၁၁၆၅ ခန့်)

မာတိကာအရကောက်။ အထက်ပါ မူ ၇ ဆူတွင် **မာတိကာအရကောက်** **မှာ** ဗားကရုမူကိုသာ ယခု စာသင်သားများ သုံးစွဲ ကြ ပါသည်၊ **အခြား**မူများကို စာအုပ်အဖြစ် **မတွေ့**ဘူးပါ၊ ပေမူများသာရှိပါသည်၊

ဓာတုကထာအရကောက်။ အထက်ပါ မူ ၇ ဆူတွင် ဓာတုကထာ အရ ကောက်မှာ သဲအင်းမူကိုသာ ယခု စာသင်သားများ သုံးစွဲကြပါသည်၊ ကျန် ဓာတုကထာ အရကောက်ကျမ်းများကိုလည်း ပုံနှိပ်မူ **မတွေ့**ဘူး သေးပါ၊ ပေမူသာ **တွေ့**ရပါသည်။

စနစ်သစ်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀–၂၀၀ ခန့်က ရေးသားထား ခဲ့သော **မာတိကာ** ဓာတုကထာအရကောက်များ**မှာ** ခေတ်သစ်နှင့် အံမဝင်တော့သော **အ**ချက်အလက်အချို့ကို **တွေ့**ရပါသည်၊ ထိုအချက် အလက်များကို စာရေးသူ ငယ်စဉ်ကပင် ပြုပြင်ချင်စိတ် ပေါ်ပေါက်ခဲ့ ပါသည်၊ သို့ရာတွင် သူများရေးထားသော**စာ**မူကို ပယ်ဖျက်သုတ်သင် ဘို့**မှာ** **တာ**ဝန်ကြီးနေခဲ့**ပါ**သည်။

ရှေးမူများ။ သို့ဖြင့် အနယ်နယ်**အ**ရပ်ရပ်သို့ ခရီးလှည့်လည်ရင်း **မာ**တိကာ ဓာတုကထာ**အ**ရကောက် ပေမူများကို ရှာ**ဖွ**ခဲ့ရပါသည်၊ ၎င်း **အ**ရ **ကော**က်**မ**ျားမှာ တမူနှင့်တမူ သိပ်ထူးခြားခြင်း, ကွဲလွဲခြင်း မရှိလှပါ၊ **အ**ချို့နေ့ရာမှာသာ **အ**ရကောက်**အ**နည်း**အ**ကျဉ်း, **အ**မှာ**အ**ထား **အ**နည်း

အကျဉ်းကွဲလွဲရုံမျှသာတွေ့ရပါသည်၊အထက်ပါမူ ၇ ဆူရဲ့ ကျမ်းပြုနှစ်ကို ကြည့်ပြန်လျှင်လည်း တမူနှင့်တမူ အချိန်ကာလချင်း သိပ်မကွာလှပါ။ တချို့ကျမ်းပြုပုဂ္ဂိုလ်များမှာ ဆရာတပည့်များ ဖြစ်ကြပါသည်၊ ဆရာရင်းက အရကောက် ရေးသည်၊ သူ့တပည့်ကလည်း အရကောက်ထပ်ရေးသည်၊ ဆရာတပည့် ၂ ပါးအတွက် အရကောက် ၂ မူ ရှိနေပါသည်။

ကိုယ်ပိုင်မှု၊ ရှေးကဆရာတော်များကို လေ့လာကြည့်လျှင် ကျမ်းပြု ဆရာတော်ဟူသော ဂုဏ်ပကာသနအတွက် ကျမ်းပြုခဲ့ကြခြင်း မဟုတ်ပါ၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး အဓွန့်ရှည်ရေး အတွက်သာ ကျမ်းပြုခဲ့ကြခြင်းဖြစ်ပါသည်၊ နှစ်ပေါင်း ၁၀၀ ကျော်အတွင်းမှာ မာတိကာ ဓာတုကထာအရကောက် ၇ မူအထိ ထွက်ပေါ်ခဲ့ပါသည်၊ နောက်ထပ် တမူမှ ထွက်ပေါ်လာခြင်း မရှိပါ၊ သို့ဖြစ်၍ ရှေးဆရာတော်ကြီးများ မူလည်း မထိခိုက်ရအောင်၊ စာချစာသင် စာမေးပွဲဝင်အရှင်မြတ်များနှင့်လည်း အ ဝင်ဂွင်ကျ ဖြစ်ရလေအောင် ကိုယ်ပိုင်ရေး ခေတ်မှီ အရကောက်ကျမ်းများ ထွက်ပေါ်သင့်ပြီဟု ယူဆခဲ့မိပါသည်။

ခေတ်မှီကျမ်းများ။ ခေတ်သည် တဟုန်ထိုး ရွှေ့ပြောင်းနေပါသည်၊ လှည်း ခေတ် လှေခေတ် မဟုတ်တော့ပါ၊ လကမ္ဘာပေါ်မှာ လူသားများ ခြေချနိုင်ပြီဖြစ်သော သိပ္ပံခေတ်ကြီးဖြစ်ပါသည်၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများလည်း ခေတ်နောက် ကျန်နေရစ်လို့ မဖြစ်နိုင်ပါ၊ ငယ်လတ်,ကြီး,ကျော်,ဓမ္မာစရိယ,ပါဠိဋီပါရဂူ စာမေးပွဲများကို နှစ်မခြားပဲ ဆက်တိုက် အောင်ဘို့ လိုပါသည်၊ စာသင်တဲ့ နေရာမှာလဲ ဗဟုသုတနည်းနှိုင်သမျှနည်းပြီး သက်သက်သာသာဖြင့် စာတတ်ဘို့ လိုပါသည်၊ သို့ဖြစ်၍ ခေတ်မှီအရှင်က ခေတ်မှီသောအမြင်ဖြင့် ခေတ်မှီစာစဉ်များကို ဆက်တိုက်ရေးသားပြီး ခေတ်မှီတိုးတက်သော သာသနာတော်မြတ်ကြီးကို အားပါးတရ ကြဲည်နူးရှင်ပြစွာ ဖူးတွေ့သွားချင်လှပါသည်၊ ဓေတ်မှီ စာပေများကို ရေးသားပြီး မြတ်ဘုရားရဲ့ သာသနာကို အင်တိုက်အားတိုက် ပြုစုပျိုးထောင်ဖို့ သန္ဓိဋ္ဌာန် ချထားပြီးဖြစ်ပါသည်။

အရှင်ဓမ္မသဲ့ဝမိဘိဝံသ။



တိကမာတိကာ ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗ္ယာကတာ ဓမ္မာ။

၂ သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊
ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊
အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ။

၃ ဝိပါကာ ဓမ္မာ၊ ဝိပါကဓမ္မဓမ္မာ၊ နေဝ ဝိပါက နာ ဝိပါကဓမ္မဓမ္မာ။

၄ ဥပါဒိန္နုပါဒါနိယာ ဓမ္မာ၊ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ။
အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။

၅ သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊
အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊
အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ။

၆ သဝိတက္ကသဝိစာရာ ဓမ္မာ၊ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ၊
အဝိတက္ကအဝိစာရာ ဓမ္မာ။

၇ ပီတိသဟဂတာ ဓမ္မာ၊ သုခသဟဂတာ ဓမ္မာ၊
ဥပေက္ခာသဟဂတာ ဓမ္မာ။

၈ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊
နေဝ ဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

၉ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
နေဝ ဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၁၀ အာစယဂါမိနော ဓမ္မာ၊ အပစယဂါမိနော ဓမ္မာ၊
နေဝါစယဂါမိ နာပစယပါမိနော ဓမ္မာ။

၁၁ သေက္ခာ ဓမ္မာ၊ အသေက္ခာ ဓမ္မာ၊
နေဝ သေက္ခ နာသေက္ခာ ဓမ္မာ။

၁၂ ပရိတ္တာ ဓမ္မာ၊ မဟဂ္ဂတာ ဓမ္မာ၊ အပ္ပမာဏာ ဓမ္မာ။

၁၃ ပရိတ္တာရမ္မဏာ ဓမ္မာ၊ မဟဂ္ဂတာရမ္မဏာ ဓမ္မာ၊
အပ္ပမာဏာရမ္မဏာ ဓမ္မာ။

၁၄ ဟီနာ ဓမ္မာ၊ မဇ္ဈိမာ ဓမ္မာ၊ ပဏီတာ ဓမ္မာ။

၁၅ မိစ္ဆတ္တနိယတာ ဓမ္မာ၊ သမ္မတ္တနိယတာ ဓမ္မာ၊ အနိယတာ ဓမ္မာ။

၁၆ မဂ္ဂါရမ္မဏာ ဓမ္မာ၊ မဂ္ဂဟေတုကာ ဓမ္မာ၊ မဂ္ဂါဓိပတိနော ဓမ္မာ။

၁၇ ဥပ္ပန္နာ ဓမ္မာ၊ အနုပ္ပန္နာ ဓမ္မာ၊ ဥပ္ပါဒိနော ဓမ္မာ။

၁၈ အတီတာ ဓမ္မာ၊ အနာဂတာ ဓမ္မာ၊ ပစ္စုပ္ပန္နာ ဓမ္မာ၊

၁၉ အတီတာရမ္မဏာ ဓမ္မာ၊ အနာဂတာရမ္မဏာ ဓမ္မာ၊
ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

၂၀ အဇ္ဈတ္တာ ဓမ္မာ၊ ဗဟိဒ္ဓါ ဓမ္မာ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

၂၁ အဇ္ဈတ္တာရမ္မဏာ ဓမ္မာ၊ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ၊
အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။

၂၂ သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊ အနိဒဿနသပ္ပဋိဃာ ဓမ္မာ၊
အနိဒဿနအပ္ပဋိဃာ ဓမ္မာ။

တိကမာတိကာ နိဋ္ဌိတာ။

၂။ ကိုးကမၘာတိုက်၏ အရှေ့ကောက်

နိုနမ်ဘာ တသိ ဘဂဝတော အရဟတော
သမ္မာသမ္မုဒ္ဓဿ

မြတ်စွာဘုရားသည် လူ, နတ်, ब्रह्मာ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ဆောင်တော်မူလျက် ဘုရား ဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သော ကာလ သာဝတ္ထိပြည်၏အနီး "ကဏ္ဍ" အမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏အရင်းခံ တိတ္ထိတို့ကို နှိပ်နင်းခြင်းငှာ ရေ မီး အစုံအစုံ အစရှိမသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသောအခါ အဆုံးခံ သုံးဖဝါးသာ နင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်၏အရင်းခံ ခင်းထားအပ်သော "ပဏ္ဍုကမ္မလာ" ကျောက်ဖျာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် မယ်တော် ဖြစ်ခဲ့ဘူးသော "သန္တုသိတာ"နတ်သားကို အကြီးအမှူးပြု၍ တသောင်းသော စကြဝဠာတိုက်မှ တည်ဝတည့်တည်း စည်းဝေးလာကုန်သော နတ်, ब्रह्मာ အပေါင်းတို့အား အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတညာဏ်တော်ဖြင့် လူ, နတ်, နိုဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်း သုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်း သုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်မြတ်သည်လည်း ဝိတ္ထာရနယ, သခေါ်ပနယ, နာတိဝိတ္ထာရ နာတိသင်္ခေပနယ အားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါး တို့တွင်-

တံာဝတိံသာ နတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျယ်လွန်းသောကြောင့် "ဝိတ္ထာရနယ" မည်၏။

စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် "သခေါ်ပနယ" မည်၏။

အရှင်သာရိပုတ္တရာသည် လင်းနှီသားဖြစ်ဘူးသော ငါးရှာသော ရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်း မကျယ်လွန်းသောကြောင့် "နာတိဝိတ္ထာရ နာတိသင်္ခေပနယ" မည်၏။

ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါးတည်းဟူသော "အဓိဂမနိဒါန်း, ဒေသနာနိဒါန်း" ၂-ပါးနှင့် ပြည့်စုံ၏။

"ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း"တည်းဟူသော နိဒါန်း ၃ ပါးနှင့်လည်း ပြည့်စုံ၏။

ထိုနိဒါန်း ၃ ပါးနှင့်ပြည့်စုံသော အဘိဓမ္မာ ဒေသနာတော်သည် "ပကရဏ ပရိစ္ဆေဒ"အားဖြင့်

ဓမ္မသင်္ဂဏီကျမ်း,
ဝိဘင်းကျမ်း,
ဓာတုကထာကျမ်း,
ပုဂ္ဂလပညတ်ကျမ်း,
ကထာဝတ္ထုကျမ်း,
ယမိုက်ကျမ်း,
ပဋ္ဌာန်းကျမ်း

ဟူ၍ ၇ ပါး အပြားရှိ၏။

ထို ၇ ပါးတို့တွင် "ဓမ္မသင်္ဂဏီ"ကျမ်းကို ရှေးဦးစွာ ဟောတော်မူ၏။

ထို ဓမ္မသင်္ဂဏီကျမ်းဌာနလည်း ကဏ္ဍ အားဖြင့်

စိတ္တုပ္ပါဒကဏ္ဍ,
ရူပကဏ္ဍ,
နိက္ခေပကဏ္ဍ,
အဋ္ဌကထာကဏ္ဍ,

ဟူ၍ ၄ ပါး အပြားရှိ၏။

ထို ၄ ပါးတို့တွင် "စိတ္တုပ္ပါဒကဏ္ဍ"ကို ရှေးဦးစွာ ဟောတော်မူ၏။

ထို စိတ္တုပ္ပါဒကဏ္ဍဌာနလည်း "မာတိကာ, ပဒဘာဇနီ" အားဖြင့် ၂ ပါး အပြားရှိ၏။

ထို နှစ်ပါးတို့တွင် "မာတိကာ"ကို ရှေးဦးစွာ ဟောတော်မူ၏။

ထို မာတိကာ၌လည်း "တိကမာတိကာ, ဒုကမာတိကာ"အားဖြင့် ၂ ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် "တိကမာတိကာ"ကို ရှေးဦးစွာ ဟောတော်မူ၏။

၁-ကုသလတိက်

ထို တိကမာတိကာ၌လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ၂၂ ပါး အပြားရှိ၏။ ထို ၂၂ ပါးတို့တွင်,ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ကုသလတိက်၌လည်း ပဌမပဒ ဒုတိယပဒ, တတိယပဒ အားဖြင့် ၃ ပါး အပြားရှိ၏။

ထို သုံးပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား "ကုသလာ ဓမ္မာ" ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏။

ဟောဟန်ကား "အကုသလာ ဓမ္မာ" ဟူသည်တည်း။

ထိုနောင် တတိယပဒကို ဟောတော်မူ၏။

ဟောဟန်ကား "အဗျာကတာ ဓမ္မာ" ဟူသည်တည်း။

ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း ကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ နာသတ္တာနိဇ္ဇီဝသဘာဝါ၊ သတ္တာလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ၊ အပြစ်နှင့် တက္ခဖြစ်ခြင်း မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ နိဿတ္တာနိဇ္ဇီဝ သဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဗျာကတာ ကုသလာကုသလဘာဝေန အကထိတာ အညဘာဝေန တထိဘာ၊ ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန် တပါးသော အဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော။ဓမ္မာနိဿတ္တာနိဇ္ဇီဝ သဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ကဲ့သလာ ဓမ္မာဟူသော ပဌမပုဒ်၏ အရကား– ကုသိုလ်စိတ် ကေဝိသ၊ စေတသိက် အဌတိ သရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄ ပါး၊ အာယတနအားဖြင့် ၂ပါး၊ ဓာတ်အားဖြင့် ၂ ပါး၊ သစ္စာအားဖြင့် ၂ ပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် လေးပါး ဟူသော်ကား– စေတသိက် အဌတိ သတို့တွင် ဝေဒနာသည် ဝေဒနာကွန္ဓာမည်၏၊ သညာသည် သညာကွန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတို့သသည် သင်္ခါရကွန္ဓာမည်၏၊ ကုသိုလ်စိတ် ကေဝိသသည် ဝိညာဏကွန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄ ပါးဖြစ်သတည်း။

အာယတနအားဖြင့် ၂-ပါး ဟူသော်ကား ကုသိုလ်စိတ် ဇကေဝိသသည် မနာယတန မည်၏၊ စေတသိက် အဌတိ သသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂ ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၄ပါး ဟူသော်ကား ကုသိုလ်စိတ် ဇကေဝိသသည်မနောဝိညာဏဓာတ် မည်၏၊ စေတသိက် အဌတိ သသည် ဓမ္မဓာတ်မည်၊ ဤသို့လျှင်ဓာတ်အားဖြင့် ၂ ပါးဖြစ်သတည်း။

သစ္စာအားဖြင့် ၂ ပါး ဟူသော်ကား လောကီကုသိုလ်စိတ် သတ္တရသ၊ စေတသိက် အဌတို့ သသည် ဒုက္ခသစ္စာမည်၏။ မဂ်စိတ် လေးခုဌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၇ ပါး။ သကဒါဂါမိမဂ် ၈ ပါး၊ ၇ ပါး။ အနာဂါမိမဂ် ၈ ပါး၊ ၇ ပါး။ အရဟတ္တမဂ် ၈ ပါး၊ ၇ ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉ ခု သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂ ပါးဖြစ်သတည်း။

အကုသလာ ဓမ္မာဟူသော ဒုတိယပုဒ်၏အရကား– အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄ ပါး၊ အာယတနအားဖြင့် ၂ ပါး၊ဓာတ်အားဖြင့် ၂ ပါး၊ သစ္စာအားဖြင့် ၂ ပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၂ ပါးဟူ သော်ကား စေတသိတ် သတ္တဝီသတို့တွင် ဝေဒ္နာသည် ဝေဒနာကွန္ဓာမည်၏၊ သညာသည် သညာကွန္ဓာမည်၏၊ ဝေဒနာ သညာ

မှ ကြွင်းသော စေတသိက် ပဋ္ဌဝိသသည် သခ်ၢါရကၡန္ဓာမည်၏၊ အကုသိုလ်စိတ် ဒ္ဒါဒသသည်ဝိညာဏကၡန္ဓာမည်၏၊ဤသို့လျှင် ခန္ဓာအားဖြင့် ၄ ပါးဖြစ်သတည်း။

အာယတနအားဖြင့် ၂ ပါး ဟူသော်ကား- အကုသိုလ်စိတ်ဒ္ဒါဒသသည် မနာယတနမည်၏၊ စေတသိက် သတ္တဝိသသည် ဓမ္မာယတနမည်၏ ဤသို့လျှင် အာယတနအားဖြင့် ၂ ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၂ ပါး ဟူသော်ကား-အကုသိုလ်စိတ်ဒ္ဒါဒသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် သတ္တဝိသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂ ပါးဖြစ်သတည်း။

သစ္စာအားဖြင့် ၂ ပါး ဟူသော်ကား- အကုသိုလ်စိတ် ဒ္ဒါဒသ၊ လောဘကြောင့်သော စေတသိက် ဆဋ္ဌိသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည်သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂ ပါးဖြစ်သတည်း။

အဗျာကတာ ဓမ္မာ ဟူသော **တတိယပုဒ်၏အရ**ကား-ဝိပါက်စိတ်ဆယ်လေး၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဌတိုး၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅ ပါး၊ အာယတနအားဖြင့် ၁၂ ပါး၊ ဓာတ်အားဖြင့် ၁၈ ပါး၊ သစ္စာအားဖြင့် ၂ ပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၅ **ပါ**း ဟူသော်ကား-ရူပ် အဌဝိသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် အဌတိုးသတ္တိုတ္ထင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေသသိက်ဆယ်လေးသသည် သခ်ၢါရကၡန္ဓာမည်၏၊ ဝိပါက်စိတ် ဆယ်လေး၊ ကြိယာစိတ် ဝီသသည် ဝိညာဏကၡန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅ ပါးဖြစ်သတည်း။

အာယတနအားဖြင့် **၁၂ ပါ**း ဟူသော်ကား - ရူပ်အဌဝိသတို့တ္ထင် စက္ခုပသာဒသည် စက္ခာယတန မည်၏၊ သောတ ပသာဒသည် သောတာယတန မည်၏၊ ဃာနပသာဒသည် ဃာနာယတန မည်၏၊ ဇိဝှာပသာဒသည် ဇိဝှါယတနမည်၏၊ ကာယပသာဒသည်ကာယာယတနမည်၏၊ ရူပါရုံသည် ရူပါယတန မည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည်ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ' ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ ဝိပါက်စိတ် ဆယ်လေး၊ ကြိယာစိတ်

ဝိသသည် မနာယတန မည်၏၊စေတသိက် အဋ္ဌတိ်သ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ် ဇီဝိတရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပသဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် သောင်္ဘသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂ ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၁၈ ပါး ဟူသော်ကား– ရုပ် အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏၊ သောတပသာဒသည် သောတဓာတ်မည်၏၊ ဃာနပသာဒသည် ဃာနဓာတ် မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါဓာတ် မည်၏၊ ကာယပသာဒသည် ကာယဓာတ် မည်၏၊ ရူပါရုံသည် ရူပဓာတ်မည်၏၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏၊ သောတ ဝိညာဏ်ဒွေသည် သောတဝိညာဏဓာတ်မည်၏၊ ဃာနဝိညာဏ်ဒွေသည်ဃာနဝိညာဏဓာတ်မည်၏၊ ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝိညာဏဓာတ် မည်၏၊ ကာယ ဝိညာဏ်ဒွေသည် ကာယ ဝိညာဏဓာတ်မည်၏၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း သမ္ပဋိစ္ဆေါ်နှုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော ဝိပါက်စိတ် စတုဂိသ၊ ကြိယာစိတ်ကိုးနှုန်းဝိသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် အဋ္ဌတိ်သ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပသဿလဟုတာ,မုဒုတာကမ္မညတာ,ဥပစယ,သန္တတိဇရတာ,အနိစ္စတာအားဖြင့် သုခုမရုပ်သောင်္ဘသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈ ပါး ဖြစ်သတည်း။

သစ္စာအားဖြင့် ၂ ပါး ဟူသော်ကား လောကီဝိပါက် ဗာတို်သ၊ ကြိယာဝိသ၊ စေတသိက် ပဉ္စတို်သ၊ ရုပ် အဋ္ဌဝိသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုသည် သစ္စာဟူသော အဓိပ္ပာယ်ကို လွှဲ၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂ ပါးဖြစ်သတည်း။

"ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓံမ္မာ" ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစွဲပြု၍ ဟောရာ ဟောကြောင်းဖြစ်သောကြောင့် "တိုက်" မည်၏။

ထိုတိုက်သည် အာဒီလဒ္ဓနာမတိတ်, သမ္ဘလဒ္ဓနာမတိုက်အားဖြင့် ၂ ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင် အစဉ် တည်သော ကုသလသဒ္ဒါဖြင့် ကုသလတိုက်ဟူ၍ ရအပ်သောအမည်ရှိသောကြောင့် 'အာဒီလဒ္ဓနာမတိုက်' မည်၏။

သပ္ပဒေသတိုက်, နိပ္ပဒေသတိုက်အားဖြင့်လည်း ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင် ကြွင်းသော ပရမတ္ထတရားမရှိသောကြောင့် "နိပ္ပဒေသတိုက်" မည်၏။

---

၂ – ဝေဒနာတိုက်

ကုသလတိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝေဒနာတိုက်ကို ဟောတော်မူ၏။ ထိုဝေဒနာတိုက်၌လည်း ပဌမ ပဒ, ဒုတိယပဒ, တတိယပဒအားဖြင့် သုံးပါး အပြားရှိ၏၊

ထိုသုံးပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား
" သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ "ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏။ ဟောဟန်ကား
"ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ " ဟူသည်တည်း။

ထိုနောင် တတိယပဒကို ဟောတော်မူ၏။ ဟောဟန်ကား-
" အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ "ဟူသည်တည်း။

သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္မယုတ္တာ၊ အညီအညွတ် ကေပွါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော။ ဓမ္မာနိ သတ္တာနိ ဧဝ သဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဒုက္ခာယ၊ သော။ ဝေဒနာယ၊ နှင့်။ သမ္မယုတ္တာ၊ ကုန်သော။ ဓမ္မာနိ သတ္တာနိ ဧဝ သဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော။ ဝါ၊ ဒုက္ခမ္ပလည်း တပါး သုခမ္ပလည်း တပါးသော။ ဝေဒနာယ၊ နှင့်။ သမ္မယုတ္တာ၊ ကုန်သော။ ဓမ္မာ နိ သတ္တာနိ ဧဝ သဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာဟူသော ပဌမပုဒ်၏အရကား- သုခ သဟဂုတ်စိတ် ၆၃ ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆစတ္တာလီသ ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃ ပါး၊ အာယတနအားဖြင့် ၂ပါး၊ ဓာတ်အားဖြင့် ၃ ပါး၊ သစ္စာအားဖြင့် ၃ ပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၃ ပါးဟူသော်ကား စေတသိက် ဆစတ္တာလိသတို့တွင် သညာသည် သညာကွန္ဓာမည်၏၊ သညာမှ ကြွင်းသော စေတသိက်ပဋ္ဌစတ္တာလိသသည် သင်္ခါရကွန္ဓာ မည်၏၊ သုခသဟဂုတ်စိတ် ၆၃ ခုသည် ဝိညာဏကွန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃ ပါးဖြစ်သတည်း။

အာယနတအားဖြင့် ၂ ပါး ဟူသော်ကား-သုခသဟဂုတ်စိတ် ၆၃ ခုသည် မနာယတန မည်၏၊ စေတသိက် ဆစတ္တာလိသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂ ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၃ ပါးဟူသော်ကား- သုခသဟဂုတ် ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်မည်၏၊ ကြွင်းသော သုခသဟဂုတ်စိတ် ၆ ၂ ခု သည် **မနော**ဝိညာဏဓာတ်မည်၏၊ စေတသိက် ဆစတ္တာလိသသည် ဓမ္မဓာတ် **မည်**၏၊ ဤသို့လျှင် ဓာတ်**အား**ဖြင့် ၃ ပါးဖြစ်သတည်း။

သစ္စာအားဖြင့် ၃ **ပါ**းဟူသော်ကား- လောကီသုခသဟဂုတ်စိတ် ၃၁- ခု၊ လောဘကြဉ်သော စေ တ သိက် ပ ဋ္ဌ စတ္တာ လိသသည် ဒုက္ခသစ္စာ **မည်**၏၊ လောဘသည် သမุဒယ **သ စ္စာ**မည်၏၊မဂ်သုခသဟဂုတ်စိတ် ၁၆ ခု ၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ ပါး, ၇ ပါး၊ သကဒါဂါမိမဂ် ဂ ပါး၊ ၇ ပါး။ **အ**နာဂါမိမဂ် ဂ ပါး,၇ ပါး၊ **အ**ရဟတ္တမဂ် ဂ ပါး, ၇ ပါးသည် **မ**ဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂ဂ-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆ ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် **သ**စ္စာ**အား**ဖြင့် ၃ ပါး ဖြစ်သတည်း။

ဒုက္ခာယ ဝေဒနာယသမ္ပယုတ္တာဓမ္မာဟူသော ဒုတိယ ပုံ၏အရကား-ဒုက္ခသဟဂုတ်စိတ် ၃ ခု၊ ဝေဒနာ, ပီတိ,လောဘ, ဒိဋ္ဌိ, မာန၊ ဝိစိကိစ္ဆာကြဉ်သော **စ**ေတသိက် ကေဝိသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃ ပါး၊ အာယတန,အားဖြင့် ၂ပါး၊ဓာတ်အားဖြင့် ၃ ပါး၊ **သ**စ္စာ**အ**ားဖြင့် ၁ ပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၃ ပါးဟူသော်ကား-စေတသိက် ဧကဝိသတ္တိတွင်သညာသည် သညာကွန္ဒာမည်၏၊ သညာမှကြွင်းသောစေတသိက်ဝိသသည်သင်္ခါရကွန္ဒာမည်၏၊ ဒုက္ခသဟဂုတ်စိတ် ၃ ခုသည် ဝိညာဏကွန္ဒာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃ ပါးဖြစ်သတည်း။

အာယတနအား ဖြင့် ၂- ပါးဟူသော်ကား- ဒုက္ခသဟဂုတ် စိတ်၃ခု သည် မနာယတန မည်၏၊ စေတသိက် ဧက ဝိသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂ ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၃ ပါးဟူသော်ကား- ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် ကာယဝိညာဏဓာတ်မည်၏၊ ဒေါသမူ ဒွေသည် မနောဝိညာဏဓာတ် မည်၏ စေတသိက်ဧကဝိသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃ပါးဖြစ်သတည်း။

သစ္စာအားဖြင့် ၁ ပါး ဟူသော်ကား ဒုက္ခသဟဂုတ်စိတ် ၃ ခု၊ စေတသိက် ဧကဝိသသည် ဒုက္ခသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁ ပါး ဖြစ်သတည်း။

အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ ဟူသော **တတိယပုဒ်**၏ အရ**ကား** ဥပေက္ခာသဟဂုတ်စိတ် ၅၅ ခု၊ ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃ပါး၊ အာယတနအားဖြင့် ၂ ပါး၊ဓာတ်အားဖြင့် ၇ပါး၊ သစ္စာအားဖြင့် ၃ ပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် **၂ပါ**း ဟူသော်ကား စေတသိက် ဆစတ္တာလီသတို့တွင် သညာသည် သညာကွန္ဒာ မည်၏၊ သညာမှ ကြွင်းသော စေတသိက် ပဉ္စစတ္တာ လီသသည် သင်္ခါရကွန္ဒာ မည်၏၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅ ခုသည် ဝိညာ ဏကွန္ဒာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃ ပါး ဖြစ်သတည်း။

အာယတနအားဖြင့် ၂ပါး ဟူသော်ကား ဥပေက္ခာသဟဂုတ် စိတ် ၅၅ ခုသည် မနာယတန မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မာယတန မည် ၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂ ပါး ဖြစ်သတည်း။

ဓာတ်အားဖြင့် ၇ **ပါး** ဟူသော်ကား စက္ခုဝိညာဉ် ဒွေသည်၊စက္ခုဝိညာဏဓာတ် မည်၏၊ သောတဝိညာဉ်ဒွေသည် သောတဝိညာဏဓာတ် မည်၏၊ ဃာနဝိညာဉ်ဒွေသည် ဃာနဝိညာဏဓာတ်မည်၏၊ ဇိဝှါဝိညာဉ်ဒွေသည် ဇိဝှါဝိညာဏဓာတ် မည်၏၊ ပဋ္ဌဒ္ဌါရုဝဇ္ဇန်း, သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ် မည်၏။ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄၄ ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အား**ဖြင့်** ၇ ပါး ဖြစ်သတည်း။

သစ္စာအားဖြင့် ၃ **ပါး** ဟူသော်ကား**လောကီ**ဥပေက္ခာသဟဂုတ်စိတ် ၄၇ခု၊ လောဘကြောင်သော စေတသိက် ပဋ္ဌစတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ **လောဘ**သည် သမုဒယသစ္စာ မည်၏၊ မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄ ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး၊ သကဒါဂါမိမဂ် ၇ ပါး၊ အနာဂါမိမဂ် ၇ ပါး၊ **အ**ရဟတ္တမဂ် ၇ ပါး သည် **မ**ဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၆ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၃ ခုသည် သစ္စာဟူ**သော** **အ**ရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအား**ဖြင့်** ၃ ပါး ဖြစ်သတည်း။

သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တာ ဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကိုသုံးစုပြု၍ ဟောရာဟောကြောင်း ဖြစ်ခြင်းကြောင့် တိက်မည်၏။

ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက် အား**ဖြင့်** ၂ ပါး အပြားရှိ၏၊ ထို ၂ ပါး တို့တွင် ၃ ပုဒ်လုံးဌိတည်သော ဝေဒနာသဒ္ဒါ**ဖြင့်** ဝေဒနာတိတ် ဟူ၍ ရအပ်သောအမည်ရှိသော**ကြောင့်** သဗ္ဗလဒ္ဓနာမတိက် မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက် အား**ဖြင့်**လည်း ၂ ပါး အပြားရှိ၏၊ ထို ၂ ပါးတို့တွင် သုခဝေဒနာ ၆၃ ခု၊ ဒုက္ခဝေဒနာ ၃ ခု၊ ဥပေက္ခာဝေဒနာ ၅၅ ခု၊ ရူပ်အဋ္ဌဝိသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသော**ကြောင့်** သပ္ပဒေသတိက် မည်၏။

၃-ဝိပါကတိုက်

ဝိပါကာ ဓမ္မာ၊
ဝိပါကဓမ္မဓမ္မာ၊
နေဝဝိပါက နေ ဝိပါကဓမ္မဓမ္မာ။

ဝိပါကာ၊ အချင်းချင်း ထူးကွဲသော ကုသိုလ်, အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်သော။ မမ္မာ နိဿတ္တနိဗ္ဗာနဝသဘာဝ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဝိပါကဓမ္မမ္မာ၊ အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်သော သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝဝိပါက နေ ဝိပါကဓမ္မဓမ္မာ၊ အချင်းချင်း ထူးကွဲသော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ် အကျိုးကိုဖြစ်စေခြင်းသဘော ရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သောသဘောတရား တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဌမပုဒ်၏ အရကား ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဌတိံသ ရှိ၏။ (၄၊ ၂၊ ဂ၊ ၁)

ခန္ဓာ ၄ ပါး။ စေတသိက် အဌတ္တိံသတို့တွင် ဝေဒနာသည်ဝေဒနာကွန္ဓာ မည်၏၊ သညာသည် သညာကွန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရကွန္ဓာ မည်၏၊ ဝိပါက်စိတ် ဆတ္တိံသ သည် ဝိညာဏကွန္ဓာ မည်၏။

အာယတန ၂ ပါး။ ဝိပါက်စိတ် ဆတ္တိံသသည် မနာယတန မည်၏၊ စေတသိက် အဌတ္တိံသသည် ဓမ္မာယတန မည်၏။

ဓာတ် ဂ ပါး။ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ၊ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ်မည်၏၊ကြွင်းသော ဝိပါက်စိတ် စတုဝီသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် အဌတ္တိံသသည် ဓမ္မဓာတ်မည်၏။

သစ္စာ ၁ ပါး။ လောကီဝိပါက်စိတ် ဗာတ္တိံသ၊ စေတသိုက် ပဋ္ဌတ္တိံသ သည် ဒုက္ခသစ္စာမည်၏၊ဖိုလ်စိတ္တုပ္ပါဒ်၃၇ခုသည်သစ္စာဟူသော အရေအတွက်မှ လွတ်၏။

ဒုတိယပုဒ်၏ **အရကား**- အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် ဒွေပညာသ ရှိ၏။ (၄၊ ၂၊ ၂၊ ၃)

(ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ။)

သစ္စာ ၃ ပါး။ အကုသိုလ်စိတ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ လောဘကြောင့်သော စေတသိက် ကေပညာသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄ ခုဌာနရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူ ဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၇ ပါး ။ပ။ အရဟတ္တမဂ် ၈ ပါး၊ ၇ ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉ ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။

တတိယပုဒ်၏ အရကား- ကြိယာစိတ် ဝီသ၊ စေတသိက် ပဉ္စတ္တိံသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရှိ၏။ (၅၊ ၁၂၂၊ ၁၃၊ ၂)

ခန္ဓာ ၅ ပါး။ ရုပ် အဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ပဉ္စတ္တိံသ ဘိုတွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှကြင်းသော စေတသိက် တေတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

အာယတန ၁၂-ပါး။ ရုပ်အဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယ တန မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာ ရုံသည် ဖောဋ္ဌဗ္ဗာယဘာနမည်၏၊ ကြိယာစိတ်ဝီသသည် မနာယဘာနမည်၏၊ **စေတသိက်** ပဉ္စတိံသ၊အာပေါ။ပ။အနိစ္စတာအားဖြင့် သုခုမရုပ် သောဌသ၊ နိဗ္ဗာန် သည် ဓမ္မာယတနမည်၏။

ဝေါတ် ၁၃-ပါး၊ ရုပ်အဌဝီသတို့တွင်စက္ခုပသာဒသည်စက္ခုဓာတ်မည်၏။ပ။ ပထဝီ,တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ပဉ္စဒွါရာ ဝင်္ဂုန်းသည် မနောဓာတ်မည်၏၊ ကြင်းသော ကြိယာစိတ် ဂေါ်နဝီသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်ပဉ္စတိံသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ်သောဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊

သစ္စာ ၂-ပါး။ ကြိယာစိတ် ဝိသ၊ စေတသိက် ပဋ္ဌတိ သ၊ ရုပ်အဋ္ဌပိသာသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

အစဋ္ဌတည်သော ဝိပါက သဒ္ဒါဖြင့် ဝိပါကတိုက်ဟူ၍ ရအပ်သော အပည် ရှိသည်၏ အဖြစ်ကြောင့် အာဒီလဒ္ဓနာမတိုက်မည်၏။

ကြင်းသော ပရမတ္ထတရား မရှိသည်၏ အဖြစ်ကြောင့် နိပ္ပဇ္ဇသတိုက်မည်၏။

၄-ဥပါဒိန္နတိုက်

ဥပါဒိန္နုပါဒါနိယာ ဓမ္မာ၊
အနုပါဒိန္နုပါဒါနိယာ ဓမ္မာ၊
အနုပါဒိန္နဲ အနုပါဒါနိယာ ဓမ္မာ။

ဥပါဒိန်ုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏အစီး အပွားဖြစ်ကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။

အနုပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့်တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာဖြစ်ကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။

အနုပါဒိန္နအနုပါဒါနိယာ၊အာရုံပြုသောအားဖြင့်တဏှာ, ဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်လည်း မဟုတ် ဥပါဒါန်တို့၏ အစီးအပွားသာဖြစ်ကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။

ပဌမ....**ကား**-လောကီဝိပါက်စိတ်ဗာတို့သ၊စေတသိက်ပဋ္ဌတိ သ၊ ကမ္မဇရုပ် ဝိသရ၏။ (၅၊ ၁၁၊ ၁၇၊ ၁)

ခန္ဓာ ၅-ပါး။ ကမ္မဇရုပ် ဝိသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ပဋ္ဌတိ သတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာသညာမှ ကြင်းသော စေတသိက် တေတို့ သသည် သင်္ခါရ ကၡန္ဓာမည်၏၊ လောကီဝိပါက်စိတ် ဗာတို့သသည် ဝိညာဏက္ခန္ဓာမည်၏။

အာယတန ၁၁-ပါး။ ကမ္မဇရုပ် ဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ပ။ ကာယပသာဒသည် ကာယာယတနမည်၏၊ရူပါရုံသည် ရူပါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတန

မည်၏၊ ပထဝီ,တေဇော,ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာ ယတနမည်၏၊ လောကီဝိပါက် ဗာတ္တိံသသည် မနာယတနမည်၏၊စေတသိက် ပဉ္စတိံသ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရูပ်,ဇီဝိတရูပ်,အာဟာရရูပ်, ပရိစ္ဆေဒရูပ်, ဥပစယ, သန္တတိအားဖြင့် (တနည်း) ဇရတာ, အနိစ္စတာ အား ဖြင့် သုခုမရูပ် ၉ခု၊ ၁၁ ခုသည် ဓမ္မာယတနမည်၏။

ခေတ် ၁၇ ပါး။ ကမ္မဇရูပ် ဝိသတ္တိတွင် စက္ခုပသာဒသည် စက္ခု ဓာတ် မည်၏ ။ပ။ ကာယ ပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံသည် ရူပဓာတ် မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗ ဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခု ဝိညာဏဓာတ်မည်၏ ။ပ။ ကာယ ဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ သမ္မဋ္ဌိစ္ဆုံနှုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်း သော လောကီဝိပါက်စိတ် ဝိသသည် မနောဝိညာဏဓာတ်မည်၏၊ စေတ သိက် ပဉ္စတိံသ၊အာပေါ။ပ။ ဥပစယ, သန္တတိအားဖြင့်(တနည်း) ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရูပ် ၉ခု၊ ၁၁ ခုသည် ဓမ္မဓာတ်မည်၏။

သဋ္ဌာ ၁ ပါး။ လောကီဝိပါက်စိတ် ဗာတ္တိံသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇရูပ် ဝိသသည် ဒုက္ခသစ္စာ မည်၏၊

ဒုတိယ....ကား အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ ကြိုယာစိတ် ဝိသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရูပ် သတ္တရသ၊ ဥတုဇရูပ် ပန္နရသ၊ အာ ဟာရဇရูပ် စုဒ္ဒသ ရှိ၏။ (၅၊ ၇၊ ၈၊ ၂)

ဓန္ဓာ ၅ ပါး။ တိဇရูပ်သည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသတို့ တွင်ဝေဒနာသည်ဝေဒနာက္ခန္ဓာမည်၏၊ သညာသည်သညာက္ခန္ဓာမည်၏၊ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာမည်၏၊ အကု သိုလ်ဒွါဒသ၊လောကီကုသိုလ် သတ္တရသ၊ ကြိုယာစိတ် ဝိသသည် ဝိညာဏက္ခန္ဓာ မည်၏။

အာယတန ၂ ပါး။ တိဇရูပ်တို့တွင် ရူပါရုံသည် ရူပါယတန မည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံ သည် ရသာယတနမည်၏၊ ပထဝီ,တေဇော,ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ သည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြိုယာဝိသသည် မနာယတနမည်၏၊စေတသိက် ဒွေပညာသ၊အာပေါ,အာဟာ

ရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ဂ္ဂပယာ လဟုတာ,မုဒုတာ, ကမ္မ ညတာ, ဥပစယ, သန္တတိအားဖြင့် (တနည်း) ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၀ခု၊ ၁၂ ခုသည် မမှီဝယတနမည်၏။

ဝဘက် ၈ ပါး။ တိဇရုပ်တို့တွင် ရူပါရုံသည် ရူပဓာတ်မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏။ ပဋ္ဌဒ္ဌါရာဝဇ္ဇန်းသည် ပနောဓာတ်မည်၏။အကုသိုလ် ဒွါဒသ၊ လောဘိကုသိုလ် သတ္တရသ၊ကြင်းသော ကြိယာစိတ် ကျေနပ်သသည် မနောဝိညာဏဓာတ်မည်၏။ စေတသိက် ဒွေပညာသ၊ အာပေါ,အာဟာရရုပ်။ပ။ ဥပစယ,သန္တတိ အားဖြင့် (တနည်း) ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် ၁၀-ခု၊ ၁၂- ခုသည် ဓမ္မဓာတ်မည်၏။

သစ္စာ ၂ ပါး။ အကုသိုလ် ဒွါဒသ၊ လောဘိကုသိုလ် သတ္တရသ၊ ကြိယာ စိတ် ဝီသ၊လောဘကြင့်သော စေတသိက် ကေပညာသ၊တိဇရုပ်သည်ဒုက္ခသစ္စာ မည်၏။ လောဘသည် သမုဒယသစ္စာမည်၏။

တတိယ....ကား လောကုတ္တရာစိတ် ၈-ခု၊စေတသိက် ဆယ်တို့သ၊ နိဗ္ဗာန်ရ၏၊ (၄၊ ၂၊ ၂၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက် ဆယ်တို့သတို့တွင်ဝေဒနာသည် ဝေဒနာကွန္ဓာ မည်၏၊သညာသည် သညာကွန္ဓာမည်၏၊ ဝေဒနာသညာမှကြင်းသော စေတသိက် စသုတို့သသည် သင်္ခါရကွန္ဓာမည်၏၊လောကုတ္တရာစိတ် ၈-ခုသည် ဝိညာဏကွန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏။

အာယတန ၂-ပါး။ လောကုတ္တရာစိတ် ၈-ခုသည် မနာယတနမည်၏။ စေတသိက်ဆယ်တို့သ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

ဓာတ် ၂ ပါး။ လောကုတ္တရာစိတ် ၈-ခုသည်မနောဝိညာဏဓာတ် မည်၏၊ စေတသိက်ဆယ်တို့သ၊နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။

သစ္စာ ၂ ပါး။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄ ခုဌ ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇ ပါး။ ပ။ အရဟတ္တမဂ် ၈-ပါး၊၇-ပါးသည်မဂ္ဂသစ္စာမည်၏။ ကြင်းသောမဂ်စိတ်တို့ပြုခြင်း ၂၉-ခု၊ ဖိုလ်စိတ်တို့ပြုခြင်း ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

အာဒိလဒ္ဓနာမတိုက်မည်၏၊နိပ္ပဒေသတိုက်မည်၏။

၅-သံကိုလိုဌတိုက်

သံကိလိဋ္ဌ သံကိုလေသိကာ ဓမ္မာ၊
အသံကိလိဋ္ဌ သံကိုလေသိကာ ဓမ္မာ၊
အသံကိလိဋ္ဌ အသံကိလေသိကာ မ္မာ။

သံကိုလိဋ္ဌသံကိုလေသိကာ၊ ပူပန်စေတာ် နှိပ်စက်တတ်သော် ကိုလေသာ တို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ် သောကိလေသာကိုရခြင်းငှာ ထိုက်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အသံကိလိဋ္ဌ သံကိုလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိုလေသာ တို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိုလေသာကိုရခြင်းငှာသာ ထိုက်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အသံကိလိဋ္ဌအသံကိုလေသိကာ၊ပူပန်စေတတ် နှိပ်စက်တတ်သော ကိုလေ သာတို့သည် ပူပန်စေအပ် နှိပ်စက်အပ် ကုန်သည် လည်း မဟုတ် ပူပန်စေတတ် နှိပ်စက်တတ်သောကိုလေသာကို ရခြင်းငှာထိုက်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

ပဌမ ...ကား–အကုသိုလ်စိတ် ၃ ၊ဒ သ၊စေတသိက် သတ္တဝီသရ၏။ (အကု-သလာ ဓမ္မာနှင့်အတူပ္ပဲလေ မထူးပြီ)။

ဒုတိယ....ကား-လောကီကုသိုလ်သတ္တရသ၊လောကီဝိပါက်ဗာတ္တိ သ၊ကြိယာ စိတ် ဝီသ၊စေတသိက် အဌတိ သ၊ ရူပ်အဌဝီသရ၏။ (၅၊ ၁ ၂၊ ၁၈၊ ၁)

ခန္ဓာ ၅-ပါး။ ရူပ်အဌဝီသသည် ရူပကွန္ဓာမည်၏၊စေတသိက် အဌတိ သ တို့တွင် ဝေဒနာသည် ဝေဒနာကွန္ဓာမည်၏၊သညာသည် သညာကွန္ဓာ မည်၏၊ ဝေဒနာသညာမှကြွင်းသောစေတသိက်ဆတ္တိ သသည်သင်္ခါရကွန္ဓာမည်၏၊လော ကီကုသိုလ်သတ္တရသ၊ လောကီဝိပါက် ဗာတ္တိ သ၊ ကြိယာစိတ် ဝီသသည် ဝိညာ ဏကွန္ဓာမည်၏၊

အာယတန ၁ ၂ ပါး။ ရူပ် အဌဝီသတို့တွင် စက္ခုပသာဒသည်စက္ခာယတန မည်၏။ပ။ပထဝီ, တေဇော, ဝ ါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊လောကီကုသိုလ် သတ္တရသ၊လောကီ ဝိပါက် ဗာတ္တိ သ၊ ကြိယာစိတ် ဝီသသည် မနာယတနမည်၏၊ စေတသိက် အဌတိ သ၊ အာပေါ, ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ,ဟဒ္ဒယရူပ်, ဇီဝိတရူပ်, အာဟာရရူပ်, ပရိစ္ဆေဒရူပ်, ကာယ

ဝိညာဏ်,ဝစီဝိညာဏ်, ရူပသမ္ဘဝ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာအားဖြင့် သုခုမရူပ် သောဌသသည် ဓမ္မာယတနမည်၏။

ဝေတ် ၁၈ ပါး။ ရူပ် အဌဝိသတ္တိတွင် စက္ခုပသာဒသည် စက္ခု ဝေတ်မည်၏။ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဝေတ်မည်၏။ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဝေတ် မည်၏ ။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဝေတ်မည်၏။ပဋ္ဌာန ဒုရာဝဂ္ဂန်း, သမ္ပယုတ္တန်း ဒွေသည် မနောဝေတ်မည်၏။ လောကိုကုသိုလ် သတ္တရသ၊ကြင်းသောလောကီ ဝိပါက်ဝိသ၊ ကြိယာစိတ် ကေုနဝိသသည် မနောဝိညာဏဝေတ်မည်၏။စေတသိက် အဌတိ ်သ၊ အာဝေါ ။ပ။ အနိစ္စတာအားဖြင့်သုခုမရူပ်သောဌသသည်ဓမ္မဝေတ် **မည်၏**။

သစ္စာ ၁ ပါး။ လောကီ ကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိ ်သ၊ ကြိယာစိတ် ဝိသ၊စေတသိက် အဌတိ ်သ၊ရူပ်အဌဝိသသည် ဒုက္ခသစ္စာမည်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၁ ပါးဖြစ်သတည်း။

တတိယ.... ကား- လောကုတ္တရာစိတ် ၈ ခု၊စေတသိက်ဆတ္တိ ်သ၊နိဗ္ဗာန်ရ၏။ (ဥပါဒိန္နတိုက် တတိယပုဒ်နှင့်အတူဖွဲ့လေ၊မထူးပြီ)။

အာဒိလဒ္ဓနာမတိုက် မည်၏၊ နိပ္ပဒေသတိုက် မည်၏။

---

၆ ဝိတက္ကတိုက်

သဝိတက္က သဝိစာရ ဓမ္မာ၊
အဝိတက္ကဝိစာရမတ္တာ ဓမ္မာ။
အဝိတက္ကအဝိစာရ ဓမ္မာ။

သဝိတက္က သဝိစာရ၊ ဝိတက််နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွ ပြစ်ကုန်သော။ ဓမ္မာ၊ သံဝဏ္ဏန်တို။

အဝိတက္က ဝိစာရမတ္တာ၊ ဝိတက်ကားမရှိ ဝိစာရမျှသာရှိကုန်သော။ ဓမ္မာ၊ တို့သည်။သံဝဏ္ဏန်တို၊ကုန်၏။

အဝိတက္ကအဝိစာရ၊ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝဏ္ဏန်တို၊ကုန်၏။

F. 7 ချစ်ရတနာတိုး

ပဋ္ဌမ....**ကား**-သဝိတက္ကသဝိစာရစိတ် ၅၅ ခု၊ ဝိတက်, ဝိစာရကြည်သော စေတသိက် ပညာသရ၏။(၄၊၂ ၊၃ ၊၃)

ခန္ဓာ ၄ ပါး။ စေတသိက် ပညာသတ္တိတွင် ဝေဒနာသည် ဝေဒနာကွန္ဓာ မည်၏။သညာသည် သညာကွန္ဓာမည်၏။ဝေဒနာ သညာမှကြွင်းသောစေတသိက် အင္ဂစတ္တာလီသသည် သင်္ခါရကွန္ဓာမည်၏။ သဝိတက္က သဝိစာရစိတ် ၅၅-ခုသည် ဇာဏကွန္ဓာမည်၏။

အာယတန ၂ ပါး။ သဝိတက္ကသဝိစာရစိတ် ၅၅ -ခုသည် မနာယတန မည်၏။ စေတသိက် ပညာသသည် ဓမ္မာယတန မည်၏။

ဓာတ် ၃ ပါး။ ပဋ္ဌဒ္ဌါရုဝဇ္ဇန်း,သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော သဝိတက္ကသဝိစာရစိတ် ၅၂ ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ပညာသသည် ဓမ္မဓာတ်မည်၏။

သစ္စာ ၃ ပါး။ လောကီ သဝိတက္ကသဝိစာရစိတ် ၄၇-ခု၊ လောဘ ကြည်သော စေတသိက် ကေုနပညာသသည် ဒုက္ခသစ္စာမည်၏၊လောဘသည်သမုဒယ သစ္စာ မည်၏။ မဂ်သဝိတက္က သဝိစာရစိတ် ၄-ခုဌိသော သမ္မာဒိဋ္ဌိ, သမ္မာ ဝါစာ, သမ္မာသမ္မန္တ,သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး ၊ သကဒါဂါမိမဂ် ၇ ပါး၊အနာဂါမိမဂ် ၇ ပါး၊ အရဟတ္တမဂ် ၇ ပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅ ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏။

ဒုတိယ....**ကား**–ဒုတိယစျာန်စိတ်ကောဒသ၊ ဝိတက်, ဝိစာရ ကြည်သော စေတသိက် ဆတ္တိ သ၊ သဝိတက္ကသဝိစာရစိတ် ၅၅ ခုဌိသော ဝိတက်စေတသိက် ၅၅ ခု ရ၏။ (၄၊ ၂၊ ၂၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက် ဆတ္တံ သတ္တိတွင် ဝေဒနာသည် ဝေဒနာကွန္ဓာ မည်၏၊ သညာသည် သညာကွန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတ္တိ သ၊ ဝိကက် ၅၅ ခု သည် သင်္ခါရကွန္ဓာ မည်၏၊ ဒုတိယစျာန် စိတ် ကောဒသသည် ဝိညာဏကွန္ဓာ မည်၏။

အာယတန ၂ ပါး။ ဒုတိယစျာန်စိတ် ကောဒသသည် မနာယတန မည် ၏၊ စေတသိက် ဆတ္တိ သ၊ ဝိတက် ၅၅ ခုသည် ဓမ္မာယတန မည်၏။

ဓာတ် ၂ ပါး။ ဒုတိယဈာန်စိတ် ကောဒသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆတ္တိုသ၊ ဝိတက် ၅၅ ခုသည် ဓမ္မဓာတ် မည်၏။

သစ္စာ ၂ ပါး။ လောကိဒုတိယဈာန်စိတ် ၃ ခု၊ စေတသိက် တေတ္တိုသ၊ လောကိဝိတက် ၄၇ ခု သည် ဒုက္ခသစ္စာ မည်၏၊ မဂ် ဒုတိယဈာန်စိတ် ၄ ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး၊ သကဒါဂါမိမဂ် ၇ ပါး၊ အနာဂါမိမဂ် ၇ ပါး၊ အရဟတ္တမဂ် ၇ ပါး သည်၎င်း၊ မဂ်ပဌမဈာန်စိတ် ၄ ခု ၌ရှိသော ဝိတက်စေတသိက် တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၁ ပါး၊ သကဒါဂါမိမဂ် ၁ ပါး၊ အနာဂါမိမဂ် ၁ ပါး၊ အရဟတ္တမဂ် ၁ ပါးသည်၎င်း မဂ္ဂသစ္စာ မည်၏။

ကြင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅ ခုသည်၎င်း၊ ဖိုလ်ပဌမဈာန်စိတ် ၄ ခု၌ရှိသော ဝိတက်စေတသိက် ၄ ခုသည်၎င်း သစ္စာဟူသော အရေအတွက်မှ လွတ်၏။

တတိယ....ကား အဝိတက္ကအဝိစာရစိတ် ၅၅ ခု၊ ဝိတက်, ဝိစာရ ကြင်သော စေတသိက် ဆတ္တိုသ၊ ဒုတိယဈာန်စိတ် ကောဒသ၌ရှိသော ဝိစာရစေတသိက် ၁၁ ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅၊ ၁၂၊ ၁၇၊ ၃)

ခန္ဓာ ၅ ပါး။ ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဆတ္တိုသ ဘို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှကြင်းသော စေတသိက် စတုတ္တိုသ၊ ဝိစာရစေတသိက် ၁၁ ခု သည် သင်္ခါရက္ခန္ဓာမည်၏၊ အဝိတက္ကအဝိစာရစိတ် ၅၅ ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

အာယတန ၁၂ ပါး။ ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ အဝိတက္ကအဝိစာရစိတ် ၅၅ ခုသည် မနာယတန မည်၏၊ စေတသိက် ဆတ္တိုသ၊ ဝိစာရ ၁၁ ခု၊ အာပေါ။ပ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောင်္ဃသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဓာတ် ၁၇ ပါး၊ စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ပ။ ကာယဝိညာဉ်ဒွေသည် ကာယ

ဝိညာဏခေတ် မည်၏၊ ကြင်းသော အဝိတက္ကအဝိစာရစိတ် ၄ ၅ ခု သည် မနောဝိညာဏခေတ် မည်၏၊ စေတသိက် ဆတ္တိံသ၊ ဝိစာရ ၁၁ ခု၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့် သုခုမရှုပ် သောဌသ၊ နိဗ္ဗာန်သည် ဓမ္မခေတ် မည်၏။

သစ္စာ ၃ ပါး။ လောကီအဝိတက္ကအဝိစာရစိတ် ၃၁ ခု၊ စေတသိက် ဆတ္တိံသ၊ လောကီဝိစာရ ၃ ခု၊ ရှုပ် အဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ် အဝိတက္ကအဝိစာရစိတ် ၁၂ ခုဌိုင်သော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး၊ သကဒါဂါမိမဂ် ၇ ပါး၊ အနာဂါမိမဂ် ၇ ပါး၊ အရဟတ္တမဂ် ၇ ပါးသည် မဂ္ဂသစ္စာမည်၏။

ကြင်းသောမဂ်စိတ္တုပ္ပါဒ် ၂၈ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅ ခုသည်ရင်း၊ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈ ခုဌိုင်သော ဝိစာရစေတသိက် ၈ ခုသည်ရင်း သစ္စာဟူသော အရေအတွက်မှ လွတ်၏။

အာဒိလဒ္ဓနာမတိုက် မည်၏၊ သဝိတက္ကသဝိစာရစိတ် ၅၅ ခုဌိုင်သော ဝိစာရစေတသိက် ၅၅ ခု ဟုဆိုအပ်သော ကြင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိုက် မည်၏။

---

၃ ပီတိတိုက်

ပီတိသဟဂတာ ဓမ္မာ၊
သုခသဟဂတာ ဓမ္မာ၊
ဥပေက္ခာသဟဂတာ ဓမ္မာ။

ပီတိသဟဂတာ၊ ပီတိနှင့် တကွဖြစ်ကုန်သော။ ဝါ၊ ပီတိနှင့် ကေပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ ပီတိနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

သုခသဟဂတာ၊ သုခဝေဒနာနှင့် တကွဖြစ်ကုန်သော။ ဝါ၊ သုခဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ သုခဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ဥပေက္ခာသဟဂတာ၊ ကုန်သော။ ဝါ၊ ကုန်သော၊ ဝါ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဌမ....ကား ပိတိသဟဂုတ်စိတ် ၅၁ ခု၊ ပိတိ,ဒေါသ, ဇာသာ, ပဋ္ဌာဂိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ ရှိ၏။(၁၊၂၊၂၊၃)

(ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

သစ္စာ ၃ ပါး။ လောကီ ပိတိသဟဂုတ်စိတ် ၂၇ ခု၊ လောဘကြဉ်သော စေတသိက် ပဋ္ဌစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်ပိတိသဟဂုတ်စိတ် ၁၂ ခုဌိုရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ။ပ။ သမ္မာသမာဓိဟူဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၇ ပါး။ ပ။ အရဟတ္တမဂ် ၈ ပါး၊ ၇ ပါးသည် မဂ္ဂသစ္စာမည်၏။ ကြင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆ ခုသည် သစ္စာ ဟူသောအရေအတွက်မှ လွတ်၏။

ဒုတိယပုဒ်၏အရ သည် ဝေဒနာတိုက် ပဌမပုဒ် ၏အရနှင့် တူ၏။

တတိယပုဒ်၏အရ သည် ဝေဒနာတိုက် တတိယပုဒ်၏အရနှင့် တူ၏။

အာဒီလဒ္ဓနာမတိုက် မည်၏၊ သုခသဟဂုတ် ကာယပိညာဉ်၊ စတုတ္ထစျာန်ကောဒသင်္ခြိုင်ရှိသော သုခဝေဒနာ ၁၂ ခု၊ ဥပေက္ခာဝေဒနာ ၅၅ ခု၊ ဒုက္ခသဟဂုတ်စိတ် ၃ ခု၊ စေတသိက်ဗာဝိသ၊ ရုပ်အဌဝိသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြင်းသောပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသတိုက် မည်၏။

---

၈ ဒဿနတိုက်

ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊
ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊
နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

ဒဿနေန ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော။ ဓမ္မာ၊ ကို့သည်။သံဝိဇ္ဇန္တိ၊ ကုန်၏။

ဘာဝနာယ ပဟာတဗ္ဗာ၊အထက်မဂ် သုံးခုသည် ပယ်အပ်ကုန်သော။ဓမ္မာ၊ ကို့သည်၊သံဝိဇ္ဇန္တိ၊ကုန်၏။

နေဝ ဒဿနေန နဘာဝနာယပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်းမဟုတ်အထက်မဂ် ၃ ခု သည် ပယ်အပ်ကုန်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဌမ ကား-သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့်ပယ်အပ်သော ဒိဋ္ဌိဂတ သမ္မယုတ်စိတ် ၄ ခု၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ခု၊မာန,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ဗာဝီသ သောတာပတ္တိ မဂ်သည် ဘနုကရအားဖြင့်ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ခု၊ ဒေါသမူဒ္ဒေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝီသ ရှိ။ (၄၊ ၂၊ ၂ ၊၂၊)

ဝန္ဓာ ၄ ပါး။စေတသိက် သတ္တဝီသတို့တွင် ဝေဒနာသည် ဝေဒနာကွန္ဓာ မည်၏၊ သညာသည်သညာကွန္ဓာမည်၏၊ဝေဒနာသညာမှကြွင်းသောစေတသိက် ပဉ္စဝီသသည် သင်္ခါရကွန္ဓာမည်၏၊ အကုသိုလ်စိတ် ၁၁ ခုသည် ဝိညာဏကွန္ဓာ မည်၏၊(အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

သင်္ခါ ၂ ပါး။ အကုသိုလ်စိတ် ၁၁ ခု၊ လောဘကြဉ်သော စေတသိက် ဆဗ္ဗီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏။

ဒုတိယ....ကား-သကဒါဂါမိမဂ်သည် ဘနုကရအားဖြင့် ပယ်အပ်သော ရှုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ခု၊ ဒေါသမူဒ္ဒေ။

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သောကာမရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-မှ၊ဒေါသမူဒ္ဒေ၊ဒိဋ္ဌိ,ဝိစိကိစ္ဆာကြဉ် သော စေတသိက် ပဉ္စဝီသ။

အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ခု၊ ဥဒ္ဓစ္စသဟဂုတ် စိတ် ၁ခု၊ဒိဋ္ဌိ,ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဏဝီသရှိ။(၄၊ ၂၊ ၂၊ ၂)

ဝန္ဓာ ၄ ပါး။ စေတသိက် ပဉ္စဝီသတို့တွင် ဝေဒနာသည် ဝေဒနာကွန္ဓာ မည်၏၊ သညာသည် သညာကွန္ဓာမည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် တေဝီသသည် သင်္ခါရကွန္ဓာမည်၏၊ အကုသိုလ်စိတ် ၇-ခုသည် ဝိညာဏကွန္ဓာမည်၏၊(အာယတန,ဓာတ်ဖွဲ့ကား လွယ်ပြီ)။

သင်္ခါ ၂ ပါး။ အကုသိုလ်စိတ် ၇-ခု၊ လောဘကြဉ်သော စေတသိက် စဘုဝီသသည် ဒုက္ခသစ္စာမည်၏၊လောဘသည် သမုဒယသစ္စာမည်၏။

တတိယ....ကား ကုသိုလ် ကေဝီသ၊ ဝိပါက် ဆဋ္ဌိ်သ၊ ကြိယာစိတ်ဝီသ၊ ဧစေတသိကိ အဌတိ်သ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရှိ၏။(၅၊ ၁၂၊ ၁၊ ၃)

ခန္ဓာ ၅- ပါး။ ရူပ် အဋ္ဌဝိသသည် ရူပကွန္ဓာ မည်၏၊ စေတသိက်အဋ္ဌတိ်သ တို့တွင် ဝေဒနာသည် ဝေဒနာကွန္ဓာမည်၏၊ သညာသည် သညာကွန္ဓာမည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ဆတ္တိ်သသည် သင်္ခါရကွန္ဓာမည်၏၊ ကုသိုလ် ကေဝိသ၊ ဝိပါက် ဆတ္တိ်သ၊ ကြိယာစိတ် ဝိသသည် ဝိညာဏကွန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

အာယတန ၁၂ ပါး။ ရူပ် အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ စေတသိက် အဋ္ဌတိ်သ၊ အာပေါ။ ပ။အနိစ္စတာ အားဖြင့် သုခုမရူပ် သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဓာတ် ၁၈ ပါး။ ရူပ် အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ ပ။ ပထဝီ, ဘေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခု ဝိညာဉ် ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ ပ။ ကာယဝိညာဉ်ဒွေသည် ကာယ ဝိညာဏဓာတ် မည်၏၊ ပဋ္ဌဒ္ဒါဆုဝင်္ဂန်း, သမ္ပ ဋိစ္ဆိန်းဒွေသည် မနောဓာတ်မည်၏၊ ကုသိုလ်ကေဝိသ၊ ကြွင်းသော ဝိပါက်စိတ် စတုဝီသ၊ ကြိယာစိတ် ကေ့ုနဝိသသည် မနောဝိညာဏဓာတ်မည်၏၊ စေတ သိက် အဋ္ဌတိ်သ၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့် သုခုမရူပ် သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။

သစ္စာ ၃ ပါး။ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပ ်ကဗာတ်ိ်သ၊ ကြိယာစိတ် စီသ၊ စေတသိက် အဋ္ဌတိ်သ၊ ရူပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄ ခုဌ်ရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ ပါး၊ ၇ ပါး။ ပ။ အရဟတ္တမဂ် ဂ ပါး၊ ၇ ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ်ပြုပါ်ခ် ၂ ၉ ခု၊ ဖိုလ်စိတ်ပြုပါ်ခ် ၃၇ ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

အာဒိလဒ္ဓနာမတိုက် မည်၏၊ နိပ္ပဒေသတိုက်မည်၏။

---

၉ ဒဿနဟေတုတိုက်

ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
နေဝ ဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

ဒဿနေန ပဟာတဗ္ဗဟေတုကာ၊ သောတာ ပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိကုန်သော။ ဓမ္မာ သံဝိဇ္ဇန္တိ။

ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ အထက် မဂ် ၃ ခုသည် ပယ်အပ်သော ဟိတ် ရှိကုန်သော။ ဓမ္မာ သံဝိဇ္ဇန္တိ။

နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် အထက်မဂ် ၃ ခုသည်ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော။ ဓမ္မာ သံဝိဇ္ဇန္တိ။

ပဌမ ....**ကား** သောတာပတ္တိမဂ်သည် အကြင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခု၊ ဝိစိကိစ္ဆစိ သဟဂုတ်စိတ် ၁ခု၊ **မာန,ဒေါသ,** ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ **မောဟကြောင့်သော** စေတသိက် ဗာဓိသ၊

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ခု၊ ဒေါသမူဒ္ဓေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြောင့်သော စေတသိက် ပဉ္စဝိသရ၏။ (ဒဿနတိုက် ပဌမ ပုဒ်နှင့်အတူ ဖွဲ့လေ၊ မထူးပြီ)။

ဒုတိယ....**ကား**-သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ခု၊ ဒေါသမူဒ္ဓေ။

အနာဂါမိမဂ်သည် အကြင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒ္ဓေ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာကြောင့်သော စေသသိက် ပဉ္စဝိသ။

အရဟတ္တမဂ်သည် အကြင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြောင့်သော စေတသိက် ဧကဝီသ ရ၏။ (ဒဿနတိုက် ဒုတိယပုဒ်နှင့် အတူဖွဲ့လေ မထူးပြီ)။

တတိယ....**ကား** ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက် အဋ္ဌတိံသ၊ မောဟမူဒ္ဓေ၌ **မောဟ**၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

(ဒဿန်တိုက် တတိယပုဒ်နှင့် အတူဖွဲ့လေ၊ **မောဟမူဒ္ဓေ၌ မောဟကို** သင်္ခါရကွန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခသစ္စာသို့သွင်း၍ ဖွဲ့သည်မျှသာ ထူးသည်။)

အာဒိလဒ္ဓနာမတိုက် မည်၏၊ နိပ္ပဒေသတိုက် မည်၏။

၁၀-အာစယဂါမိတိက်

အာစယဂါမိနော ဓမ္မာ၊
အပစယဂါမိနော ဓမ္မာ၊
နေဝါစယဂါမိနာပစယဂါမိနော ဓမ္မာ။

အာစယဂါမိနော၊ စုတိ,ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော။ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပစယဂါမိနော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝါစယဂါမိနာပစယဂါမိနော၊ စုတိ,ပဋိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဌမ....ကား အကုသိုလ်စိတ် ၁၂ဒသ၊ လောကီကုသိုလ်စိတ် သတ္တရသ၊ စေတသိက် ဒွေပညာသ ရ၏။ (၄၊ ၂၊ ၂၊ ၂)

ဒုတိယ....ကား မဂ်စိတ် ၄-ခု၊စေတသိက် ဆတ္တိံသ ရ၏။ (၄၊ ၂၊ ၂၊ ၁)

ဓနှာ ၄-ပါး။ စေတသိက် ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာကွန္ဓာ မည်၏၊ သညာသည် သညာကွန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် စတုတ္တိံသသည် သင်္ခါရကွန္ဓာ မည်၏၊ မဂ်စိတ် ၄-ခုသည် ဝိညာဏကွန္ဓာ မည်၏။

(အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

သစ္စာ ၁-ပါး။ မဂ်စိတ် ၄ ခုဌာ်ရှိသော သမ္မာဒိဋ္ဌိ၊ ပ။ သမ္မာသမာဓိဟူ ဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး, ၇ ပါး။ပ။ အရဟတ္တမဂ် ၈ ပါး ၇ ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပာဒိ ၂၉ ခုသည် သစ္စာ၊ ဟူသော အရေအတွက်မှ လွတ်၏။

တတိယပုဒ်သည် အဗျာကတာ ဓမ္မာနှင့် အလုံးစုံတူပြီ။
အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

၁၁-သေက္ခတိုက်

သေက္ခာ ဓမ္မာ၊
အသေက္ခာ ဓမ္မာ၊
နေဝသေက္ခနာသေက္ခာ ဓမ္မာ။

သေက္ခာ၊ သေက္ခ ပုဂ္ဂိုလ် ၇ ယောက်တို့၏ဥစ္စာဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

အသေက္ခာ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

နေဝသေက္ခ နာသေက္ခာ၊သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ဥစ္စာလည်းမဟုတ် ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာလည်းမဟုတ်ကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။

ပဌမ....ကား-အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊စေတသိက်ဆတ္တိ သရ၏။(၄၊ ၂၊ ၂၊ ၁)

ဒုတိယ....ကား အရဟတ္တဖိုလ်စိတ် ၁-ခု၊စေတသိက်ဆတ္တိ သရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄ ပါး၊အာယတနအားဖြင့် ၂ပါး၊ဓာတ်အားဖြင့် ၂ပါး ဖြစ်ကုန်၏။(သစ္စာမရ)

ဓာတ်အားဖြင့် ၂ ပါး။ အရဟတ္တဖိုလိစိတ် ၁ ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဆတ္တိ သသည် ဓမ္မဓာတ်မည်၏။

အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။

တတိယ ...ကား–လောကီစိတ် ကောသိတိ၊ စေတသိက်ဒွေပညာသ၊ ရူပ်အင္ဒ ၇ သ၊ နိဗ္ဗာန်ရ၏။(၅၊ ၁၂၊ ၁၈၊ ၃)

အာဒိလဒ္ဓနာမတိုက်မည်၏၊နိပ္ပဒေသတိုက်မည်၏။

၁၂-ပရိတ္တတိုက်

ပရိတ္တာ ဓမ္မာ၊
မဟဂ္ဂတာ ဓမ္မာ၊
အပ္ပမာဏာ ဓမ္မာ။

ပရိတ္တာ၊နည်းသော အာနုဘော် ရှိကုန်သော။ ဓမ္မာ၊သံဝိဇ္ဇန်။

မဟဂ္ဂတာ၊မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော။ ဝါ၊ မြတ်ကုန်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော။ဓမ္မာ သံဝိဇ္ဇန်။

အပ္ပမာဏာ၊နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ထုဂအစရှိသော ကိုလေသာ တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန်။

ပဋမ....ကား- ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌ ဝီသရှိ။ (၅၊ ၁၂၊ ၁၈၊ ၂)

ဖွဲ့လေ လွှယ်ပြီ၊ မနောဝိညာဏဓာတ်မှာ ကြွင်းသောကာမစိတ် ၄၁-ခု ဟု ဆိုလေ။

ဒုတိယ....ကား-မဟဂ္ဂုတ်စိတ် သတ္တဝီသ၊ စေတသိက် ပဉ္စတိံသ ရှိ။ (၄၊ ၂၊ ၂၊ ၁)

တတိယ....ကား လောကုတ္တရာ စိတ် ဂ-ခု၊စေတသိက် ဆယ့်တံသ၊နိဗ္ဗာန်ရှိ။ (၄၊ ၂၊ ၂၊ ၂)

အာဒိလဒ္ဓနာမတိက်မည်၏၊နိပ္ပဒေသတိက်မည်၏။

၁၃- ပရိတ္တာရမ္မဏတိက်

ပရိတ္တာရမ္မဏာ ဓမ္မာ၊
မဟဂ္ဂတာရမ္မဏာ ဓမ္မာ၊
အပ္ပမာဏာရမ္မဏာ ဓမ္မာ။

ပရိတ္တာရမ္မဏာ၊ ပရိတ္တာဘာဝုံးလျှင် အာရုံရှိကုန်သော။ ဝါ၊ ပရိတ္တတရုံးကို အာရုံပြုကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန်။

မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်ဘာဝုံးလျှင် အာရုံရှိ ကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန်။

အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏတရုံးလျှင် အာရုံရှိကုန်သော။ဝါ၊ ပြုကုန်သော၊ ဓမ္မာ၊ သံဝိဇ္ဇန်။

ပဌမ ကား-ပရိတ္တတရားကိုမြဲသောအားဖြင့် အာရုံပြုသော ဒွေပဋ္ဌဝိညာဉ် ၁၀၊ မနောဓာတ် ၃ ခု၊ သန္တီရဏ ၃ ခု၊ မဟာဝိပါက် ၈ ခု၊ ဟသိတုပ္ပါဒ်စိတ် ၁ ခု၊ စေတသိက် တေတ္တိံသ။

ပရိတ္တတရားကို အာရုံပြုခိုက် အကုသိုလ်ဒွါဒသ၊ မနောဒ္ဒါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိယာစိတ် ၈ ခု၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသရ၏။ (၄၊ ၂၊ ၈၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက်ပညာသတ္တိတွင် ဝေဒနာသည် ဝေဒနာကွန္ဓာမည်၏။ သညာသည် သညာကွန္ဓာ မည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် အဋ္ဌစတ္တာလီသသည် သင်္ခါရကွန္ဓာ မည်၏၊ ပရိတ္တာရမ္မဏစိတ် ၅၆ ခုသည် ဝိညာဏကွန္ဓာမည်၏၊ (အာယတနဖွဲ့ကား လွယ်ပြီ)။

ဓာတ် ၈ ပါး။ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဋ္ဌဒ္ဒါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော ပရိတ္တာရမ္မဏစိတ် ၄၃ ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်ပညာသသည် ဓမ္မဓာတ်မည်၏။

သစ္စာ ၂ ပါး။ ပရိတ္တာရမ္မဏစိတ် ၅၆ ခု၊ လောဘကြဉ်သော စေတသိက် ဇာကုနပညာသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယာသစ္စာ မည်၏။

ဒုတိယ....ကား- မဟဂ္ဂုတ်တရားကိုမြဲသောအားဖြင့် အာရုံပြုသော ဝိညာဏာ ဠာယတနစိတ် ၃ ခု၊ နေဝသညာနာသညာယတနစိတ် ၃ ခု၊ စေတသိက်တံသ။

မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ် ဒွါဒသ၊ မနောဒ္ဒါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိယာစိတ် ၈ ခု၊ အဘိညာဉ် ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသရ၏။ (၄၊ ၂ ၊ ၂ ၊ ၂)

(လွယ်ပြီ၊ မဟဂ္ဂတာရမ္မဏစိတ် ၃၇ ခု ဟုဆိုလေ)။

တတိယ....ကား အပ္ပမာဏာရုံကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈ ခု၊ စေတသိက် ဆတ္တိံ သ။

အပ္ပမာဏာရုံကို အာရုံပြုခိုက် မနောဒ္ဒါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄ ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံ သ ရ၏။ (၄၊ ၂ ၊ ၂ ၊ ၂)

၁နွှာ ၄ ပါး။ စေတသိုက် ဆတ္တိ သတ္တိတွင်။ ပ။ ကြွင်းသော စေတသိုက် စတုတ္တိ သသည် သင်္ခါရကွန္ဓာ မည်၏။ အပ္ပမာဏာဝရမ္မဏစိတ် ၁၉ သည် ဝိညာဏကွန္ဓာ မည်၏။ (အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

သစ္စာ ၂ ပါး။ လောကိအပ္ပမာဏာဝရမ္မဏစိတ် ၁၁ ခု၊ စေတသိုက်တေ့ သည် ဒုက္ခသစ္စာမည်၏၊ မဂ်စိတ် ၄ ခု၌ရှိသော သမ္မာဒိट्ठိ။ ပ။ သမ္မာသမာဓိဟူဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး, ၇ ပါး။ ပ။ အရဟတ္တမဂ် ၈ ပါး, ၇ ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပာဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၇ ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏။

အာဒိလဒ္ဓနာမတိုက် မည်၏၊ ပညတ်တရားကို မြဲသောအားဖြင့် ဆောရုံပြု သော အာကာသာနဉ္စာယတနစိတ် ၃ ခု၊ အာကိဉ္စညာယတနစိတ် ၃ ခု၊ အာဘိ ညာဉ်ဒွေမှတပါး ရူပစိတ် ၁၅ ခု၊ စေတသိုက် ပဉ္စတိ သ။

ပညတ်တရားကို အာရုံပြုခိုက် အကုသိုလ် ဒွါဒသ၊ မနောဒ္ဒါရာ ဝဇ္ဇန်း၊ မဟာကုသိုလ် ၈ ခု၊ မဟာကြိယာ ၈ ခု၊ အာဘိညာဉ် ဒွေ၊ ဝိရတီကြဉ်သော စေတသိုက် ကျေနပညာသ၊ ရုပ် အဌဝိသ၊ နိဗ္ဗာန်ဟူဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိုက် မည်၏။

၁၄-ဟီနတိုက်

ဟီနာ ဓမ္မာ၊

မဇ္ဈိမာ ဓမ္မာ၊

ပဏီတာ ဓမ္မာ။

ဟီနာ၊ ယုတ်ကုန်သော။ ဓမ္မာ သံဝိဇ္ဇန္တိ။

မဇ္ဈိမာ၊ အလတ်ဖြစ်ကုန်သော။ ဝါ၊ အယုတ်အမြတ်တို့၏ အလယ်၌ဖြစ်ကုန်သော။ ဓမ္မာ သံဝိဇ္ဇန္တိ။

ပဏီတာ၊ မြတ်ကုန်သော။ ဓမ္မာ သံဝိဇ္ဇန္တိ။

(သံကိလိဋ္ဌတိုက်နှင့် တူ၏ပြီ၊ ကော်ဗက်လေ၊ ဖွဲ့လေ)။

၁၅-မိန့်ဆုံးတိုက်

မိစ္ဆတ္တနိယတာ ဓမ္မာ၊
သမ္မတ္တနိယတာ ဓမ္မာ၊
အနိယတာ ဓမ္မာ။

မိစ္ဆတ္တနိယတာ၊ဖောက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

သမ္မတ္တနိယတာ၊ မဖောက်မပြန်သော သဘောရှိကုန်သည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အနိယတာ၊နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဌမ....ကား နိယတမိစ္ဆာဒိဋ္ဌိက်၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄ခု၊ သတ္တမဇော၊ မာန,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဇကဝိသ။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယက်၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူ ဒေ၊ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌ, မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဗာဝီသ ရှိ၏။ (၄၊ ၂၊ ၂၊ ၂)

ခန္ဓာ ၄-ပါး။ စေတသိက် ပဉ္စဝိသတ္တိတ္ထင်။ ပ။ ကြွင်းသော စေတသိက် တေဝီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၆ ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

သစ္စာ ၂ ပါး။ အကုသိုလ်စိတ် ၆ ခု၊ လောဘကြဉ်သော စေတသိက် စတုဝိသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏။

ဒုတိယ....ကား-မဂ်စိတ် ၄ ခု၊စေတသိက် ဆတ္တိံသရှိ၏။(၄၊ ၂၊ ၂၊ ၁)

တတိယ....ကား-နိယတ မိစ္ဆာဒိဋ္ဌိက်၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတသမ္ပ-ယုတ်စိတ် ၄-ခု၊သတ္တမဇော၊ မာတုဃာတက,ပိတုဃာတက,အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယ၏အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒေ သတ္တမဇောမှဘပါး အကုသိုလ်ဒုါဒသ၊လောကီကုသိုလ် သတ္တရသ၊ဝိပါက် ဆတ္တိံသ၊ကြီးသောစိတ် ဝိုသ၊စေတသိက် ဒွေပညာသ၊ ရှစ်အဋ္ဌ ဗိသေသနိဗ္ဗာန်ရှိ၏၊(၅၊ ၁၂၊ ၁၈၊ ၃)

သစ္စာ ၃ ပါး။ အကုသိုလ်စိတ်ဒုါဒသ၊လောကီကုသိုလ်သတ္တရသ၊လောကုတ္တရာ ဝိပါက် ဗာတ္တိံသ၊ကြိယာစိတ် ဝီသ၊ လောဘကြည်သော ဧတသိုက် ၎က ပညာသ၊ရုပ်အင္ဒဝိသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ဝုသည် သစ္စာဟူ သော အရေအတွက်မှ လွတ်၏၊ (ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။ အာဒီလဒ္ဓနာမတိုက်မည်၏၊ နိပ္ပဒေသတိုက် မည်၏။

---

၁၆ မဂ္ဂါရမ္ဘကတိုက်

မဂ္ဂါရမ္ဘာ ဓမ္မာ၊
မဂ္ဂဟေတုကာ ဓမ္မာ၊
မဂ္ဂါဓိပတိနော ဓမ္မာ။

မဂ္ဂါရမ္ဘာ၊ မဂ်လျှင် အာရုံရှိကုန်သော။ ဝါ၊မဂ်ကို အာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။သံဝိဇ္ဇန္တိ၊ ကုန်၏။

မဂ္ဂဟေတုကာ၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

တနည်းကား....မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော။ ဝါ၊ မဂ်၌ ဖြစ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

တနည်းကား....မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော ဟိတ်ရှိကုန်သော။မြော၊သံဝိဇ္ဇန္တိ။

မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းရှိကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

တနည်းကား....မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်းရှိကုန်သော။ ဓမ္မာ၊သံဝိဇ္ဇန္တိ။

တနည်းကား....မဂ္ဂါဓိပတိနော၊ မဂ်လျှင် သဟဇာတာဓိပတိ ပစ္စည်း ဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဌမကား....သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန် ပုဂ္ဂိုလ်၏ မနောဒ္ဓါတုဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ကုသိုလ်အာဘိညာဉ်

သောတာပတ္တိမဂ်, သကဒါဂါမိမဂ် ၂-ပါးကိုအာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မနောဒ္ဓါဆုဝင်္ဂုန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်။

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် ၃-ပါးကို အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မနောဒ္ဓါဆုဝင်္ဂုန်း၊မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။

မဂ် ၄-ပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒ္ဓါဆုဝင်္ဂုန်း၊ မဟာ ကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကြိယာအဘိညာဉ်၊ ဝိရတိ, အပ္ပမညာကြဉ် သော စေတသိက်တော်တို့သရ၏။ (၄၊ ၂၊ ၂၊ ၁)

ခန္ဓာ ၄ ပါး။ စေတသိက်တော်တို့သ တို့တွင်။ ပ။ စေတသိက် ဧကတိ သ သည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ္ဂါရမ္မဏစိတ် ၁၁-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

သစ္စာ ၁ ပါး။ မဂ္ဂါရမ္မဏစိတ် ၁၁-ခု၊ စေတသိက် တော်တို့သသည် ဒုက္ခ သစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

ပဋမယောဇနာနည်းဌ....မဂ္ဂဟေတုကာ ဓမ္မာ ဟူသော ဒုတိယ ပုဒ်၏ အရကား မဂ်စိတ် ၄-ခု၊ မဂ္ဂင် ၈-ပါးကြဉ်သော စေတသိက် အဌဝိသ ရ၏။

ဒုတိယယောဇနာနည်းဌ....မဂ္ဂဟေတုကာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရ ကား မဂ်စိတ် ၄-ခု၊ စေတသိက် ဆတို့သ ရ၏။

တတိယ ယောဇနာနည်းဌ ... မဂ္ဂဟေတုကာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား မဂ်စိက် ၄-ခု၊ အမောဟကြဉ်သော စေတသိက် ပဉ္စတို့သ ရ၏။ (၄၊ ၂၊ ၂၊ ၁)

ခန္ဓာ ၄ ပါး။ စေတသိက် ဆတို့သ တို့တွင်။ ပ။ စေတသိက် စတုတို့သ သည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ်စိတ် ၄-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

သစ္စာ ၁ ပါး။ မဂ်စိတ် ၄-ခုဌိုရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိ ဟူ ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏။

ပဌမ ယောဇနာ နည်းဌ-မဂ္ဂါဓိမတို့နှော ဓမ္မာ ဟူသော တတိယပုဒ်၏ အရကား သောတာပတ္တိမဂ်ကို အ လေး အ မြတ်အားဖြင့် အာရုံပြု သော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

သကဒါဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြု သော သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

အနာဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြု သော အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခု။

အရဟတ္တမဂ်ကို အလေး အမြတ်အားဖြင့် အာရုံပြု သော ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု ဝိရတိ, အပ္ပမညာကြဉ်သော စေတသိုက်တော်တို့သ ရ၏။

ဒုတိယ ယောဇနာနည်းဌ- မဂ္ဂါဓိပတိနှော ဓမ္မာ ဟူသော တတိယပုဒ်၏ **အရကား**– မဂ်စိတ် ၄ ခု၊ဝိရိယတပ်ခိုက် ဝိရိယကြဉ်သော စေတသိက် ပဉ္စတိ သ၊ ဝိမ သ တပ်ခိုက် ဝိမ သ ကြဉ်သော စေတသိုက် ပဉ္စတိ သ ရ၏။

တတိယယောဇနာနည်းဌ– မဂ္ဂါဓိပတိနှော ဓမ္မာ ဟူသော တတိယပုဒ်၏ **အရကား** – အဓိပတိတပ်ခိုက် ဝိရိယ, ဝိမ သလည်းရ၏။ (၄၊ ၂၊ ၂၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက် ဆတ္တိ သတို့တွင်။ ပ။ စေတသိက် စတုတ္တိ သ သည် သခ်ါရက္ခန္ဓာ မည်၏၊မဂ္ဂါဓိပတိစိတ် ၁၂ ခုသည် ဝိညာဏက္ခန္ဓာ မည်၏။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

သစ္စာ ၂ ပါး။ လောကီ မဂ္ဂါဓိပတိစိတ် ၈ ခု၊စေတသိုက် တေတ္တိ သ သည် ဒုက္ခသစ္စာ မည်၏။ မဂ်စိတ် ၄ ခုဌ ရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာ ပတ္တိမဂ် ၈ ပါး၊ ၇ ပါး။ ပ။ အရဟတ္တ မဂ် ၈ ပါး၊ ၇ ပ ါးသည် မဂ္ဂသစ္စာမည်၏။ ကြင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉ ခုသည် သဒ္ဓာဟူ သော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂ ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိုက် မည်၏၊ သပ္ပဒေသ။ ပ။တို့တွင် မဂ်ကိုအာရုံမပြုနေအကုသိုလ်ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်းမှ တပါး အဟိတ်စိတ်သတ္တရသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ခု၊ မဟာဝိပ ါက်စိတ် ၈ ခု၊ မဟာကြိယာဉာဏဝိ ယုတ်စိတ် ၄ ခု၊ အဘိညာဉ်ဒွေမှ တပါး ရူပစိတ် ၁၅ ခု၊ အရူပစိတ် ၁ ၂ ခု၊ ဗိုလ်စိတ် ၄ ခု၊ စေတသိက် ဒွေပညာသ။

F. 9 ချစ်ရတနာတို့

မဂ်ကို အာရုံမပြုခိုက် မနောဒ္ဓါဆုဝင္ဆန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ အဘိညာဉ်ဒွေ၊ စေတသိက် အဌတိုဿ၊ ရူပ် အဌဝိသ၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိုက် မည်၏။

၁၇- ဥပ္ပန္နတိုက်

ဥပ္ပန္နာ ဓမ္မာ၊
အနုပ္ပန္နာ ဓမ္မာ၊
ဥပ္ပါဒိနော ဓမ္မာ။

ဥပ္ပန္နာ၊ ဥပါဒ်, ဌိ, ဘင်ဟု ဆိုအပ်သောခဏ သုံးပါးသို့ရောက်ဆဲဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန်တို့။

အနုပ္ပန္နာ၊ ဥပါဒ်, ဌိ, ဘင်ဟုဆိုအပ်သောခဏ သုံးပါးသို့ရောက်ပြီ ၊လည်း မဟုတ် ရောက်ဆဲလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန်တို့။

ဥပ္ပါဒိနော၊ ပြီးပြီးသော အကြောင်းတစိတ်ရှိသည်၏ အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့ကုန်သော။ ဓမ္မာ ၊ သံဝိဇ္ဇန်တို့။

ပဌမကား.... ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ့ပညာသ၊ ရူပ် အဌဝိသ ရ၏။ (၅၊ ၁၂၊ ၁၈၊ ၃)

(ခန္ဓာ,အာယတန,ဓာတ် ဖွဲ့လွယ်ပြု၊မနောဝိညာဏဓာတ်မှာ ကြွင်းသောစိတ် ၇၇ ခု ဟုဆိုလေ။)

သစ္စာ ၃ ပါး။ လောကီစိတ် ကောသိတိ၊ လောဘကြည်သော စေတသိက် ကေပညာသ၊ ရူပ်အဌဝိသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်စိတ် ၄ ခုဌ ရှိသော ။ပ။ မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉ ခု၊ဖိုလ်စိတ္တုပ္ပါဒ် ၃၇ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃ ပါးဖြစ်သတည်း။

ဒုတိယကား....အနာဂတ်ဖြစ်သော အကုသိုလ်ဒွါဒသ၊ ကုသိုလ် ကေဝိသ၊ ကြိယာ စိက်ဝိသ၊ စေတသိက် ဒွေ့ပညာသ၊ စိတ္တဇရူပ် သတ္တရသ၊ ဥတုဇရူပ် ပန္နရသ၊ အာဟာရဇရူပ် စုဒ္ဒသရ၏။(၅၊ ၇၊ ဂ၊ ၃)

(ဥပါဒိန္နတိုက် ဒုတိယ ပုဒ်ကိုမှီ၍ ဖွဲ့လေ မထူးလှပြီ)

တတိယကား....အနာဂတ်ဖြစ်သော ဝိပါက်စိတ် ဆင်္ဂီ်သ၊ စေတသိက် အဌတီ်သ၊ ကမ္မဇရုပ် ဝိသရ၏။(၇၊ ၁၀၊ ၁၀၊ ၁)

(ဥပါဒိန္နတိက် ပဌမပုဒ်ကိုမှီ၍ဖဲ့လေ့ မထူးလှပြီ)။

အာဒိလဒ္ဓနာမတိုက်မည်၏၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထ ဘရားရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသတိုက်မည်၏။

၁၈-အတီတတိက်

အတီတာ ဓမ္မာ၊

အနာဂတာ ဓမ္မာ၊

ပစ္စုပ္ပန္နာ ဓမ္မာ။

အတီတာ၊အတိတ်ဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အနာဂတာ အနာဂတ်ဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပစ္စုပ္ပန္နာ၊ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာ၊သံဝိဇ္ဇန္တိ။

ပဌမကား.... အတိတ်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိုက်ခြောက်-ပညာသ၊ရုပ်အဌဝိသရ၏။ (၅၊ ၁၂၊ ၁၀၊ ၃ ဖဲ့လေလွယ်ပြီ)။

ဒုတိယကား....အနာဂတ်ဖြစ်သော စိတ်ဘခုယုတ်ကိုးဆယ်။ပ။ ရုပ် အဌဝိသ ရ၏။(၅၊ ၁၂၊ ၁၀၊ ၃ ဖဲ့လေလွယ်ပြီ။)

တတိယကား....ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်။ပ။ရုပ် အဌဝိသ ရ၏။(၅ ၊၁၂၊ ၁၀၊ ၃-ဖဲ့လေလွယ်ပြီ)။

အာဒိလဒ္ဓနာမတိုက်မည်၏၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသတိုက်မည်၏။

---

၁၉ အတီတာရမ္မဏတိက်

အတီတာရမ္မဏာ ဓမ္မာ၊

အနာဂတာရမ္မဏာ ဓမ္မာ၊

ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

အတိတာရမ္မဏာ၊ အတိတ်တရားလျှင် အာရုံရှိကုန်သော။ ဝါ၊ အတိတ်တရားကို အာရုံပြုကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အနာဂတာရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပစ္စုပ္ပန္နာရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဋ္ဌမ....ကား အတိတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃ ခု၊နေဝသညာနာသညာယတနစိတ် ၃ ခု၊စေတသိက်တို့သည်။ အတိတ်တရားကို အာရုံပြုခိုက် မနောဒ္ဓါဆုဝဇ္ဇန်း၊ ကာမဇော တခုယုတ် သုံးဆယ်၊ တဒါရုံ ကောဒသ၊ အဘိညာဉ်ဒွေ၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရ၏။ (၄၊ ၂၊ ၂၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက် သတ္တစတ္တာလီသတို့တွင်။ ပ။ စေတသိက် ပဋ္ဌာဝဏ္ဏာလီသသည် သခ်ါရက္ခန္ဓာ မည်၏၊ အတိတာရမ္မဏစိတ် ၄၉-ခုသည် ဝိညာဏက္ခန္ဓာမည်၏။ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

သစ္စာ ၂ ပါး။**အတိတာရမ္မဏစိတ်** ၄၉-ခု၊ **လောဘကြဉ်သော စေတသိက်ဆစတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမุဒယသစ္စာ မည်၏။**

ဒုတိယ....ကား အနာဂတ်တရားကို အာရုံပြုခိုက် **မနော**ဒ္ဓါဆုဝဇ္ဇန်း၊ကာမဇောတခုယုတ် သုံးဆတ်၊တဒါရုံ ကောဒသ၊ အဘိညာန်ဒွေ၊အပ္ပမညာကြဉ်သော စေတသိက် ပညာသရ၏။ (၄၊ ၂၊ ၂၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက် ပညာသတို့တွင်။ ပ။ စေတသိက် အဋ္ဌစတ္တာလီသသည် သခ်ါရက္ခန္ဓာ မည်၏၊ အနာဂတာရမ္မဏစိတ် ၄၃-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

သစ္စာ ၂ ပါး။ **အနာဂတာရမ္မဏစိတ်** ၄၃-ခု၊ **လောဘကြဉ်သော** စေတသိက် ကျေနပညာသသည် ဒုက္ခသစ္စာ မည်၏၊ **လောဘသည်** သမุဒယသစ္စာ **မည်၏**။

တတိယ....ကား ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စ ဝိညာဉ် ၁၀၊ **မနောဓာတ်** ၃-ခု၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်း **စေ**တသိက် ၁၀။

ပစ္စုပ္ပန်တရားကို အာရုံပြုခိုက် **မနောဒ္ဓါ**ဆုဝဇ္ဇန်း၊ ကာမဇော တခုယုတ် သုံးဆယ်၊ တဒါရု ကောဒသ၊ အဘိညာဉ် ဒွေ၊အပ္ပမညာကြဉ်သော **စေ**တသိက် ပညာသ ရ၏။ (၄၊ ၂၊ ၈၊ ၂)

(ပရိတ္တာဝရမ္မဏာ ဓမ္မာနှင့် အတူဖွဲ့လေ၊ ပစ္စုပ္ပန္နာ ရမ္ဘဏစိတ် ဆိုသည်မျှသာ ထူး၏။)

အာဒိလဒ္ဓနာမတိက်မည်၏။ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ် ၃ ခု၊အာကိဉ္စညာယတနစိတ် ၃ ခု၊အာဘိညာဉ်ဒွေမှ တပါး ရူပစိတ် ၁၅ ခု၊ စေတသိက် ပဋ္ဌာန်း။ ပညတ်တရားကို အာရုံပြုခိုက် အကုသိုလ်ဒွေ၊ မနောဒွေ၊ ရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိယာ စိတ် ၈ ခု၊ အာဘိညာဉ် ဒွေ၊ ဝိရတိကြဉ်သော စေတသိက် ကျေနပ်ညာသ။ အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈ ခု၊ စေတသိက်ဆတ္တိ။ အပ္ပမာဏ တရားကို အာရုံပြုခိုက် မနောဒွေ၊ ရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခု၊မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ အာဘိညာဉ်ဒွေ၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိ။ ရူပ်အင္ဒဝိသ၊ နိဗ္ဗာန်ဟူသိုအပ်သော ကြင်းသော ပရမတ္ထတရားရှိသည်၏ အကြောင်း ကြောင့် သပ္ပဒေသတိက် မည်၏။

---

၂၀ အဇ္ဈတ္တတိက်

အဇ္ဈတ္တာ ဓမ္မာ၊
ဗဟိဒ္ဓါ ဓမ္မာ၊
အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

အဇ္ဈတ္တာ၊ အဇ္ဈတ္တသန္တာန်ဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။
ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသန္တာန်ဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။
အဇ္ဈတ္တဗဟိဒ္ဓါ၊ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်ဖြစ်ကုန်သော။ ဓမ္မာ၊ ဘို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဌမကား....အဇ္ဈတ္တသန္တာန်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပ်အင္ဒဝိသ ရ၏။(၅၊ ၁၂၊ ၁၈၊ ၃)

ဒုတိယကား....ဗဟိဒ္ဓသန္တာန်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊စေတသိက် ဒွေပညာသ၊ ရူပ်အင္ဒဝိသ၊ နိဗ္ဗာန်ရ၏။(၅၊ ၁၂၊ ၁၈၊ ၄)

တတိယကား....အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် ၂ ပါးဖြစ်သော စိတ်တခုယုတ်ကိုးဆယ်။ပ။ ရူပ်အင္ဒဝိသ ရ၏။ (၅၊ ၁၂၊ ၁၈၊ ၃)

အာဒိလဒ္ဓနာမတိက်မည်၏၊နိပ္ပဒေသတိက်မည်၏။

၂၁ အဋ္ဌတ္တာဝရမ္မဏတိုက်

အဋ္ဌတ္တာဝရမ္မဏာ ဓမ္မာ၊
ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ၊
အဋ္ဌက္ကဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။

အဋ္ဌတ္တာဝရမ္မဏာ၊ အဋ္ဌတ္တ တရားလျှင် အာရုံရှိကုန်သော။ ဝါ၊ အဋ္ဌတ္တ တရားကို အာရုံပြုကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ဗဟိဒ္ဓါရမ္မဏာ၊ ရှိကုန်သော။ဝါ၊ပြုကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။
အဋ္ဌတ္တ ဗဟိဒ္ဓါရမ္မဏာ၊ အဋ္ဌတ္တ ဗဟိဒ္ဓတရား နှစ်ပါးလျှင် အာရုံရှိကုန်သော၊ ဝါ၊ပြုကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဌမ ကား....အဋ္ဌတ္တတရားကိုမြဲဆသောအားဖြင့် အာရုံပြုသော ဝိညာဏဇွာ တတနစိတ် ၃ခု၊ နေဝသညာ နာသညာယတနစိတ် ၃ ခု၊ စေတသိက်တိ ံသ။

အဋ္ဌတ္တတရားကို အာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ ဈာဏာ,အပ္ပမညာကြဉ်သော စေတသိက် ကေုနပညာသရှိ။ (၄၊ ၂၊ ဂ၊ ၂)

ခန္ဓာ ၄ ပါး။ စေတသိက် ကေုနပညာသတို့တွင် ။ပ။ စေတသိက် သတ္တ စတ္တာလီသသည် သခ်ၢါရက္ခန္ဓာမည်၏။ အဋ္ဌတ္တာဝရမ္မဏ စိတ် ၆၂ ခု သည် ဝိညာဏက္ခန္ဓာမည်၏၊(အာယတနဖွဲ့ လွယ်ပြီ)။

ဓာတ် ဂ ပါး။ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏ ဓာတ်မည်၏ ။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ပဋ္ဌဒ္ဓါဆုဝင်္ဂန်း,သမ္ပဋ္ဆိန်း ဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော အဋ္ဌတ္တာဝရမ္မဏစိတ် ၃၉ ခု သည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ကေုနပညာသသည် ဓမ္မဓာတ်မည်၏။

သစ္စာ ၂ ပါး။ အဋ္ဌတ္တာဝရမ္မဏစိတ် ၆၂ခု၊ လောဘကြဉ်သောစေတသိက် အဌစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏။

ဒုတိယ....ကား- ဗဟိဒ္ဓာတရားကို မြဲသောအားဖြင့် အာရုံပြုသောအဘိညာဉ် ဒွေမှတပါး ရူပစိတ် ၁၅ခု၊ အာကာသာနဉ္စာယတနစိတ် ၃ ခု၊လောကုတ္တရာ စိတ် ဂ ခု၊စေတသိက် အဌတိ ံသ။

ဗဟိဒ္ဓတရားကို အာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ မဗ္ဗရိယကြဉ်သောစေတသိက် ကေပညာသရှိ။(၄၊ ၂၊ ဂ၊ ၃)

ခန္ဓာ ၄ ပါး။ စေတထိုက် ကေပညာသတ္တိတွင်။ ပ။ စေတသိုက် ကျွန်ပညာသသည် သခ်ါရကွဲ့နှာ မည်၏၊ ဗဟိဒ္ဓါရမ္မဏစိတ် ရှစ်ဆယ်သည် ဝိညာဏကွဲ့နှာ မည်၏၊ (အာယတနဖွဲ့ လွယ်ပြီ)။

ဓာတ် ဂ ပါး။ စက္ခုဝိညာဉ် ဒွေသည် စက္ခုဝိညာဏ်ဓာတ်မည်၏။ ပ။ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ်မည်၏။ ပဋ္ဌဒ္ဓါဆုဝင်္ဂန်း, သမ္မဋ္ဌိဗျူဟ်ဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော ဗဟိဒ္ဓါရမ္မဏစိတ် ၆၇ ခုသည်မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ကေပညာသသည် ဓမ္မဓာတ်မည်၏။

သစ္စာ ၃ ပါး။ လောကီဗဟိဒ္ဓါရမ္မဏစိတ် ၇၂ ခု၊ လောဘကြွင်းသော စေတသိက်ပညာသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏' မဂ်စိတ် ၄ ခုဌ်ရှိသော သမ္မာဒိဋ္ဌိ။ပ။သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ ပါး၊ ၇ ပါး။ ပ။ အရဟတ္တမဂ် ဂ ပါး၊ ၇ ပါးသည်မဂ္ဂသစ္စာမည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊

တတိယကား.... အဗ္ဗတ္ထတရား ဗဟိဒ္ဓတရားကို အာရုံပြုခိုက်ကာမဝိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ ဣဿာ, မစ္ဆရိယ, အပ္ပမညာကြွင်းသော စေတသိက် အဌစတ္တာလီသ ရ၏။ (၄၊ ၂၊ ဂ၊ ၂)

(ပရိတ္တာရမ္မဏာ ဓမ္မာနှင့် အတူဖွဲ့လေ။ အဗ္ဗတ္တ ဗဟိဒ္ဓါရမ္မဏစိုက်ဆိုသည်နှင့် စေတသိက် အဌစတ္တာလီသ ဆိုသည်သာ ထူးသည်။)

အာဒီလဒ္ဓနာမတိုက်မည်၏၊ အာကိဉ္စညာယတနစိတ် ၃ ခု၊ စေတသိက်တိ သ။ ထိုအာကိဉ္စညာယတန၏ အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုခိုက် အကုသိုလ်စိတ် ၁၂ ခု၊ မနောဒ္ဓါဆုဝင်္ဂန်း၊ မဟာကုသိုလ် ဂ ခု၊မဟာကြိယာစိတ် ဂ ခု၊ အဘိညာဉ် ဒွေ၊ ဝိရတိ, အပ္ပပညာ, ဣဿာ,မစ္ဆရိယကြွင်းသော စေတသိက် ပဋ္ဌစတ္တာလီသ၊ ရူပ် အဌဝီသ၊ နိဗ္ဗာန်ဟုဆိုအပ်သောကြွင်းသော ပရမတ္ထတရားရှ်သည်၏ အဖြစ်ကြောင့် သပ္ပဒေသတိုက် မည်၏။

၂၂- သနိဒဿနတိုက်

သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊
အနိဒဿနသပ္ပဋိဃာ ဓမ္မာ၊
အနိဒဿနအပ္ပဋိဃာ ဓမ္မာ။

သ၊ ဒဿနသပ္ပဋိဃာ၊ မြင်ခြင်းနှင့်လည်း တက္ခ ထိပါးခြင်းနှင့်လည်း တက္ခ ဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်နှင့်လည်း တက္ခ ထိမိါးတတ်သည်နှင့်လည်း တက္ခဖြစ်ကုန်သော။ ဓမ္မာ၊ သံ့ဝိဇ္ဇန္တိ။

အနိဒဿနသပ္ပဋိဃာ၊ မြင်ခြင်းမရှိ ထိပါးခြင်းနှင့်တက္ခဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်၏ အဖြစ်မရှိ ထိပါးတတ်သည်၏ အဖြစ်နှင့်တက္ခ ဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်မရှိ ထိပါးတတ်သည်နှင့် တက္ခဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံ့ဝိဇ္ဇန္တိ၊ ကုန်၏။

အနိဒဿနအပ္ပဋိဃာ၊ မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်း မရှိကုန်သော။ ဝါ၊ မြင်အပ်သည်၏ အဖြစ်လည်း မရှိ ထိပါးတတ်သည်၏ အဖြစ်လည်း မရှိကုန်သော။ ဝါ၊ မြင်အပ်သည်လည်း မရှိ ထိပါးတတ်သည်လည်း မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံ့ဝိဇ္ဇန္တိ၊ ကုန်၏၊

ပဌမ....ကား ရူပါရုံရ၏။ ထိုရူပါရုံသည် ရူပက္ခန္ဓာ၊ ရူပါယတန၊ ရူပဓာတ်၊ ဒုက္ခသစ္စာအားဖြင့် ၁ ပါးသာ ဖြစ်သတည်း။

ဒုတိယ....ကား ရူပါရုံကြဉ်သော သြဋ္ဌာရိကရူပ် ဇောဒသ ရ၏။ (၁၊ ၉၊ ၉၊ ၁)

ဝန္ဓာ ၁ ပါး။ သြဋ္ဌာရိကရူပ် ဇောဒသသည် ရူပက္ခန္ဓာ မည်၏။

အာယတန ၉ ပါး။ သြဋ္ဌာရိကရူပ် ဇောဒသ တို့တွင် စက္ခုပသာဒသည် ဝက္ခာယတနမည်၏။ ပ။ ကာယပသာဒသည် ကာယာယတန မည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။

ဓာတ် ၉ ပါး။ သြဋ္ဌာရိကရူပ် ဇောဒသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟူ ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၉ ပါး ဖြစ်သတည်း။

သစ္စာ ၁ ပါး။ သြဋ္ဌာရိကရူပ် ဇောဒသသည် ဒုက္ခသစ္စာ မည်၏။

တတိယ... ကား စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊သုခုမရူပ် သောဋ္ဌသ၊ နိဗ္ဗာန် ရ၏။ (၅၊ ၂၊ ဂ၊ ၄)

ဝန္ဓာ ၅ ပါး။ သုခုမရူပ် သောဋ္ဌသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသတို့တွင်။ ပ။ စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်

တခုယုတ် ကိုးဆယ်သည် ဝိညာဏကွန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅ ပါး ဖြစ်သတည်း။

အာယတန ၂ ပါး။ စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ။ ပ။အနိစ္စတာအားဖြင့် သုခုမရူပ် သောဌသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဓာတ် ၈ ပါး။ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဋ္ဌဒ္ဒါဆုဝင်္ဂန်း, သမ္ပဋိစ္ဆိန်း ဒွေသည် မနောဓာတ် မည်၏။ ကြွင်းသော စိတ် ခုနစ်ဆယ့်ခြောက်ခု သည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့် သုခုမရူပ် သောဌသ၊ နိဗ္ဗာန်သည် ဓမ္မာတ်မည်၏။

သစ္စာ ၄ ပါး။ လောကီစိတ် ကောသိတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ သုခုမရူပ် သောဌသသည်ဒုက္ခသစ္စာမည်၏၊လောဘသည် သမုဒယ သစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄ ခုဌ ရှိသော သမ္မာ ဒိဋ္ဌိ။ ပ။ သမ္မာသမာဓိဟူဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၇ ပါး။ ပ။ အရဟတ္တမဂ် ၈ ပါး၊ ၇ ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပာဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၇ ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

အာဒီလဒ္ဓနာမတိုက် မည်၏။ နိပ္ပဒေသတိုက် မည်၏။

တိုက မာတိကာ အရကောက် ပြီး၏။

၃-အာဘိဓမ္မ ဒုကမာတိကာ

၁။ ဟေတူ ဓမ္မာ။ နု ဟေတူ ဓမ္မာ။

၂။ သဟေတုကာ ဓမ္မာ။ အဟေတုကာ ဓမ္မာ။

၃။ ဟေတုသမ္မယုတ္တာ ဓမ္မာ။ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ။
သဟေတုကာ စေဝ ဓမ္မာ နု စ ဟေတူ။

၅။ ဟေတူ စေဝ ဓမ္မာ ဟေတုသမ္မယုတ္တာ စ။
ဟေတုသမ္မယုတ္တာ စေဝ ဓမ္မာ နု စ ဟေတူ။

၆။ နု ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ။
အဟေတုကာပိ။

ဟေတုဂေါစ္ဆကံ နိဋ္ဌိတံ။

၇။ သပ္ပစ္စယာ ဓမ္မာ။ အပ္ပစ္စယာ ဓမ္မာ။

၈။ သခ်တာ ဓမ္မာ။ အသခ်တာ ဓမ္မာ။

၉။ သနိဒဿနာ ဓမ္မာ။ အနိဒဿနာ ဓမ္မာ။

၁၀။ သပ္ပဋိဃာ ဓမ္မာ။ အပ္ပဋိဃာ ဓမ္မာ။

၁၁။ ရူပိနော ဓမ္မာ။ အရူပိနော ဓမ္မာ။

၁၂။ လောကိယာ ဓမ္မာ။ လောကုတ္တရာ ဓမ္မာ။

၁၃။ ကေနစိ ဝိညေယ္မာ ဓမ္မာ။ ကေနစိ နု ဝိညေယ္မာ ဓမ္မာ။

စူဠန္တရဒုကံ နိဋ္ဌိတံ။

၁၄။ အာသဝါ ဓမ္မာ။ နော အာသဝါ ဓမ္မာ။

၁၅။ သာသဝါ ဓမ္မာ။ အနာသဝါ ဓမ္မာ။

၁၆။ အာသဝသမ္မယုတ္တာ ဓမ္မာ။ အာသဝဝိပ္ပယုတ္တာ ဓမ္မာ။

၁၇။ အာသဝါ စေဝ ဓမ္မာ သာသဝါ စ။
သာသဝါ စေဝ ဓမ္မာ နော စ အာသဝါ။

၁၈။ အာသဝါ စေဝ ဓမ္မာ အာသဝသမ္မယုတ္တာ စ။
အာသဝသမ္မယုတ္တာ စေဝ ဓမ္မာ နော စ အာသဝါ။

၈၉။ အာသဝဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သာသဝါပိ။
အနာသဝါပိ။

အာသဝဝေါစ္ဆကံ နိဋ္ဌိတံ။

၂၀။ သညောဇနာ ဓမ္မာ။ နော သညောဇနာ ဓမ္မာ။
၂၁။ သညောဇနိယာ ဓမ္မာ။ အသညောဇနိယာ ဓမ္မာ။
၂၂။ သညောဇနသမ္မယုတ္တာ ဓမ္မာ။ သညောဇန ဝိပ္ပယုတ္တာ ဓမ္မာ။
၂၃။ သညောဇနာ စေဝ ဓမ္မာ သညောဇနိယာ စ။
သညောဇနိယာ စေဝ ဓမ္မာ နော စ သညောဇနိနာ။
၂၄။ သညောဇနာ စေဝ ဓမ္မာ သညောဇနသမ္မယုတ္တာ စ။
သညောဇနသမ္မယုတ္တာ စေဝ မ္မာ နော စ သညောဇနာ။
၂၅။ သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သညောဇနိယာပိ။
အသညောဇနိယာပိ။

သညောဇနဝေါစ္ဆကံ နိဋ္ဌိတံ။

၂၆။ ဂန္ထာ ဓမ္မာ။ နော ဂန္ထာ ဓမ္မာ။
၂၇။ ဂန္ထနိယာ ဓမ္မာ။ အဂန္ထနိယာ ဓမ္မာ။
၂၈။ ဂန္ထသမ္မယုတ္တာ ဓမ္မာ။ ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ။
၂၉။ ဂန္ထာ စေဝ ဓမ္မာ ဂန္ထနိယာ စ။
ဂန္ထနိယာ စေဝ ဓမ္မာ နော စ ဂန္ထာ။
၃၀။ ဂန္ထာ စေဝ ဓမ္မာ ဂန္ထသမ္မယုတ္တာ စ။
ဂန္ထသမ္မယုတ္တာ စေဝ ဓမ္မာ နော စ ဂန္ထာ။
၃၁။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဂန္ထနိယာပိ။
အဂန္ထနိယာပိ။

ဂန္ထဝေါစ္ဆကံ နိဋ္ဌိတံ။

၃၂။ ဩဃ ဓမ္မာ။ နော ဩဃာ ဓမ္မာ။
၃၃။ ဩဃ နိယာ ဓမ္မာ။ အနောဃနိယာ ဓမ္မာ။
၃၄။ ဩဃသမ္မယုတ္တာ ဓမ္မာ။ ဩဃဝိပ္ပယုတ္ထာ ဓမ္မာ။
၃၅။ ဩဃာ စေဝ ဓမ္မာ ဩဃနိယာ စ။
ဩဃနိယာ စေဝ ဓမ္မာ နော စ ဩဃာ။

၃၆။ သြဃာ စေဝ ဓမ္မာ သြဃာသမ္မယုတ္တာ စ။
သြဃာသမ္မယုတ္တာ စေဝ ဓမ္မာ နော စ သြဃာ။
၃၇။ သြဃဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သြဃနိယာပိ။
အနောဃနိယာပိ။

သြဃဂေါစ္ဆကံ နိဋ္ဌိတံ။

၃၈။ ယောဂါ ဓမ္မာ။ နော ယောဂါ ဓမ္မာ။
၃၉။ ယောဂနိယာ ဓမ္မာ။ အယောဂနိယာ ဓမ္မာ။
၄၀။ ယောဂသမ္မယုတ္တာ ဓမ္မာ။ ယောဂဝိပ္ပယုတ္တာ ဓမ္မာ။
၄၁။ ယောဂါ စေဝ ဓမ္မာ ယောဂနိယာ စ။
ယောဂနိယာ စေဝ ဓမ္မာ နော စ ယောဂါ။
၄၂။ ယောဂါ စေဝ ဓမ္မာ ယောဂသမ္မယုတ္တာ စ။
ယောဂသမ္မယုတ္တာ စေဝ ဓမ္မ နော စ ယောဂါ။
၄၃။ ယောဂဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ယောဂနိယာပိ။
အယောဂနိယာပိ။

ယောဂဂေါစ္ဆကံ နိဋ္ဌိတံ။

၄၄။ နိဝရဏာ ဓမ္မာ။ နော နိဝရဏာ ဓမ္မာ။
၄၅။ နိဝရဏိယာ ဓမ္မာ။ အနိဝရဏိယာ ဓမ္မာ။
၄၆။ နိဝရဏသမ္မယုတ္တာ ဓမ္မာ။ နိဝရဏဝိပ္ပယုတ္တာ ဓမ္မာ။
၄၇။ နိဝရဏာ စေဝ ဓမ္မာ နိဝရဏိယာ စ။
နိဝရဏိယာ စေဝ ဓမ္မာ နော စ နိဝရဏာ။
၄၈။ နိဝရဏာ စေဝ ဓမ္မာ နိဝရဏသမ္မယုတ္တာ စ။
နိဝရဏဝိပ္ပယုတ္တာ စေဝ ဓမ္မာ နော စ နိဝရဏာ။
၄၉။ နိဝရဏဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ နိဝရဏိယာပိ။
အနိဝရဏိယာပိ။

နိဝရဏဂေါစ္ဆကံ နိဋ္ဌိတံ။

၅၀။ ပရာမာသာ ဓမ္မာ။ နောပရာမာသာ ဓမ္မာ။
၅၁။ ပရာမဋ္ဌာ ဓမ္မာ။ အပရာမဋ္ဌာ ဓမ္မာ။

၅၂။ ပရာမာသသမ္မယုတ္တာ ဓမ္မာ။ ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ။
၅၃။ ပရာမာသာ စေဝ ဓမ္မာ ပရာမဋ္ဌာ စ။
ပရာမဋ္ဌာ စေဝ ဓမ္မာ နော စ ပရာမာသာ။
၅၄။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ပရာမဋ္ဌာပိ။
အပရာမဋ္ဌာပိ။

ပရာမာသဂေါစ္ဆကံ နိဋ္ဌိတံ။

၅၅။ သာရမ္မဏာ ဓမ္မာ။ အနာရမ္မဏာ ဓမ္မာ။
၅၆။ စိတ္တာ ဓမ္မာ။ နော စိတ္တာ ဓမ္မာ။
၅၇။ စေတသိကာ ဓမ္မာ။ အစေသိကာ ဓမ္မာ။
၅၈။ စိတ္တသမ္ပယုတ္တာ ဓမ္မာ။ စိတ္တဝိပ္ပယုတ္တာ ဓမ္မာ။
၅၉။ စိတ္တသံသဋ္ဌာ ဓမ္မာ။ စိတ္တဝိသံသဋ္ဌာ ဓမ္မာ။
၆၀။ စိတ္တသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသမုဋ္ဌာနာ ဓမ္မာ။
၆၁။ စိတ္တသဟဘုနော ဓမ္မာ။ နော စိတ္တသဟဘုနော ဓမ္မာ။
၆၂။ စိတ္တာနုပရိဝတ္တိနော ဓမ္မာ။ နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ။
၆၃။ စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ။
၆၄။ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ။
နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ။
၆၅။ စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ။
နော စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ။
၆၆။ အဇ္ဈတ္တိကာ ဓမ္မာ။ ဗာဟိရာ ဓမ္မာ။
၆၇။ ဥပါဒါ ဓမ္မာ။ နော ဥပါဒါ ဓမ္မာ။
၆၈။ ဥပါဒိန္နာ ဓမ္မာ။ အနုပါဒိန္နာ ဓမ္မာ။

မဟန္တရဒုကံ နိဋ္ဌိတံ။

၆၉။ ဥပါဒါနာ ဓမ္မာ။ နော ဥပါဒါနာ ဓမ္မာ။
၇၀။ ဥပါဒါနိယာ ဓမ္မာ။ အနုပါဒါနိယာ ဓမ္မာ။
၇၁။ ဥပါဒါနသမ္ပယုတ္တာ ဓမ္မာ။ ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ။
၇၂။ ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနိယာ စ။
ဥပါဒါနိယာ စေဝ ဓမ္မာ နော စ ဥပါဒါနာ။

၇၃။ ဥပါဒါနာ စေဝ မမ္မာ ဥပါဒါနသမ္မယုတ္တာ စ။
ဥပါဒါနသမ္မယုတ္တာ စေဝ ဓမ္မာ နော စ ဥပါဒါနာ။
၇၄။ ဥပါဒါနဝိပ္ပယုတ္တာ ခေါ၊ပန ဓမ္မာ ဥပါဒါနိယာပိ။
အနုပါဒါနိယာပိ။

ဥပါဒါနဂေါစ္ဆကံ နိဋ္ဌိတံ။

၇၅။ ကိလေသာ ဓမ္မာ။ နော ကိလေသာ ဓမ္မာ။
၇၆။ သံကိလေသိကာ ဓမ္မာ။ အသံကိလေသိကာ ဓမ္မာ။
၇၇။ သံကိလိဋ္ဌာ ဓမ္မာ။ အသံကိလိဋ္ဌာ ဓမ္မာ။
၇၈။ ကိလေသသမ္မယုတ္တာ ဓမ္မာ။ ကိလေသဝိပ္ပယုတ္တာ ဓမ္မာ။

၇၉။ ကိလေသာ စေဝ ဓမ္မာ သံကိလေသိကာ စ။
သံကိလေသိကာ စေဝ ဓမ္မာ နော စ ကိလေသာ။

၈၀။ ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာ စ။
သံကိလိဋ္ဌာ စေဝ ဓမ္မာ နော စ ကိလေသာ။

၈၁။ ကိလေသာ စေဝ ဓမ္မာ ကိလေသသမ္မယုတ္တာ စ။
ကိလေသသမ္မယုတ္တာ စေဝ ဓမ္မာ နော စ ကိလေသာ။

၈၂။ ကိလေသဝိပ္ပယုတ္တာ ခေါ၊ ပန ဓမ္မာ သံကိလေသိကာပိ။
အသံကိလေသိကာပိ။

ကိလေသဂေါစ္ဆကံ နိဋ္ဌိတံ။

၈၃။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။
နော ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။

၈၄။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။
နော ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

၈၅။ ဒဿနေမှ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
နော ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၈၆။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
နော ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၈၇။ သဝိတက္ကာ မမ္မာ။ အဝိတက္ကာ ဓမ္မာ။

၈၈။ သဝိစာရာ မမ္မာ။ အဝိစာရာ ဓမ္မာ။

၈၉။ သပ္ပီတိကာ ဓမ္မာ။ အပ္ပီတိကာ ဓမ္မာ။

၉၀။ ပီတိသဟဂတာ ဓမ္မာ။ နေ ပီတိသဟဂတာ ဓမ္မာ။

၉၁။ သုခသဟဂတာ ဓမ္မာ။ နေ သုခသဟဂတာ ဓမ္မာ။

၉၂။ ဥပေက္ခာသဟဂတာ ဓမ္မာ။ နေ ဥပေက္ခာသဟဂတာ ဓမ္မာ။

၉၃။ ကာမာဝစရာ မမ္မာ။ နေ ကာမာဝစရာ ဓမ္မာ။

၉၄။ ရူပါဝစရာ ဓမ္မာ။ နေ ရူပါဝစရာ ဓမ္မာ။

၉၅။ အရူပါဝစရာ မမ္မာ။ နေ အရူပါဝစရာ ဓမ္မာ။

၉၆။ ပရိယာပန္နာ ဓမ္မာ။ အပရိယာပန္နာ ဓမ္မာ။

၉၇။ နိယ္ယာနိကာ ဓမ္မာ။ အနိယ္ယာနိကာ ဓမ္မာ။

၉၈။ နိယတာ ဓမ္မာ။ အနိယတာ ဓမ္မာ။

၉၉။ သဥ္ဇတ္တာ ဓမ္မာ။ အနုဇတ္တာ ဓမ္မာ။

၁၀၀။ သရဏာ ဓမ္မာ။ အရဏာ ဓမ္မာ။

ပိဋ္ဌဒုကံ နိဋ္ဌိတံ။

အဘိဓမ္မဒုကမာတိကာ နိဋ္ဌိတာ။

၄-အတိမ္ဗေ ဒုကမာတိကာ

အရုဏောက်

၁-ဟေတုဂေါစ္ဆက

တိကမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကမာတိကာကို ဟောတော်မူ၏။

ထို ဒုကမာတိကာ၌လည်း-

၁။ ဟေတုဂေါစ္ဆက၊
၂။ စူဠန္တရဒုက်၊
၃။ အာသဝဂေါစ္ဆက၊
၄။ သညောဇနဂေါစ္ဆက၊
၅။ ဂန္ထဂေါစ္ဆက၊
၆။ သြဃဂေါစ္ဆက၊
၇။ ယောဂဂေါစ္ဆက၊
၈။ နီဝရဏဂေါစ္ဆက၊
၉။ ပဆုမာသဂေါစ္ဆက၊
၁၀။ မဟန္တရဒုက်၊
၁၁။ ဥပါဒါနဂေါစ္ဆက၊
၁၂။ ကိလေသဂေါစ္ဆက၊
၁၃။ ပိဋ္ဌိဒုက် အားဖြင့် ၁၃ ပါးအပြားရှိ၏။

ထို ၁၃ ပါးတို့တွင် ဟေတုဂေါစ္ဆကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဟေတုဂေါစ္ဆက၌လည်း....

၁။ ဟေတုဒုက်၊
၂။ သဟေတုကဒုက်၊
၃။ ဟေတုသမ္မယုတ္တဒုက်၊
၄။ ဟေတုသဟေတုကဒုက်၊

၅။ ဟေတုဟေတုသမ္မယုတ္တဒုက်၊

၆။ နဟေတုသဟေတုကဒုက် အားဖြင့် ၆ ပါးအပြားရှိ၏။
ထို ၆ ပါးတို့တွင် ဟေတုဒုက်ကို ရှေးဦးစွာဟောတော်မူ၏။

---

၁ ဟေတုဒုက

ထိုဟေတုဒုက်၌လည်း ပဌမပဒ, ဒုတိယပဒအားဖြင့် ၂ ပါး အပြားရှိ၏ ထိုနှစ်ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား....''ဟေတူ ဓမ္မာ''ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏။

ဟော့ဟန်ကား–''နဟေတူ ဓမ္မာ''ဟူသည်တည်း။

ဟေတူ၊ဟိတ်မည်ကုန်သော။ ဓမ္မာ နိဿတ္တနိဗ္ဗာန်ဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

နဟေတူ၊ ဟိတ်မမည်ကုန်သော။ ဝ၊ ဟိတ်မှတပါးကုန်သော။ ဓမ္မာ နိဿတ္တနိဗ္ဗာန်ဝသဘာဝ၊သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

ပဌမ....ကား- လောဘ,ဒေါသ,မောဟ,အလောဘ,အဒေါသ,အမောဟ, ဟူဆိုအပ်သော ဟိတ် ၆ ပါးရှိ၏။

ထိုဟိတ် ၆ ပါးသည် သခ်ါရကွန္ဒာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊သစ္စာအားဖြင့် ၃ ပါးဖြစ်ကုန်၏။

သစ္စာ ၃ ပါး။ လောကီသဟိတ်စိတ် ၆၃ ခုဌာနရှိသော လောဘကြည်သော ဟိတ် ၅ ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏ မဂ်စိတ် ၄ ခုဌာနရှိသော အမောဟ စေတသိက် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဟူ ဆိုအပ်သော သောတာပတ္တိမဂ် ၁ ပါး၊ သကဒါဂါမိမဂ် ၁ ပါး၊ အနာဂါ မိမဂ် ၁ ပါး၊ အရဟတ္တမဂ် ၁ ပါးသည် မဂ္ဂသစ္စာမည်၏၊ မဂ်စိတ် ၄ ခုဌာနရှိသော အလောဘ,အဒေါသ,ဖိုလ်စိတ် ၄ ခုဌာနရှိသော အလောဘ,အဒေါသ,အမောဟ ,သည် သစ္စာဟူသောအဓိပ္ပာယ်အတွက်မှ လွတ်၏။

ဒုတိယ....ကား စိတ်တခုယုတ်ကိုးဆယ်၊ ဟိတ် ၆ ပါးကြည်သောစေတသိက် ဆစတ္တာလီသ၊ရူပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅၊ ၁၂၊ ၁၈၊ ၃)

ခန္ဓာ ၅ ပါး။ ရူပ် အဋ္ဌဝိသသည် ရူပကွန်ရှာမည်၏၊ စေတသိက်ဆစတ္တာလီ သတ္တိတွင် ဝေဒနာသည် ဝေဒနာကွန်ရှာမည်၏၊ သညာသည်သညာကွန်ရှာမည်၏။ ကြွင်းသော စေတသိက် စတုစတ္တာလီသသည် သင်္ခါရကွန်ရှာ မည်၏၊ စိတ်တခု ယုတ် ကိုးဆယ်သည်ဝိညာဏကွန်ရှာ မည်၏၊ နိုဗ္ဗာန်သည် ခန္ဓာဟူသော အရေ အတွက်မှ လွတ်၏။

အာယတန ၁၂ ပါး။ ရူပ် အဋ္ဌဝိသတ္တိတွင် စက္ခုပသာဒသည် စက္ခာယ တန မည်၏။ ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ စေတသိက် ဆစတ္တာလီသ၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့်သုခုမရူပ်သောဋ္ဌသ၊ နိုဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဓာတ် ၁၈ ပါး။ ရူပ်အဋ္ဌဝိသတ္တိတွင် စက္ခုပသာဒသည်စက္ခုဓာတ်မည်၏၊ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ။ ကာယာဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒ္ဒါရာဝဇ္ဇနဲ့, သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော စိတ် ၇၆ ခုသည် မနောဝိညာဏဓာတ် မည်၏။ စေတသိက် ဆစတ္တာလီသ၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့် သုခုမရူပ် သော ဋ္ဌသ၊ နိုဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊

သစ္စာ ၄ ပါး။လောကီစိတ် ကောသိတိ၊စေတသိက်ဆစတ္တာလီသ၊ ရူပ်အဋ္ဌ ဝိသသည် ဒုက္ခသစ္စာမည်၏၊ နိုဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄ ခုဌ ရှိသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, ကမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါ ယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး၊ ၆ ပါး။ သကဒါဂါမိမဂ် ၇ ပါး၊ ၆ ပါး။ အနာဂါမိမဂ် ၇ ပါး၊ ၆ ပါး၊ အရ ဟတ္တမဂ် ၇ ပါး၊ ၆ ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၇ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၄ ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

" ဟေတူဓမ္မာ၊ နဟေတူဓမ္မာ"ဟူ၍ ဟောကော်မူအပ်သောဤသဒ္ဒါအစဉ် သည် ပရမတ္ထတရားကို နှစ်စုပြု၍ ဟောရာဟောကြောင်း ဖြစ်ခြင်းကြောင့် " ဒုက် "မည်၏။

ထိုဒုက်သည် အာဒီလဒ္ဓနာမဒုက်, သမ္ဘလဒ္ဓနာမဒုက်အားဖြင့် ၂ ပါးအပြားရှိ၏၊ ထို ၂ ပါးတို့တွင် အစဉ်တည်သော ဟေတုသဒ္ဒါဖြင့် ဟေတုဒုက်ဟူ၍ ရအပ်သောအမည်ရှိသောကြောင့် အာဒီလဒ္ဓနာမဒုက် မည်၏။

သပ္ပဒေသဒုက်,သပ္ပဒေသဒုက်အားဖြင့်လည်း ၂ ပါးအပြားရှိ၏၊ ထို ၂ ပါးကို့တွင်ကြင်းသော ပရမတ္ထဟုခေါ်ဝေါ်သောကြောင့် နိပ္ပဒေသဒုက်မည်၏။

၂-သဟေတုကဒုက်

သဟေတုကာ ဓမ္မာ။
အဟေတုကာ ဓမ္မာ။

သဟေတုကာ၊ သမ္မယုတ်ဟိတ်ရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။
အဟေတုကာ၊ သမ္မယုတ်ဟိတ်မရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဋ္ဌမ ကား သဟိတ်စိတ် ဇောသတ္တတိ၊ မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ ရှိ၏။ (၄၊ ၂၊ ၂၊ ၃)

ခန္ဓာ ၄ ပါး။ စေတသိက်ဒွေပညာသတို့တွင် ဝေဒနာသည်ဝေဒနာကွန္ဓာမည်၏၊ သညာသည် သညာကွန္ဓာမည်၏၊ ဝေဒနာသညာမှ ကြင်းသော စေတသိက်ပညာသသည် သင်္ခါရကွန္ဓာမည်၏၊ သဟိတ်စိတ် ဇောသတ္တတိသည် ဝိညာဏကွန္ဓာမည်၏၊

အာယတန ၂ ပါး။ သဟိတ်စိတ် ဇောသတ္တတိသည် မနာယတန မည်၏၊ စေတသိက် ဒွေပညာသသည် ဓမ္မာယတနမည်၏။

ဓာတ် ၂ ပါး။ သဟိတ်စိတ် ဇောသတ္တတိသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသသည် ဓမ္မဓာတ် မည်၏။

သစ္စာ ၃ ပါး။ လောကီသဟိတ်စိတ် ၆ ၃ ခု၊လောဘကြဉ်သော စေတသိက် ဇောပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄ ခုဟူ၍ရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၇ ပါး။ ပ။ အရဟတ္တမဂ် ၈ ပါး၊ ၇ ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြင်းသော မဂ်စိတ္တုပ္ပာဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃ ၇ ခုသည် သစ္စာဟူသော အရေအတွက်မှ လွဟ်၏။

ဒုတိယ....ကား အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒ္ဓေ၌ မောဟ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရှိ၏။ (၅၊ ၁၂၊ ၁၈၊ ၂)

ခန္ဓာ ၅ ပါး။ ရူပ် အဋ္ဌဝိသသည် ရူပက္ခန္ဓာမည်၏၊အညသမာန်း စေတသိက် ဒွါဒသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော အညသမာန်း စေတသိက် ၁၀၊ မောဟမူဒ္ဒေ၌ မောဟသည် သင်္ခါရက္ခန္ဓာ မည်၏၊ အဟိတ်စိတ် အဋ္ဌာရသသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

အာယတန ၁၂ ပါး။ ရူပ် အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ပ၊ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ အဟိတ်စိတ် အဋ္ဌာရသသည် မနာယတန မည်၏၊ အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒ္ဒေ၌ မောဟ၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့် သုခုမရူပ် သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဓာတ် ၁၈ ပါး။ စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော အဟိတ်စိတ် ၅ ခုသည် မနောဝိညာဏဓာတ် မည်၏၊အည သမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒ္ဒေ၌ မောဟ၊ အာပေါ။ ပ။အနိစ္စတာ အားဖြင့် သုခုမရူပ် သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏။

သစ္စာ ၂ ပါး။ အဟိတ်စိတ် အဋ္ဌာရသ၊အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒ္ဒေ၌ မောဟ၊ ရူပ် အဋ္ဌဝိသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂ ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏၊ နိပ္ပဒေသဒုက် မည်၏။

---

၃ ဟေတုသမ္ပယုတ္တဒုက

ပေါတုသမ္ပယုတ္တာ ဓမ္မာ၊
ဟေတုဝိပ္ပယုတ္တာ ဓမ္မာ။

ဟေတုသမ္ပယုတ္တာ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။
ဟေတုဝိပ္ပယုတ္တာ၊ ဟိတ်နှင့်မယှဉ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။
(သဟေတုကဒုက်နှင့် တူပြီ)။

၄· ဟေတု သဟေတုကဲဒုက်

ဟေတု စေဝ ဓမ္မာ သဟေတုကာ စ၊
သဟေတုကာ စေဝ ဓမ္မာ နု စ ဟေတု၊

ဟေတုစေဝ၊ ဟိတ်လည်းမည်ကုန်သော။ သဟေတုကာ စ၊ သမ္ပယုတ်ဟိတ်လည်းရှိကုန်သော။ ဓမ္မာ၊သံဝိဇ္ဇန္တိ။

သဟေတုကာစေဝ၊ သမ္ပယုတ်ဟိတ်လည်းရှိကုန်သော။ နုစ ဟေတု၊ ဟိတ်လည်း မမည်ကုန်သော။ ဓမ္မာ၊သံဝိဇ္ဇန္တိ။

ပဋ္ဌမ ကား... မောဟမူဒ္ဒေ၌ မောဟကြည့်သော ဟိတ် ၆ ပါး ရ၏။

ထို ဟိတ် ၆ ပါးသည် သခ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအား ဖြင့် ၃ ပါးဖြစ်ကုန်၏။ (ဟေတုဓမ္မာနှင့် အတူဖွဲ့လေ)။

ဒုတိယ ကား.... သဟိတ်စိတ် ဇကသတ္တတိ၊ ဟိတ် ၆ ပါး ကြည့်သော စေတသိက် ဆစတ္တာလီသ ရ၏။ (၄၊ ၂၊ ၂၊ ၂)

ဝန္ဓာ ၄ ပါး။ စေတသိက် ဆစတ္တာလီသကို့တွင် ဝေဒနာ သည် ဝေဒနာကွန္ဓာမည်၏၊ သညာသည် သညာကွန္ဓာမည်၏၊ဝေဒနာသညာမှ ကြွင်းသော စေတသိက် စတုစတ္တာလီသသည် သခ်ါရက္ခန္ဓာမည်၏၊ သဟိတ်စိတ် ဇကသတ္တတိသည် ဝိညာဏက္ခန္ဓာမည်၏။(အာယတန,ဓာတ်ဖွဲ့ကားလွယ်ပြီ။)

သစ္စာ ၂ ပါး။ လောကီသဟိတ်စိတ် ခြောက်ဆယ့်သုံးခု၊ စေတသိက် ဆစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ မဂ်စိတ် ၄ ခုဌိုသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး၊ ၆ ပါး ။ပ။ အရှဟတ္တမဂ် ၇ပါး၊ ၆ ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၇ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၄ ခုသည် သစ္စာဟူသောအရေအတွက်မှလွတ်၏၊

"ဟေတု စေဝ ဓမ္မာ သဟေတုကစသဟေတုကာ စေဝဓမ္မာ နုစ ဟေတု" ဟူ၍ဒေါဝေါဘာဝမူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို နှစ်စုပြု၍ ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် "ဒုက်" မည်၏။

အာဒိလဒ္ဓ နာမဒုက်မည်၏။ သဟိတ်စိတ် အဌာရသ၊ ဆန္ဒ ကြည့်သော အညသမာန်း စေတသိက် ဒ္ဒါဒသ၊ မောဟမူဒ္ဒေ၌မောဟ၊ရုပ်အဌစီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသဒုက် မည်၏။

၅-ဟေတုဟေထုသမ္မယုတ္တာဒုက်

ဟေတူစေဝ ဓမ္မာ ဟေတုသမ္မယုတ္တာ စ၊
ဟေတုသမ္မယုတ္တာ စေဝ ဓမ္မာ နု စ ဟေတူ၊

ဟေတူစေဝ၊ ဟိတ်လည်းမည်ကုန်သော။ဟေတုသမ္မယုတ္တာစ၊ဟိတ်နှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ သံဝိဇ္ဇန္တိ။

ဟေတုသမ္မယုတ္တာစေဝ၊ ဟိတ်နှင့်လည်း ယှဉ်ကုန်သော။ နစ ဟေတူ၊ ဟိတ်လည်းမမည်ကုန်သော။ဓမ္မာ သံဝိဇ္ဇန္တိ။

(ဟေတု သဟေတုကဒုက်နှင့် အလုံးစုံတူပြီ။)

၆- နဟေတု သဟေတုကဒုက်

နဟေတူဒေါ ပန ဓမ္မာ သဟေတုကာပိ၊
နဟေတူခေါ ပန ဓမ္မာ အဟေတုကာပိ၊

နဟေ ခေါ ပန၊ ဟိတ် မမည်ကုန်သော။ သဟေတုကာပိ၊ သမ္မယုတ် ဟိတ်လည်း ရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

နဟေတူ ခေါ ပန၊ ဟိတ် မမည်ကုန်သော။ အဟေတုကာပိ၊ သမ္မယုတ် ဟိတ်လည်း မရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

ပဌမ....ကား သဟိဘ်စိတ် ကေသုဘ္ဘတိ၊ ဟိတ်ခြောက်ပါး ကြဉ်သော စေတသိက် ဆစတ္တာလီသ ရှိ၏။ (၄၊ ၂၊ ၂၊ ၂)

(ဟေကု သဟေတုကဒုက် ဒုတိယပုဒ်နှင့် အတူမှီလေ၊ မထူးပြီ။)

ဒုတိယ....ကား အဟိဘ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရှိ၏။ (၅၊ ၁၂၊ ၁၈၊ ၂)

(သဟေတုကဒုက် ဒုတိယပုဒ်နှင့် အတူမှီလေ၊ မောဟမူဒ္ဓေ၌ မောဟ မပါ သည်မျှသာ ထူးတော့သည်။)

အာဒိသဒ္ဒနာမဒုက် မည်၏၊ ဟိဘ်ခြောက်ပါးဟု ဆိုအပ်သော ကြင်းသော ပရမတ္ထဘာသုံးမျိုးသည်၏ အဒ္ဒစ်ကြောင့် သမ္ဘဒေသဒုက် မည်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကိုထည့်၍ "ဟေတူ စေဝ ဓမ္မာ သဟေတုကာစ။ သဟေတုကာ စေဝ ဓမ္မာ နစ ဟေတူ"ဟူသော ဤစတုတ္ထဒုက်သည် ဖြစ်သကဲ့သို့ ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ ဟေတူ စေဝ ဓမ္မာ အဟေတုကာ စ။ အဟေတုကာ စေဝ ဓမ္မာ နစ ဟေတူ ဟူသော ဒုက်သည် လည်း ဖြစ်သင့်၏။

ပဌမပုဒ်၏ **အရကား မောဟမူဒ္ဓေ၌ မောဟရ၏။**

ဒုတိယ....ကား အဟိတ်စိတ် အဌာရသ၊ ဆန္ဒကြောင့်သော အညသမာန်း စေတသိက် ဒွါဒသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရ၏။

အာဒိလဒ္ဓနာမဒုက်မည်၏၊ သင်္ခါရစိတ် ကေသတ္တတိ၊မောဟမူဒ္ဓေ၌ မောဟကြောင့်သော စေတသိက် ဒွေပညာသဟ ဆိုအပ်သော ကြင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသဒုက် မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကိုထည့်၍ "ဟေတူ စေဝ ဓမ္မာ ဟေတုသမ္မယုတ္တာ စ။ ဟေတုသမ္မယုတ္တာ စေဝ ဓမ္မာ နစ ဟေတူ" ဟူသော ဤပဌမဒုက်သည် ဖြစ်သကဲ့သို့ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ ဟေတူ စေဝ မ္မာ ဟေတုဝိပ္ပယုတ္တာ စ။ ဟေတုဝိပ္ပယုတ္တာ စေဝ ဓမ္မာ နစ ဟေတူ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ (ထိုဒုက်၏ အရသည် "ဟေတူ စေဝ ဓမ္မာ အဟေတုကာ စ၊ အဟေတုကာ စေဝ ဓမ္မာ နစ ဟေတူ"ဟူသော ဒုက် အရနှင့် အလုံးစုံ တူ၏။)

နဟေတူ ဓမ္မာ သဟေတုကာပိ။ အဟေတုကာပိ ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် "သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ"ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှာ ခေါ ပန ဟူသော သဒ္ဒါလွန်ကို ဟောတော်မူ၏။

ထို ခေါပနဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတိတင်—

ဤ"အပ္ပစ္စယာ ဓမ္မာ"ဟူသော ဒုတိယပုဒ်သည်လည်း "သပ္ပစ္စယာ ဓမ္မာ" ယူသောပဌမပုဒ်ဖြင့် ပြတော်မူအပ်သော ပရမတ္ထ ဓမ္မ သဘာဝကို မြစ်တော်မူသောအားဖြင့် ပဌမပုဒ်အရမ္ပတပါးအသီးအခြားဖြစ်သောပရမတ္ထသဘာဝကို ပြတော်မူသောအရာဖြစ်သောကြောင့် ပဋိသေတ္ထေ ဇောတကဖြစ်သော အ-အကွာရာသည် ပဋိသေဓ မြစ်သည်ရှိသော် မြစ်ကောင်း,ပယ်ကောင်းသောဝတ္ထု သဘောရှိရာ ရရာဌာနမဟုတ်သော ပစ္စယုပ္ပန်တရား နာမ် ရူပ် တရားတို့၏ ဘင်ခဏာ၌ သပ္ပစ္စယဖြစ်သောအကြောင်းကို မြစ်လေသလောဟု တွေးတော သင်္ကာမဖြစ်ရာ၊ ဝင်စစ်ကား ဥပါဒ်ခဏ, ဌိခဏ ၂ပါး၌သာ အကြောင်း ဖြစ်သော ပစ္စည်းတရားရှိသည် ရအပ်သည်ဖြစ်၍ ထို၂ပါးသောခဏ၌ရအပ်ကောင်းသော ပစ္စယဖြစ်သော အကြောင်းကို မြစ်သောအား:ဖြင့် အကြောင်း ဖြစ်သော ပစ္စည်းတရားမရှိဟူလေသလောဟု ဖြစ်သော သောတုဇနတို့အား:ယုံ မှား:သင်္ကာကင်းစေကြောင်းဖြစ်သော ပဋိသေဓ၏ သဘော သာမတ္ထိယနှင့်တကွ ပစ္စယပုဒ်၏ အနက်သဘောကို ပြည့်စုံစွာ သိစေခြင်းငှာ"နတ္ထိ တေသံ ပစ္စယောတိ" ဟု သာမန်ဝါကျဖြင့်သာ မပြီးစေဘဲ "ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ" ဟူသော နှစ်ဝါဒ ဖြည့်ထပ်၍ အဌကထာသခင် အရှင်မြတ်မိန့်ဆိုတော်မူသည်၊ နိဗ္ဗာန်၌ ဥပါဒ်ခဏ, ဌိခဏ ရအပ်ကောင်းသောကြောင့် ဆိုသည်မဟုတ်။

နိဗ္ဗာန်၌ ဥပါဒ်ခဏ ဌိခဏမရ မရှိဟု သိအပ်သောအကြောင်းယုတ္တိကား ခဏ ၃ပါးနှင့် ပြည့်စုံသော ပရမတ္ထဘာရား အပေါင်း၌ ထိုက်သည်အား လျော်စွာ ကံအစရှိသောအကြောင်း, ဟေတု အာရမ္မဏအစရှိသော အခကြောင်းဖြစ်သော ပစ္စည်းနှင့် စပ်ခြင်းရှိသော သဘောကို ရအပ်သည်ချည်း၊ ရအပ်ရာတွင် နိဗ္ဗာန်ဟူသော ပရမတ္ထခမ္ဘာ၌ ပစ္စယ သဘာဝမရှိဟု မြစ်တော်မူသည်ဖြစ်က သဘာဝနှင့် သဘာဝတ္ထတရားသည် အသီးအခြားမရကောင်းသောကြောင့် သဘာဝ ဝန္တဖြစ်သော ဥပါဒ်ခဏ, ဌိခဏလည်း မရ-မရှိဟု ယုံမှား:သင်္ကာ မကပ် မငြိ သိမှတ်အပ်သင့်သည့်အနက် ပြီးကောင်းတော့သည်၊ "နတ္ထိ တေသံ"စသည်ဖြင့် ပြတော်မူသော ဝါကျ၌လည်း "တေသံ" ကို သမ္မန်အနက်ယူ၍ "ပစ္စယောနတ္ထိ"မှာယှဉ်၊"ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ" ၂ပုဒ်မှာမယှဉ်သင့်၊ ယင်း ၂ ပုဒ်ကို မူကား ယခုပြဆိုခဲ့တိုင်းသော သဘာဝတ္ထ အဓိပ္ပာယ်ကို သောတုဇနတို့ သိစေလိုသောကြောင့် ပြဆိုတော်မူသည်ဟု ယုံကြည်လေးမြတ်အပ်သည် ဟူလို။

ဒုဗ္ဗိဇာနံ ဌာနမိဒံ၊ သာဓုကံ သလ္လက္ခေတဗ္ဗံ။

၈–သခ်ၢတဒုက်

စုဋ္ဌိန္ဓရဒုက်ၦ် အရတရားကိုယ်သည် နိဗ္ဗာန်သာဖြစ်လျက် "အပ္ပစ္စယာ အသခ်ၢတာ" ဟူ၍ အဘယ်ကြောင့် ဗဟုဝုစ် ဟောခဲ့တော်မူသနည်း ဟူငြားအုံ၊ မဆုံးဖြတ်အပ်သေးသော အနက်အပိုင်းအခြားရှိသည်၏ အစွမ်း အား ဖြင့် မာတိကာ ထားကာမျှဖြစ်သောကြောင့်ဟောတော်မူသည် ဟူလေ။

ဇွေ စ အပ္ပစ္စယာ အသခ်ၢတာကို ဗဟုဝစနနိဒ္ဒေသော အဝိနိစ္ဆိတတ္ထ ပရိစ္ဆေဒဝသေန မာတိကာ ဌပနတော ကတောတိ ဝေဒိတဗ္ဗော။

(ဋီကာ၊ သဒ္ဒနီတိ)

(တနည်း) ဗဟုဝုစ်ဒေသနာအယဉ်ၦ် ကျပါသောကြောင့် ဟောတော်မူသတည်း။

ဗဟုတ္ထာနမ္ပိ ကေတ္ထော၊ သမာရောပနတော ဗဟု။
ဝစနံ ဒေသနာသောတော၊ ပတိဘတ္ထာ စ မနုဿတော။

(သဒ္ဒတ္ထဘေဒစိန္တာ)

ယင်းဘေဒစိန္တာစကားကို သဒ္ဒနီတိဆရာ ပယ်၏၊ ပယ်ဟန်ကဲ့သို့ ဒေသနာ အယဉ်ၦ် ကျသည်ဆိုသော် ဘုရားပင် သတိသမ္ပဇဉ်ကင်း၍ ဗဟုဝုစ်စပ်၍ဟော မိလေသည်ဟု စကားကျရကား မသင့်သည်သာ၊ ဤသို့ ပယ်၏။

ကေစိ ပန ဒေသနာ သောတပါတဝသေန ဗဟုဝစနပ္ပယောဇကါတိ ဝဒန္တိ၊ တံ နဟ ဘဂဝါ သတိသမ္ပဇညရဟိတော ဓမ္မံ ဒေသေတိ၊ ယုတ္တိပ္ပ စ နဒိဿတိ။ (သဒ္ဒနီတိ)

သဒ္ဒသာရတ္ထ ဇာလိနီၦ်လည်း ပိုင်းခြားထိုက်သည်ကို ပိုင်းခြားရာၦ် ဖြစ်၍ ဗဟုဝုစ် ဟောသည်ဟု တထွေလာ၏။

အဗဟုတ္ထေ သတိယေဝ၊ အဘ္ဘာနိ စ ဂရူသု စ။
အပရိစ္ဆေဒါရဟစ္ဆေဒေ၊ ဣစ္စာဒီသု ဗဟု ဘဝေ။ (ဇာလိနီ)

သည်စကားသုံးရပ်တွင် မူလဋီကာ စကားသာ သဘောကို ထောက်သော် သင့်တင့်လှသည်ဟု ဆရာတို့မိန့်ကုန်၏။

၉-သနိဒဿနဒုက်

သနိဒဿနဒ္ဒကား ရူပါရုံတခုပင် ဖြစ်မူလည်း အတိတ်, အနာဂတ် စသော အပြားကိုင်.၍ ဗဟုဝုစ် ဟောတော်မူသည် ယူရမည်။

၁၃-ကေနစိဝိညေယျဒုက်

ကေနစိ ဝိညေယျဒုက်ဒ္ဒ အရသည် ပဌမ ဒုတိယဒ္ဒိပင် ဟူခဲ့၊ ယင်းသို့သော ဘယ်သို့ ဒုက်ဖြစ်နိုင်မည်နည်း၊ ဒုက် မဖြစ်ရာပြီတကား ဟူ၍ား ဝိညေယျအရ ခမ္မပြားသောကြောင့် ဖြစ်ရာ၏ ဟူလေ၊ (ဤကား အဋ္ဌကထာဆရာ အဓိ ဘော)။

အကျယ်အဓိပ္ပာယ်ကား ကေနစိ ၂ ပုဒ်၏ အရကို စက္ခုဝိညာဉ် နှင့်ဝိ ညေယျအရသည် ရူပါရုံ ဖြစ်၏၊ နှ ဝိညေယျ အရသည် သဒ္ဒါရုံစသော အကြင်. အာရုံ ၅ ပါး ဖြစ်၏၊ ဤအဝူ သောတ, ဃာန, ဇိဝှာ, ကာယဝိညာဉ်ဒ္ဒကုဋ်၍ လှည့်၍ ယူလေ၊ မနောဝိညာဉ်ဒ္ဒကား အတိတ်,အနာဂတ်,ပစ္စုပ္ပန်တရား ၃ ပါး တွင် တပါးပါးကို အာရုံပြုခိုက် ဝိညေယျအရသည် အာရုံပြုအပ်သော တပါး ပါးဖြစ်၏၊ နှ ဝိညေယျအရသည် အာရုံမပြုအပ်သော တပါးပါးဖြစ်၏၊ ဤသို့ ဝိညေယျ၏ အရထူးသောကြောင့် ဒုက်ဖြစ်သော ဟူလိုသည်။

ဋီကာဆရာအလိုကား ကေနစိ အရ ဝိညာဉ်ပြားသောကြောင့် ဒုက်ဖြစ်သည် ဟူလိုသည်၊ အဓိပ္ပာယ်အကျယ်ကား ရှေး ကေနစိ အရကို စက္ခုဝိညာဉ်ယူ၍ ဝိညေယျအရသည် ရူပါရုံဖြစ်၏၊နောက် ကေနစိ အရကို သောတဝိညာဉ် စသည် ယူ၍ နှ ဝိညေယျ အရသည် ရူပါရုံ ၎င်းပင် ဖြစ်၏၊ဤအတူကြင်းသော ဝိညာဉ် အာရုံ၌လည်း နည်းတူယူလေ၊ ဤသို့ ကေနစိအရ ဝိညာဉ် ပြားသောကြောင့် ဒုက်ဖြစ်သည် ဟူလိုသည်၊ ဤ အဋ္ဌကထာ, ဋီကာဆရာ ၀ါဒ ၂ ပါးတွင် အဋ္ဌက ထာဆရာ ၀ါဒကိုသာ အနုဋီကာဆရာ, ဂဋ္ဌတ္ထဝိနိစ္ဆယဆရာ နှစ်သက်၏၊ ဤလ ဋီကာဆရာ ၀ါဒကိုကား နှစ်သက်တော်မမူကုန်။

၁၅-သာသဝဒုက်

အာသဝဂေါ စ္ဆကဒ္ဒ သာသဝဒုက်ဝယ် သ-သဒ္ဒါသည် သဟ-သဒ္ဒါ၏ကာ ရိယဖြစ်၍ တကွဖြစ်ခြင်းအနက်ကို ဟော၏၊ ယင်းသို့ ဟောသောကြောင့် ဘ

ဖြစ်သည်ဆိုက သမ္မယုတ်ပင် ဖြစ်သောကြောင့် အာသဝသမ္မယုတ္တဒုက်နှင့် အရ တူကောင်းပါသည် ဟူပြောအုံ့၊ သမ္မယုတ်အားဖြင့် တကွဖြစ်သည်ကို မဆိုလို၊ အာရမ္မဏအားဖြင့် တကွဖြစ်သည်ကိုသာ ဆိုလိုသည်၊ ထို့ကြောင့် အာရုံပြု ထိုက်သရွေ့ကိုသာ ကောက်ရလေသည်၊အာသဝသမ္မယုတ္တဒုက်နှင့် အရမတူလေ ဆိုရ၏၊ ထို့ကြောင့် အဋ္ဌကထာ၌....

"အတ္တာနံ အာရမ္မဏံ ကတ္တာ ပဝတ္တေတိ သဟ အာသဝေဟိတိ သာသဝါ"ဟု မိန့်ပြီ။

၁၆-အာသဝသမ္မယုတ္တဒုက်

အာသဝသမ္မယုတ္တဒုက် ပဌမပုဒ်၌ ဒေါသမူဒ္ဓေ, မောဟမူဒ္ဓေ၌ မောဟကို ကြည်ရကား ထိုစိတ်၌ မောဟမှတပါး အာသဝ မရှိ၍ ယှဉ်ဘက် သမ္မယုတ် မရကောင်းသောကြောင့်တည်း၊ (ကြင်းသောဒုက် ကြင်းသော ဂေါစ္ဆကတို့၌ ဤနည်းအတူ ကြံလေ။)

၁၉-အာသဝဝိပ္ပယုတ္တသာသဝဒုက်

ဟေတုဂေါစ္ဆက သြသာန ဒုက်ကဲ့သို့ "နော အာသဝါ ခေါပန ဓမ္မာ သာသဝါပိ။ အနာသဝါပိ"ဟောတော်မူကောင်းလျက် "အာသဝဝိပ္ပယုတ္တာ ခေါ၊ပ၊ပိ"ဟု အဆုံးဒုက်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူ ပြောအုံ့၊ သမ္မယုတ်အားဖြင့် သာသဝ မဖြစ်၊ အာရုံ, အာရမ္မဏိကဖြစ်၍ ဝိပ္ပ ယုတ်အားဖြင့် သာသဝ ဖြစ်သည်ကို ပြတော်မူလို၍ ဟောတော်မူသတည်း၊ အဖြောင့်ကား သဟေတုကဆိုလျှင် ဟိတ်နှင့်တကွဖြစ်သည်ဟူသကဲ့သို့ သာသဝ ဆိုသော်လည်း အာသဝနှင့်တကွဖြစ်သည် မယူရ၊ အာရုံ, အာရမ္မဏိက ဖြစ်၍ အခြားသာယူရမည်ဟု ပြတော်မူခြင်းဌာ ဆိုသည်။

သြသာနဒုကေ နော အာသဝါ ခေါ ပနာတိ အဝတ္ဌာ အာသဝ ဝိပ္ပ ယုတ္တာ ခေါ ပနာတိ ဝစနံ သာသဝါနံ သဟေတုကာနံ ဝိယ သမ္မယုတ္တေဟိ တံ သဟိတတာ နု ဟော့ဘတိတို့ ဒဿနတ္ထံ။ (အဘိဓမ္မာ ဋီကာ)

တနည်းကား "နော အာသဝါ ခေါ ပန" ဟု ယှဉ်ခြင်းလျှင် ပဌမဒုက် သည် စတုတ္ထဒုက်၌ ဒုတိယပုဒ်နှင့် တူခဲ့ရာ၏၊ ထို ဒုတိယပုဒ်သာ အထူးဖြစ်ရာ၏၊

ဒုတိယတပုဒ်တည်းဖြင့် ဒုက်မဖြစ်သင့်လေသောကြောင့် "အာသဝဝိပ္ပယုတ္တာ ခေါ ပန"ဟူ၍သာ ယှဉ်တော်မူသတည်း၊ (ဤလည်း ဋီကာနည်းပင်)၊ယင်းသို့သော် ဟေတုဒေါ စွဲကဋ္ဌလည်း "ဟေတုဝိပ္ပယုတ္တာ ခေါ ပန" ဟု ယှဉ်သော် ယှဉ်ကောင်းပါ၏တကား ဟူငြားအုံ၊ "သဟေတုကာဝိ" ဟူ၍ သဟေတုကတရားသည် ဟေတုဝိပ္ပယုတ် မဖြစ်သင့်ရကား မဟောသင့်သောကြောင့် မယှဉ်သည် ဟူရာ၏၊ (ဤလည်း ဋီကာနည်းပင်)၊ အဋ္ဌကထာဆရာကား "နော အာသဝါ ခေါ ပန" ဟူ၍လည်း ယှဉ်သင့်သည်ပင် မိန့်၏။

၂၀-သညောဇနဒုက်

သညောဇနဂေါစ္ဆက ပဌမဒုက်၌ သံယောဇဉ် တရားကိုယ် ဂ ပါးသာ ကောက်ခြင်းသည် သင်္ဂြိဟ်၌ "နဝ သံယောဇနာ မတာ" ဟူ၍ ဆိုသည်နှင့် မတန် ဟူငြားအုံ၊ သင်္ဂြိဟ်၌ သုတ္တန်နည်း, အဘိဓမ္မာနည်း ၂ ပါးကို ပေါင်း၍ တရားကိုယ် ၉ ပါးယူလေသည်၊ ဤ၌ကား အဘိဓမ္မာနည်းသို့လိုက်သဖြင့် ဥဒ္ဒစ္စကို ချ၍ ဂ ပါး ကောက်လေသည် ဆိုရာ၏။

၂၁-သညောဇနဝိပ္ပယုတ္တသညောဇနိယဒုက်

အဆုံးဒုက်၌ ဟေတုဂေါစ္ဆကအဆုံးဒုက်ကဲ့သို့ "နော သညောဇနာ ခေါ ပန" ယှဉ်၍ မဟောခြင်း၌ အကြောင်းကို အာသဝဂေါစ္ဆက၌ကဲ့သို့ သိလေ။

၂၆-ဂန္ထဒုက်

ဂန္ထဂေါစ္ဆက၌ ဒန္ဓ ဒုတိယကွဲရာ ထ-နှင့်သာ ဝဂ္ဂန္တ နှ-တင်၍ ရှိတ်ရမည်၊ ဒန္ဓ စတုတ္ထကွဲရာ ဓ-နှင့်ဂင်း၊ မုဒ္ဓ ဒုတိယကွဲရာ ဌ-နှင့် မုဒ္ဓ -ဏ ပေါင်း၍ ဂင်း ရှိတတ်၏၊ အဋ္ဌသာလိနီ ဂဏ္ဌိ၌ကား ဒန္ဓ စတုတ္ထကွဲရာ ဓ-လည်းသင့်သော ဆို၏၊ ကျမ်းဂန်မြင်ရာမှာသာ အကြောင်း၊ (ဂန္ထသမ္ပယုတ်ပုဒ်၌ ကြည်ဟန်မျှားကို နောက်ကနည်းကို မှီ၍ သိလေ။)

၃၂-သြယဒုက်

သြယဂေါ်စွက, ယောဂဂေါ်စွက တို့၌ **အာသဝ**ဂေါ်စွကနှင့်အတူ ဒေသနာဝိလာသ ဝေနေယျဇျာသယအားဖြင့် **ဟော**တော်မူပြန်သည်သာ၊ ဆိုဘွယ်ပရမတ်ရေး အရကောက်၌ ခက်ရန်မရှိပြီ။

၄၄-နိဝရဏဒုက်

နိဝရဏဂေါ်စွက၌လည်း ကြည်သည်များကို နောက်နည်း ယူလေ။

၅၀-ပရာမာသဒုက်

ပရာမာသဂေါ်စွက၌ ဒိဋ္ဌိ**စေ**တသိက် တခုတည်းကိုလျက် "ပရာမာသ ဓမ္မာ" ဟူ၍ ဗဟုဝုစ်**ဟော**သည်ကဲ့သို့ အတိတ် စသောအားဖြင့် ပြားသည်ကို ရည်၍ **ဟော**သည်၊ ထို့ကြောင့်သာလျှင် ခန္ဓာဖွဲ့ရသည်၊ ပစ္စုပ္ပန် စသော တခုကိုသာ ရည်သည့် **အ**ရာများကား သမုဒါယူပစာအားဖြင့် ဖွဲ့**ရ**သည်၊ ထိုဥပစာကား ၁၀ နည်း၌ မပါ၊ ၃၆ ပါးနည်း၌**သာ** ဂုဏ္ဏပစာကို ဌာနူပစာသို့ သွင်း၍ သမုဒါယူပစာကို အခြားယူသောကြောင့် ပါ၏၊ ထိုသို့ သမုဒါယူပစာဖြင့် ဖွဲ့အပ်ကြောင်းကို–

ဝေဒနာဒီသု ပေကသ္မိं၊ ခန္ဓသဒ္ဒေါ တု ရုဋ္ဌိယာ။
သမုဒ္ဒါဒေကဒေသေသု၊ သမုဒ္ဒါဒိ ရဝေါ ယထာ။

ဟု သစ္စသံခိပ်၌ မိန့်ပြီ။

၅၂-ပရာမာသသမ္မယုတ္တဒုက်

နောက်ဂေါ်စွကများ၌ကဲ့သို့ "ပရာမာသာ စေဝ ဓမ္မာ ပရာမာသသမ္မယုတ္တာ စ" အစရှိသည်ဖြင့် ပရာမာသ ပရာမာသသမ္မယုတ္တဒုက်ကို အဘယ့်ကြောင့် **ဟော**တော်မမူသနည်း ဟူငြားအံ့။

ယင်းကဲ့သို့ **ဟော**ချေသော် ဒုတိယပုဒ် **အ**ရမူကား ရှိသင့်၏၊ ပရာမာသ တရားကိုယ် တခုတည်းဖြစ်၍ ယှဉ်ဘက်မရှိချေရကား ပဌမပုဒ်**အ**ရ မရှိသင့်၊

ယင်းသို့ မရှိသောကြောင့် ဟောတော်မမူ ဟူလေ၊ သည်မှတပါး ကြည်သည် မျှားမှာ နောက်နည်းကို မိုလေ၊ ပရုမာသသမ္ပယုတ္တာဒုက်ခ် တရားကိုယ်ကြည်ရ သည်ကား ဆိုပြီးသည့်နည်းဖြင့် သမ္ပယုတ် မရကောင်းသောကြောင့်တည်း။

၅၉-စိတ္တသံသဋ္ဌဒုက

မဟန္တရဒုက်ခ် စိတ္တသံသဋ္ဌဒုက်ဝယ် ပဌမပုဒ်ခ်၊ စိတ္တဇရူပ်သည်လည်း သံသဋ္ဌ မဆိုလို၊ အထူးကို သိနိုင်ခဲ့သည်[စ်] ရောရှက်သည်ကို သံသဋ္ဌဆိုလိုသည်၊ ထို့ကြောင့် စိတ္တဇရူပ် စင်လေသည်။

ယေသံ ရူပါနံ စိတ္တံ သဟဇာတပစ္စယော ဟောတိ။ တေသံ စိတ္တသ စ သုဝိညေယ္ယနာနုတ္တန် နိရန္တရဘာဝါနုပဂမနံ ဝေဒီတဗ္ဗံ။ (ဋီကာ)

၆၀-စိတ္တသမုဋ္ဌာနဒုက်

စိတ္တသမုဋ္ဌာနဒုက်ခ် ပဌမပုဒ်၏ အရဖြစ်သော ဧတ္တဇရူပ် သတ္တရသတွင် ဝိညတ်ဒွေသာ ဧတ္တဇကေန် ဖြစ်ရကား ထိုကဲ့ကြည်၍ အကြင်း ပန္နရသကို ကမ္မဇ, အာဟာရဇ, ဥတုဇအား ဖြင့် ဒုတိယပုဒ်ခ် ကောက်ရပြန်လေသည်။

၆၆-အဗ္ဗတ္တိကဒုက်

အဗ္ဗတ္တိကဒုက်ခ် အဗ္ဗတ္တသည် [၁] ဂေါစရဗ္ဗတ္တ, နိယကဗ္ဗတ္တ, အဗ္ဗတ္တဗ္ဗတ္တ, ဝိသယဗ္ဗတ္တ ဟူ၍ ၄ ပါးတည်း၊ [၂] ထိုတွင် အာရုံသာမညသည် ဂေါစရဗ္ဗတ္တ၊ မိမိသန္တာန်ခ် ဖြစ်သော တရားဟူသမျှသည် နိယကဗ္ဗတ္တ၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန အဗ္ဗတ္တိကာယတန ၆ ပါးသည် အဗ္ဗတ္တဗ္ဗတ္တ၊ ဖလသမာပတ်သည် ဝိသယဗ္ဗတ္တ မည်၏၊ ထိုတွင် ဤ၌ အဗ္ဗတ္တဗ္ဗတ္တကို လိုသောကြောင့် စိတ် ၈၉ ခု, ပသာဒရူပ် ၅ ခုကိုသာ ကောက်ရသည်၊ အဗ္ဗတ္တတိက်ခ်ကား နိယကဗ္ဗတ္တကိုရည်၍ မိမိသန္တာန်ခ် စိတ်, စေတသိက်, ရူပ်ကို အကုန်ကောက်ရ သည်၊ ဤသို့ အဗ္ဗတ္တတိက်နှင့် အဗ္ဗတ္တိကဒုက် အထူးမှတ်၊ အဌကထာနှင့် အညီတည်း။

ဥပါဒါနဝေါစ္ဆက ကိလေသဝေါစ္ဆကတို့၌ ဆိုဘွယ်မရှိပြီ၊ ကြည်ဟန်မျှားမှာ နောက်နည်းကို မှီလေ။

၈၃-ဒဿနေနပဟာတဗ္ဗဒုက်

ပဋ္ဌာနဒုက်တွင် ဒဿနဒုက် အစရှိသော ၄ ဒုက်၌ ဒဿနတိက်က ဆိုပြီးသည်ကို မှီလေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခု, ဒေါသမူဒ္ဓေ၌ အပ ယဂမနီယ ဖြစ်သော ဟူသည်ကားအပ ယ်လေးဘုံ၌ ပဋိသန္ဓေကို ဖြစ်စေဘတ်သည်ကို ဆိုသည်၊ အပ ်ယဂမနီယမ်ဖြစ်သော ဟူသည်ကား အပ ယ်လေးဘုံ၌ ပဋိသန္ဓေ မဖြစ်စေတတ်သည်ကို ဆိုသည်။

၈၉-၉၂-သဝိတက္ကဒုက် ၊ပ၊ ဥပေက္ခာသဟဂတဒုက်

သဝိတက္ကဒုက်၊ သဝိစာရဒုက်၊ သပ္ပီတိကဒုက်၊ ပီတိသဟဂတဒုက်၊ သုခသဟဂတဒုက်၊ ဥပေက္ခာသဟဂတဒုက် ဤဒုက် ၆ ခုတို့၌ ပဌမကြည်ညိုသည်ကို ဒုတိယ၌ကောက်ပြန်ရသည်၊ တပါး တပ ်ားစီသာဖြစ်၍ သမ္ပယုတ် မရကောင်းသောကြောင့်တည်း၊ ကာမတဏှာ၏ကျင်လည်ရာသာဖြစ်သော ကြောင့် ရူပဘုံ၌ ဖြစ်လျှင်းမူလည်း ရူပ်ဟူသမျှကို ကာမာဝစရဒုက်၌သာ ကောက်ရသည်၊ ရူပ ါဝစရဒုက်၌ မကောက်ရ၊ ဝန္ဒမူလကို စင်စစ်ဖြတ်တတ်သော ကြောင့် မဂ် ၄ ခုကို သာ နိယျာနိက အရကောက်ရသည်၊ ထိုကဲ့သို့ စင်စစ်မဖြတ်တတ် ပဋိသန္ဓေမျှသာ ဖြတ်သောကြောင့် ဖိုလ် ၄ ခုကို နိယျာနိက အရသို့ သွင်းရလေသည်၊ အဋ္ဌကထာနှင့်အညီ။

၉၈-နိယယဒုက်

နိယတဒုက်၌ မိစ္ဆတ္တတိက်က ဆိုပြီးသည်ကို မှီလေ။

၉၉-သဥတ္တရဒုက်

သဥတ္တရဒုက်၌ သံဝဏ္ဏနာကို ဖွင့်ဆိုသော အဋ္ဌကထာ၌ဆရာသည် "အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တိတိ ဥတ္တရာ၊ အတ္တာနံ ဥတ္တရိတုံ သမတ္ထေါ သဟ

ဥတ္တရေဟိတိ သဥတ္တရာ၊ နတ္ထိ ဇေတသံ ဥတ္တရာတိ အနုတ္တရာ'' ဟု မိန့်သည်၊ ဤ၌ သံဝဏ္ဏေတဗ္ဗပုဒ်၏ အနက်ကိုပြရင်း ပဋ္ဌာနကား ''ဥတ္တရန္တိတိ ဥတ္တရာ။ သဟ ဥတ္တရေဟိတိ သဥတ္တရာ၊ နတ္ထိ ဇေတသံ ဥတ္တရာတိ အနုတ္တရာ''ဟူသည်တည်း၊ ထိုတွင် ''ဥတ္တရန္တိ'' ဟူသောပါဋ္ဌဖြင့် သ-ဟူသော နှ-ဟူသော နိပါတ်နှင့် သမာသ်ပုဒ်အဖြစ်ဖြင့် မရောမရှက် သက်သက် ဥတ္တရသဒ္ဒါ၏ ကတ္တုတ္ထဘာဝကို ပြသည်၊ ''ပဇဟန္တိ'' ပုဒ်ဖြင့် ဥတ္တရပုဒ်၏ ပဇဟန အနက်၌ဖြစ်သည်ကို ပြသည်၊ အရကား လောကုတ္တရတရားတည်း၊ ''ဥတ္တရန္တိ'' ၌ ပဇဟန အနက်ရှိသော ဥ-ပုဗ္ဗ တရ-ဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ကံကိုင်ရကား ''အညေ ဓမ္မေ''ပါဋ္ဌကို မိန့်သည်၊ ဤကား အနုသန္ဓေ စကားစပ်ရုံမျှ ဆိုလိုက်သည်။

အသျှင် အဋ္ဌကထာ ဆရာ ''အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တိ'' ပ ဋ္ဌဖြင့် တပါးသောတရားတို့ကို စွန့်ပယ်တတ်ကုန်သောကြောင့် လောကုတ္တရာ တရားသည် ဥတ္တရမည်ကုန်သော ဟူပြီ၊ ထို ဥတ္တရမည်သော လောကုတ္တရာ တရားသည် စွန့်အပ် ပယ်အပ်သော ဥတ္တရိတဗ္ဗဖြစ်သော အညဓမ္မကား အဘယ်နည်း၊ ဤသို့စုဒ်ရှိရကား ''အတ္တာနံ'' ဟူသောပါဋ္ဌကို မိန့်သည်။

အဓိပ္ပာယ်ကား စွန့်အပ် ပယ်အပ်သော ဥတ္တရိတဗ္ဗဖြစ်သော အညဓမ္မကိုကား သဥတ္တရဓမ္မမှ တပါး အသီးအခြား မရကောင်းပြီ၊ သဥတ္တရဓမ္မ၏အရဖြစ်သော တေဘူမက တရားပင် ဟူလို။

ဤ ''အတ္တာနံ'' ပါဋ္ဌဖြင့် တေဘူမကဘရားကို ဥတ္တရိတဗ္ဗ အဖြစ်ဖြင့်ပြသောကြောင့် သဟ-ဟူသော နှ-ဟူသော နိပါတ်နှင့်သမာသ်ဖြစ်သော ဥတ္တရပုဒ်ကို ''ဥတ္တရိတဗ္ဗာတိ ဥတ္တရာ''ဟု ကမ္မသာဓံ ပြုအပ်သင့်သည့်အရာကို အတ္ထာပတ္တိ နေယျတ္ထအားဖြင့် ပြတော်မူသည်။

အသျှင်အဋ္ဌကထာ ဆရာ၊ ဥတ္တရိတဗ္ဗဖြစ်သော အညဓမ္မသည် သဥတ္တရဓမ္မ၏ အရဖြစ်သော တေဘူမကပင် ဖြစ်သည်ဟူသော် ''သဟ ဥတ္တရေဟိဘိ သဥတ္တရာ'' ဟူသော သမာသ်ဝါကျ အနက်သည် တေဘူမက တရားနှင့် တကွဖြစ်၏ ဟူသော အနက်ဖြစ်ရာသည် မဟုတ်လော စုဒ်ရှိရကား ''ဥတ္တရိတဗ္ဗံ သမတ္ထေတိ'' ပါဋ္ဌကိုမိန့်သည်။

အဓိပ္ပာယ်ကား ကမ္မသာဓံဖြင့် ပြီးသော ဥတ္တရပုဒ်သည် ကမ္မပဋ္ဌာန, ဘာဝပဋ္ဌာနအားဖြင့် ၂ ပါးရှိသည်တွင် ဘာဝပဋ္ဌာနဖြစ်၍ ဒြဗ်အားဖြင့် မပြားသော်လည်း သနိဒဿနပုဒ်ကဲ့သို့ ဘာဝ, ဘာဝဝန္တ အဖြစ်ဖြင့် အထူး

မှတ်၍ "သဟ ဥတ္တရေဟိတိ သဥတ္တရာ" ဟု သမာသ်ဝါကျ ဖြစ်သင့်သော အရာကို အဌကထာဆရာ သိစေခြင်းမူသည် ဟူလို၊ ဤကား....

ဥတ္တရိတမ္ပသ အညသ နိဒ္ဒိဋ္ဌသ အဘာဝါ နိဒ္ဒိသိယမာနာ သဥတ္တရာ ဓမ္မာဝ ဥတ္တရိတမ္ပတော် အတ္တာနန္တိ အာဟာ။

ဟူသော ဋီကာကို အနုမာနအားဖြင့် ဥာဏ်သက်ဝင်သမျှ ပြဆိုသော ငါတို့ အလို။(ဣဒပို့ ဒုတ်ဇောနဋ္ဌာနံ။)

ဆရာမြတ်တို့ ကောက်သော သရုပ်တွင် ခက်ခဲနိုးရာ၌ အမြှက်မျှ ကို ဆို အပ်သော။

ဒုက မာတိကာ ဂဏ္ဌိ ပြီး၏၊

၁၃-ခေတုကထာဂဏ္ဌိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဥဿာဒ္ဓိတညု ဝိနယံ၊ သံခေပကာဒိနံ ဒဒံ။
ဓမ္မရတနတ္တယံ၊ သော မံ ပါတု သမ္ဗဟနံ။

ဥဘယဝိပုလာဂါထာ

ဓာတုကထာ မည်ခြင်း အကြောင်း

အဘ္ဘန္တရော် သဘာဝံ ဓာရေန္တိတိ ဓာတုယော၊ ယာဓမ္မဇာတိယော၊ တို့သည်၊ အတ္တနော၏သဘာဝ၊သဘောကို၊ ဓာရေန္တိ၊ဆောင်တတ်ကုန်၏၊ ဤတိ တသ္မာ၊ ကြောင့်၊ တာ ဓမ္မဇာတိယော၊ တို့သည်၊ ဓာတုယော၊ ဓာတ် မည်ကုန်၏၊ (ခန္ဓာ အစ အရဏ အဆုံးရှိသော တရားရစေ)။

တနည်းကား တုဒ္ဓတ္ အဘိဓမ္မကထာ ဇော်ထောတ ဓာတုယော၊ ဇော်ထေးတာသု ဓမ္မဇာတိသု၊တို့၌၊ အဘိဓမ္မကထာ၊ အဘိဓမ္မာဒေသနာတော်သည်၊ တိဋ္ဌတိ၏၊ ဤတိ တသ္မာ၊ ထိုသို့တည်ရာဖြစ်သော သတ္တိကြောင့်၊ တာ ဓမ္မဇာတိယော၊ တို့သည်၊ ဓာတုယော၊ ကုန်၏၊(ယခင် ဓမ္မရစေ။)

ဤဝစနတ္ထ၌ ၃တု ဟုဆိုအင်လျက် နိရုတ္တိနည်းငါးပါးတို့တွင် ဝဏ္ဏ

ဝိကာရနည်းအားဖြင့် မုဒ္ဓ ဒုတိယကွဲရာ ပ္ပ-ကို ဒန္ဓ စတုတ္ထကွဲရာ ဓ-ရေး၍ ဓာတု ဟု ဆိုရလေသတည်း။

"အဘိဓမ္မကထာ တိဋ္ဌတိ ပဝတ္တတိ ခန္ဓာဒိကေသု တ္တောတိ ဓာတုယော၊ ဌကာရသ ဓကာရံ ကဘ္ဘ"(ပဋ္ဌာနသာရဒီပနီ)

နိရုတ္တိနည်း ၈ါးပါးတို့ကား

ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊
ဒ္ဒေ စာပရေ ဝဏ္ဏဝိကာရနာသာ။
ဓာတ္ဌတ္ထသ အတ္ထာတိသဒယန ယောဂေါ၊
တဒုဘယတေ ပဥ္စဝိဓံ နိရုတ္တံ။
-ဟူသော ပဋ္ဌိကာဂါထာနှင့်အညီ သိလေ။

"အနေကတ္ထာ ဟိ ဓာတဝေါ"ဟူသော ပရိဘာသာနှင့်အညီ ခ ဓာတ် သည်လည်း တည်ခြင်းအနက်ကိုဟောနိုင်ကောင်းသောကြောင့် ဓ ဓာတ်ပင် ကြံသော်လည်း သင့်၏။

ကထိယန္တိ ဇတ္ထ ဇောယာတိ ဝါ ကထာ၊ ဇတ္ထ ဇေတိသံ သဒ္ဒတ္ထပန္တိယံ၊ ဣသဒ္ဒါအနက်အစဉ်၌၊ ဝါ၊ ကား၊ ဇောယ သဒ္ဒတ္ထပန္တိယာ၊ ဣသဒ္ဒါအနက် အစဉ်ဖြင့်၊ ကထိယန္တိ၊ ဟောအပ်ကုန်၏၊ ဣတိတသ္မာ၊ကြောင့်၊ သာသဒ္ဒတ္ထပန္တိ၊ သည်၊ ကထာ၊ မည်၏၊(ကျမ်းသာမန် ရစေ)။

ဓာတူနှံ ကထာ ဓာတုကထာ၊ဓာတူနှံ၊ ခန္ဓာ အစ အရဏ အဆုံးရှိသော တရားတို့၏၊ ကထာ၊ဟောရာဟောကြောင်းတည်း၊ ဓာတုကထာ၊ ခန္ဓာ အစ အရဏအဆုံးရှိသောတရားတို့၏ ဟောရာဟောကြောင်း (ဓာတုကထာကျမ်း ဝိသေသ ရစေ)။

ဤဝစနတ္ထအလိုသော် ခန္ဓာ အစ အရဏ အဆုံးရှိသောတရားတို့ကို ဟော ရာ ဟောကြောင်းဖြစ်သောကြောင့် ဓမ္မသင်္ဂဏီစသော ကျမ်းတို့သည် ဓာတု ကထာ မည်ရာသည် မဟုတ်တုံလော ဟူငြားအုံ့၊ ဤကျမ်းဝယ် တဆယ့်လေး နယတို့တွင် တနယ ဟနယဒ္ဒပင် ဟောရကား သာတိသယ နည်း အား ဖြင့် ဤကျမ်း၏အမည်သာဖြစ်သင့်၏၊ တပါးကျမ်း၏အမည် မဖြစ်သင့် ဆိုလေ။

ဇတ္ထ ပန တေသံ သဒ္ဒေသမ္မိ သင်္ဂဟာသင်္ဂဟာဒီသု စုဒ္ဒသသု နယေသု ဧကေကသ္မိံ ကထိတတ္တာ သာတိသယကထနန္တိ ဣဒမေဝ ဝေါနာမကံ။

(ဓာတုကထာဋ္ဌီကာ)

ခန္ဓာဒယော အရဏန္တာ၊ ဃဘာဝေန ဓာတုယော။
ဓမ္မကထာဓိဋ္ဌာနေန၊ ဓာတုယော ဝုစ္စရေ ထဝိ။
တေသံ ကထနတော ယသာ၊ ဓာတုကထာတိ သညိတာ။

ယခင် ဝစနတ္ထကိုရည်ရွယ်ဆိုသော သာရတ္ထပဋ္ဌာသာ ဂါထာတည်း။

တနည်းကား "အတ္တနော သဘာဝံ ဓာရေန္တိတိ ဓာတုယော" ဟူသော ဝစနတ္ထ၏အရကို ဓာတ်တဆယ်ရှစ်ပါးယူ၍ "ဓာတူဟိ ကထာ ဓာတုကထာ" ဟု ဝိဂြိုဟ်ဆိုလေ၊ ဓာတူဟိ၊ ဓာတ်တို့ဖြင့်၊ ကထာ၊ ဟောရာ ဟောကြောင်းတည်း၊ ဓာတုကထာ၊ ဓာတ်တို့ဖြင့် ဟောရာဟောကြောင်း၊ ဤဝစနတ္ထအလိုသော် ခန္ဓာ, အာယတနတို့ဖြင့် ဟောသော ကျမ်းအစိတ်သည် ဓာတုကထာ မမည်ရာပြီလော ဟူငြားအုံ့။

ခန္ဓာ, အာယဘန, ဓာတ်သုံးပါးတို့တွင် ဓာတ်သာ မျှားသော အပြားရှိခြင်းကြောင့် မဟာဝိသယဖြစ်ရကား ဓာတ်ဖြင့်သာမှတ်၍ အ လုံး စုံ ကျမ်းအစိတ်ကို ခေါ်ဝေါ်သင့်လေသည် ဆိုလေ။

မဟာဝိသယာနံ ဓာတူနံ ဝသေန ဓာတူဟိ ကထာ ဓာတုကထာတိ ဝေမသာ နာမံ ဝုတ္တံ။(ဓာတုကထာဋီကာ)

တနည်းကား ဓာတုယာ သဘာဝေန ကထာ ဓာတုကထာ၊ ဓာတုယာ၊ ဃဘာဝေန၊ ပရမတ္ထသဘောအားဖြင့်၊ ကထာ၊ ဟောရာဟောကြောင်းတည်း၊ ဓာတုကထာ၊ကြောင်း၊ အဘိဓမ္မာ ခုနစ်ကျမ်းလုံးပင် ဓာတုကထာ မည်ရာသည် မဟုတ်တုံ့လော ဟူငြားအုံ့။

ဤကျမ်းတဆယ်လေးနယတို့၌ ခန္ဓာ အစ အရဏ အဆုံးရှိသောသဘောကို လွန်စွာဟောအပ်သောကြောင့် သာတိသယနည်းအားဖြင့် ဤကျမ်းသာ ဓာတုကထာ မည်သင့်၏ ဆိုလေ။

သော သဘာဝေါ ဓာတု၊ သာ ဓာတု ဣဓ သာတိသယံ ဒေသိတာစ၊ သဝိသေသံ ဓာတုယာ ကထနတော ဣဒံ ပကရဏံ ဓာတုကထာတိ ဝုတ္တံ။ (အနုဋီကာ)

ဥဒ္ဒေသ

"သင်္ဂီတေန သင်္ဂီတံ သင်္ဂီတံ"ဟုဟောတော်မူအပ်လျက် တတိယ ပုဒ်ကို ချေ၍ "သင်္ဂီတေန သင်္ဂီတံ" သာဟောတော်မူသည်၊ထိုကြောင့် ဖော်၍ ယောဇနာရသည်။(ဋီကာ)

တနည်းကား အာဝုတ္တိနည်း, သိလေသနည်း, ပဒီပနည်း, တန္တနန်း, ဘိန္နသတ္တိ သမဝေတနည်းအားဖြင့် "သင်္ဂီတေန သင်္ဂီတံ"ဟူသော ပါဠိ၌ "သင်္ဂီတံ"ဟူသောပုဒ်ကိုပင် နှစ်နက် ယောဇနာရသည်၊ "အာဝုတ္တိအာဒီနံ ဝသေန ဝါ အယမတ္ထော ဝေဒိတဗ္ဗော"ဟူသော အဋ္ဌဋီကာနှင့် အညီတည်း၊ "သမ္မယောဂေါ ဝိပ္ပယောဂေါ" မှတပါး"ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ"တိုင်အောင် နည်းတူ။

ဤသို့ နှစ်ချက်သုံးချက် ယောဇနာအပ်သောပုဒ်ကို ရတနာသာရ ကျမ်း၌ ဂေါဠကာဝုတ္တိနည်းဟူ၏။ လူတို့ကစားသော မုရည်းသည် တကြိမ် ခတ်သဖြင့် နှစ်ကြိမ် သုံးကြိမ် လည်သကဲ့သို့ တခုတည်းသောပါဠိဖြစ်လျက်နှစ်ချက်သုံးချက် အနက်ကိုပြသော နည်းဟူလိုသည်။

ဒုတိယ, တတိယ, ဇကာဒသမမှသည် စုဒ္ဒသမတိုင်အောင်သော ပုဒ်တို့၌ တဘိယာဝိဘတ်သည် ဝိသေသနတွင်ဖြစ်သည် "ဝိသေသနေစ"ဖြင့်သက်၊စတုတ္ထ, ပဉ္စမ၌ ကတ္တုတွင်ဖြစ်သည် "ကတ္တရိစ"ဖြင့် သက်လေ၊သတ္တမမှသည် ဒသမ တိုင်အောင်သောပုဒ်တို့၌ သဟတွင် ဖြစ်သည် "သဟာဒိယောဂေ စ"ဖြင့်သက်လေ။

နယမာတိကာ၌ တဆယ်လေးပဒ ဟူသည်ကား အကွရသမူဟပုဒ်, ပဒသမူဟပုဒ်ဟု ဆိုအပ်သော "သင်္ဂဟော အသင်္ဂဟော"စသည်ဝါကျကိုဆိုသည်။

သင်္ဂဟော တာ၀ ဇာတိ သဠာတိ ကြိယာ ဂဏန ဝသေန စတုဗ္ဗိဓော" ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဇာတိသင်္ဂဟ, သဠာတိသင်္ဂဟ, ကြိယာသင်္ဂဟ, ဂဏနသင်္ဂဟ ဟူသော သင်္ဂဟ ၄ ပါးတို့တွင် ဤအရာ၌ ဂဏနသင်္ဂဟဟုနည်း။

လက္ခဏာသော်ကား....

(က) ဇာတိတူပေါင်းသည်ကား ဇာတိသင်္ဂဟ။

(ခ) ဖြစ်ရာတူပေါင်းသည်ကား သဠာတိသင်္ဂဟ။

(ဂ) ကြိယာတူပေါင်းသည်ကား ကြိယာသင်္ဂဟ။

(ဃ) အရေအတွက်တူပေါင်းသည်ကား ဂဏနသင်္ဂဟမည်၏။

အဘိဓမ္မာတိကာ၌ တရားရှစ်ဆယ်.ငါးပဒ အရေအတွက်ကို ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါတဆယ်.နှစ်ပါးကိုသာ ယူ၊ အကြင်းမှာ အလုံးစုံကိုပင် ယူလေ၊ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့ကိုကား အသီးအင်္ဂါ မဟုတ်သောကြောင့် ၇ဆု, မရဏ၌ သွင်းရသည်။(ဋီကာ)

သောကာဒီနံ ၇ဆုမရဏံ ဝိယ အနိဋ္ဌတ္တာ တဿ်ဒါနဒုက္ခဘာဝေန စ ၇ဆုမရဏေ အန္တောဂဓတောယ ပဋိစ္စသမုပ္ပါဒဿ ဒ္ဝါဒ့သပဒ့တာ ဒဋ္ဌဗ္ဗာ။ (ဋီကာ)

ဤအရာတွင် နန်းကျောင်းနိသျှ၌ မဓုနှင့် မညီလေ၊ နိဒ္ဒေသပါဠိတော်၌ သတိပဋ္ဌာန်စသည်တွင် ဘေဒမပါ အဘေဒသာရှိသည်၊ယင်းသို့လျက် သတ္တိပဋ္ဌာန်စသည်ကို သရုပ်ဖော်၍ အဋ္ဌကထာဆရာ ယူခဲတော်မူသဖြင့် ဘေဒပြု၍ ဟောလိုသော်လည်း ဟောရ၏ဟု ပြတော်မူသည်။

"ဇော်ဘ စ ပါဠိယံ ဘိန္ဒိတ္ဝာ အဝိသဇ္ဇိတာနမ့ိ သတိပဋ္ဌာနာဒီနံ ဘိန္ဒိတ္ဝာ ဂဟဏံ ကရောန္တော တေသံ ဘိန္ဒိတ္ဝာပိ ဝိသဇ္ဇိတဗ္ဗတံ ဒသ္သေတိ" ဟူသော ဋီကာနှင့်အညီ။

ဖဿသတ္တကဲရာသိကို ဟောပြန်သည်ကား ဖဿ-စသည်မှာ အလုံးစုံသော စိတ္တုပ္ပာဒ်အား ဆက်ဆံသည်၊ အဓိမောက္ခသည် မိမိယှဉ်သော စိတ္တုပ္ပာဒ်အား ဆက်ဆံသည်၊ ထို့ကြောင့် ဟောပြန်သည်။

"ဖဿာဒယော ပနေတ္ထ သန္ဓိဋ္ဌာနဝေသေန ဝုတ္တစိတ္တုပ္ပာဒ သာဓာရ ဏ.ဝေသေန ဝုတ္တာ"ဟူသော အဋ္ဌကထာနှင့် အညီ။

နယ.မုခမာတိကာ၌"တိဟိ သင်္ဂဟော,တိဟိ အသင်္ဂဟော"သာ ဟောတော်မူသည်၊ သစ္စာ စသည်တို့ကိုကား ကရိုဏ်းမူသည်၏ အဖြစ်ဖြင့် အဘယ်ကြောင့် ဟောတော်မမူလေသနည်း ဟူငြားအုံ။

ခန္ဓာ, အာယတန, ဓာတ်ကဲ့သို့ သာဓာရဏ.မဖြစ်ရကား ကရိုဏ်းမူ၍ ဟောခြင်း၏ မဖြစ်သင့်သောကြောင့် ဟောတော်မမူလေသည်။

"ကသ္မာ ပနေတ္ထ သစ္စာဒယော သင်္ဂဟ.ဝေသေန နဝုတ္တာတိ တဏာ ဒေသနာယ အသမ္ဘဝတော"ဟူသော အနုဋီကာနှင့်အညီ။

"စတူဟိ ဝိပွယောဂေါ"သာ အဘယ်ကြောင့် ဟောတော်မူသနည်း၊ ရူပ်, နိဗ္ဗာန်တို့ဖြင့်လည်း ဝိပွယောဂဖြစ်သောကြောင့် "ဆဟိ ဝိပွယောဂေါ" ဟု မဟောကောင်းပါလော ဟူငြားအုံ၊ ရူပ်, နိဗ္ဗာန်တို့ဖြင့်ဖြစ်သော ဝိပွယောဂ၏လည်း နာမက္ခန္ဓာ ၄ ပါးတို့ဖြင့်သာ ဖြစ်သောကြောင့် မဟောလေသည်။

"ရူပနိဗ္ဗာနေဟိ ဘဝန္တ္ဌသာပိ စတူဟေဝ ဘာဝတော" ဟူသော ဋီကာနှင့်အညီ၊ ရူပ်သည် ရူပ်ချင်းလည်း ဝိပွယောဂမဖြစ်၊နိဗ္ဗာန်နှင့်လည်း ဝိပွယောဂမဖြစ်၊ နိဗ္ဗာန်လည်း ရူပ်နှင့် ဝိပွယောဂမဖြစ် မှတ်လေ၊

"သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ"ဟူသော ပါဠိကို အဘယ်ကြောင့် ဗာဟိရမာတိကာဟု ဆိုအပ်သနည်း၊ ဤကျမ်းဌပင် ဟောရကား အဘ္ဘန္တရပင် မည်သင့်၏တကား ဟူငြားအုံ၊ ဤကျမ်းဌပင် ဟောအပ်သော်လည်း ဓမ္မသင်္ဂဏီဟူသော ကျမ်းတပါးမှ ယူအပ်သောကြောင့် ဗာဟိရမာတိကာ မည်သင့်လေသည်၊ အဘ္ဘန္တရမမည်သင့်၊ ထိုကြောင့် အနုဋီကာ၌....

"ကာမဇ္ဇောတ္ထ မာတိကာဘာဝေန ဝုတ္တာ၊ ပကရဏန္တရဂတတ္တာ ပန အညတော ဂဟေတဗ္ဗရူပါ ဂ္ဂတော ဗဟိဘူတာ နာမ ဟောန္တိ"မိန့်ပြီ။

အဘ္ဘန္တရမာတိကာဖြင့် ခန္ဓာစသည်ကို ပြပြီးလျှင် ကုသိုလ်စသော တရားလည်း ခန္ဓာစသည်မှ အခြားမရှိသောကြောင့် မပြတန်ရာပြီ။ အဘယ်ကြောင့် ဗာဟိရ မာတိကာဖြင့် ပြပြန်လေသနည်း ဟူတုံအုံ၊ ထိုခန္ဓာ အစရှိသည် တို့ကို ကုသိုလ်စသည်ဖြင့် ဝေဘန်ခြင်း ဝိဘာဂကို ပြလိုသောကြောင့် ဗာဟိရ မာတိကာဖြင့် ပြပြန်လေသည်။

ထိုကြောင့် အနုဋီကာ၌ "ယထာဝုတ္တာနံ ခန္ဓာဒီနံ ကုသလာဒိဝိဘာဂဒဿနတ္ထံ သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာတိ ဝုတ္တံ" မိန့်ပြီ။

ဤတွင်ရှေ့ကား မာတိကာခက်ရပ် ပြီး၏။

၁-ပဌမနယ

"တိဟိ သင်္ခေါ, တိဟိ အသင်္ခေါ"ဟူသော နယမုခမာတိကာနှင့်အညီ "ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ"ဟူသော ပုစ္ဆာကို ဟောတော်မူသည်။

"သဘာဝေါ ဝိသဘာဝေါ"ဟူသော လက္ခဏာမှာတိကာနှင့်အညီ"ကေန ခန္ဓေန သင်္ဂဟိတော"စသော ဝိသဘဂနာကို ဟောတော်မူသည်၊ အဋ္ဌကထာနှင့် အညီ။

ကံနှင့် ကရိုင်းသည် "ဒတ္တေန ဝိဟိ လုနာတိ"စသော ပြဿုဂ်ခ္ခံကဲ့သို့အထူး ရှိမှုသာ ကံကရိုဏ်းဖြစ်လေကောင်းရကား"ရူပက္ခန္ဓော"ဟူသောကံသည် "ခန္ဓေ ဟိ အာယတနေဟိ ဓာတူဟိ" ဟူသော ကရိုဏ်းတို့နှင့် အသို့ထူးသနည်း ဟုကံအံ့။

"ရူပက္ခန္ဓော"ဟူသော ကံ၏အရသည် ရူပ်အဋ္ဌဝိသ၊ ကရိုဏ်းသုံးချက် အရ သည် ရူပက္ခန္ဓဘာဝ, အာယတနဘာဝ, ဓာတုဘာဝတည်း၊ တနည်းကား ရူပက္ခန္ဓသဒ္ဒါ, အာယတနသဒ္ဒါ, ဓာတုသဒ္ဒါတည်း၊ ဤသို့ ထူးပါ၏ဟူလေ။

"ရူပက္ခန္ဓဘာဝသင်္ခါတေန ရူပက္ခန္ဓဝစနသင်္ခါတေန ဝါ ဂဏဒနန သင်္ဂဟံ ဂဏနံ ဒသေတိ"ဟူသော ဋီကာနှင့်အညီ။

ဘာဝဟူသည်ကား အချင်းချင်းတူသည်၏ အဖြစ်ဟုဆိုအပ်သော သဘာဝ ဘည်း၊ တနည်းကား ရူပ္ပနလက္ခဏာတည်း၊ မဓုနှင့်အညီ။

ရှေးရှေးပုဒ်ကို မူလိအဘယ်ကြောင့် မသွတ်ရသနည်း ဟူငြားအံ့။

"ပုရိမေန ယောဇိယမာနေပိ ဝိသေသော နတ္ထိတိ ပစ္ဆိမေဟေ ယောဇေတွာ" ဟူသော ဋီကာနှင့် အညီ။

ရှေးမူမှ အထူးမရကောင်းသောကြောင့်တည်း၊ ယခုကာလ၌ မူလိသုတ်၍ ဟောစဉ်သည် ပါဠိ, အဋ္ဌကထာ,ဋီကာနှင့် မညီကြ၊ ယင်းသို့ မညီသော်လည်း ဒသာတုဇနတို့ အသိဉာဏ်ဖြင့်စိမ့်သည်ကို ဆရာတို့ ရည်ဟန်ရှိသည်၊နန်းကျောင်း ဘုရားမူကား ပါဠိ,အဋ္ဌကထာ,ဋီကာအစုသို့ လိုက်၍ဟောဏ်။

"အသင်္ခတံ ခန္ဓတော ဌပေတွာ"ဟု နိဗ္ဗာန်ကို ဆိုကြောင်းကား "ဘေဒါ ဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿိတ"ဟူသော သင်ဂြိုဟ်သရုပ်ကို မှီ၍သိလေ၊ "အဝိဇ္ဇာ ဇေကေန ခန္ဓေန" စသည်ကား ပါဠိတော် အဟောင်းမဟုတ်၊ နောက်ကာလမှထည့်သည့် ပါဠိဖြစ်သည်။

"သဗ္ဗဒေဝေသု ဝါ ကတ္ဝာ အဝိဇ္ဇာဝဏ္ဏစ္ဆဒေန အဝိဇ္ဇာဝိသဇ္ဇနံ ဒဿိတံ" ဟူ၍ ဋီကာဆရာ မိန့်သောကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၊ အဝိဇ္ဇာ ဝိုအဝိဇ္ဇာလျှင် အကြောင်းရှိကုန်သော သင်္ခါရဝို့ကို(ဤသို့ ယောဇနာ)၊ ဤသို့

အဝိဇ္ဇာ ပါအောင်သော်လည်း ဟောရာ၏၊ ဤအလိုသော် အလုတ္ထသမာသ် ဆိုသင့်၏။

အသည်ဘဝ, ကေဝေါကာရဘဝတို့၌ သရုပ်အလျောက် ဖောဋ္ဌမ္ဗ,ဂန္ဓ,ရသ တို့ကိုလည်း အာယတန, ဓာတ်ဖွဲ့အပ်လျက် ရူပါယတန, ရူပဓာတ်ဟူ၍ ဝဏ္ဏ ကိုသာ အဘယ်ကြောင့်ထုတ်၍ ဟောတော်မူလေသနည်း ဟူငြားအံ့။

ဖောဋ္ဌမ္ဗ,ဂန္ဓ,ရသတို့သည် အာရုံကိုစွဲ မဘပ်ကုန်၊ မိမိတို့ အာရမ္မဏိကလည်း မရှိကုန်၊ ထိုကြောင့် အာယဘန,ဓာတ် မထုတ်ဘဲ ဖောဋ္ဌမ္ဗ,ဂန္ဓ,ရသတို့ကိုသာ ဟောတော်မူလေသည်၊ဝဏ္ဏသာလျှင် တပြင်တည်းတည်သော ဝေဟပ္ပါလ်ပြဟ္မာ တို့ စက္ခုဝိညာဏ်ဝီထိစိတ်အား အာရုံကိစ္စတပ်သည် မိမိအာရမ္မဏိကလည်း ရှိ သည်၊ ထိုကြောင့်ရူပါယတန, ရူပဓာတ်ထုတ်၍ ဝဏ္ဏကိုသာ ဟောတော်မူလေ သည်ဟူလေ၊ ထိုကြောင့် အဋ္ဌကထာ၌....

"ကေတလဝါသိကာနဉ္စိ သေသပြဟ္မာနံ စက္ခုသဗ္ဗာဝတော တာသာရမ္မ ဏတ္တာ တတ္ထ ရူပါယတနံ ဥဒ္ဓဋ"မိန့်ပြီ။ (ရူပဘဝမျှားဌ်လည်း နည်းတူယူ လေ)

ဇာတိ, ဇရာ, မရဏာ၌ ရှင်၏ ဇာတိ, ဇရာ, မရဏာကို ရူပကွန္ဓာ၊ နာမ်၏ ဇာတိ,ဇရာ,မရဏာကို သင်္ခါရကွန္ဓာ ဖွဲ့ရသည်ဟု မှတ်၊ သို့သော် စိတ်,စေတသိက် ဟူခသာ နာမ်တရားအားလျော်စွာ နာမကွန္ဓာ ၄ ပါးလုံးပင် ဖွဲ့စကောင်းပါ သည် ဟူငြားအံ့။

ဇာတိ, ဇရာ, မရဏာတို့သည် အဝတ္ထာမျှဖြစ်၍ ကေန္ဒ ပရမတ္ထ မဟုတ်ကုန် ရကား ဝေဒိယန,သဉ္ဇာနန, ဝိဇာနနဟူသော ကေန္ဒ ပရမတ္ထကိစ္စဖြင့် မယူအပ် သည်ဖြစ်၍ အနေကန္တဖြစ်သော သင်္ခါရကိစ္စဖြင့်သာ ယူအပ်ကောင်းသော ကြောင့် သင်္ခါရကွန္ဓာဖွဲ့၍ ဟောတော်မူလေသည်၊ ထိုကြောင့် ဋီကာ၌....

"ဝေဒိယန သဉ္ဇာနန ဝိဇာနနေဟိ ကေန္ဒပရမတ္ထကိစ္စေဟိ အဂယှမာ နာနိ သင်္ခတာဘိသင်္ခရဏေန အနေကန္တပရမတ္ထကိစ္စေန ဂယှန္တိတိ သင်္ခါ ရကွန္ဓဓမ္မသဘာဝါနိ"မိန့်ပြီ။

အဘယ်ကြောင့် ခပ်သိမ်းသော အာယတန, ဓာတ်တို့၏ အဝတ္ထာ ဖြစ်ကုန် လျက် ဓမ္မာယတန, ဓမ္မဓာတ်ဖြင့်သာ ဖွဲ့လေသနည်း ဟူငြားအံ့။

ကေန္ဒ ပရမတ္ထကိစ္စဖြစ်သော စက္ခာယတန, စက္ခုဓာတ်စသည်ဖြင့် မယူအပ်

သည်ဖြစ်၍ နိဿတ္တဌအားဖြင့် ဓမ္မာယတန,ဓမ္မဓာတ်တို့ဖြင့် ရေတွက်အပ်သော ကြောင့်တည်း၊ ထိုကြောင့် ဌီကာ၌...

"တထာ ဒုဝိဓာနိပိ တာနိ စက္ခာယတနာ ဒိဟိ ကေန္ဒ်ပရုမတ္ထကိုစွေဟိအာဂယ္ဟ မာနာနိ နိဿတ္တဌေန ဓမ္မာယတန ဓမ္မဓာတူဟိ သဘာဝါနိ" မိန့်ပြီ။

(သတိပဋ္ဌာန်စသည်၌ ဘေဒလည်း ဟောလိုသော် ဟောရကြောင်းကို နောက်၌ဆိုခဲ့ပြီ။)

၂-ဒုတိယနယ

"စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ" တိုင်ရုံကား ဓမ္မုဒ္ဒါရတည်း၊ ဤ၌ "ခန္ဓသင်္ဂဟေန အာယတနသင်္ဂဟေန ဓာတုသင်္ဂဟေန" ဟု သာမန်သဒ္ဒါဖြစ်လျက် အနက်ဝိသေသကို အဘယ်ကြောင့် ယူသနည်း ဟု ငြားအံ့။

"သာမညဇောတနာယ ဝိသေသအဝဋ္ဌာနတော ဝိသေသတ္ထိနာ စ ဝိသေသဿ အနုယုဇ္ဇိတဗ္ဗတော"ဟူသော ပရိဘာသာနှင့်အညီ သာမညဇောတနာသည် ဝိသေသ၌ မှီခိုသောကြောင့် ဝိသေသကို လိုသူသည် ဝိသေသတ္ထကို ယှဉ်အပ်သောကြောင့်တည်း ဟူ၏။

ဒုတိယနယ၌ ခန္ဓာချင်းတူသည်ကား သဘာဝတည်း၊ ဤသို့ "သဘာဝေါ စိသသာဝေါ"ဟူသော လက္ခဏမာတိကာနှင့် ယှဉ်လေ။

၃-တတိယနယ

တတိယနယ၌ ဝေဒနာ,သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန် သည် ၅ ချက်တွင် ဟောပုဒ်အရကိုချ၍ စွဲရလေသည်။ ၅ ချက်ကိုသာစွဲ၍ ဟောရ သည်မှာ အာယတန,ဓာတ် တူသောအားဖြင့် သဘာဝဖြစ်သောကြောင့်တည်း။

"ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ"ဟူရာ၌ အဓိပ္ပာယ်ကား-

ခန္ဓာမတူ, အာယတန ဓာတ် တူ၏ ဟူလိုသည်၊ စင်စစ် ကတ္တားပြုပါရရှိ၍ ခန္ဓာဖြင့်မရေတွက်တတ်သည်၊ အာယတန,ဓာတ်ဖြင့် ရေတွက်တတ်သည် ဖြစ်သောကြောင့်ကား ဤသို့ ဟောတော်မူသည်မဟုတ်။

"သဘာဝဝက်ဝုတ္တိနံ၊ ဘေဒါ ဒ္ဒိဓာ အလံကြိယာ"ဟူ၍ အလက်ခ္ခ ဆိုသည့် သဘာဝဝုတ္တိ, ဝက်ဝုံကို ၂ ပါးတို့တွင် ဝက်ဝုံတို့တည်း။

၄-စတုတ္ထနယ

စတုတ္ထနယခ္ခ ကတ္တားပြန်၍ အာဘယ်ကြောင့် ဟောတော် မူသနည်း ဟူငြားအုံ့။ ဒုတိယနယ, တတိယနယတို့ခ္ခကဲ့သို့ သင်ဟိတ,အသင်ဟိတ တို့ ဖြင့် အထူးမမူအပ်၊ သင်ဟိတ သာမန်ဖြစ်သောကြောင့် ပဌမကတ္တားကို ဓမ္မဒ္ဒါရပြုတော်မူလို၍ ဟောတော်မူလေသည်၊ ဋ္ဌိကာနှင့်အညီ။

ဒုတိယ,တတိယတို့ခ္ခလည်း ကတ္တားပြန်လျှင် သဘောရသည်ပင်၊ သို့သော်လည်း သင်ဟိတ, အသင်ဟိတတို့ဖြင့် အထူးမှုအပ်လေပြီဖြစ်၍ နာဝိဘတ်သည် ဝိသေသနအနက်ခ္ခ ဖြစ်သည်အားလျော်စွာ ပြန်၍ဟောတော်မမူ၊ သင်ဟိတ သာမန်ဖြစ်၍ နံ့ဝိဘတ်သည် ကတ္တားအနက်ခ္ခ ဖြစ်သည်အားလျော်စွာ ပြန်၍ ဓဟောတော်မူသည်ဟူလို၊ ဤနယခ္ခ ခန္ဓာ,အာယတန, ဓာတ်တူသည်ကို စဲ့လေ။

မင်စိတ္တုပ္ပါဒ်ခ္ခရှိသော သမ္မာဒိဋ္ဌိ အစရှိသည်သာ မဂ္ဂကိုစွ ဝတ်သောကြောင့် မဂ္ဂသစ္စာခ္ခ သင်္ခါရကွန္ဓာ ငါးဆယ်ပင်စဲ့၊ ပညိန္ဒြေစသော သရုပ်မကုန်သောပုဒ်တို့ခ္ခ ဤအတူစဲ့လေ။

၅-ပဋ္ဌမနယ

ပဋ္ဌမနယခ္ခလည်း အသင်ဟိတ သာမန်ဖြစ်၍ ပဌမကတ္တားကိုဓမ္မဒ္ဒါရပြုလိုသောကြောင့် ကတ္တားပြန်၍ ဟောတော်မူလေသည်၊ ဤနယခ္ခ ခန္ဓာ, အာယတန, ဓာတ် အလျဉ်းမတူသော အစဲ့ခြောက်ချက်ကိုရှု၍ ယေသဒ္ဒါနှစ်ချက်ကိုစဲ့လေ။

ရူပကွန္ဓာခ္ခ ကတ္တားပြန်သည်ကာလ "တေဟိ ဓမ္မေဟိ,ထိုဝိညာဏ်တို့သည်၊ ယေ ဓမ္မာ၊ အကြင် ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, နိဗ္ဗာန်တို့ကို"ဟူ၍စဲ့။

"ပုန် တေန သဒ္ဓိ နိဗ္ဗာနေန စတ္တာရော ခန္ဓာ ခန္ဓာဒိသင်္ဂဟေန အသင်္ခတာ ဟိတာ"ဟူသော အဋ္ဌကထာနှင့် အညီ၊ တနည်းကား အကြင် ရူပကွန္ဓာတို့ကို စွဲ။

"ပုန် တေ ရူပဓမ္မာ ဝိညာဏေနေဝ တိဟိ သင်္ခေါဟိ အသင်္ခတာ" ဟူသော အဋ္ဌကထာ တဝိကပ်နှင့် အညီ။

"ဣတ္တ စ ပဋမနယေ ဝေဒနာဒယောပိ ဝိညာဏေန အသင်္ခတာတိ ဝုတ္တာ၊ ဒုတိယေ ရူပဓမ္မာ ဝါတိ အယံ ဝိသေသော"ဟူသော ဋီကာနှင့်အညီ။

ပဋမနည်း၌ ဝိသဘာဂ လက္ခဏာတူသော တရားတို့ကို ရှု၍ စွဲသည်၊ ဒုတိယနည်း၌ကား တိုက်ရိုက်ရှိသော ပဋမကတ္တားကို စွဲသည်၊ ဤကား အထူးတည်း၊ (ဤနည်းအတူ ရသင့်သည့်အရာ၌ နှစ်ချက်စီစွဲ၍ ဟောလေ)။

၆-ဆဋ္ဌနယ

ဆဋ္ဌနယ၌ ရူပကွန္ဓာသည် အစိတ်ရုပ်နှင့်ရင်း, နိဗ္ဗာန်နှင့်ရင်း သမ္မယုတ် မဖြစ်၊ နိဗ္ဗာန်သည်လည်း ရုပ်နှင့် သမ္မယုတ် မဖြစ်၊ ရုပ်သည် နာမကွန္ဓာ ၄ ပါးနှင့် သမ္မယုဟ် မဖြစ်၊ ထို့ကြောင့် "ရူပကွန္ဓာ ကတိဟိ ၊ပ၊ နတ္ထိ"ဟူ၍ ဟောတော်မူသည်။

အဘယ်ကြောင့် ရုပ်, နိဗ္ဗာန်တို့သည် ချင်းကို့ချင်း သမ္မယုတ်မဖြစ်သနည်း ဟူမူကား ကေဠာ၊ ကေနိမ္ပေ, ကောလမ္ဗာ, ကေဝတ္ထုကဟူသော သမ္မယောဂ လက္ခဏာ ၄ ပါးဟု ဆိုအပ်သော သဘာဝမရှိသောကြောင့်တည်း။

"သမ္မယောေ၊ါ နာမ နတ္ထိ ကေ၊ပ္ပာဒါဒိသဘာဝတာယ အဘာဝေ ဟော"ဟူသော ဋီကာနှင့်အညီ။

ရုပ်သည် အစိတ်ရုပ်နှင့်ရင်း, နိဗ္ဗာန်နှင့်ရင်း ဝိပ္ပယုတ်မဖြစ်၊ နိဗ္ဗာန်သည်လည်း ရုပ်နှင့် ဝိပ္ပယောဂ မဖြစ်၊ နာမကွန္ဓာ ၄ ပါးနှင့်သာ ဝိပ္ပယုတ် ဖြစ်၏၊ ထို့ကြောင့် "ရူပကွန္ဓာ စတူဟိ ခန္ဓေဟိ" စသည်ကို ဟောတော်မူသည်။

ဘာဝယ်ကြောင့် ရုပ်, နိဗ္ဗာန်တို့သည် ချင်းတို့ချင်း ဝိပ္ပယုတ် မဖြစ်သနည်း ဟူမူကား ယခင် သမ္မယောဂ လက္ခဏာ ၄ ပါး မရှိသောကြောင့်ပင်တည်း။

"သာ ဝေ ကေ၊ပ္ပာဒါဒိဘာ ဝေတသဲ ဝိသဘာဂတာတိ တဒဘာဝေ"

ဟူသော ဋီကာနှင့်အညီ၊ တနည်းကား သမ္မယုတ်လောဟု ယုံမှားဘွယ်သောဘာ မရှိသောကြောင့်တည်း။

"ရူပံ ရူပေန နိဗ္ဗာနေန ဝါ ဝိပ္ပယုတ္တံ နဟောတိ၊ နိဗ္ဗာနံ ဝါ ရူပေန၊ ကသ္မာ၊ သမ္မယုတ္တန္တိ အနာသင်္ကနိယသဘာဝတ္တာ"ဟူသော အနုဋီကာနှင့် ဏည်။

"ကေနာယတနေန ဧကာယ ဓာတုယာ" ဟောလျှင် ပြီးကောင်းလျက် 'ကေဟိစိ'အဘယ်ကြောင့် ဟောတော်မူပြန်သနည်း ဟူငြားအုံ၊ သာမညဖြစ်၍ သရုပ်ဝိုသေသ ထင်စိမ့်သောငှာ ဟောတော်မူသည် ဟူလို။

သမုဒယသစ္စာစသော သင်္ခါရကွန္ဓာ ရသည့်ပုဒ်၊ ဣဒ္ဓိပါဒ်စသော သင်္ခါရကွန္ဓာနှင့် ရောသည့်ပုဒ်တို့၌ "ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္မယုတ္တံ" ဟူ၍ ခန္ဓာနှင့်တကွ 'ကေဟိစိ' ထုတ်ရသည်မှတ်လေ။

အဘယ်ကြောင့် 'ကေဟိစိ' ထုတ်ရသနည်း ဟူမူကား တူသောသန္တာန်, တူသောကာလ၌ ဖြစ်ထိုက်၍ အစိတ်အထူးမှ ခွဲဝေကောင်းသောကြောင့် သမ္မယောဂ ဝိပ္ပယောဂ ရှုကား 'ဧကေန' စသည်ဖြင့် 'ကေဟိစိ' သမ္မယုတ် ဝိပ္ပယုတ်ထုတ်ပြန်ရသည်။

သုခိန္ဒြေ စသည်၌ ကြင်းသော ဝေဒနာအစိတ်ကိုရည်၍ "ဧကေန ခန္ဓေန" စသည်ဖြင့်ရင်း, စက္ခုဝိညာဏဓာတ် စသည်၌လည်း ကြင်းသော ဝိညာဏဓာတ်ကိုရည်၍ "ဧကေန ခန္ဓေန" စသည်ဖြင့်ရင်း ဝိပ္ပယုတ် ထုတ်ကောင်း၏တကား ဟူငြားအုံ၊ ဝေဒနာကွန္ဓာ,ဝိညာဏကွန္ဓာတို့သည် တခုသောသန္တာန်ဝယ် တကာလတည်း၌ တပါးစီသာ ဖြစ်ကုန်သောကြောင့် ယင်းကဲ့သို့ မထုတ်အပ် ဟူရာ၏၊ ထို့ကြောင့် ဋီကာ၌....

"ဘိန္နကာလသမုဒ္ဒါယာ ဧဝ ပန ဝေဒနာသညာဝိညာဏကွန္ဓာ ဝတ္တမာနာ စ ဧကေကဓမ္မာ ဧဝ၊ တသ္မာ တေသံ သမာနကာလဿ ဝိဘဇိတဗ္ဗဿ အဘာဝတော" မိန့်ပြီ။

ဓာတ်ကို ဝိညာဉ်၌ ဝိပ္ပယုတ် ထုတ်ရသည်ကား ဓာတ်ဝိပ္ပယုတ်ဖြစ်သောကြောင့်တည်း။

သမုဒယသစ္စာ၌ သမ္မယုတ်တို့ကို "တိဟိ ခန္ဓေဟိ" ဆိုသကဲ့သို့ သမ္မယုတ်

လောဘမူစိတ္တုပ္ပာဒ်မှ ကြင်းသောခန္ဓာကို "တိဟိ ခန္ဓေဟိ" ဝိပွယုတ်ထုတ်ကောင်းသည် မဟုတ်လော ဟူငြားအုံ၊ သမာနုကာလ မရှိ၍ မဝေဖန်အပ်သော တရား တို့နှင့် ဝိုပ္ပယုတ်ဆိုခြင်း၏ မသင့်သောကြောင့် မထုတ်ရဟူလေ။

ထို့ကြောင့် မူလဋီကာ၌ "အဝိဘာဝေဟိ တေဟိ ဝိပွယောဂဝစနဿ အယုတ္တတ္တာ" ဟူသော ဟိတ်ကို မိန့်ပြီ။

"ဇာတိ ဝိပွယောဂ ဘူမိ ကာလ သန္တာန ဝိပွယောဂတော စတုဗိဓော ဝိပွယောဂေါ" ဟူသော ဋီကာနှင့်အညီ ဇာတိဝိပွယုတ်, ဘူမိဝိပွယုတ်, ကာလ ဝိပွယုတ်, သန္တာန ဝိပွယုတ်ဟူ၍ ၄ ပါး အပြားရှိ၏၊ ထို ၄ ပါးစွဲတွင်....

(က) ကုသိုလ်စသည်နှင့် အကုသိုလ် စသည်ကား ဇာတ်ဝိပွယုတ်တည်း၊

(ခ) ကာမာဝစရစသည်နှင့် ရူပါဝစရစသည်ကား ဘူမိဝိပွယုတ်တည်း။

(ဂ) အတိတ်နှင့် အနာဂတ်စသည်ကား ကာလဝိပွယုတ်ဘည်း။

(ဃ) အဒ္ဓတ္တနှင့် ဗဟိဒ္ဓစသည်ကား သန္တာနဝိပွယုတ်တည်း။
(ဓာတုဝိပွယုတ်ကိုလည်း ကာလဝိပွယုတ်၌ သွင်းလေ။)

၂-သတ္တမနယ

သတ္တမနယ၌ ဆဋ္ဌနယ· သဘောကျမှ မြင်လွယ်မည်၊ ဆဋ္ဌနယအတိုင်း ဟောပုဒ်နှင့် သမ္မယုတ်ကိုထုတ်၊ ယင်းသည့် သမ္မယုတ်နှင့် ဝိပွယုတ် တရားကို လည်း ဆဋ္ဌအတိုင်းထုတ်၊ အစဲ့ပင်ရသော်လည်း ဝိပွယုတ်မရလျှင် မဒဟာ။

၈-အဋ္ဌမနယ

အဋ္ဌမနယ၌ကား ဓမ္မုဒ္ဓါရ ရလျှင်ပင် ဟောတော်မူသည်၊ မောဃပုစ္ဆာ ပဋ္ဌေ္ဓပဝိသေဇနာချည်း၊ ဆဋ္ဌနယကိုတတ်လျှင် လွယ်တော့သည်၊ ဒုက္ခသစ္စာနှင့် လောကုတ္တရာ စိတ္တုပ္ပာဒ်ကား ဘူမိဝိပွယုတ်ဘည်း၊ ရူပက္ခန္ဓာ၌ နိဗ္ဗာန်ကို၊ နိဗ္ဗာန်၌ ရူပက္ခန္ဓာကို ဝိပွယုတ် မထုတ်ရကြောင်းကား ဆဋ္ဌနယ၌ ဆိုခဲ့ပြီ၊ ပညိန္ဒြေအရ သည် လောကိသာဖြစ်သောကြောင့် လောကုတ္တရာကိုလည်း ဝိပွယုတ်ထုတ်ရ သည်၊ လောကုတ္တရာပညိန္ဒြေ ၃ ပါး၌ သမ္ပုစ္ဆည်းပိုင်းကို မှီ၍သိလေ။

ဘဝ၌ သည်ဧသော ၃ ပါး, ပဠုဝေါကာရစသော ၃ ပါး, ကာမစသော ၃ ပါးကို အချင်းချင်းလှည့်၍ စဉ်ရသည်ကား ဘူမိဝိပွယုတ်တည်း၊ ယင်းသို့ ဘူမိဝိပွယုတ်ပင်ဖြစ်ငြားသော်လည်း ရုပ်သည် ရုပ်ချင်း ဝိပွယောဂမဖြစ်သော ကြောင့် သည်ဘဝ၌ အသည်ဘဝကို ပဠုဝေါကာရဘဝ၌ ကေဝေါကာရ ဘဝကို မစဉ်ရ။

နေဝသည် နာသည်၌ အသည်ကို, စတုဝေါကာရ၌ ကေဝေါကာရကို စဉ်လို သော် စဉ်ရ၏၊ ရုပ်ကို စဉ်ပြီးဖြစ်၍သာ မစဉ်ကုန်သည်၊ ဘူမိဝိပွယုတ် မဖြစ်သော ကြောင့်မဟုတ်၊ စိတ် စေတသိက်ဖြစ်သောဟု မ,၍ စဉ်ရာမျှား၌လည်း ရုပ်သည် ချင်းတို့ချင်း ဝိပွယုတ်မဖြစ်သောကြောင့် ရုပ်ကို စင်စလိုရ် မ, သည်ဟု မှတ်လေ။

၉-နဝမမှ စုဒ္ဒသမ

နဝမ, ဒသမ, ကောဒသမ, ဒွါဒသမ, တေရသမ, စုဒ္ဒသမတို့၌ ဆိုပြီးသော နည်းကိုမှီ၍ သိကောင်းတော့သည်၊ ဆိုဘွယ်မရှိပြီ။

အချို့သော သဝိတက္က သဝိစာရစသောပုဒ်တို့၌ 'ကေဟိစိ'ဟူ၍ ဝိတက် စ သော တခုသော တရားကိုလျက် ဗဟုဝုဒ် ဟောတော်မူသည်ကား သန္ဓိကို မမှတ်အပ်သောကြောင့် ဟောတော်မူသတည်း၊ ထိုကြောင့် ဋီကာ၌....

"သဗ္ဗတ္ထ စ ဇကခမ္မေပိ ကေဟိစိတိ ဗဟုဝစနနိဒ္ဒေသော သန္ဓိယ အနိယမိတတ္တာ ကတောတိ ဝေဒိတဗ္ဗော"မိန့်ပြီ။

ဓာတုက်ထာဂဏ္ဌိ ပြီး၏။

၁၄-ဓာတုကထာ သံပေါက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ပဌမနယ

သစ္စာလေးဆင့်၊ ဥ ်အာရင့်၊ ပဋ္ဌာန်သည့် တို့မှန်ကင်း။

ခုနစ်ဝါမြောက်၊ ဘုန်းတော်တောက်၊ ရောင်ခြောက် တဝင်းဝင်း။

ကျမ်းဘိဓမ္မာ၊ ဒေသနာ၊ အောင်ချာ နိဗ္ဗုဿင်း။
သုံးကျမ်းမြောက်တွင်၊ ဓာတုဝင်၊ လွန်လျှင် ခဲခက်ယင်း။
ယေ-တေ စ့ဆို၊ ဟောပုဒ်ကို၊ မှာလို ဤအကျင်း။
ပဌမ၊ မခက်ခဲ၊ ဟောမြဲ မာတိကာ၊ ဝဝတ္ထာန်လည်း ရစေပါ။

၂-ဒုတိယနယ

ဝိဘင်သည်းတချို့၊ ရူပ်တချို့၊ ဟောဘို့ ဒုတိယဝ်။
စိတ်လုံးရူပ်လုံး၊ ရူပ်နာမ်လုံး၊ မသုံး ဤနယာ။
သြဠာရိကာ၊ ဟောသောခါ၊ သေသာ ရူပ်ကုန်စ့ဲ။
ရူပ်သုခုမာ၊ ဟောသောခါ၊ သြဠာရိကာ တွင်ရှိစ့ဲ။
သတ္တဝိညာဏ်၊ ဟောတ့ဲပြန်၊ ကြွင်းဆဝိညာဏ်အကုန်စ့ဲ။

၃-တတိယနယ

နည်းတတိယ၊ ဟောပုဒ်ပြ၊ ဓမ္မာယတန တစိတ်ထဲ၊ ခန္ဓာမှတ္ထုရာ ရှာရှိစ့ဲ။
ဝေဒနာ, သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန်ရရာ၊ ဟောသောခါ၊ချင်းတို့ ချင်းသာ လည်ရှိစ့ဲ! နည်းတတိယ မခက်ခဲ။

၄-စတုတ္ထနယ

ဝေဒနာတစိတ်, သင်္ခါရတစိတ်, သုခုမတစိတ်, သဒ္ဒတစိတ်ရရာ၊ ဟောသောခါ၊ နယာစတုတ္ထ၊ သုံးပါးလုံးတူရာ ယေ-စ့ဲကြ။

သုခဝေဒနာ၊ ဟောသောခါ၊ ကြွင်းဝေဒနာ ရှေ့ယေစ့ဲ၊ ဟောရင်း သုခဝေဒနာ စသည်ကား နောက်ယေစ့ဲ။

သမုဒယ၊ စသည် သင်္ခါရာ၊ ဟောတုံခါ၊ ကြွင်းသင်္ခါရကွန္ဓာ ရှေ့ ယေ စ့ဲ။ ဟောရင်း သမုဒယ စသည်ကား နောက် ယေ စ့ဲ။

ဗုတ္တိန္ဒြိယ၊ စသည်သုခုမာ၊ ဟောသောခါ၊ ကြွင်းသုခုမာ ရှေ့ ယေ စ့ဲ၊
သဒ္ဒတစိတ်ရဏု၊ ဟောသောခါ၊ ကြွင်းသဒ္ဒ ရှေ့ ယေ စ့ဲ။
နည်းစတုတ္ထာ၊ ဂမ္ဘီဏု၊ ဤခါ နန်းသိမ်းပ့ဲ။

၅-ပဉ္စမနယ

နည်း ပဉ္စမ၊ ဟော့ဘုဒ်ပြ၊ ဒုဟ ကင်းစေပါ။
ငါးခန္ဓာယေး၊ စုံမထွေး၊ တစ်, နှစ်, သုံး, လေး ရလေဏု။
ခန့်, အာမတူ၊ ဓာတ်မတူ၊ စ့ဲယူ ယေနှစ်ဖြာ။
ရူပကွန္ဓာ၊ ဟောသောခါ၊ ဝိညာဉ် ရှေ့ ယေ စ့ဲ။
ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်ကား နောက် ယေ စ့ဲ။
သြဠာရိကာ၊ ဟောသောခါ၊ ဝိညာဉ်, ဝေဒနာ, သညာ, သင်္ခါရ,
နိဗ္ဗာန်ကား ရှေ့ ယေ စ့ဲ။ ဟောရင်း သြဠာရိကရုပ်ကား နောက်ယေစ့ဲ။
သုခုမရုပ်ပါရဏု၊ ဟောသောခါ၊ ဝိညာဉ်ကိုသာ၊ ရှေ့ ယေ စ့ဲ။
ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်ကား နောက် ယေ စ့ဲ။
ဝေဒနာ, သညာ, သင်္ခါရ ထိုက်ဆု၊ ဟောသောခါ၊ သြဠာရိကဝိညာဉ်ကား
ရှေ့ ယေ စ့ဲ။ ဝေဒနာ, သညာ, သင်္ခါရ, ရုပ်, နိ ဗ္ဗာန်ကား နောက် ယေစ့ဲ။
ဝိညာဉ်ရဏု၊ ဟောသောခါ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,
နိဗ္ဗာန်ကား ရှေ့ ယေစ့ဲ။ ဟောရင်း ဝိညာဉ်ကား နောက် ယေ စ့ဲ။
နာမကွန္ဓာ ၄ ပါးရဏု၊ ဟောသောခါ၊ သြဠာရိကရုပ်ကား ရှေ့ ယေစ့ဲ။
ဟောရင်း နာမကွန္ဓာ ၄ ပါးကား နောက်ယေစ့ဲ။
နည်းပဉ္စမာ၊ ဂမ္ဘီဏု၊ ဤခါ ဘိသိက်ပ့ဲ။

၆-ဆဋ္ဌနယ

ငါးခန္ဓာယေး၊ မစုံထွေး၊ ဟောရေး ဆဋ္ဌမှာ။
ယှဉ် မယှဉ်သင့်၊ ထောက်ရှုချင့်၊ ဟော့သင့် ပုဒ်တိုင်းသာ။

ရူပက္ခန္ဓာ၊ ဟောသောခါ၊ သမ္မယုတ်မှာ နတ္ထိထုတ်၊ နာမက္ခန္ဓာ ၄ ပါး စိတ်, အာယတန, ဓာတ်တို့ကား ရှေ့ဝိပွယုတ်၊ စေတသိက်, အာယတန, ဓာတ်တို့ကား နောက် ဝိပွယုတ်။

ဝေဒနာ,သညာ,သင်္ခါရ ထိုက်ရာ၊ ဟောသောခါ၊ နာမ္မက္ခန္ဓာ ၃ ပါး၊ စိတ်, အာယတန, ဓာတ်တို့ကား ရှေ့သမ္မယုတ်၊ အချို့ သင်္ခါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်တို့ကား နောက်သမ္မယုတ်၊ ဩဋ္ဌာရိကရူပ်ကား ရှေ့ဝိပွယုတ်၊ သုခုမရူပ်, နိဗ္ဗာန်ကား နောက် ဝိပွယုတ်။

ဝိညာဉ်ထိုက်ရာ၊ဟောသောခါ၊ ကြွင်းနာမက္ခန္ဓာ ၃ပါးကား ရှေ့သမ္မယုတ်၊ စေတသိက်, ဓမ္မာယတန, ဓမ္မဓာတ်တို့ကား နောက်သမ္မယုတ်၊ ဩဋ္ဌာရိကရူပ်ကား ရှေ့ဝိပွယုတ်၊ သုခုမရူပ်, နိဗ္ဗာန်ကား နောက်ဝိပွယုတ်။

နာမက္ခန္ဓာ၊ ဟောသောခါ၊ သမ္မယုတ်မှာ နတ္ထိထုတ်၊ ဩဋ္ဌာရိကရူပ်ကား ရှေ့ဝိပွယုတ်၊ သုခုမရူပ် နိဗ္ဗာန်ကား နောက်ဝိပွယုတ်။

နိဗ္ဗာန်နှင့်ရူပ်၊ ရူပ်ချင်းရူပ်၊ သမ္မယုတ် ဝိပွယုတ် မဆိုသင့်။

သတ္တဝိညာဉ် သူတို့ချင်းနှင့်၊ ငါး ဝေဒနာ သူတို့ချင်းလည်း၊ အချင်းချင်း သမ္မယုတ် ဝိပွယုတ် မဆိုသင့်။

ပေ့ဌလိနက်နဲ၊ ဆဋ္ဌခဲ၊ ကြဲ့ကြ့ကုန်လင့်။

၇-သတ္တမနယ

သတ္တမနည်းဝယ်၊ ကျွဉ်းမှတ်ဖွယ်၊ အလွယ်မခက်ခဲ။
နာမက္ခန္ဓာ၊ ထဲတွင်သာ၊ ယှဉ်ရာ ရှေ့ယေ့ဲ။
မယှဉ်သည့်နာမ်၊ ရူပ် နိဗ္ဗာန်၊ အမှန် နောက် ယေ့ဲ။

၈-အဌမနယ

ဝိပွယုံတ်သာ၊ ရလေရာ၊ ဟောပါ အဌမ။
ရူပ်ထိုက်လေရာ၊ ဟောသောခါ၊ နာမ့ကွန္ဓာ ရှေ့ ယေစ့ဲ။
ဝေဒနာ, သညာ, သင်္ခါရကွန္ဓာ၊ ဟောသောခါ၊ ရူပ်နိဗ္ဗာန်သာ ရှေ့ယေဲ့။
သတ္တဝိညာဏ်၊ ဇေကာံ၊ ဟောပြန် ဤသို့မှတ်။
ကြွင်းသတ်ဝိညာဏ်၊ ရူပ်နိဗ္ဗာန်၊ အမှန်စဲ့သတတ်။
သောဘနယှဉ်ရာ၊ ဟောပြန်ခါ၊ အသောဘနာ ရူပ်, နိဗ္ဗာန်ကိုဲ့။
အသောဘနယှဉ်ရာ၊ ဟောသောခါလည်း၊ ၎င်းနည်း။
နည်း ဆဌမာ၊ ဟောသည်မှာ၊ ဤခါ အောင်လံ ဝဲလတ်ပြီ။

၉-နဝမနယ

နဝမနည်းမှာ၊ ယေနှစ်ဖြာ၊ ပြန်ခါ လှန်ခါ လှည့်လည်စဲ့၊ သမ္မယုတ် ရမ့သာလဲ ဟောရမြဲ။

စေတသိက်ယှဉ်ဟန်၊ ဝဝတ္ထာန်၊ ပြန်လှန်ရှုရှု ကြေစေသော်။

---

၁၀ ဒသမနယ

ဒသမနည်းမှာ၊ ဟောပုဒ်လာ၊ ယူပါ ဆဌနည်းအတိုင်း။
ဝိပွယုတ်သာ၊ ရလေရာ၊ ခဲ့ပါဥာဏ်တသိုဏ်း၊
မယှဉ်သင့်ရာ၊ ယေ နှစ်ဖြာ၊ သင့်ရာ ဥာဏ်ဖြင့်ပိုင်း။

၁၁-ကောဒသမနယ

ကောဒသမ၊ ဟောနည်းပြ၊ စတုတ္ထနည်း တချက်တည်း။

၁၂-ဒွါဒသမနယ

ဒွါဒသမ၊ ယင်းနယ၊ နဝမနည်း တူမကွဲ။

၁၃-တေရသမနယ

ငါးခန္ဓာလုံး၊ စုံမသုံး၊ ဟောထုံး တေရသာ။
ပဋ္ဌမထဲ၊ ရှေ့ယေစ့်၊ အမြဲတူသည်သာ၊ နောက်မှုမလွဲဆု။

၁၄-စုဒ္ဒသမနယ

စုဒ္ဒသမ၊ ဟောနည်းပြု၊ အဌမနည်း တူလုံးစုံ။
ဃ-တေ အစ့်၊ မခက်ခဲ၊ ဟောမြဲ ခေါင်းမြီးခြုံ။

---

၀ ၀
နဂိုး

ဘဆယ့်လေးခွင်၊ ဓာတုဝင်၊ ဤတွင် နည်းမျိုးစုံလတ်ပြီ။
ဂူကျောင်း အကျော်၊ ဆရာတော်၊ စပ်ဖော်သံပေါက်ကုန်လတ်ပြီ။
ဓာတုကထာ သံပေါက် ပြီး၏။

၁၅-ဓာတုကထာ လက္ခဏာသာရ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝ ဇ, ဆ ဒ၊ နော နှင့် ဒ္ဓ၊ အဌ စုဒ္ဒသာ။

သင်္ခ်ာသရုပ်၊ ဟောပုဒ်ထုတ်၊ မယုတ်တူလှစွာ။

စဘုတ္ထနှင့်ကောဒသမ၊ ဆဌနှင့်ဒသမ၊ နဝမနှင့် ဒွါဒသမ၊ အဌမနှင့် စုဒ္ဒသမ ဤ အချင်းချင်း ဟောပုဒ်သင်္ခ်ာ တူကြသည် ဟူလို၊ ၎င်းသံပေါက်ကိုရှေးဦးစွာ မှတ်သား၊ မှတ်လွယ်သည်။ နောက်၌ တူ သည်ကို ညွှန်းခဲ့မည်။

စတု, ပဉ္စ၊ သတ်, နဝ၊ ဒသ ကတ္တားပြန်။

၁။ ပဌမနယမှာ မာတိကာ ခန္ဓာ, အာယတန, ဓာတ်ဖွဲ့အတိုင်း ကောက်လေ၊ မခက်ခဲ။

၂။ ဒုတိယနယမှာ ခန္ဓာတူ, အာယတနကွဲ, ဓာတ်ကွဲ၊ (တနည်း) ခန္ဓာ, အာယတနတူ, ဓာတ်ကွဲ အစဲ့ရသင့်သောပုဒ်မျှားကို ဟောရမည်၊ ယေ စဲ့သော အခါ ရူပ်ဖြစ်လျှင် ရူပ်ချင်း, နာမ်ဖြစ်လျှင် နာမ်ချင်းစဲ့၊ မခက်ခဲ၊ ၎င်း နယမှာ လက္ခဏာ ၂ ပါး။

၃။ တတိယနယမှာ ခန္ဓာကွဲ, အာယတနတူ, ဓာတ်တူအစဲ့ရသော ပုဒ်မျှားကို ဟောရမည်၊ ယေ စဲ့သောအခါ ဝေဒနာ, သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန်၊ ၎င်း ၅ ပုံ ၅ ချက်ကို လှည့်ကာစဲ့၊ မခက်ခဲ၊ လက္ခဏာ ၁ ပါးသာ။

၄။ စတုတ္ထနယမှာ ခန္ဓာ, အာယတန, ဓာတ် သုံးပါးလုံးတူ၊ အစုံရသော ပုဒ်မျှားကို ဟောရမည်၊ ၎င်း တရားစုကား ဝေဒနာတစိတ်, သင်္ခါရတစိတ်, သဒ္ဒာတစိတ်, သုခုမရူပ်တစိတ် ထိုက်သော တရားမျှား ဖြစ်သည်၊ ယေ စဲ့သောအခါ ဝေဒနာဖြစ်လျှင် ဝေဒနာချင်း၊ သင်္ခါရဖြစ်လျှင် သင်္ခါရချင်း၊ သဒ္ဒာဖြစ်လျှင်သဒ္ဒာချင်း၊ သုခုမရူပ်ဖြစ်လျှင် သုခုမရူပ်ချင်းစဲ့၊ မခက်ခဲ၊ လက္ခဏာ ၁ ပါးသာ။

၅။ ပဉ္စမနယမှာ ခန္ဓာ, အာယတန, ဓာတ် သုံးပါးလုံးကွဲ၊ အစဲ့ရသော ပုဒ်မျှားကိုဟောရမည်၊ ယေ စဲ့သောအခါ ရူပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဉ်, နိဗ္ဗာန်၊ ၎င်း ၆ ပုံ ၆ ချက်ကိုသတိပြု၍ ခန္ဓာစသည် အကွဲကိုလည်း နှလုံးပြု၍စဲ့၊ မခက်ခဲ၊ ယခင် ၆ ချက် ရူပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ ကတ္တားနေလျှင် ဝိညာဉ်တခုကိုသာ စဲ့နိုင်သည်၊ ဝိညာဉ်ကတ္တား နေလျှင် အကြွင်း ၅ ပုံကို အကုန်စဲ့လေ၊ ရူပ်တစိတ်, နာမကွန္ဓာ ၄ ပါးလုံးရသောပုဒ်မျှားမှာ အကွဲကိုသာ နှလုံးပြု၍စဲ့၊ မခက်ခဲ၊ နည်းမျှသာ ပြလိုက်သည်၊ လက္ခဏာ ၁ ပါးသာ၊ဆိုလတံ့သည်ကို ကျက်၍ထား။

ဒုမှာခန်တူ၊ ခန်အာတူနှင့်၊ တ,မူခန်ကွဲ၊ သုံးကွဲ ပဉ္စ၊ သုံး၀ အတူ၊
စတုံဟူ၊ မှတ်ယူလိုက္ခဏ အချုပ်ပြ။

၆။ ဆဋ္ဌနယမှာ ခန္ဓာ, အာယတန,ဓာတ်တို့နှင့် သမ္ပယုတ်မဖြစ်သော်လည်း အယုတ်ဆုံးအားဖြင့် ဓာတ်တပါးမျှနှင့် ဝိပ္ပယုတ် ဖြစ်သင့်လျှင် ၎င်း ပုဒ်မျှားကို ဟောသည်၊ ဓာတ်ဘပါးမျှနှင့်မှ ဝိပ္ပယုတ်မဖြစ်သောပုဒ်မျိုးကိုမဟော မြဲမြဲမှတ်၊

သမ္မယုတ် ဝိပ္ပယုတ်ပါသော နယတိုင်းမှာပင် ဝိပ္ပယုတ်သာ ပဓာနဖြစ်သည်၊ ဤဆိုလတ္တံ့.သောအကျဉ်းဆောင်ပုဒ်မျှားကို အရကျက်၍ ဆောင်ပါလေ။

ဘုံ, ကာ, ဇာတ်, သန်၊ ဤလေးတန်၊ မှတ်ရန် ဝိပ်အချုပ်။

ဘူမိဝိပ္ပယုတ်, ကာလဝိပ္ပယုတ်, ဇာတိဝိပ္ပယုတ်, သန္တာနဝိပ္ပယုတ် ၄ ပါး အခြုံပြုရှိသည်၊ သတရှုလေ ဟူလို။

၁။ နာမကွန္ဓာ၊ ချင်းချင်းရ၊ မှတ်ကြသမ္မယုတ်။

၂။ သမ္ဗယောဂ၊ လက္ခဏလေး၊ ညီတုံရေး၊ သိရေး သမ္မယုတ်။

၃။ နိဗ္ဗာန်နှင့်နာမ်၊ ရူပ်နှင့်နာမ်၊ ကေန် ဝိပ္ပယုတ်။

၄။ စိတ်ဓာတ် ခုနစ်၊ ချင်းချင်းဖြစ်၊ စင်စစ် ဝိပ္ပယုတ်။

၅။ နိဗ္ဗာန်နှင့်ရူပ်၊ ရူပ်ချင်းရူပ်၊ သမ္မယုတ် ဝိပ္ပယုတ် မဆိုရာ။

ဤလက္ခဏာတို့ကို မြဲမြဲမှတ်၍ဆို အတန်ရှုပ်ထွေးသည်၊ဤနယမှာရူပ်နှင့်နာမ်၊ နိဗ္ဗာန်နှင့်နာမ်ပေါ့၍ ခန္ဓာ,အာယတန,ဓာတ် အလုံးစုံရသောပုဒ်မျှားကိုမဟော၊ ဟောသော်လည်း ခန္ဓာ, အာယတန, ဓာတ် မကုန်၍ ဝိပ္ပယုတ်ဖြစ်သင့်သော ပုဒ်မျှားကိုသာ ဟော့သည်၊ ဥဒါဟရဏ်ကား-

"ရူပဘဝေါ ကတိဟိ သမ္မယုတ္တောတိ နတ္ထိ၊ ကတိဟိ ဝိပ္ပယုတ္တော၊ နေ ကေဟိစိ ခန္ဓေဟိ နေ ကေဟိစိ အာယတနေဟိ ဝိပ္ပယုတ္တော၊ တိဟိ ဓာတူဟိ ဝိပ္ပယုတ္တော" စသည်တည်း။

ရူပ်သက်သက် နာမ်သက်သက် နိဗ္ဗာန်သက်သက်နေမှုကား သာ၍ ဟောနိုင်တော့သည်၊ ဤနယနှင့် သတ္တမနယ, ဒသမနယ,ကောဒသမနယ, တေရသမနယ တို့ကား ခန္ဓာဒီ ဝိပ္ပယုတ် ခန္ဓာစသည် ဝိပ္ပယုတ်ဖြစ်မှဟောသည်၊ အဋ္ဌမနယနှင့် စုဒ္ဒသမနယတို့မှာကား ဓမ္မဝိပ္ပယုတ်, တာဏုဝိပ္ပယုတ်ဖြစ်နိုင်သမျှဟောသည်၊ဤသို့ထူးသည်ကို နှလုံးပြု ခက်ခဲသည်၊ နှစ်၍ကြံ၊ ၎င်း နယမှာ ခန္ဓာဒီ ဝိပ္ပယုတ်ဖြစ်ခြင်း လက္ခဏာ ၁ ပါးသာ။

၇။ သတ္တမနယမှာ သမ္မယုတ်ဖြစ်ထိုက်သော ပုဒ်တို့တွင် ဒုတိယ ယေ အရတရားနှင့် ဝိပ္ပယုတ်ဖြစ်ထိုက်သော ပုဒ်ကိုသာ ဟောသည်၊ သမ္မယုတ် ဖြစ်ကာမျှလည်း ဝိပ္ပယုတ်ဖြစ်ကာမျှလည်း နှစ်ပါးစုံဖြစ်ထိုက်မှ ဟောသည်၊ လိုရင်း ကျဉ်းကျဉ်းမှတ်၊ သမ္မယုတ်ဖြစ်ထိုက်ဆိုသည်ကား နာမကွန္ဓာ တစိတ်ရသောပုဒ်မျှားကို

ဆိုသည်၊ သမ္မယုတ်လက္ခဏာ ဝိပွယုတ်လက္ခဏာမှာ ဆဋ္ဌနယ အတိုင်းချည်းသာ ဖြစ်သည်၊ ၎င်းနယမှာ သမ္မယုတ်ဖြစ်ခြင်း, ခန္ဓာဒိဝိပွယုတ်ဖြစ်ခြင်း လက္ခဏာ ၂ ပါးတည်း။

၇။ အဋ္ဌမနယမှာ ဓမ္မဝိပွယုတ်ဖြစ်လျှင် ဟောတော့သည်၊ အထူးမှာ ဘဝကိုးပါးဖြစ်လျှင် သုံးပါးစီ အချင်းချင်း လှည့်ကာလှည့်ကာစဲ့၊ တိုက်ဖြင်လျှင် သုံးပုဒ်ထဲတွင် အချင်းချင်း, ဒုက်ဖြစ်လျှင် နှစ်ပုဒ်ထဲတွင် အချင်းချင်းစဲ့၊ မခက်ခဲ၊ ၎င်း နယမှာ ဓမ္မဝိပွယုတ်ဖြစ်ခြင်း လက္ခဏာ ၀ ပါးသာ။

၉။ နဝမနယ်မှာ သမ္မယုတ်ဖြစ်သင့်သမျှ အလုံးစုံဟောသည်၊ လွယ်လှ၏၊ စေတသိက်ယှဉ် အတိုင်းဖြစ်သည်၊ ၎င်း နယမှာ သမ္မယုတ်ဖြစ်ခြင်း လက္ခဏာ ၁ ပါးသာ။

၁၀။ ဒသမနယမှာလည်း ဆဋ္ဌနှင့် အတူတူပင်၊ ခန္ဓာဒိဝိပွယုတ် ဖြစ်ခြင်း လက္ခဏာ ၁ ပါး။

၁၁။ ကောဒသမနယမှာ ခန်, အာ, ဓာတ် သုံးပါးတူခြင်း, ဝိပွယုတ် ဖြစ်ခြင်း ဤလက္ခဏာ ၂ ပါးနှင့်ညီလျှင် ဟောသည်၊ လက္ခဏာ ၂ ပါး။

၁၂။ ဒွါဒသမနယမှာ နဝမနှင့် အတူတူပင်၊ သင်္ဂဟိတာ, အသင်္ဂဟိတာ ထည့်၍သာ ဟူးသည်၊ သမ္မယုတ်ဖြစ်ခြင်း လက္ခဏာ ၁ ပါးသာ။

၁၃။ တေရသမနယမှာ ခန်, အာ, ဓာတ်ကွဲခြင်း, ဝိပွယုတ်ဖြစ်ခြင်း ဤလက္ခဏာ ၂ ပါးနှင့်ညီလျှင် ဟော့သည်၊ ခန္ဓာ, အာယတန, ဓာတ် ကွဲရုံမျှ မဟော၊ ပဋ္ဌမမှာ ကွဲသမျှအကုန်ဟောသည်၊ လိုရင်းမှာ သြဠာရိကရူပ် စွဲရသောတရား၊ ဝိညာဏကွန္ဓာ စွဲရသောတရား၊ ဤနှစ်မျိုးကိုသာ ဤနယ၌ ဟောသည်၊ မြဲမြဲ မှတ်လေ၊ လက္ခဏာ ၂ ပါး။

၁၄။ စုဒ္ဒသမနယမှာကား အဋ္ဌမနှင့် လုံးလုံးတူ၏၊ သင်္ဂဟိတာ, အသင်္ဂဟိတာ နောက်ကထည့်ခြင်းသာ ထူး၏၊ ဓမ္မဝိပွယုတ်ဖြစ်ခြင်းလက္ခဏာ ၁ ပါးသာ။

အထူးမှာ ပဌမ, တတိယ, ပဋ္ဌမ, ဆဋ္ဌ, အဋ္ဌမ, ဒသမ, တေရသမ, စုဒ္ဒသမ ဤရှစ်နယတို့၌ ပရမတ္ထတရား လေးပါးလုံး ဟောပုဒ်ရသည်။

ဒုတိယ, စတုတ္ထ, ကောဒသမ, ဤသုံးနယတို့၌စိတ်, စေတသိက်, ရူပ် ၎င်းပရမတ္ထတရားသုံးပါးသာ ဟောပုဒ်ရသည်။

သတ္တမ, နဝမ, ဒွါဒသမ ဤ သုံးနယတို့၌ စိတ်, စေတသိက် ပရမတ္ထတရား နှစ်ပါးသာ ဟောပုဒ်ရသည်။

ဤအရာဝယ် မှတ်လွယ်စေဘို့ ကဗျာပျို့ကား ဤသို့တည်း-

ပ,တနှင့်ပဉ္စ၊ ဆ လျှင် အဋ္ဌ၊ စုဒ်, တေ, ဒမှာ၊ လေးဖြာရလတ်၊ သတ်, နဝ, ဒွါ၊ စိတ်, စေသာဖြစ်၊ တလစ် ဒု,စ၊ ကောဒဟူ၊ ဤ သုံးမူကား၊ လေးတရားတွင်၊ နိဗ္ဗာန် ကြဉ်ရ၊ ကြင်းလျှင် ဟောရ- မော်ကွန်းပြသည်....သိရလွယ်ဘို့ ကဗျာပျို့။

ဓာတုကထာ လက္ခဏသာရ ပြီး၏။

၁၆-ဓာတုကထာ တုတ်လှမ်းချီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဓာတုကထာ အချီးကို ဆိုပေအုံ

လေးသစ္စာ ဝုံအာပဉ်ဉ်လို့၊ ခုနှစ်ဆင့် မြောက်သည့်ဝါ။ တို့ဆရာ ကိုယ်တော် ဖျား၊ ဟောကြားသည့်စာ။ ခုနှစ်ဖြာ ဘိဓမ္မာမည်ဆန်းလို့၊ သုံးကျမ်းမြောက် သည်ကိုတော်၊ ဓာတ်ကျမ်းတွင်ခေါ်။ ဂမ္ဘီရနက်ကျော်သည်၊ သဘောတော် ခက်ခဲ။ ဥာဏ်နုသည့် စာသင်ငယ်မှာ၊ နားမဝင် မျောက်အုန်းရနဲ။

မြစ်ပင်လယ် ဗုဒ္ဓထဲမှာ၊ရှေနောက်လဲ့ မြောက်တောင်ဝေ။ မာလိန်မှူး အထင် မှားလို့၊ သဘော်ရှင် ကိုကုလားတို့၊ သွားခက်ကြပေ။ ကျိန်းသေတတ်သည့် ဖန်နတ်နေ၊ ရှေအိမ်မြောင်သူဟောက၊ ရှေနောက်လောဘယ်မကျန်၊ ပုဒ်-လေး ပစ်မှန်။ ဧကန်သိသည့် ပုံသဏ္ဌာန်လို့၊ အိမ်မြောင်တဖန် ဆိုဦးအုံ့လေး။

၁-ပဌမနယချီး

ပဌမ သူ့အသည်းမှာ၊ မှတ်ဖွယ်နှည်း မခက်ပါ။ မာတိကာ တထေဝ၊ ဟောကြလေရာ။

၂-ဒုတိယနယချီး

ဒုတိယ သူ့အချာမှာ၊ ရုပ်ခန္ဓာ တချိန်နှင့်၊ စိတ်တချို့ ရလေရာ၊ ပုဒ်ဟောရပါ။ ရုပ်ယေစဲ့ သူ့အမှာမှာ၊ တူ-ခန္ဓာ ဓာတ်,အာကဲ့လို၊ ရုပ်ထဲတွင် သူနှင့်သူ၊ မြဲမှုချယူ။ ဓာတ်သာကဲ့လို အကြင်းတူ၊ စိတ်-ယေ စဲ့မှ စိတ်ချင်းသာတည်လေး။

၃-တတိယနယချီး

ဓမ္မာယတန ချိုတဝက်ကိုမှ၊ ဟောချက်ကယ်ထွေလာ။ ဓာတ်,အာတူ ခန္ဓာ ပြားသည်၊ ဝေဒနာ,သညာများနှင့်၊ သင်္ခါရတရား သုခုမာ။ နိုဗ္ဗာန်ပါ ဆုတ်ချင်းပ၊ လှည့်လည်ကာ ပြန်ကာသွင်း၊ စဲ့ရင်းသေချာ။ နည်းတတိယ သူ့အလာကို၊ သပိတ်ခါ အိတ်ခါ ကုန်ကုန်ဖွင့်လို၊ ကရားနှင့် မှောက်သလို၊ ဟောလိုက်သကို။ ဂုံးအုပ်ကယ်တဲ့ ထဲမသိုသည်၊ သမားညို ကျိန်းခသတည်လေး။

၄-စတုတ္ထနယချီး

သဘော်ပါ အိမ်မြောင်ပြလိုက်မည်၊ မြဲမှတ်ကြ သေချာ။ ဝေဒနာ, သင်္ခါရနှင့်၊ သုခုမသဒ္ဒါ တစိတ်ရရာ။ သည့်နှယ်ပုဒ်ကိုမှ၊ ဟောဆုတ်ရပါ။ ယေနှစ်ဖြာ ယဉ်ဆန်းလို၊ စဲ့လမ်းမှာ သူနှင့်သူ၊ သုံးပါးလုံးတူ၊ သွတ်လဲလှယ်လို စဲ့ရင်းယူ၊ စ-ယေတူ ဖြေရှိုးမို့၊ နည်း ၄ မျိုး သူ့အကြံ၊ ပုံခြိမ့်ခြိမ့်ခံ။ ဒိမ်ခြောင်ပြ မသွေလှန်သည်၊ မြဲကေန် မှန်လွန်းလှလေး။

၅-ပဉ္စမနယချီး

ငါးခန္ဓာစုံမထွေးလို၊ ဘစ်,နှစ်,သုံး,လေးရကြရာ။ စိတ်,သုခုမာ ခံ့မနှောသည်၊ ပုဒ်ဟောရပါ။ ၃ ပါးလုံး မတူရာကို၊ ယေ ၂ ဖြာမှေ့ရှာစဲ့လို၊ မခက်ခဲပြေစရာ၊ စ-ယေ အလာ။ နည်းပဉ္စမ သူ့အချာကို၊ နိယောသာ ညွှန်းလိုက်ကဲ့လေး။

၆-ဆဋ္ဌနယချီး

ရုပ်,နိုဗ္ဗာန်,နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ။ ရုပ်,နိုဗ္ဗာန် နာမ်ပင်ရော ခသင်လည်း၊ ဝိပွဿနာရရာ။ ဖြစ်ချုပ်ကယ် တူစွာသည်၊ အာရုံပါ ပိုရာမျှပါလို့၊

ဇာတ်,ကာလ,ဘုံ,သန္တာန်၊ တူ ၄ ပါးနာမ်။ သမ္ပယုတ်ကယ် မြဲကေန်သည်၊မူချ မှန် တော်လွန်းလုလေး။

ရူပ်,နိဗ္ဗာန်,နာမ်သဘောနှင့်၊ ဝိပွဿယာ ကေန်ယူ။ နာမ်ခန္ဓာ တူကတဲကို၊ ဘုံ,သန္တာန်,ကာလကဲ့လို့,ဇာတိလဲ မပြိုင်မူ။မှိုအာရုံ တူမဟုတ်သည်၊ဖြစ်ချုပ်မတူ၊ သည်နာမ်စုမှာ ဝိပွယုတ်ယူ။ ရူပ်ချင်းထို့တူ နိဗ္ဗာနနှင့်၊ ရူပကွန္ဓ သဘာဝ၏။ ဝေဒနာ-ဝေဒနာချင်း၊ သူ့ဝိညာဉ်-ဝိညာဉ်ချင်း၊ လျှင်းမရရှု။ သင်္ခါရမှာ သနှင့်သာ၊သဘောနှစ်ဖြာ ဆံမနှောသည့်၊ သမ္ပယောဂ ကေဟိစံမှာ၊ စေတသိခံ ရသမျှနှင့်၊ ဝိပွယောဂ ကေဟိစံမှာ၊ ရူပ်,နိဗ္ဗာန်,နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊ စေတသိက်ကိုယူ။ နာမ်ရသည့် ပုဒ်ကမူ၊ ဓမ္မခာတ်တူ ရူပ်,နိဗ္ဗာန် ဘည့်လေး။

၂-သတ္တမနယချိုး

စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္ပယုတ်စုက်သည့် ပုဒ်အနေ။သတ်ဝိညာဉ် ဧကေကောရယ်နှင့်၊ နိဿယံ သမ္ပယောသည်၊ စေတသိခံ သည်သဘောကိုမှ၊ သဗ္ဗညာဏ် ရှင်ပင်ဂေါ၊ ဟော့ပြခဲ့ပေ။နည်းသတ္တမေ၊ သတ်ဝိညာဉ် ဧကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစားကွက်ကျန်။ သည့်နှယ်ပုဒ် ဗေတသိခံကို၊ စိန္ဒေယျ ရှောင်ကင်းလို့၊ စဲ့ရင်းနှင့် သမ္ပယုတ်ကို၊ ယေ-တေ အလို။ ဒုတိယ ယေ,တေ ကိုမူ၊ ဝိပွယုတ်ဆို မြဲမသွေရှင့်လေး။

၈-အဋ္ဌမနယချိုး

ရူပ်,နိဗ္ဗာန်,နာမ်သက်သက်နှင့်၊ နာမ်ရောရှက် ဝိပွယုတ္တံ။ ကေဝလံ နာမ်ကို စဲ့သော်လဲ၊ သမ္ပယုဘ္ဘံ သူတို့ထဲက၊ 'နိဿယံ အကုန်စဲ့ကိုမှ၊ ဟောမြဲကေန်။ အဋ္ဌမနည်း သူ့အကြံမှာ၊ ဝိပွယုတ္တံ ယေစဲ့လို့၊မခက်ခဲ ဖြေစရာ၊ နတ္ထိချည်းပါ။ နည်းမောဃ သည်ပုစ္ဆာမှာ၊ သမ္ပယုတ်ရရှာ ဟောဘူးရှင့်လေး။

၉-နဝမနယချိုး

နဝမမှာ နာမ်တခု၊ ဟောရန်ဘို့ ပုံသေ။ ယေ-နှစ်တန် သမ္ပယုတ်ထဲက၊ လှည့်လည်ကာ ပြန်လှန်စဲ့၊ မြဲလှမသွေ။ စ-ယေစဲ့ သူ့အနေမှာ၊ စိတ်သေသေ

ခန္ဓာရနှင့်၊ ဓာတ်,အာယတနဖွဲ့ခါ၊ ဖြေရိုးကျမ်းလာ။ နည်းနဝမ သူ့အချာမှာ၊ ယုန်ထင်ကာ ကြောင်မမှတ်ပါနှင့်၊ရာပြတ်လို ကုန်ကုန်သိမ်းပါတော့၊ ကျိန်းသေ သဘော။

၁၀-ဒသမနယချီး

ပွေရှင်လိမ် နည်းဆယ်ဝမှာ၊ ခက်စရာ့ စုပုံ။ နည်းဆဋ္ဌ ဟောရန်ပုဒ်ကိုကဲ့၊ ဟောထုတ် အကုန်။ ယေ-နှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံ ဝိပွယုတ်စဲ့လို့၊ စ-ယေစဲ့ ရရာမှာ၊ ဖြေမြဲမမှတာ။ သည်နယ မှတ်စရာမှာ၊ ငယ်နိုင်ပါ ခေါင်းမြီးခြုံ တည့်လေး။

၁၁-ကောဒသမနယချီး

ကောဒသမ ဟောရန်ပုဒ်မှာ၊ စတုတ္ထနည်း တူသုံးစုံ။ ယေစဲ့ပါ ရက်ခါသဲ့၊ ရှိမဲ့ချက်ကုန်။ ဆဋ္ဌနည်း ဖြေပုံမှာ၊ချိန်အာရုံ ဥာဏ်သင့်လို့၊ တရားမင်းမိန့်တော်မှာ၊ ဖြေရိုးက-လာ။ ညှာတ၀-သီးတရာကို၊ လည်ကိုင်ကာ ဆုပ်လိုက်ကဲ့လေး။

၁၂-ဒွါဒသမနယချီး

ဆဲ့နှစ်တန် သူ့မူလမှာ၊ နည်းနဝမ တူလုံးစုံ။ ယေစဲ့ပါ တူမလွတ်သည်၊ ချတ်စွပ်သည့်ပုံ။ သန္ဓိဌာန် မြဲကြည်ယုံသည်၊ ဖြေပုံမှာ ပဌမနှင့်၊ ယှင်းမခ ထွေ လာ၊ မိုးကြိုးပစ်စာ။ ခြေသိမ်းခေါင်းပိုက် သူ့အမှာမှာ၊မှတ်ဖွယ်ရာ လွယ်လွန်း လှလေး။

၁၃-တေရသမနယချီး

ပဌမ ဟောဟန်ပုဒ်က၊ သြဇဋ္ဌာရုပ် စဲ့ရာ။ ရှေ့ယေမှာ ဝိညာဉ်စဲ့ ဗာဝီသ၊ဟော ကြရသည်။ ယေ စဲ့မှ သူ့စိတ်ရည်မှာ၊ နည်းငါးမည် တူမခ့လို့၊ ဆဋ္ဌနည်း ဖြေ သလို၊ ဟောရသ.ကို။ တေရသမ သူ့အဆိုမှာ၊ လွယ်မလို ခက်လွန်းလှလေး။

၁၄-စုဒ္ဒသမနယချိုး

စုဒ္ဒသမ ဟောရန်နည်းမှာ၊ အဌမနည်း တူလုံးစုံ။ယေ စ္ဓပါ တူအသွေးသည့်၊ မြှောမွှေးသည့်ပုံ။ ဖြေရန်ဘို့ တွေ့ကြုံလျှင်၊ ပဌမပုံ စိတ်ဇောနှင့်၊ သူ.သဘောသွေ့ မလှန်၊ မြေလက်ခတ်မှန်။ သိန်းလေးသောင်း နက်စံကို၊ လက်ရှည်ဘက် ခွာလှစ်လို့ ၊ အနှစ်ကယ် မြေဆီကို၊ ပေးဌသလို။ စာသင်ပျိုနှ များလူဗိုလ်ကို၊ နှစ်ဆီကို ကျေးလိုက်ကဲ့လေး။

နိုဂုံး

ထောင်ရာကျော် ရှစ်ဆယ်စေ.လို့ ၊ ငါးခုပြည့် သက္ကရာ။ လ-အာသာဠှခတ္တာ ပွင့်လို့ ၊ ဆန်းပုဏ္ဏာ နဝါသင့်၊ ကျားမင့်ရက်မှာ။ ဆယ့်ကိုးရှာ့ မဇ္ဈာမှာ၊သညာ တော် ယဉ်ဆန်းလို့ ၊ တုတ်လှမ်း စိန္ဒေယျော်၊ သုံးလူ.မျက်ဖျော်၊ သမိပုပစာ ရော်သည်၊ နာမံတော် တင်သီးနှင့်၊ တိုက်ကြီး ဝိဟာနေ၊ မျိုးမြတ်မဟေ။ ရှေ့ လမင်း ပုံမသွေ့သည်၊ ထက်ညာကြေ မည်ထူးနှင့်၊ နှစ်ဦးစုံသာသနာ၊ ပွဲခြိမ့်ခြိမ့် ညာ၊ သူငယ်ဘို့ မှတ်လွယ်သာအောင်၊ စာအိမ်မြှောင် ညွှန်းလိုက်ကဲ့လေး။

စာအိမ်မြှောင် သူညွှန်းလို့၊ ထောင့်ယွန်း ကေ့.မလည်။ ဟုတ်တိုင်းမှန်ဓိပ္ပါယ် ရ၊ များသိကြသည်။ သည်ကုသိုလ် ထူးသည်ကို၊ နိဗ္ဗာ။ပြည် ရှေနန်းသို့၊ မဂ် လမ်းတော် မှန်မမှားရအောင်၊ ရောက်ရစေသား။

ရတနာပုရ အင်းဝရွှေမြို့တော်ကြီး၏ အနောက်တောင်ဘက် တာ ၄၀၀၀ခန့် ကွာသော တုတ်လှမ်းစေတီတော်၏အနီး ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေ တော်မူသော အသျှင် စန္ဒမာလာ အမည်တော်သာလှသော တုတ်လှမ်းဆရာ တော်ဘုရားကြီးသည် သက္ကရာဇ် ၁၁၀၅-ခု ဝါဆိုလဆန်း ၉ ရက် တနင်းလာ နေ့ စပ်ဆိုသီကုံ:အပ်သော-

ဓာတုကထာ တွဲတ်လှမ်းချိုး ပြီး၏။

၁၇-စာတွေ့ကထာ တုတိယလွှမ်းချိုး အပြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ပဌမနယချိုး အပြေ

ပဌမ သူ့အသည်းမှာ ၊ပ၊ ဟောကြလေရာ။

ၦင်းအချိုး အရကား မာတိကာ၌ ခန္ဓာ, အာယတန, ဓာတ် ဟဲ့သည့်အတိုင်း တိက်ကုန် ဒုက်ကုန် ဟောလေဟု ဆိုလေသည်။

၂-ဒုတိယနယချိုး အပြေ

ဒုတ္ထိယ သူ့အချာမှာ ၊ပ၊ စိတ်ချင်းသာတည့်**လေး**။

အဓိပ္ပာယ်ကား ဤဒုတိယနယ၌ ဟောအပ်သောပုဒ်သည် အဇ္ဈာရမာတိကာ, ဗာဟိရမာတိကာ၌ ရုပ်ကိုရသောပုဒ် စိတ်ကိုရသောပုဒ်တို့ကိုသာ ဟောအပ်သည်၊ စေတသိက်ရသောပုဒ် နိဗ္ဗာန်ရသောပုဒ်တို့ကို မဟောဆပ်၊ ရုပ်နှင့်စိတ်ကိုပင် ဟော့ခြားသော်လည်း ရူပက္ခန္ဓာ စသော ရုပ်အကုန်ရသောပုဒ်၊ ဝိညာဏက္ခန္ဓာ, မနာယတန, မနိန္ဒြေ, စိတ္တာ ဓမ္မာ စသော စိတ်အကုန်ရသောပုဒ်တို့ကို မဟော။

စက္ခာယတန, စက္ခုဓာတ်, စက္ခုန္ဒြေ, အသညီဘဝ, သပ္ပဋိဃာ ဓမ္မာ စသော ရုပ်ထဲက ၁ ပါး ၂ ပါး စသော အစိတ်အစိတ်သာရသောပုဒ်, စက္ခုဝိညာဏဓာတ် စသော စိတ်ထဲက ၁ ပါး ၂ ပါး စသော စိတ်တချို့သာရသောပုဒ်တို့ကိုသာ ဤဒုတိယနယ၌ ဟောအပ်၏၊ ထို့ကြောင့် "ဒုတိယ သူ့အချာမှာ ၊ပ၊ ပုဒ်ဟောရပါ" ဟု ဟောပုဒ်ကို ပြတော်မူ၏။

ယေ စ ဒဲ့ တေ စ ဒဲ့သောအခါ၌ ရုပ်ကနေ၍ ယေ စ ဒဲ့လျှင် ရုပ်ထဲတွင်သာရှာ၍ စ ဒဲ့တဲ့သောကတ္တားပုဒ်နှင့် စ ဒဲ့အပ်သော ကံပုဒ်အရ တရား ၂ ပါး ခန္ဓာတူ၍ အာယတန, ဓာတ် ကဲ့အောင်စဲ့၊ စေတသိက်၌ မစဲ့အပ်။

စိတ်ကနေ၍ ယေ စ့ဲလျှင် စိတ်ထဲတွင်သာရှာ၍ စ့ဲတတ်သော ကတ္တားပုဒ်နှင့် စ့ဲအပ်သော ကံပုဒ်အရ တရား ၂ပါး ခန္ဓာ, အာယတနတူစေ၍ ဓာတ်ကဲ့အောင် စ့ဲ၊ ရူပ်, စေတသိက်ကို မစ့ဲအပ်၊ ထို့ကြောင့် "ရူပ်ယေစ့ဲ သူ့အမှာမှာ ၊ပ၊ စိတ်ချင်းသာတည့်လေး"ဟု ယေ စ့ဲ ဇေ စ့ဲကို ပြတော်မူသည်။

"ဘူ ခန္ဓာ ဓာတ်, အာ ကဲ့လို့"၌ ခန္ဓာတူ အာယတနကဲ့ ဓာတ်ကဲ့ ဆိုလိုသည်။ "ဓာတ်သာကဲ့၍ အကြင်းတူ" ၌ ဓာတ်သာကဲ့၍ ကြင်းသော ခန္ဓာ, အာယတနတူဝေ ဆိုလိုသည်၊ "ရူပ် ယေစ့ဲ သူ့အမှာမှာ ၊ပ၊ မြဲမှုချယူ" ဟူ သောစကားဖြင့် ရူပ်ယေက စ့ဲအပ်သောတရားကို ပြတော်မူ၏၊ "ဓာတ်သာကဲ့ လို့ အကြင်းတူ၊ စိတ် ယေစ့ဲမှ စိတ်ချင်းသာတည့်လေး" ဟူသော စကားဖြင့် ဒိတ် ယေက စ့ဲအပ်သောတရားကို ပြတော်မူ၏။

ဒုတိယနယ၌ "သင်ဟိတေန အသင်ဟိတံ" ဟူသော ပုဒ်၌ "သင်ဟိတေန အသင်ဟိတံ အသင်ဟိတံ" ဟု ဆိုလိုလျက် "အသင်ဟိတံ" တပုဒ်ကို ချေ၍ "သင်ဟိတေန အသင်တိတံ"ဟု ဟောတော်မူလေသည်၊ 'သင်ဟိတေန"ဟူသော ပဌမပုဒ်ဖြင့် စ့ဲတတ်သော ကတ္တားပုဒ်အရ တရားနှင့် စ့ဲအပ်သော ကံပုဒ် အရ တရား ၂ ပါး ခန္ဓာတူသည်၏ အဖြစ်၊ ခန္ဓာ, အာယတနတူသည်၏ အဖြစ်ကိုပြ အပ်၏၊ "အသင်ဟိတံ"ဟူသော ဒုတိယပုဒ်ဖြင့် စ့ဲတတ်သော ကတ္တားပုဒ်အရ ဘရားနှင့် စ့ဲအပ်သော ကံပုဒ်အရတရား ၂ ပါး အာယတန, ဓာတ်ကဲ့သည်၏ အဖြစ်ကို ပြအပ်၏၊ ကျေလေသော "အသင်ဟိတံ" ဟူသော တတိယပုဒ်ဖြင့် ယေစ့ဲ တေ စ့ဲ၍ ရအပ်သော တရားတို့၏ ခန္ဓာ, အာယတန, ဓာတ် မရေတွက် အပ်သည်၏ အဖြစ်ကို ပြအပ်၏။

တနည်းကား ကျေလေသော"အသင်ဟိတံ"ဟူသောပုဒ်ဖြင့် ယေစ့ဲ တေ စ့ဲ ၍ ရအပ်သောတရားတို့၏ပုစ္ဆာ ဝိဿဇ္ဇနာကို ဆိုအပ်၏၊ ဥဒါန်းဂါထာကို နှုတ် တက်ရအောင်ဆောင်၍ ဥဒါန်းဂါထာတွင်ပါသော တရားအတိုင်းသာ စစ်၍ ဟောလေ၊ စက္ခုဝယတန, စက္ခုဝိညာဏဓာတ်တို့က ယေ စ့ဲ တေ စ့ဲပုံကို ဆိုခဲ့ပြီး သော အဓိပ္ပာယ်နှင့် တိုက်ရိုက်ပြလေ။

၃-တတိယနယချိုးအဖြေ

မြှောယတန ချို့တဝက်ကိုမှ ၊ပ၊ ကျိန်းသေတည့်လေး။

အဓိပ္ပာယ်ကား တတိယနယ၌ ဟောအပ်သောပုဒ်သည် အဘွဲ့ဆန္ဒရမှာတို့ကာ,

ဗာဟိရမာတိကာ၌ ဓမ္မာယတန, ဓမ္မဓာတ် ထိုက်သော ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ စသော ဓမ္မာယတန အစ်တ်အစိတ်အချို့သာရသောပုဒ်၊ "ဟေတု ဓမ္မာ" စသော ဓမ္မာယတနအချို့ ရသောပုဒ်တို့ကိုသာ ဟောအပ်၏၊ ဓမ္မာယတန ထိုက်သော အလုံးစုံသော စေတသိက်, သုခုမရူပ်တို့ကို တပေါင်းတည်း "ဓမ္မာယတနေန ယေ ဓမ္မာ" စသည်ဖြင့် မဟောအပ်၊ ထို့ကြောင့် ဓမ္မာယတန ထိုက်သော အချို့သာ ဖြစ်သော ပုဒ်တို့ကိုပြလိုရှိ "ဓမ္မာယတန ချို့တဝက်ကိုမှ၊ ဟောချက်ကယ်ထွေလာ" ဟု ဆိုတော်မူလေသည်၊ ယေ စ ဝေ ဒနာသာအခါ၌ ဓမ္မာယတနထိုက်သော ဝေဒနာ, သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန် တရား ၅ ပါးကိုသာ စွဲအပ်၏။

ထို ၅ ပါးတို့တွင်လည်း ဝေဒနာဟောပုဒ်ဖြစ်၍ စွဲတတ်သောကတ္တားအရက နေအံ့ ကြွင်းသော သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန်တို့၌၊ သညာ ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန်၌၊ သင်္ခါရ ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ, သညာ, သုခုမရူပ်, နိဗ္ဗာန်၌၊ သုခုမရူပ် ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်၌၊ နိဗ္ဗာန်ကနေ၍ ယေ စွဲအံ့ ကြွင်းသော ဝေဒနာ, သညာ, သင်္ခါရ, သုခုမရူပ်၌၊ စေတသိက်ကနေ၍ ယေ စွဲအံ့ ကြွင်းသော သုခုမရူပ်, နိဗ္ဗာန်၌၊ သင်္ခါရ, သုခုမရူပ်ကနေ၍ ယေ စွဲအံ့ ကြွင်းသော ဝေဒနာ, သညာ, နိဗ္ဗာန်၌၊ ခန္ဓာမတူ, အာယတနတူ, ဓာတ်တူ ဖြစ်အောင် အချင်းချင်း ဖလှယ်သွတ်သွင်း၍ စွဲအပ်ကုန်၏။

ထို့ကြောင့် "ဓာတ်, အာတူ ခန္ဓာပြားသည့် ၊ပ၊ စွဲရင်းသေချာ" ဟု ယေ စွဲအပ်သည်၏အဖြစ်ကို ပြတော်မူ၏။ "ဓာတ်, အာတူ ခန္ဓာပြားသည့်" ၌ ခန္ဓာပြား၍ အာယတနတူ, ဓာတ်တူ ဆိုလိုသည်၊ ဝါစာသိလိဋ္ဌဖြစ်အောင် "ဓာတ်, အာတူ ခန္ဓာပြားသည့်" ဟု ဆိုလေသည်။

ဤတတိယနည်း၌လည်း "အသင်ဟိတေန သင်ဟိတံ သင်ဟိတံ" ဟုဆိုလိုလျက် "သင်ဟိတံ" တပုဒ်ချေ၍ "အသင်ဟိတေန သင်ဟိတံ" ဟု ဆိုလေသည်၊ "အသင်ဟိတေန" ဟူသော ပဌမပုဒ်ဖြင့် ကတ္တားအရတရားနှင့် ကံအရတရား ခန္ဓာမတူကြသည်၏ အဖြစ်ကို ပြအပ်၏၊ "သင်ဟိတံ" ဟူသော ဒုတိယပုဒ်ဖြင့် ကတ္တားအရတရားနှင့် ကံအရ တရား အာယတန, ဓာတ်တူကြသည်၏ အဖြစ်ကို ပြအပ်၏၊ ကျေလေသော "သင်ဟိတံ" ဟူသော တတိယပုဒ်ဖြင့် ယေစွဲ တေစွဲ၍ ရအပ်သော တရား၌ ရေတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ်တို့ကို ပုစ္ဆာ ဝိဿဇ္ဇနာပြုအပ်၏၊ ဤ၌လည်း ဥဒါန်းဂါထာအတိုင်း စစ်၍ ဟောလေ၊ ဝေဒနာကွန္ဓာ,

သညာကွန္ဓာ, သမုဒယသစ္စာ, နိုရောဓသစ္စာ, ဇီဝိတိန္ဒြေ, စေတသိကဓမ္မ,ဂုတ္တိန္ဒြေ စသောပုဒ်တို့က ယေ စ ဲ တေ စ ဲပုံကို ဆိုခဲ့ပြီးသော အဓိပ္ပာယ်နှင့် တိုက်၍ ပြောလေ။

စတုတ္ထနယချိုး အဖြေ

သဘော်ဝပါ အိမ်မြှောင် ပြလိုက်မည် ၊ပ၊ မြဲကေန် မှန်လွန်းလှလေး။

အဓိပ္ပာယ်ကား ဤ စတုတ္ထနယ၌ ဟောအပ်သောပုဒ်တို့သည် အဘိဓမ္မာတိကာ, ဗာဟိရမာတိကာ၌ တစိတ်သာဖြစ်သော ဝေဒနာ, သင်ခါရ, သုခုမရူပ်, သဒ္ဒ တို့တည်း၊ အဘယ်သို့ တစိတ်ဖြစ်သနည်း၊ ဝေဒနာ စေတသိက် တခုတည်းဖြစ်လျက် အနုဘဝန, ဂ္ဂဟဏိယဘေဒတို့၏အစွမ်းဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာဟု တစိတ် တစိတ်ဖြစ်၏။

သင်ခါရသည်လည်း သမုဒယသစ္စာ, မဂ္ဂသစ္စာ, သတိုဝေဒနာ, အဝိဇ္ဇာ, သင်ခါရ, ဟေတု အစရှိသည်တို့၏အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်၏။

သုခုမရူပ်သည်လည်း ဂုတ္တိန္ဒြေ စသည်တို့၏အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်၏။

သဒ္ဒသည်လည်း ဒေါသမူဒ္ဓေကြောင့်ဖြစ်သော ဝိပလ္လာသ စိတ္တဇ ပရိဒေဝ သဒ္ဒ၊ ဒေါသမူဒ္ဓ, အရူပဝိပါက် ၄၃ ခု, ဒွေပဉ္စဝိညာဉ်တဆယ်, ရဟန္တာတို့ စုတိစိတ်ကြဉ်သော ၇၃ ခုသော စိတ်တို့ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒ၊ မိုးသံ ဝမ်းရုပ်သံစသော ဥတုကြောင့်ဖြစ်သော ဥတုဇသဒ္ဒတို့၏ အစွမ်းဖြင့် တစိတ် တစိတ်ဖြစ်၏၊ ထိုသို့ တစိတ်တစိတ်ဖြစ်သော ပုဒ်တို့ကိုသာ ဟောအင်၏။ အလုံးစုံသော ဝေဒနာကွန္ဓာ, သုခုမရူပ် သောဋ္ဌသ, စေတသိက် ဒွေပညာသ, သဒ္ဒါယတန, သဒ္ဒဓာတ်တို့ကို မဟောအပ်။

ထို့ကြောင့် "ဝေဒနာ, သင်ခါရနှင့် ၊ပ၊ ဟောထုတ်ရပါ"ဟု ဟောပုဒ်ကိုပြတော်မူ၏၊ ထို ဟောပုဒ်သည် အကျဉ်းဖြစ်လျက် အကျယ်ကို မြင်လွယ်၍ သဘော်ဝ၌ပါသော အိမ်မြှောင်သဖွယ်ဖြစ်လေရကား "သဘော်ဝပါ အိမ်မြှောင် ပြလိုက်မည်၊ မြဲမှတ်ကြသေချေ"ဟု ဥပမာစကားဖြင့် ပြတော်မူ၏၊ ယေ စ ဲ တေ စ ဲသောအခါ၌ ပဌမ ယေကို ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံးတူအောင်၊ တစိတ်တခုသားဖြစ်သော ဝေဒနာ, သင်ခါရ, သုခုမရူပ်, သဒ္ဒက ယေ ဲ့ကို ကြွင်းအစိတ်ဖြစ်သော ဝေဒနာ, သင်ခါရ, သုခုမရူပ်, သဒ္ဒ တို့ကို စ ဲတတ်

သော ကတ္တားတရားနှင့် စဲ့အပ်သော ကံပုဒ်အရတရားသည် ဝေဒနာ, ဝေဒနာ ချင်း၊ သညာ, သညာချင်း၊ သုခုမရူပ်, သုခုမရူပ်ချင်း၊ သဒ္ဒ, သဒ္ဒချင်း ဖြစ်၍ ခန္ဓာတူ, အာယတနတူ, ဓာတ်တူ ဖြစ်၏။

ဒုတိယယေကိုကားပဌမယေစ့ဲ၍ရအပ်သော ကံပုဒ်အရတရားကို ကတ္တားပြု၍ စဲ့တတ်သောတရားကိုထား၍ ပဌမကတ္တားအရ တရားကို စဲ့အပ်သော ကံပုဒ်ပြု၍ စဲ့ရင်းဖြစ်သော ကတ္တား၏အရဖြစ်သောတရားကို လည်၍ ပြန်လှန်ကာ စဲ့အပ်၏၊ စဲ့ဟန်ကား-

သမုဒယသစ္စာကို စဲ့တတ်သော ကတ္တားပုဒ်ထား၍ သမုဒယသစ္စာမှ တပါး သောသင်္ခါရကွန္ဓာ ၄၉ ခုကိုစဲ့အပ်သော ကံပုဒ်ထား၍ ခန္ဓာ, အာယတန,ဓာတ် ၃ ပါးလုံးတူအောင် ပဌမ ယေစ့ဲပြီးလျှင် သင်္ခါရကွန္ဓာ ၄၉ ခုကို တဖန် ကတ္တား ပြု၍ ဒုတိယယေကိုစဲ့ရင်းဖြစ်သော သမုဒယသစ္စာသို့လည်၍ ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံးတူအောင်စဲ့ပြန်ရာ၏၊ ဖြေသောအခါ၌ စ-ယေအတိုင်းရေတွက် သော ခန္ဓာ, အာယတန, ဓာတ်ဘို့ကို ရေတွတ်အပ်သောအတိုင်း ဖြေ။

ထို့ကြောင့် "ယေ-နှစ်ဖြာ ယဉ်ဆန်းလို့ ၊ပ၊ စ-ယေတူ ဖြေရှိုးမို့" ဟု ယေ နှစ်ဖြာ စဲ့အပ်သည်၏အဖြစ်ကို ပြတော်မူ၏၊ "စဲ့လမ်းမှာ သူနှင့်သူ" ဟူသော စကား၌ တစိတ်ဖြစ်သော ဝေဒနာ,ဝေဒနာချင်း၊ သင်္ခါရ,သင်္ခါရချင်း၊ သုခုမ ရူပ်,သုခုမရူပ်ချင်း၊ သဒ္ဒ,သဒ္ဒချင်း၊ အချင်းချင်းသာ ယေစဲ့အပ်သည် ဟူလိုသည်၊ "သုံးပါးလုံးတူ" ဟူရာ၌ ခန္ဓာ,အာယတန,ဓာတ် ၃ပါးလုံးတူဟူလိုသည်၊ "သွတ် လဲလှယ်လို့ ၊ စဲ့ရင်းယူ" ၌ ပဌမ ယေစဲ့သော ကံပုဒ်အရတရားကို ကတ္တားအတွင်း သို့ သွတ်ပြန် သွင်းပြန် ထားပြန်၍ စဲ့ရင်းဖြစ်သောတရားကိုပင် ဒုတိယယေစဲ့အရ ထားဟူလိုသည်၊ "စ-ယေတူ ဖြေရှိုးမို့" ဟူသော စကား၌ ဤ စတုတ္ထနယ၌ လည်း ကျေလေသော "သင်ဟိတံ" ဟူသော ပုဒ်ဖြင့် ပုစ္ဆာပြုသော အခါ ဝိဿဇ္ဇနာကို အစစဲ့ခဲ့သော ယေ-၌ "သင်ဟိတံ" အတိုင်းဖြေ ဟူလိုသည်။

ဤနယ၌လည်း "သင်ဟိတေန သင်ဟိတံ သင်ဟိတံ" ဟု ဆိုလိုလျက် "သင် ဟိတံ" တပုဒ်ကိုခေါ်၍ "သင်ဟိတေန သင်ဟိတံ" ဟု ဆိုလေသည်၊ ပဌမ "သင် ဟိတေန" ဟူသော ပုဒ်ဖြင့် ပဌမ ယေ-၌ စဲ့တတ်သော တရားနှင့် စဲ့အပ်သော တရား ခန္ဓာ,အာယတန, ဓာတ် ၃ ပါးလုံး တူသည်၏အဖြစ်ကို ပြအပ်၏၊ "သင် ဟိတံ" ဟူသော ဒုတိယပုဒ်ဖြင့် ဒုတိယ ယေ-၌ စဲ့တတ်သောတရား စဲ့အပ်သော တရားတို့၏ ခန္ဓာ,အာယတန,ဓာတ် ၃ ပါးလုံး တူသည်၏ အဖြစ်ကို ပြအပ်၏၊

ကျေလေသော "သင်ဟိတံ" ဟူသောပုဒ်ဖြင့် ဒုတိယ ယေ-အရ ဖြစ်သောတရား၌ "တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်ဟိဘာ" အစ ရှိသည်ဖြင့် ပုစ္ဆာ ဝိဿဇ္ဇနာကို ထုတ်အပ်၏။ ဥဒါန်းဂါထာကို အရဆောင်၍ ၎င်းဂါထာအတိုင်း စစ်၍ဟောလေ။

၅-ပဋ္ဌမနယချိုးအဖြေ

ငါးခန္ဓာ စုံမထွေးလို့ ၊ပ၊ နိုသေသာ ညွှန်းလိုက်ကဲ့လေး။

အဓိပ္ပာယ်ကား ဤပဋ္ဌမနယ၌ ဟောအပ်သော ပုဒ်သည်ကား အဗ္ဘန္တရမာတိကာ ဗာဟိရမာတိကာတည်း၊ ၎င်းတို့၌ ခန္ဓာ ၁ ပါးသာ ရသောပုဒ်၊ ခန္ဓာ ၂ ပါးသာရသောပုဒ်၊ ခန္ဓာ ၃ ပါးသာရသောပုဒ်၊ ခန္ဓာ ၄ ပါးသာ ရသောပုဒ်တို့တည်း၊ ဒုက္ခသစ္စာ, ကာမဘဝ, အဗျာကတ စသော ခန္ဓာ ၅ ပါးလုံးရသော ပုဒ်တို့ကို မဟောအပ်၊ ထို့ကြောင့် "ငါးခန္ဓာ စုံမထွေးလို့ ၊ပ၊ ပုဒ်ဟောရပါ" ဟု ဟောပုဒ်ကို ပြတော်မူ၏။

"စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ" ဟူသော စကား၌ ယေစ့-တေစ့သောအခါ ယေနှစ်ပါးလုံး၏ အရဖြစ်သော တရား၌ စိတ်နှင့် သုခုမရုပ်တဲ့လို့မနေ၊ စိတ်နှင့် သုခုမရုပ် အဆက်ဆံ၊ စိတ်က ကတ္တားနေလျှင် သုခုမရုပ်က ကံနေ၏ သုခုမရုပ်က ကတ္တားနေလျှင် စိတ်က ကံနေ၏၊ တပေါင်းတည်း မဖြစ်နိုင်၊ ထိုသို့ တပေါင်းတည်း မဖြစ်နိုင်၍ စာသင်သားတို့အား ယေစ့-တေစ့ ရဲရဲဥာဏ်ပိုင်စေခြင်းငှာ "စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရုံပါ" ဟူသောစကားကို ဆိုတော်မူပြန်လေသတည်း။

ရူပက္ခန္ဓာက နေ၍ ယေ-စ့လျှင် ဝိညာဏက္ခန္ဓာကိုစ့၊ သို့မှသာလျှင် စ့တတ်သောတရားများနှင့် စ့အပ်သောတရား ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံး မတူမည်၊ ဝေဒနာ, သညာ, သင်္ခါရတို့ကိုစ့လျှင် သုခုမရုပ်နှင့် ခန္ဓာမညီသော်လည်း ဓမ္မာယတန,ဓမ္မဓာတ်၌ ညီကုန်၏၊ ရူပက္ခန္ဓာကား စ့တတ်သော ကတ္တားပုဒ်တည်း၊ ဝိညာဏက္ခန္ဓာကား စ့အပ်သော ကံပုဒ်တည်း။

ဒုတိယ ယေ-စ့သော အခါ၌ တဖန် ကံပုဒ်ဖြစ်သော ဝိညာဏက္ခန္ဓာကို ကတ္တားထားပြန်၍ ထိုဝိညာဏက္ခန္ဓာနှင့် ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံး မဘူအောင် အလုံးစုံသော ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, နိဗ္ဗာန်ကိုပြန်၍ ထို

ဒုတိယ ယေအရ ရူပ်,ဝေဒနာ,သညာ,သင်္ခါရ,နိဗ္ဗာန်ကို အာဘယ်ခန္ဓာ, အာဘယ် အာယတန, အာဘယ်ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်းဟု ပုစ္ဆာပြု၊ ဝိဿဇ္ဇနာ ပြုသောအခါ၌ ဒုတိယ ယေ-စွဲသောအခါ စွဲတတ်သောကတ္တားပုဒ်၊ ပဌမ ယေ စွဲသောအခါ ပဌမ ယေ အရ စွဲအပ်သော ကံပုဒ်အရ တရားတို့၌ အကျုံးဝင် ခန္ဓာ, အာယတန,ဓာတ်ဖွဲ့သော အတိုင်း ဖြေ၊ ပဋ္ဌမနယ၌ ဒုတိယ ယေ စွဲပြန် သောအခါ စွဲရင်းတရားကိုဌင်း, စွဲရင်းမှ တပါးသော တရားကိုဌင်း ပြန်ကုန် သည်၊ စတုတ္ထနယ၌မူကား စွဲရင်းတွင်သာ ဒုတိယ ယေ ကိုပြန်လေသည်၊ ရူပ်၌ ဩဠာရိကရူပ်, သုခုမရူပ်ကိုဌင်း၊ စိတ်,ဝေဒနာ,သင်္ခါရ,နိဗ္ဗာန်ကိုဌင်း ထိုတရား တို့၌ ခန္ဓာ,အာယတန,ဓာတ်မည်အောင် နှလုံးထား၍ စွဲလေ။

"၃ ပါးလုံး မတူရာကို၊ ယေနှစ်ပြာ ဖွဲ့ရှာစွဲလို့" ဟူသော စကား၌ ပဌမ ယေ စွဲသော အခါ၌လည်း ကတ္တားပုဒ်နှင့် ကံပုဒ်အရ တရား ခန္ဓာ, အာယ တန, ဓာတ် ၃ ပါးလုံး မတူအောင်၊ ဒုတိယ ယေ စွဲသော အခါ၌လည်း ၎င်းနည်း ၃ ပါးလုံး မတူအောင်စွဲ ဟူလိုသည်။

"မခက်ခဲဖြေစရာ၊ စ-ယေအလာ" ဟူသော စကား၌ ဒုတိယ ယေ-အရ တရား၌ အသင်ဟိတနယဖြစ်၍ မရေတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ် တို့ကို ပုစ္ဆာပြုသောအခါ ပဌမ ယေ-အရတရား၌ အကျုံးဝင်သော ခန္ဓာ, အာယတန,ဓာတ်ရှိသောအတိုင်း ဖြေ ဟူလိုသည်။

ဤနယ၌လည်း"သင်ဟိတံ"တပုဒ်ကျေသည်၊ ပဌမ ယေ စွဲသောအခါ စွဲတတ် စွဲအပ်သော တရား ၂ ပါး ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံး မတူသည်၏ အဖြစ်ကိုပြအပ်၏၊ ဒုတိယ"အသင်ဟိတံ"ဟူသောပုဒ်ဖြင့် ဒုတိယ ယေ စွဲသော အခါ ကံ, ကတ္တား ၂ ပါးသည် ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံးမတူသည် ၏အဖြစ်ကို ပြအပ်၏၊ ကျေလေသော "အသင်ဟိတံ" ဟူသောပုဒ်ဖြင့် ဒုတိယ ယေ အရတရား၌ ပုစ္ဆာ ဝိဿဇ္ဇနာ ပြုအပ်၏။

၆-ဆဋ္ဌနယချိုး အဖြေ

ရူပ်, နိဗ္ဗာန်, နာမ် သက်သက်နှင့် ၊၀၊ မုချမှန် တော်လွန်းလှလေး။
ရူပ်, နိဗ္ဗာန်, နာမ် သဘောနှင့် ၊၀၊ ရူပ်, နိဗ္ဗာန်တည်ပြီးလေး။

ဤ ဆဋ္ဌနယဋ္ဌ ခက်ခဲ နက်နဲသော အဝိပွာယ်ကို သိလွယ်စေခြင်းငှာ မှတ်ပုံကို ရေးလိုက်အုံ့။

ရူပ်နှင့်နိဗ္ဗာန်သည် သမ္မယုတ်လည်း မဟုတ်၊ ဝိပွယုတ်လည်း မဟုတ်၊
ရူပ်-ရူပ်ချင်း သမ္မယုတ်လည်း မဟုတ်၊ ဝိပွယုတ်လည်း မဟုတ်။
ဝေဒနာ-ဝေဒနာချင်း သမ္မယုတ်လည်း မဟုတ်၊ ဝိပွယုတ်လည်းမဟုတ်။
သညာ-သညာချင်း သမ္မယုတ်လည်း မဟုတ်၊ ဝိပွယုတ်လည်း မဟုတ်။
သင်္ခါရ-သင်္ခါရချင်း သမ္မယုတ်လည်း မဟုတ်၊ ဝိပွယုတ်လည်း မဟုတ်။
ဝိညာဉ်-ဝိညာဉ်ချင်း သမ္မယုတ်လည်း မဟုတ်၊ ဝိပွယုတ်လည်း မဟုတ်။

ရူပ်နှင့် နိဗ္ဗာန်, ရူပ် ရူပ်ချင်း, ဝေဒနာ ဝေဒနာချင်း, သညာ သညာချင်း, သင်္ခါရ သင်္ခါရချင်း, ဝိညာဉ် ဝိညာဉ်ချင်း ၂ ပါးလုံး မဟုတ်ဆိုသည်မှာအဘယ်ကြောင့်နည်းဟူမူကား သတ္တဝါတို့သည် သမ္မယုတ် ဝိပွယုတ်အဖြစ်ဖြင့် ထိုတရားတို့၌ သမ္မယုတ်လော ဝိပွယုတ်လောဟု ယုံမှားခြင်း ပသင်္ဂ မရှိကြ၍ ရှင်တော်ဘုရားလည်း သမ္မယုတ် ဝိပွယုတ်အဖြစ်ဖြင့် ဟောတော်မမူ။

တနည်းကား သဘာဝတရားသည် လောကသဘာဝ, ဓမ္မသဘာဝ နှစ်မျိုးရှိသည်၊ ထိုနှစ်မျိုးတို့တွင် လောကသည် လောကသဘာဝအားဖြင့် မယှဉ်ကောင်းရှိသည်၊ ဥပမာကား မိမိကိုယ်ကိုမိမိနှင့်တူသည် မတူသည်ဟူ၍မဆိုထိုက်၊ သူတပါးနှင့်သာ တူသည် မတူသည် ဆိုရသကဲ့သို့တည်း။

ဓမ္မသဘာဝမှာလည်း ရူပ်တရားတို့တွင် ပထဝီဓာတ်ဘခုသည် ပထဝီဓာတ်တခုနှင့် ယှဉ်သည်ဟူ၍ရင်း၊ မယှဉ်သည်ဟူ၍ရင်း မဆိုထိုက်၊ ထို့အတူ နာမ်တရားတို့တွင်လည်း ဝေဒနာစေတသိက်၏ သဘာဝဓမ္မတခုသည် ဝေဒနာ စေတသိက် သဘာဝဓမ္မတခုနှင့် ယှဉ်သည် ဟူ၍ရင်း၊ မယှဉ်သည် ဟူ၍ရင်း ဆိုထိုက်၊ ထို့ကြောင့် သမ္မယုတ် ဝိပွယုတ် ၂ ပါးလုံး မဟုတ်ဟု ဆိုသတည်း၊ ဘုရားတို့မည်သည် သတ္တဝါတို့ ပသင်္ဂ ယုံမှားရှိသော အရာ၌သာ ဟောတော်မူသည်၊ မရှိသောအရာ၌ ဟောတော်မမူ။

သင်္ခါရ သင်္ခါရချင်း သမ္မယုတ်လည်း မဟုတ် ဝိပွယုတ်လည်းမဟုတ်ဟု ဆိုခဲ့သော အရာ၌ မိမိနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက် ရရသမျှသော သင်္ခါရကွန္ဓာမှ တပါးသော ဖြစ်ဖော်ဖြစ်ဖက် မဟုတ်သော ကြွင်း သင်္ခါရနှင့်သာ သမ္မယုတ်

လည်း မဟုတ် ဝိပွယုတ်လည်း မဟုတ်ဆိုသည်၊ ပိမိနှင့်တတ္ထ ဖြစ်ပေါ်ဖြစ်ပျက် သင်္ခါရကား သမ္မယုတ် ဖြစ်၏။

တနည်းကား သင်္ခါရကွန္ဓာ ၅၀သည် သမ္မယုတ် ဝိပွယုတ် ၂ ပါးလုံးမဟုတ်၊ သင်္ခါရကွန္ဓာ ၅၀ တို့တွင် ဖဿ ဖဿချင်း၊ စေတနာ စေတနာချင်း၊ ပညာ ပညာချင်း သမ္မယုတ် ဝိပွယုတ် ၂ ပါးမဟုတ်၊ ဖဿနှင့် စေတနာ၊ ဖဿနှင့် ဇေကဋ္ဌတာ၊ ဖဿနှင့် ဇီဝိတိန္ဒြေ၊ ဖဿနှင့် ပညာတို့မှာ သမ္မယုတ်အရာလည်း ရှိ၏၊ သမ္မယုတ် ဝိပွယုတ် ၂ ပါးလုံးဟုတ်သော အရာလည်းရှိ၏။

ဝိညာဉ် ဝိညာဉ်ချင်း သမ္မယုတ် ဝိပွယုတ် ၂ ပါးလုံးမဟုတ်ဟု ဆိုခဲ့သော အရာ၌ စက္ခုဝိညာဉ်ချင်း ၊ပ၊ မနောဝိညာဉ်ချင်း သမ္မယုတ် ဝိပွယုတ် ၂ ပါးလုံး မဟုတ်သည်၊ စက္ခုဝိညာဉ်နှင့် ကြွင်းသော ဆဝိညာဉ် ၊ပ၊ သောတဝိညာဉ်နှင့် ကြွင်းသော ဆဝိညာဉ် ၊ပ၊ မနောဝိညာဏ်ခေါတ်နှင့် ကြွင်းသော ဆဝိညာဉ် တို့မှာ ဝိပွယုတ်ဖြစ်သည်။

သမ္မယုတ် ဝိပွယုတ် မဟုတ်သောတရားများ ပြီး၏။

ရူပ်နှင့် နာမကွန္ဓာ ၄ ပါး ဝိပွယုတ်ကန်၊ နိဗ္ဗာန်နှင့် နာမကွန္ဓာ ၄ ပါး သည်လည်း ဝိပွယုတ်ကန်ဖြစ်၏၊ ရူပ်နှင့်နာမကွန္ဓာ ၄ ပါးသည် အဘယ်ကြောင့် ဝိပွယုတ်ကန် ဖြစ်သနည်း၊ သတ္တဝါတို့ ပသင်္ခရှိ၍ ရူပ်နှင့်နာမကွန္ဓာ ၄ပါး ဝိပွယုတ်ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူသောကြောင့် ဝိပွယုတ်ကန် ဆိုသတည်း။

သတ္တဝါတို့သည် အဘယ်သို့ ပသင်္ခရှိသနည်းဟူမူ စိတ္တဇရူပ်တို့သည် ပဋိသန္ဓေနောင် ပဌမ ဘဝင်မှစ၍ ပဝတ္တိ စုတိ အခါတိုင်အောင် ဒွေပဉ္စဝိညာဉ် ၁၀ ရဟန္တာတို့ စုတိကြဉ်သော ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်သဲ ဖြစ်၍ ဖြစ်၏၊ တနည်းကား ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်၌ ပါကုန်၏၊ ဝါ၊ စိတ်နှင့်တကွ ဖြစ်ကုန်၏။

ကမ္မဇရူပ်တို့လည်း ပဋ္ဌဝေါဟာရ ပဋိသန္ဓေ နာမကွန္ဓာနှင့် တကွဖြစ်ကုန်၏၊ ထိုသို့တကွဖြစ်ကုန်သော ရူပ်တို့သည် စိတ္တက္ခဏ ၁၇ ချက်, ဃနယ် ၅၁ ချက် နေ့တည်၍ အမှတ်မရှိ တခုခုသော စိတ်နှင့်ပြိုင်၍ ကကွဲချုပ်ကုန်၏၊ ဝိညတ်ဒွေဟူသော စိတ္တဇရူပ်သည် စိတ်နှင့်တကွ ကေဋပ္ပါဒ, ကေနိဇောဝ ဖြစ်၏။

ထိုသို့ စိတ်နှင့်တကွဖြစ်ခြင်း တကွချုပ်ခြင်းရှိ၍ အချို့သော သတ္တဝါကား

ရုပ်နှင့်နာမကွန္ဓာ ၄ ပါး သမ္မယုတ်ဖြစ်၏ဟု မှတ်ထင်ကုန်သည်၊ အချို့သော သတ္တဝါကား ရုပ်နှင့်နာမကွန္ဓာ ၄ ပါးသည် အဟေတုက, သဟေတုက,အာရမ္မဏ, သာရမ္မဏစသည်တို့၏အဖြစ်ဖြင့် ဝိပွယုတ်ဖြစ်၏၊ အချို့သောသတ္တဝါကား သမ္မယုတ်, ဝိပွယုတ် ၂ ပါးလုံးပင်ဖြစ်ကုန်၏၊ အချို့သောသတ္တဝါကား ၂ပါး လုံးပင်မဖြစ်ဟု ပသင်္ဂ ရှိကြကုန်၏၊ ဘုရားမြတ်စွာသည်လည်း သတ္တဝါတို့ ပသင်္ဂ ရှိသောအရာ၌ ရုပ်နှင့်နာမကွန္ဓာ ဝိပွယုတ်ဖြစ်ကြောင်းကို ဤ ဓာတုကထာ ကျမ်း ဆဋ္ဌနယ, အနန္တနယ သမန္တပဋ္ဌာန်းကျမ်း ဝိပွယုတ္တပစ္စည်း၌ ဝိပွယုတ် ဖြစ်ကြောင်းကို ဟောတော်မူသည်။

တနည်းကား ဘုရားတို့မည်သည် သိအပ် သိထိုက်သော တရားကို သိတော်မူ သည်၊ မသိအပ် မသိထိုက်သောတရားကိုလည်း မသိအပ် မသိဆိုက်ဟု သိတော် မူသည်၊ ဤ သမ္မယုတ် ဝိပွယုတ်အရာ၌လည်း သမ္မယုတ်ဖြစ်သင့်မဖြစ်သင့်၊ဝိပွယုတ် အရာ၌လည်း ဝိပွယုတ် ဖြစ်သင့် မဖြစ်သင့်သည်ကို သိတော်မူသည့်အတိုင်း ဟောတော်မူသည်၊ ပသင်္ဂပင် မရှိသော်လည်း သဘာဝမမူအတိုင်းဟောဟော် မူသည်ဟု မှတ်ရမည်၊ ထို့ကြောင့် ရုပ်နှင့်နာမကွန္ဓာ ၄ ပါးတို့သည် ဝိပွယုတ် ဧကန် ဖြစ်ကုန်၏။

နိဗ္ဗာန်နှင့် နာမကွန္ဓာ ၄ ပါးတို့သည် ဝိပွယုတ်ဧကန်ဆိုသည်မှာ နိဗ္ဗာန်သည် "အာရမ္မဏိကဓမ္မေ နာမေတိတိ နာမံ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်, စေတ သိက် ဖြစ်ကုန်သော အာရမ္မဏိက တရားတို့ကို မိမိသို့ အာရုံပြုသောအဖြစ်ဖြင့် ညွှတ်စေတတ်သောကြောင့် နာမ်မည်သည်၊ စိတ်, စေတသိက်သည်လည်းနာမ်, နိဗ္ဗာန်လည်းနာမ်, ဤသို့နာမ်ချင်းတူ၍ အချို့သောသတ္တဝါတို့ကား သမ္မယုတ် ဖြစ်၏၊ အချို့သော သတ္တဝါတို့ကား စိတ်,စေတသိက်တို့သည် အဇ္ဈတ္တိကတရား, နိဗ္ဗာန်သည် ဗဟိဒ္ဓတရားဖြစ်၍ ဝိပွယုတ်အဖြစ်၌ ပသင်္ဂရှိကြကုန်၏၊ ဤသို့သော အရာ၌ ဝိပွယုတ်ဖြစ်ကြောင်းကို ဘုရားမြတ်စွာလည်း ဟောတော်မူသည်၊ ထို့ ကြောင့် နိဗ္ဗာန်နှင့် နာမကွန္ဓာ ၄ ပါးတို့သည် ဝိပွယုတ် ဧကန်ဖြစ်ကုန်၏။

ဝိပွယုတ် ဧကန် ပြီး၏။

နာမကွန္ဓာ ၄ ပါးတွင် ဝေဒနာနှင့် ကြွင်း ၃ ပါး၊ သင်ခါရနှင့် ကြွင်း၃ပါး၊ ဝိညာဉ်နှင့် ကြွင်း ၃ ပါးသည် သမ္မယုတ်လည်း ဖြစ်၏၊ ဝိပွယုတ်လည်း ဖြစ်၏၊ အဘယ်သို့ သမ္မယုတ် ဖြစ်သနည်း၊ တကွဖြစ်ခြင်း တကွချုပ်ခြင်း စသော သမ္ပ ယောဂလက္ခဏာ ၄ ပါးနှင့် ညီမည်၊ ဘုံ, သန္တာန်, ကာလ, ဇာတ်တို့လည်း တူ မည်၊ ဤအကြောင်းနှင့်ပြည့်စုံက သမ္မယုတ် ဧကန် ဖြစ်၏။

အဘယ်သို့ ဝိပ္ပယုတ်ဖြစ်သနည်း၊ သမ္ပယောဂလက္ခဏာ ၄ ပါးနှင့် ညီသော်၎င်း, သမ္ပယောဂလက္ခဏာ ၄ ပါးနှင့် မညီသော်၎င်း, ဟုံကဲ့သော်၎င်း, သန္ဓာန်ကဲ့သော်၎င်း, ဇာတ်ကဲ့သော်၎င်း ဝိပ္ပယုတ် ဖြစ်၏။

၁။ ဘုံမှာ ကာမ, ရူပ, အရူပကိုယူ။

၂။ သန္ဓာန်မှာ သူ့သန္ဓာန်, ငါ့သန္ဓာန်ကိုပယူ။

၃။ ကာလမှာ ပစ္စုပ္ပန်, အတိတ်, အနာဂတ်ကိုယူ။

၄။ ဇာတိမှာ ကုသိုလ်,အကုသိုလ်,အဗျာကတ, အဟိတ်, သဟိတ်ကိုပယူ။

ကေဟိစိထုတ်ရာ မူတ်ပုံကား ကေဟိစိသည် သမ္ပယုတ်ကေဟိစိ, ဝိပ္ပယုတ်ကေဟိစိဟု ၂ ပါး အပြားရှိ၏၊ ဟောပုဒ်သည်လည်း ရူပ်,နာမ် ၂ ပါး အပြားရှိ၏။ ဟောပုဒ်က ရူပ်ဖြစ်လျှင် ကေဟိစ်မှာ သမ္ပယုတ်မရှိ ဝိပ္ပယုတ် ကေဟိစ်သာ ရှိသည်၊ ထိုဝိပ္ပယုတ် ကေဟိစိကိုလည်း စေတသိက်ကိုထုတ်။

ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိမှာ သမ္ပယုတ် ကေဟိစိ, ဝိပ္ပယုတ် ကေဟိစိအားဖြင့် ၂ ပါး အပြားရှိ၏၊ ထို ၂ ပါးတို့တွင် သမ္ပယုတ် ကေဟိစိကို ရရသမျှသော စေတသိက်ကိုထုတ်၊ ဝိပ္ပယုတ် ကေဟိစ်ကို သုခုမရူပ်, နိဗ္ဗာန်ကို ထုတ်၊ ခန္ဓာကထုတ်လျှင် သခ်ါရက္ခန္ဓာ၊ အာယတနက ထုတ်လျှင် မြေယတန၊ ဓာတ်ကထုတ်လျှင် ဓမ္မဓာတ်သုတ်၊ ဤဆိုအပ်ခဲ့သော မှတ်ဉီးအဓိပ္ပာယ်အဝိုင်း ဝေဒနာက္ခန္ဓာ, စက္ခာယတန, စက္ခုဝိညာဏဓာတ်, သမုဒယသစ္စာတို့ကို သမ္ပယုတ် ဝိပ္ပယုတ် ကေဟိစိထုတ်၍ ဟောပုံရှုတ်၍ ပြောပြပါ။

အိမ်မြောင်စာအချိုးဌ် အဓိပ္ပာယ်ကား "ရူပ်,နိဗ္ဗာန်, နာမ်သက်သက်နှင့်၊ မရောယှက် ဆဌမှာ" ဟူသော စကားဌ် ဤ ဆဌနယဌ် ဟောတော်မူသော တရားသည် ရူပ်လည်း ရူပ်သက်သက်၊ နိဗ္ဗာန်လည်း နိဗ္ဗာန်သက်သက်၊ နာမ်လည်း နာမ်သက်သက်၊ အယှက်အဘင် မရှိ၊ ကေဟိစိ ယှဉ်၍ ဟောတော်မူ၏။ ရူပ်နှင့် နိဗ္ဗာန်, ရူပ်နှင့် နာမက္ခန္ဓာ ၄ ပါး, နိဗ္ဗာန်နှင့် နာမက္ခန္ဓာ ၄ ပါး မရောယှက် ဟူလိုသည်၊ ဤ"ရူပ်,နိဗ္ဗာန်,နာမ်သက်သက်နှင့်၊မရောယှက် ဆဌမှာ" ဟူသောစကားဖြင့် ဓမ္မာယတန,မြေဓာတ်,ဒုက္ခသစ္စာ စသော ရူပ်,နာမ်,နိဗ္ဗာန် ရောသောပုဒ်တို့မှတပါး ရှေးကွန်ရှာစသော သက်သက်သောပုဒ်၊ရူပ်,နိဗ္ဗာန်,နာမ် မရသောပုဒ်တို့ကို ဤဆဌနယဌ် ဟောအပ်သော ပုဒ်တည်းဟု ပြသောစကားတည်း။

"ရူပ်,နိဗ္ဗာန်, နာမ်ပင်ရှေသော်လည်း၊ ဝိပွယောရရာ" ဟူသော စကားဌ် ရူပ်နှင့်နာမကွန္ဓာ ၄ ပါး, နိဗ္ဗာန်နှင့် နာမကွန္ဓာ ၄ ပါး ရှေယှက်သော်လည်း ဝိပွယုတ်ဖြစ်၏ ဟူလိုသည်၊ "ဖြစ်ချုပ်ကယ် တူစ္ဌာသည်၊ပါ၊ မုခ္ဂြမှန် တော်လွန်း ယှခလေ" ဟူသော စကားဌ် အဓိပ္ပာယ်ကား နာမကွန္ဓာ ၄ ပါးသည် သမ္ပယောဂလက္ခဏာနှင့် ညီသော်၎င်း, ဇာတ်, ကာလ, ဘုံ, သန္တာန် တူသော်၎င်း ဤသို့အခြားခြင်းနှင့်ပြည့်စုံသော် သမ္ပယုတ် ကေန်ဖြစ်၏ ဟူလိုသည်။

ဒုတိယအချိ: "ရူပ်,နိဗ္ဗာန်, နာမ်သဘောနှင့်၊ ဝိပွယော ကေန်ယူ" ဟူသော စကားဌ် ရူပ်နှင့် နာမကွန္ဓာ ၄ ပါး, နိဗ္ဗာန်နှင့် နာမကွန္ဓာ ၄ ပါး ဝိပွယုတ် ကေန်ဖြစ်၏ ဟူလိုသည်၊ ပဌမအချိုးဌ် "ရူပ်, နိဗ္ဗာန် နာမ်ပင်ရှေသော်လည်း ဝိပွယောရရာ" ဟုဆိုခဲ့ပြီးလျက် ဒုတိယအချိ.စကားဌ် "ရူပ်,နိဗ္ဗာန်,နာမ်သဘောနှင့်၊ ဝိပွယော ကေန်ယူ" ဟု တဖန်ထပ်၍ဆိုခြင်းသည် ဤ ဆဌနယဌ် ဟောတော်မူသောတရားသည် ရူပ်,နိဗ္ဗာန်, နာမ်ရှေယှက်သော အရာရှိ၏၊ ထိုသို့ပင် ရှေယှက်သော်လည်း ဝိပွယုတ်ဖြစ်ကြောင်းကို သာမညဆိုသော စကားဖြစ်သည်၊ ကေန်ဖြစ်သည်ကို မဆိုခဲ့သေး၊ ဒုတိယ စကားဌ်ကား ကေန်ယူအပ်သည်၏ အဖြစ်ကို ဆိုသော စကားဟု မှတ်အပ်၏။

"နာမ်,ခန္ဓာ တူကတဲ့ကို ၊ပ၊ သည် နာမ်စုမှာ ဝိပွယုတ်ယူ" ဟူသော စကားဌ် နာမကွန္ဓာ ၄ ပါးသည် သမ္ပယောဂလက္ခဏာ ၄ ပါးနှင့် မညီသော်၎င်း၊ ဘုံ, သန္တာန်,ကာလ,ဇာတ် ကဲ့သော်၎င်း ဘူမိဝိပွယုတ်,သန္တာနဝိပွယုတ်,ကာလဝိပွယုတ်,ဇာတိဝိပွယုတ် ဖြစ်၏ ဟူလိုသည်။

"ရူပ်ချင်းထို့တူ နိဗ္ဗာနနှင့် ၊ပ၊ လျှဉ်းမရရာ" ဟူသောစကားဌ် ရူပ်ချင်းဟု သာမည ဆိုအပ်သော စကားဖြစ်၍ လောကီစိတ် ကောသီတိ,စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝီသဟုဆိုအပ်သော အပေါင်းဖြစ်သော ပိယရူပ်, သာတရူပ်ကိုဌင်း၊ ရူပွနလက္ခဏာရှိသော အစိတ်ဖြင်သော ရူပ်အဋ္ဌဝီလကိုဌင်း ယူအပ်၏။

ထိုရူပ်သည် ရူပ်အချင်းချင်း သမ္ပယုတ် ဝိပွယုတ် အလျှဉ်းမရ၊ ထို့အတူ ရူပ်နှင့် နိဗ္ဗာန်လည်း သမ္ပယုတ်အလျှဉ်.မရ၊ ရူပွနလက္ခဏာရှိသော ရူပကွန္ဓာဖွဲ့ကောင်းသော ရူပ် အဋ္ဌဝီသလည်း ရူပ် ရူပ်ချင်းချင်း သမ္ပယုတ် ဝိပွယုတ် အလျှဉ်းမရ ဝေဒနာ ဝေဒနာချင်း, သညာ သညာချင်း, သင်္ခါရ သင်္ခါရချင်း, ဝိညာဉ် ဝိညာဉ်ချင်း သမ္ပယုတ် ဝိပွယုတ် ၂ ပါးလုံး မရကောင်း၊ သို့ဖြစ်၍ သမ္ပယုတ် ဝိပွယုတ် အလျှဉ်းမရရာ ဟူလိုသည်။

ဤ၌ "ဝေဒနာ ဝေဒနာချင်း၊ သူ့ဝိညာဉ် ဝိညာဉ်ချင်း၊ လျှဉ်းမရရာ"ဟု ဆိုခြင်းသည် နည်း ၄၀ ၌ လိမ္မာတော်မူသည်ဖြစ်၍ နာမကွန္ဓာ ၄ ပါး၌ မိဂပဒဝဝဋ္ဋနာ နည်းအားဖြင့်သာ အစ အဆုံးကို ပြတော်မူလေသည်၊ "သင်္ခါရမှာ သန္နင့်သာ၊ သဘောနှစ်ဖြာ ဆံ့မနှောသည့်" ဟူသော စကား၌ သင်္ခါရကွန္ဓာဖွဲ့ကောင်းသော သမုဒယသစ္စာ စသောပုဒ်ကို ဟောသောအခါ သမုဒယသစ္စာနှင့်တကွဖြစ်သော ခန္ဓာအလို သမုဒယသစ္စာ, ဝေဒနာ, သညာမှတပါး စေတသိက် ကျွန်ဝိသ၊ အာယတန, ဓာတ်အလို သမုဒယသစ္စာကြဉ်သော စေတသိက် ကဝိသကိုသာ ကေဟိစိ ထုတ်လေသည်၊ ထိုမှ ကြွင်းသော သင်္ခါရ ၃၀ တို့ကို သမ္မယုတ် ဝိပ္ပယုတ်အဖြစ်ဖြင့် ကေဟိစိ မထုတ်၊ တကွဖြစ်သော တရားတွင်သာ ထုတ်သောကြောင့် 'သန္နင်သာ'၌ သ သည် သဟ အနက်လည်း ရှိ၏၊ သင်္ခါရ အကြွင်းရှိသောကြောင့် သ သည် သေသ အနက်လည်း ရှိ၏၊ တကွဖြစ်သော တရားကိုလည်း ကေဟိစိ ထုတ်အပ်သည်၊ ကြွင်းသော တရားကိုလည်း ကေဟိစိ ထုတ်အပ်သည်ဟု သဘောနှစ်ဖြာ မရှိကောင်း၊ တကွဖြစ်သော တရားတွင်သာ ကေဟိစိ ထုတ်အပ်၏၊ ကြွင်းသော တရားကို ကေဟိစိ မထုတ်အပ် ဟူလိုသည်။

"သမ္မယောဂ ကေဟိစံမှာ၊ စေတသိခံ ရသမ္ပကိုသော်"ဟူသော စကား၌ ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိမှာ သမ္မယုတ်ကို ရရသမ္ပဖြစ်သော စေတသိက်ကိုသာထုတ် ဟူလိုသည်၊ ဤအချိုး၌ လက်ဝဖြစ်၍ ဝါစာသိလိဋ္ဌ သုခုစ္စာ ရဏ အကျိုးငှာ ကေဟိစိ ဆိုလိုလျက် ကေဟိစံဟု နိဂ္ဂဟိတန္တနှင့် ဆိုသည်။

"ရူပ်,နိဗ္ဗာန်,နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊ စေတသိက်ကိုယူ" ဟူသောစကား၌ ဟောပုဒ်က ရူပ်ဖြစ်လျှင် ကေဟိစိမှာ သမ္မယုတ်သာ ရှိကုန်၏။ ဝိပ္ပယုတ် ကေဟိစိကို သက်သက်သောရူပ်, သက်သက်သောနာမ်, သက်သက်သောနိဗ္ဗာန် နောယှက်ခဲ့သော တရားအပေါင်းတို့တွင် စေတသိက် ဒွေပညာသ ကိုသာထုတ်ရိုး၊ နိဗ္ဗာန်, စိတ်တို့ကို မထုတ်လင့် ဟူလိုသည်။

"နာမ်ရသည့် ပုဒ်ကမူ၊ဓမ္မဓာတ်တူ ရူပ်,နိဗ္ဗာန်တည့်လေး"ဟူသောစကား၌ ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိ ဝိပ္ပယုတ်ကို ဓမ္မာယတန, ဓမ္မဓာတ်တူ ဖြစ်သော စေတသိက်, သုခုမရူပ်,နိဗ္ဗာန်တို့တွင် သုခုမရူပ် နိဗ္ဗာန်ကိုသာထုတ်၊ စေတသိက်ကို မထုတ်လင့် ဟူလိုသည်၊'ဓမ္မဓာတ်တူ'ဟူသော စကားဖြင့် သြဠာရိက ရူပ်ကို စင်စေ၏၊ ဤဆဋ္ဌနယ၌ အောက်၌ ဟောအပ်ပြီးသော ပဌမနယ၌ကဲ့သို့

မေးအပ် ဖြေအပ်သော တရားအထူးကို မထုတ်မူ၍ သာမညစကားဖြင့် ခန္ဓာ အစရှိသော တရားတို့၏ ပုစ္ဆာ, ဝိဿဇ္ဇနာနည်းကို အကျယ်ပြကုန်၏။

၂-သတ္တမနယချိုး အဖြေ

စိတ်ဝိညာဉ် နာမ်သက်သက်နှင့် ၊ပ၊ ဝိပွယုတ်ဆို မြဲမသွေ ရှင်လေး။

အဓိပ္ပာယ်ကား ဤသတ္တမနယ၌ ဟောအပ်သော ပုဒ်ကား စက္ခုဝိညာဉ်, ထိုစက္ခုဝိညာဉ်နှင့် ယှဉ်သော စေတသိက်, ဤ နာမက္ခန္ဓာ တရားသည်သာလျှင် ဟောပုဒ်ဖြစ်သည်၊ ရူပ်, နိဗ္ဗာန်ရသောပုဒ်သည် ဟောပုဒ်မဖြစ် ဟူလိုသည်၊ "စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊သမ္မယုတ်စွက်သည့် ပုဒ်အနေ"ဟူသောစကား ဖြင့် မနာယတန စသော စိတ်သက်သက် ရသောပုဒ်၊ ဝေဒနာက္ခန္ဓာ ၇သော စေတသိက် သက်သက်ဖြစ်သောပုဒ်၊ "သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ" ၇သော စေတသိက် ရသောပုဒ်ကိုသာ ဤသတ္တမနယ၌ ဟောအပ်သည်၏အဖြစ်ကို ပြတော်မူ၏၊

ထိုသို့သောပုဒ်ကို ပြသောစကား၌ သမုဒယသစ္စာစသော စေတသိက်သက်သက်ဖြစ်သောပုဒ်၌....

"သမုဒယသစ္စေန ယေ ဓမ္မာ သမ္မယုတ္တာ ၊ပ၊ နကာဟိစိ ဓာတူဟိ ဝိပ္ပယုတ္တာ" ဟူ၍ဌင်း၊

"ဝိပ္ပယုတ္တောတိ နတ္ထိ"ဟူ၍ဌင်း

ဤသို့စသည်ဖြင့် ဟောအပ်သည်ရှိသော် သတ်ဝိညာဉ်နှင့်မယှဉ်သော စေတသိက်ဖြစ်၍"နကေဟိစိ နတ္ထိ"သာ ဖြစ်သောကြောင့် မသင့်၊ ဝေဒနာက္ခန္ဓာ စသော သတ်ဝိညာဉ်ဓာတ်နှင့် ယှဉ်သော စေတသိက်၊အဓိမောက္ခစသော အလုံးစုံသော မနောဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက်၊ ရဟန်းတို့အာ. အခ်ုက် အတန်အားဖြင့် အာပတ်မလောက်သောကြောင့် အဗ္ဗောဟာရိက ဆိုသကဲ့သို့ အဓိမောက္ခသည် ဝိစိကိစ္ဆာနှင့် မယှဉ်သော်လည်း ဝိစိကိစ္ဆာ တည်းဟူ၊ သာ မနောဝိညာဏဓာတ် တပါးသာ ကြွင်းသောကြောင့် ကျန်သည်ဟု မယူစလောက်၊ အနည်းငယ်သာဖြစ်သည်၊ ဤကား စကားချပ်။

ဤစေတသိက် စသည်တို့သာ ခန္ဓာ, အာယတန, ဓာတ်တို့၌ နကေဟိစိ ၇သော်လည်း ဓာတ်နှင့် ဝိပ္ပယုတ် ရကောင်းသောကြောင့် ဟောရ၍ဖြစ်ကောင်း

လေသည်၊ ထိုသို့ မဟာအပ်သော စေတသိက်, ဟာအပ်သော စေဘသိက်တို့ကို ပြပြန်လို၍ "သတ်ဝိညာဉ် ကေကောရယ်နှင့် ၊ပ၊ စိန္ဓေယ်၌ ရှောင်ကွင်းလို့"ဟု မြတ်စွာဘုရား ဟောတော်မူသည်၏အဖြစ်ကို ပြတော်မူသည်။

ထိုစကား အဓိပ္ပာယ်ကား မြတ်စွာဘုရားသည် သတ္တမနယဌ် စေတသိတ်ထဲက ဟောဘော်မူသော်လည်း ဝေဒနာကွန္ဓာ စသော သတ္တဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်, အဓိမောက္ခစသော တပါးပါးသော အလုံးစုံသောဝိညာဉ်နှင့်ယှဉ်သော စေတသိက်ကိုသာ ဟောတော်မူလေသည်၊ သမုဒယ, မဂ္ဂစသော တစိတ်တဒေသဖြစ်သော မနောဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်တို့ကို တလုံးစား တခွက်ကျန်ဆိုသကဲ့သို့ဖြစ်၍ ဟောတော်မမူ၊ ရှောင်ရှားပယ်၍ ထားတော်မူခဲ့လေသည် ဟူလို။

"စွဲရင်းနှင့် သမ္မယုတ်ကို ၊ပ၊ မြဲမသွေရှင့်လေး" ဟူသောစကား၌ အဓိပ္ပာယ်ကား ဝေဒနာစသည်တို့ကနေ၍ ယေ-တေစွဲသောအခါ ဆိုဝေဒနာနှင့်သမ္မယုတ်ဖြစ်သောစိတ် ကျွေနှုတို, စေတသိက် ကေပညာသကို၊ တနည်းကား ထိုဝေဒနာနှင့် သမ္မယုတ်ဖြစ်သောသညာ, သင်္ခါရ, ဝိညာဉ်ကိုဂင်း, ရှေစွဲရင်း ဝေဒနာကိုဂင်း စွဲတတ်သောပုဒ်တွင်းသို့ သွတ်သွင်းပြန်၍ ဝိပ္ပယုတ်ကိုစွဲ ဟူလို၊ "စွဲရင်းနှင့် သမ္မယုတ်ကဲ့၊ ယေ-တေ အလို" ဟူသောစကားဖြင့် ဒုတိယ ယေစွဲသော အခါ ပဌမ ယေ အရ တရားတွင်းသို့ စွဲရင်းတရားကိုလည်း သွင်း၍ စွဲပြန်အပ်သည်၏အဖြစ်ကို ပြတော်မူ၏။

"ဒုတိယ ယေ-တေကိုမူ၊ ဝိပ္ပယုတ်ဆို မြဲမသွေရှင့်လေး" ဟူသောစကားဖြင့် ပဌမ ယေကို သမ္မယုတ်, ဒုတိယ ယေကို ဝိပ္ပယုတ် စွဲအပ်သည်၏အဖြစ်ကိုပြတော်မူ၏၊ ဒုတိယ ယေတွင်ဆိုပြားသော်လည်း အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပဌမ ယေကိုလည်း သမ္မယုတ် စွဲအပ်သည်၏အဖြစ်ကိုဆိုအပ်၏၊

သတ္တမနည်း၌ "တေ'ဟိ ဓမ္မေဟိ" အစွဲကို ထုတ်ရင်းပုဒ်နှင့်တကွ စွဲခြင်းသည် နိယတ် အနိယတ် ဆန့်သကဲ့သို့ ထင်ဖွယ်ရှိ၏၊ ထိုသို့ ထင်ဖွယ်ရှိသော်လည်း ပါဠိတော်၌ ထိုသို့သော ပုစ္ဆာ၏ ဝိဿဇ္ဇနာကို မြင်သဖြင့်ဂင်း, "ဣမိနာ နယေန သဗ္ဗတ္ထ ပုစ္ဆာယ ဥဒ္ဒေသဝေဒနဝ သဒ္ဒီ ဝိပ္ပယုတ္တာနံ ဝသေန အတ္ထော ဝေဒိတဗ္ဗော" ဟူသော အဋ္ဌကထာပါဌ်ကို မြင်သဖြင့်ဂင်း မဆန့်သည်၏ အဖြစ်ကို သိအပ်၏။

ဂ-အဌမနယချိုး အဖြေ

ရုပ်, နိဗ္ဗာန် နာမ်သက်သက်နှင့် ၊ပ၊ ဟော့ဘူးရှင့်လေး။

အဓိပ္ပာယ်ကား "ရုပ်, နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပ္ပယုတ်တို့" ဟူဆသောစကားဖြင့် နာမကွန္ဓာ ၄ ပါးနှင့်နိဗ္ဗာန်, နာမကွန္ဓာ ၄ ပါးနှင့်ရုပ်, ဝိပ္ပယုတ် ကေန်ဖြစ်သည်ကို ပြသောစကားတည်း။

အောက်ဆဌနယ၌ ဝိပ္ပယုတ်ကေန်ဟုပြုပြီးလျက် ဤအဌမနယ၌ ပြုပြန်သည်ကား ဤ အဌမနယ၌ ဝိပ္ပယုတ် ကေန်ကိုမှတ်၍ ယေ-တေ စ့ဲအပ်သည်၏ အဖြစ်ကြောင့် အစ့ဲလွယ်စေခြင်းငှာပြုရသည်၊ ယင်းသို့ ပြုရခြင်းသည်လည်း နိဒဿနနည်းအားဖြင့်သာပြုလေသည်၊ ဝိပ္ပယုတ် ကေန်ကိုသာ မှတ်အပ်သည် မဟုတ်၊ သမ္မယုတ် ဝိပ္ပယုတ် ၂ ပါးလုံးမဟုတ်သောတရားကိုလည်း၊ ဘူမိဝိပ္ပယုတ်, သန္တာနဝိပ္ပယုတ်, ကာလဝိပ္ပယုတ်, ဇာတိဝိပ္ပယုတ် ဟူသော ဝိပ္ပယုတ် ၄ ပါးကိုလည်း မှတ်အပ် စ့ဲအပ်ကုန်သည်။

တနည်းကား "ရုပ်,နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပ္ပယုတ်တို့"ဟူသောစကားဖြင့် ဤ အဌမနယ၌ ဝိပ္ပယုတ်ကေန်ရကောင်းသော ရူပကွန္ဓာ, ဝေဒနာကွန္ဓာ အစရှိသောပုဒ်၊ ဇာတိဝိပ္ပယုတ် အစရှိသော ဝိပ္ပယုတ်ရကောင်းသော "ကုသလာ ဓမ္မာ" အစရှိသော ပုဒ်တို့သာလျှင် ဟောပုဒ်ဖြစ်သည်၊ ဝိပ္ပယုတ် ကေန် မရကောင်းသော ဓမ္မာယဘန, ဓမ္မဓာတ်, ဇီဝိတိန္ဒြေ, နာမ်, ရုပ်, သဌာယတန အစရှိသောပုဒ်၊ ဝိပ္ပယုတ် ၄ ပါးတို့ဖြင့် ဝိပ္ပယုတ်မဖြစ်သင့်သော "အဗ္ဘန္တရဟိဒ္ဓါ ဓမ္မာ" အစရှိသောပုဒ်၊ သမ္မယုတ် ရကောင်းသော ပုဒ်တို့ကို မဟောအပ်ဟု ဟောပုဒ်ကိုပြသော စကားတည်း။

"ကေဝလံ နာမ်ကိုစ့ဲသော်လည်း ၊ပ၊ ဟောမြဲ ကေန်" ဟူသောစကားဖြင့် နိဗ္ဗာန်ကနေ၍ ယေ စ့ဲသော အခါ ဝိပ္ပယုတ်ကေနဲ့ဖြစ်သော အလုံးစုံသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်။

ခ။ ကုသိုလ်ကနေ၍ ယေ စ့ဲသောအခါ ဇာတိဝိပ္ပယုတ်ဖြစ်သော အလုံးစုံသော အကုသိုလ်, အဗျာကတ၊ အကုသိုလ်ကနေ၍ ယေ စ့ဲသောအခါ ကုသိုလ်,အဗျာကတ၊ အဗျာကတကနေ၍ ယေ စ့ဲသော အခါ ကုသိုလ်, အကုသိုလ် အလုံးစုံ။

၂။ ဘုဒ္ဓိဝိပွယုတ်ဖြစ်သော ကာမာဝစရ အစရှိသည်က ယေ ဗုဒ္ဓေသောအခါ ရူပ, အရူပ,လောကုတ္တရာ စသည်။

၃၊ သန္တာန ဝိပွယုတ်ဖြစ်သော "အဗ္ဗတ္တာ ဝမ္မာ" အစရှိသည်က ယေ ဗုဒ္ဓေ သောအခါ "ဗဟိဒ္ဓါ ဝမ္မာ" အစရှိသည်။

၄။ ကာလဝိပွယုတ်ဖြစ်သော "အာဘိတာ ဝမ္မာ" အစရှိသည်က ယေ ဗုဒ္ဓေသော အခါ အနာဂတ်, ပစ္စုပ္ပန်တရားတို့ကို နိဿသာ အကြောင်းမရှိအောင် စွဲ အပ်သည်၏အဖြစ်ကို ပြသေ၏ကားတည်း။

"အဌမနည်း သူ့အကြံမှာ ၊ပ နတ္ထိချည်းပါ" ဟူသောစကားဖြင့် ဤအဌမ နယဌ် ဝိပွယုတ်ကို ယေ စွဲ၊ ယေ အရာကားကို သမ္မယုတ် ဖြစ်သောအခါ ယှဉ် သောတရား မရှိရကား ဝိဿဇ္ဇနာဌ် နတ္ထိချည်းသာ နေသည်ဖြစ်၍ မခက်ခဲဟူလို သည်၊ "နည်းမောဃ သည်ပုစ္ဆာမှာ ...ဟောဘူးရှင့်လေး" ဟူသော စကားဌ် ဤ အဌမနယသည် မောဃဝ ၊ရ ဖြစ်၍ သမ္မယုတ်ရရာဌ် ဟောတော်မမူ ဟူလို သည်၊ ဥဒါန်းဂါထာကို ဆောင်၍ဟောလေ။

၉-နဝမနယချီး အပြေ

နဝမမှာ နာမ်တချို့ ၊ပ၊ ကျိန်းသေသဘော။

အဓိပ္ပာယ်ကား ဤနဝမနယဌ်ဟောအပ်သောပုဒ်သည်နာမ်ဖြစ်သောပုဒ်သာ တည်း၊ရူပကွန္ဓ, စက္ခာယတန စသော ရူပ်ဖြစ်သောပုဒ်ကို **မ**ဟော၊ ဤနဝမနယဌ် ဟောပုဒ်တို့သည် နာမ်ဖြစ်သော်လည်း သမ္မယုဘ်မရကောင်းသော နိဗ္ဗာန် ဘု သော နာမ်အကြောင်းမရှိ၊ သမ္မယုတ်မရကောင်းသောနာမ်ရှင်, သဒ္ဒာယတန, ကု သလာ ဝမ္မာ အစရှိသောပုဒ်၊ ဤသို့သော ပုဒ်တို့ကို မဟောကုန်၊ သမ္မယုတ် ရကောင်း ရှိကောင်း ကြောင်းကောင်းသေးသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်, မနာယတန, သတ္တဝိညာဏ်ဓာတ် အစရှိသော အချို့သော နာမ်ကို သာ ဟောအပ်သည်။

"နဝမမှာ နာမ်တချို့ ၊ဟောရန်ဘိုပုံသေ" ဟူသောစကားသည် ဟောပုံကို ပြသောစကားတည်း၊ "ယေ နှစ်တနဲ့ သမ္မယုဘ်ထဲက မြဲလှမသွေ" ဟူသော စကားဖြင့် ပဌမ ဟောစွဲသောအခါ သမ္မယုဘ်ဖြစ်သော တရားကိုစွဲ၍ ဒုတိယ ယေ ကို သမ္မယုတ်ဖြစ်သော စွဲရင်းကို ပြန်၍ စွဲရမည်ဟု ပြသတည်း။

"စ-ယေစ့ဲ သူ့အနေမှာ ၊ပ၊ ဖြေရိုးကျမ်းလာ" ဟူသောစကားဖြင့် ဒုတိယ ယေ အရတရားကို အာဘုယ်ခန္ဓာ, အာဘယ်အာယတန, အာဘယ်ခုတ်နှင့် ယှဉ်သနည်းဟု မေးသောအခါ စ-ယေအရတရား၌ဖြစ်ထိုက်သော ခန္ဓာ,အာယတန, ဓာတ်ဖွဲ့သည့်အတိုင်း ဟူလိုသည်။

၁၀-ဒသမနယချိုး အဖြေ

ပ္ဍေရ္ဍပ်လိမ် နည်းဆယ်ဝမှာ ၊ပ၊ ခေါင်းမြီးခြုံတည့်လေး။

အဓိပ္ပာယ်ကား ဤ ဒသမနယ၌ ဟောပုဒ်ကား ဆဋ္ဌနယက ဟောခဲ့သော ပုဒ်တို့ပင်တည်း ဟူလိုသည်၊ "ပ္ဍေရ္ဍပ်လိမ် နည်းဆယ်ဝမှာ" ဟူသောစကားဖြင့် ဤနယမှာ ဝိပ္ပယုတ် ယေ စ့ဲဆုသောပုဒ်များ၍ အရ္ဍပ်ရ္ဍပ် အလိမ်လိမ် ရှိလေရကား ခက်ခဲ၏ ဟူလိုသည်။

"နည်းဆဋ္ဌ ဟောရန်ပုဒ်ကိုတဲ့၊ စ့ဲထုတ်အာကုန်"ဟူသောစကားဖြင့် ဟောပုဒ်ကိုပြတော်မူ၏၊ "ယေ နှစ်ဝ အလုံးစုံမှာ၊ ဆဋ္ဌပုံဝိပ္ပယုတ်စ့ဲလို့"ဟူသောစကား၌ ယေ နှစ်ယေတို့တွင် ပဌမယေကို ဆဋ္ဌနည်း၌ဟောအပ်သော ဝိပ္ပယုတ်ဖြစ်သော တရားကို စ့ဲ၍ ဒုတိယ ယေ ကိုလည်း ပဌမ ယေ အရတရားနှင့် ဝိပ္ပယုတ် ဖြစ်သော တရားကိုပင် စ့ဲဟူလိုသည်။

"စ-ယေစ့ဲ ရဆုမှာ ဖြေမြဲဓမ္မတာ"ဟူသောစကား၌ ဒုတိယ ယေအရတရားကို ပုစ္ဆာ ဝိပ္ပယုတ်မေးသောအခါ စ-ယေစ့ဲ၍ရအပ်သောတရား၌ ဖြစ်ထိုက်သော ခန္ဓာ, အာယတန, ဓာတ်ရှိသည့်အတိုင်း ဝိပ္ပယုတ် ဝိသဇ္ဇနာကိုပြု ၊ဟူလိုသည်၊ ဤနယ ဥဒါန်း၀ါထာမှာ ဆဋ္ဌနယ ၀ါထာပင်တည်း။

၁၁-ကောဒသမနယချိုး အဖြေ

ကောဒသ ဟောရန်ပုဒ်မှာ ၊ပ၊ လည်ကိုင်ကာ ဆုပ်လိုက်ကဲ့လေး။

အဓိပ္ပာယ်ကား ဤ ကောဒသမနယ ဟောပုဒ်သည် စတုတ္ထနယ၌ ဟောခဲ့သော "ဒ္ဒေ သစ္စာ ပန္ဒရသိန္ဒြိယာ" အစရှိသော ပုဒ်တို့ပင်တည်း၊ ယေ စ့ဲသော အခါ၌လည်း စတုတ္ထနယအတိုင်း ခန္ဓာ, အာယတန, ဓာတ် ၃ ပါးလုံးတူသော တရားကိုပင် အကြွင်းမဲ့စ့ဲ၍ ရသောတရား၌ သမ္ပယုတ်အဖြစ်ဖြင့်ရင်း၊ ပုစ္ဆာပြု

သောအခါ၌လည်း ပညာဖြင့် နှိုင်းချိန်ဆင်ခြင်၍ ဆဋ္ဌနယက ဖြေခဲ့သည့်အတိုင်း "တီဟိ ခန္ဓေဟိ ကေနဋ္ဌေယာနေန သမ္မယုတ္တာ" ဟူ၍ရင်း၊ "သမ္မယုတ္တာတိ နတ္ထိ" ဟူ၍ရင်း ဤသို့အစရှိသည်ဖြင့် တရားမင်း ဖြေတော်မူသောအဖြေအတိုင်း ဝိဿဇ္ဇနာပြု ဟူလိုသည်၊ ဥဒါန်းဂါထာကား စတုတ္ထနယက ဥဒါန်းဂါထာပင် တည်း။

၁၂-ဒွါဒသမနယချီးအဖြေ

ဆယ်နှစ်တန် သူ့မူလမှာ ၊ပ၊ မှတ်ဖွယ်ရာ လွယ်လွန်းလှလေး။

အဓိပ္ပာယ်ကား ဒွါဒသမနယ၌ ဟောအပ်သော ပုဒ်တို့သည်လည်း အောက်နဝမနယက ဟောအပ်ခဲ့ပြီးသော "အရူပကွန္ဓာ စတ္တာရော၊ မနာယတနမေဝ စ၊ ဝိညာဏဓာတုယော သတ္တ" အစရှိသော ပုဒ်တို့ပင်တည်း၊ ယေ စ့ဲသောအခါ၌ လည်း နဝမနယကဲ့သို့ သမ္မယုတ်ဖြစ်သော တရားကို အကုန်စ့ဲ၊ ထိုယေ စ့ဲ၍ရ သောတရား၌ သင်္ဂဟိတပုဒ္ဓာ, အသင်္ဂဟိတပုဒ္ဓာပြုလုပ်သောအခါ၌လည်း ပဌမ နယအတိုင်း ခန္ဓာတပါးရေတွက်လျင် "ဧကေန ခန္ဓေန သင်္ဂဟိတာ၊ ဧကေန ခန္ဓေန အသင်္ဂဟိတာ" စသည်ဖြင့် ဝိဿဇ္ဇနာပြု ဟူလိုသည်၊ နဝမနယက ဂါ ထာပင်ဘည်း။

၁၃-တေရသမနယချီး အဖြေ

ပဌမ ဟောရန်ပုဒ်က ၊ပ၊ လွယ်မလို ခက်လွန်းလှလေး။

အဓိပ္ပာယ်ကား "ပဌမ ဟောရန်ပုဒ်က ၊ပ၊ ဟောကြရသည်" ဟူသောစကား ဖြင့် ဤတေရသမနယ၌ ဟောတော်မူအပ်သောပုဒ်တို့သည် ပဌမနယ၌ ဟောခဲ့ သော ရူပကွန္ဓာနှင့် ဝိဿဇ္ဇနာတူသော ပုဒ် ၂၂ ပုဒ်၊ အရူပဘဝနှင့် ဝိဿဇ္ဇနာ တူသောပုဒ် ၁၀၀ ပုဒ်အားဖြင့် ပေါင်း ၁၂၀ သော ပုဒ်တို့ပင်တည်း။

ရူပကွန္ဓာနှင့် ဝိဿဇ္ဇနာတူသော ပုဒ် ၂ ၊ပါ၊ ဟူသည်ကား ရူပကွန္ဓာ ၁ပါး၊ ဓမ္မာယတန ၁ပါး၊ ဓမ္မဓာတ် ၁ပါး၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေဟူ၍ ၃ပါး၊ နာမ်ရုပ်, အသညီဘဝ, ဧကဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏဟူ၍ ပဋိစ္စသမုပ္ပါဒ် ၌ ၆ ပါး၊ "ရူပီနော ဓမ္မာ" ဟူ၍ စူဠန္တရဒုက်၌ ၁ပါး၊ အနာရမ္မဏ, နောစိတ္တ,

စိတ္တဝိပ္ပယုတ္တ, စိတ္တသင်္ခ, စိတ္တသမုဋ္ဌာန, စိတ္တသဟဘု, စိတ္တာနုပရိဝတ္တိ, ဗာဟိရ, ဥပါဒါဟူ၍ မဟန္တရဒုက်ခ ၉ပါး ဤသို့လျှင် ၂၂ပါး ဖြစ်သတည်း။

အရူပဘဝနှင့် ဝိသင်္ခရာ တူသောပုဒ် ၁၀၀ ပါးဟူသည်ကား အရူပဘဝ, ခနဝသညီနာသညီဘဝ, စတုဝေါကာရဘဝဟု ပဋိစ္စသမုပ္ပာဒ်၌ ၃ပါး၊ ဤဒွိပါဒ် ၁ပ်း၊ တိက်၌ "ကုသလာ ဓမ္မာ" အစရှိသော နာမကွန္ဓာ ၄ ပါးရသောပုဒ်၊ နာမကွန္ဓာ ၄ ပါးနှင့်တကွ နိဗ္ဗာန်ရသောပုဒ် ၄၁ ပါး၊ ဂေါစ္ဆကတ်၌ ၄၂ ပါး၊ "အရဟတ္တဖလာ ဓမ္မာ, လောကုတ္တရာ ဓမ္မာ"ဟူ၍ စူဠန္တရဒုက်ခ၌ ၂ပါး၊ "သာရမ္မဏာ ဓမ္မာ"ဟူ၍ မဟန္တရဒုက်ခ၌ ၁ ပါး၊ ပိဋိဒုက်ခ၌လည်း နာမကွန္ဓာ ၄ ပါးနှင့်တကွ နိဗ္ဗာန်ရသောပုဒ် ၁၀၀ ပါး ဖြစ်သတည်း။

ဤပုဒ်တို့ကိုလည်း ပဋ္ဌမနယ၌ဟောခဲ့ပြီ၊ ဤတေရသမနယ၌လည်း အောက်ပဋ္ဌမနယက ဟောခဲ့သောဝိညာဉ်စဲ့ ဗာဝိသ, သြဠာရိကရုပ်၌ စဲ့သောပုဒ် ၁၀၀ ပုဒ်တို့ကို ဟောအပ်၏ဟု ဟောပုဒ်ကိုပြသောစကားတည်း။ "ယေစဲ့မှ သ္ဝ စိတ်ရည်မှာ၊ နည်းငါးမည် တူမခဲ့လို့"ဟူသောစကားဖြင့် ယေ စဲ့သောအခါပဋ္ဌမနယအတိုင်းစဲ့ ဟူလိုသည်၊ "ဆဋ္ဌနည်း ဖြေသလို၊ ဟောရသကို"ဟူသော စကားဖြင့် ယေ စဲ့သောတရားဌ၌ သမ္ပယုတ် ဝိပ္ပယုတ် မေးသောအခါ ဆဋ္ဌနယအတိုင်းဖြေ၍ဟောလေ ဟူလိုသည်။

၁၄-စုဒ္ဒသမနယချိုး အဖြေ

စုဒ္ဒသမ ဟောရန်နည်းမှာ ၊ပ၊ နှစ်ဆီကို ကျွေးလိုက်ကဲ့လေး။

အဓိပ္ပာယ်ကား ဤစုဒ္ဒသမနယ၌ ဟောပုဒ်တို့သည် အဋ္ဌမနယ၌ဟောခဲ့သော ခမ္မာယတန, ဓမ္မခေါတ် စသည်တို့မှတပါး ခန္ဓာ ၅ပါးအစရှိသော တရားဖြစ်၍ အဋ္ဌမနယနှင့် အလုံးစုံတူ၏ဟူလို၊ ယေ စဲ့သောအခါ၌လည်း အဋ္ဌမနယကဲ့သို့ ဝိပ္ပယုတ်ဖြစ်သော တရားကိုပင်စဲ့၊ အဋ္ဌမနယ စဲ့သကဲ့သို့ပင် မထူးပြီ၊ အဋ္ဌမနယ ယေ စဲ့နှင့် စုဒ္ဒသမ ယေ စဲ့သည် အမြှောမွှေးသကဲ့သို့ဖြစ်၍ မထူးဟူလို၊ ယေ စဲ့၍ ရသောတရားဌ၌ ပုဗ္ဗောပြုလုပ်သောအခါ ပဋ္ဌမနယအတိုင်းပင် ရေတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ်၊ မဇရတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ်ထိုက်သည့် အတိုင်းဖြေ ဟူလိုသည်။

ပဋ္ဌမနယ, ဆဋ္ဌနယတို့၌ ယေ စဲ့ မရှိ။

ဒုတိယ, တတိယ, အဋ္ဌမ, ကောဒသမ, ဒွါဒသမ, ဘေရသမ, [illegible] ဤ ၇ ခုသောနယတို့၌ ယေ တခုသာရှိသည်။

ထိုမှကြွင်းသော စတုတ္ထနယ, ပဉ္စမနယ, သတ္တမနယ, နဝမနယ, ဒသမနယ ဤ ၅ နယတို့၌ ယေ နှစ်ခုရှိသည်။

တုတ်လှမ်း ဆရာတော်ဘုရားကြီး စီရင်သော

ဓာတုကထာ တုတ်လှမ်းချိုး အဖြေ ပြီး၏။

၁၇-ဓာတုကထာ ဝိဇ္ဇာချိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) ငါးခန္ဓာ တည်ထောင်စလို့၊ ယာဝါရဏသဘာဝါ။ ဟောပြခဲ့မည်တော်ဆန်း၊ ဓာတ်ကျမ်းသည်။ ဥက္ကဋ္ဌနည်း အထဝါ၊ နှာမ်တော် မည်ဆန်း။ မျိုးမနှ စာသင်ငယ်မှာ၊ နှားမလယ်ပျော်ရွှင်တဲ့ကျမ်း၊

(ခ) ဘောင်ဝေဘူ ဗေဒချက်ဆို၊ ရတနာ သူစုံမက်လို့၊ တက်ရှာတဲ့ ကိုးဇာ။ နတ်မိစ္ဆာ လှည့်ကာပူး၊ ရူးတောက်သည့်တာ။ နတ်စိမ်းဆေးဘေဝိဇ္ဇာ၊ ပေးသည့်ခါ ဘယာကင်းလို့၊ လိုရာရာ ကျန်မကြွင်းအောင်။ စိန်, နီလာ, မြသလင်း၊ ဆောင်ခြင်းပမာ။ နတ်စိမ်းဆေးမှော်ကဗျာကို၊ ဘေဝိဇ္ဇာ ဖော်ဦးအံ့တည်း။

(ဂ) ဘုန်းကိုယ်တော် တုတ်လှမ်း၊ ပြည့်နှန်းတဲ့ အိမ်မြှောင်စာ။ လဂ္ဂဏာသဘာဝ၊ သိရရုံသာ။ သရုပ သင်္ချာမှာ၊ မြိတ်စာမျှင် ဆံခြည်ထွေးသို့။ ဒုမ္မေဓာ သမ္ဘာသေးတို့၊ ထွေးရှင်ပ္ပေချာ။ ဆံခြည်ထွေး သည် မြိတ်ဆာကို၊ သခေါ်ပါ ဖြေဦးအံ့တည်း။

၁-ပဌမနယချိုး

ပဌမနည်း ဟောရန်ပုဒ်မှာ၊ သရုပ်ရ ကျယ်ဝန်းစွာ။ သိသေသာ ကျန်မှ ဒကာစ္ဆိလသာ။

၂-ဒုတိယနယချိုး

ဒုတိုယ ဟောရန်မှာ၊ ဒသ,အာ ဝတ်မှာရ၊ သတ် ၅သဝ။ သတ်ဣန်တြို ပဋ္ဌိစ္စာ၊ တိက်နှစ်ဖြာ ဒုက်မှာသုံး၊ ပေါင်းရုံးသခ်ျာ။ ဒွေတာလီသ သူ့အလာ ကို၊ ဆေးကဗျာ ခြယ်လိုက်သတည်း။

၃-တတိယနယချိုး

တတိယ သူ့နည်းမှာ၊ သုံးခုစီချည်း ခန်သစ္စာ။ ဣန္ဒြေဆယ့်ခြောက်ပါး၊ မျှားသိကြံ့ရှာ။ ဆယ့်လေးလီ ပဋ္ဌိစ္စာ၊ ဒွေ ပဋ္ဌာ စျာန်ကို စ၊ မဂ္ဂတိုင်သာ၊ဖယ် ခြောက်ဒုက် တလီသာ၊ ပေါင်းသခ်ျာ ကိုးဆယ်ပြည့်တည်း။

၄-စတုတ္ထနယချိုး

နည်းခလေးသွယ် သစ္စာဒွေး၊ သရုပ်ရေရေး ဆဲ့ငါးဣန်။ ပဋ္ဌိစ္စာ ကောဒ၊ တွေးဆဉာဏ်ချိန်။ ဒွေ ပဋ္ဌာန်း အပ္ပဣန်၊ ငါးမှိန်ရှင်ပင်ပြသည်၊ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်၊ ဖယ်လေးသွယ်။ ဒုက်တီ သ နိဂုံးခြယ်လျှင်၊ခုနစ်ဆယ် ပယ်တစ် ပေတည်း။

၅-ပဉ္စမနယချိုး

ပဉ္စမေ နည်းပါဠိမှာ၊ ဓာတ် အာ ခန် ကျန်မရှိပါဘူ့၊သစ္စာတြို ဗာဝိဣန်။ ပဋ္ဌိစ္စာ တေဝီသ၊ဟောပြမှုနိန်။ ချိန်အာရုံ ဉာဏ်သွင်းတော့၊ နောင်ခမင်း နိဿ သာ၊ ဖယ်တိုင် ကျန်မလပ်ပြီဘူ့၊ တေစတ်တဲ့ တိက်မှာ၊ ဒုက်တရာစွန်းသာဆဲ့ ငါး။ ပေါင်းနှစ်ရာ့ ငါးဆဲ့ခွန်ကို၊ ဉာဏ်တံခွန် ထူစိုက်လို့လှား။

၆-ဆဋ္ဌနယချိုး

နည်းဆဋ္ဌ သည်အချက်မှာ၊ ယှင်းမကွက် ခန္ဓာစုံ။ ဂေါ်စီရှောင် နောင်စတု မှာ၊ ရှိမှုဉာဏ်ဆုံ။ ပဋ္ဌိစ္စ ဟောပုံဝယ်၊ တခုပယ် နှစ်ဆယ်ရသည်၊ ထိုသည့်နောင်

နိဿသ၊ ဖဿတိုင်ရုံ။ နဝဂုဏ် ရောင်စုံကျင်းသည့်၊ တရားမင်း မိန့်မှာဟန်။ သတ်တာလီ တိုက်မှာရသည်၊ ကျေနှာတရာမျှ၊ ဒုက်ကအမှန်။ လေးဆဲ့ရှစ် ဒွိသ တံကို၊ လက်ရှောဏ်သာလှမ်းတော့လား။

၂-သတ္တမနယချိုး

သတ္တမေ နည်းနယမှာ၊ ဟောရသည့် လေးခန္ဓာ။ အာ, ကော ဓာတ်မှာ သတ်၊ မြဲမှတ်သေချာ။ ဣန်ဒြစ်ဖြာ ပဋိသုံးငယ်နှင့်၊ သတ်ဖဿ တိုက်မှာသုံး၊ နောက်ဆုံး ဒသာ။ ပေါင်း သုံးဆဲ့ ခုနစ်ဖြာမှာ၊နိဿသာ ကျန်ဘူးတကား။

၈-အဋ္ဌမနယချိုး

ပေယျာလံ ရှစ်လီနည်းမှာ၊ သစ္စာခန် မကျန်ဆည်း၊ ကော်စီယုတ်နည်း ဓာတ် ဣန်အာ။ ပဋိစ္စာ တေဝီသငယ်နှင့်၊ ဖဿတိုင် နိဿသ၊ ဟောကြလေရာ။ ခြောက်ဆဲ့လေး တိုက်အလာ၊ ဒုက်တရာ ခြောက်ဆဲ့သုံး၊ ပေါင်းရုံးသခ်ျာ။ နှစ်ဆဲ့လေး စွန်းကယ်သာသည်၊. ပုဒ်သုံးရာ ဥာဏ်သဲ့ကလို့ ဟော။

၉-နဝမနယချိုး

အနာဂါမိဖိုလ်ပုဂ္ဂိုလ်ကို အနာဂါမ်၊အရဟတ္တဖိုလ်ပုဂ္ဂိုလ်ကို ရဟန္တာ ဟုလဲ ခေါ်ကြသည်။

၆၆-ဆုံပုဂ္ဂိုလ်ရဲ့ လက်မှတ်

အပါယ်လေးတေ့၊ ဒု-သာနေတည့်၊ လူ့ပြေစတု၊ ဒု-ကြဉ်ရှုလျက်၊ ကြင်းစုသဲ့တစ်၊ ပုဂ္ဂိုလ်ဖြစ်၏၊ ထက်ရစ်နတ်ငါး၊ ဒု-သု-ရှာ:ရှ၊ ကြင်းငြား ဆယ်ယောက်၊ ထိုနောက် ပ-ဒု၊ တဟု ဝေဟာ၊ ဗြဟ္မာဆယ်ဘုံ၊ ကြဉ်တုံ ဒု-သု၊ ဒီဟု သုံးဖြာ၊ အသညာကား၊ တဖြာ သုတည်း၊ ငါးခုသုဒ္ဓါ၊ နာဖိုလ် ရဟတ်၊ မဂ်ဖိုလ်စပ်ရှ၊ သုံးရပ်ပုဂ္ဂိုလ်၊ အရဆို၏၊ နာမ်ခိုအရှ၊ လေးဘုံမှကား၊ ဒု သု ဒီ သော၊ မဂ္ဂေါ ကြဉ်ဖယ်၊ ခ္ခစ်သွယ်ပုဂ္ဂိုလ်၊ ဖြစ်ကြောင်းဆိုသည် .... မြဲသိုဘုံလူ အာခဲ့တည်း။

၆၇-ဘုံနှင့် ပုဂ္ဂိုလ်

၁။ ဇရဲဘုံ	ဒုဂ္ဂတိအဟိတ်	၁ ယောက်
၂။ တိရစ္ဆာန်ဘုံ	။	၁ ယောက်
၃။ ပြိတ္တာဘုံ	။	၁ ယောက်
၄။ အသုရကာယ်ဘုံ	။	၁ ယောက်
၅။ လူ့ဘုံ	ဒုကြဉ်ကျန်	၁၁ ယောက်
၆။ စာတုမဟာရာဇ်ဘုံ	။	၁၁ ယောက်
၇။ တာဝတိံသာဘုံ	ဒု,သု ကြဉ်ကျန်	၁၀ ယောက်
၈။ ယာမာဘုံ	။	၁၀ ယောက်
၉။ တုသိတာဘုံ	။	၁၀ ယောက်
၁၀။ နိမ္မာနရတီဘုံ	။	၁၀ ယောက်
၁၁။ ပရနိမ္မိတဝသဝတ္တီဘုံ	။	၁၀ ယောက်

၁၂။ ဗြဟ္မပါရိသဇ္ဇာဘုံ	ဒုသ,ဒ္ဓိ ကြည်ကျွန်	၉ ယောက်
၁၃။ ဗြဟ္မပုရောဟိတာ	။	၉ ယောက်
၁၄။ မဟာဗြဟ္မာ	။	၉ ယောက်
၁၅။ ပရိတ္တာဘာ	။	၉ ယောက်
၁၆။ အပ္ပမာဏာဘာ	။	၉ ယောက်
၁၇။ အာဘဿရာ	။	၉ ယောက်
၁၈။ ပရိတ္တသုဘာ	။	၉ ယောက်
၁၉။ အပ္ပမာဏသုဘာ	။	၉ ယောက်
၂၀။ သုဘကိဏ္ဏာ	။	၉ ယောက်
၂၁။ ဝေဟပ္ဖိုလ်	။	၉ ယောက်
၃၂။ အသညသတ်	သုဂတိုအဟိတ်	၁ ယောက်
၂၃။ အဝိဟာ	အနာဂါမ်၊အရဟတ္တမဂ်၊ရဟန္တာ	၃ ယောက်
၂၄။ အတပ္ပာ	။	၃ ယောက်
၂၅။ သုဒဿာ	။	၃ ယောက်
၂၆။ သုဒဿီ	။	၃ ယောက်
၂၇။ အကနိဋ္ဌာ	။	၃ ယောက်
၂၈။ အာကာသာနဉ္စာယတန	တိဟိတ် ၁၊ သောတာပတ္တိမဂ်	၈ ယောက်
၂၉။ ဝိညာဏဉ္စာယတန	ပုဂ္ဂိုလ်ကြည် အရိယာ ၇၊	၈ ယောက်
၃၀။ အာကိဉ္စညာယတန	။	၈ ယောက်
၃၁။ နေဝသညာနာသညာ	။	၈ ယောက်

မှတ်ချက်။ ၃၁ ဘုံ၌ ပုဂ္ဂိုလ်ပေါင်း ၅၁၄ ယောက်(ပုဂ္ဂိုလ်အပြား ၀၊ကရုဏာ) ရှိ၏၊ (၀၊-၄၊ က-၁၊ ရုဏ-၂။)

၆၈-ပုဋ္ဌိုလ်ဘုံရ လက်စ

ဒု ကား အပါယ်၊လူ့နယ် စတု၊ တခုအသညာ၊ ဘုံသုံးဖြာ၌၊ဖြစ်ရာသုတည့်၊ ဒို ရှုကာမ၊ သတ္တ သုဂတိ၊ တိမှာ မှုကား၊ လေးပါးပါယ်ရှာ၊ အသညာနှင့်၊ သုဒ္ဓါကြည်ခဲ့၊ နှစ်ဆဲ့တဘုံ၊ ဖြစ်ပေတုံ၏။ တဖုံသောမဂ်၊ လေးချက် အပါယ်၊ တသွယ် အသညာ၊ သုဒ္ဓါငါးခု၊ စတု အရှု၊ မယူကြည်ဖျောက်၊ ဘုံဆဲ့ခြောက်ကည့်၊ ထိုနောက်သောဖိုလ်၊ ပုဂ္ဂိုလ်သကဒါဂါမ်၊ မဂ်နာဂါမ်လည်း၊ နှိုင်းစံတိဟိတ်၊ ရစက်ရိပ်သို့၊ ဖိုလ်စိတ်နာဂါ၊ ရဟန္တာကား၊ လေးဖြာ အပါယ်၊ တသွယ် အသညာ၊ ကြည်ဖယ်ကာလျင်၊ ကြင်းရုဆဗို၊ ဘုံမှာမှိသည်....လိလိခဲ့ စ်ဂ် ရှင်းရှင်းတည်း။

၆၉-ပုဋ္ဌိုလ်နှင့် ဘုံ

ပုဂ္ဂိုလ်	ဖြစ်နိုင်ရာဘုံ
၁။ ဒုဂ္ဂတိအဟိတ်	အပါယ် ၄ ဘုံ။
၂။ သုဂတိအဟိတ်	လူ့ဘုံ၊ စာတုမဟာရာဇ်၊
	အသညသတ်၊ပေါင်း ၃ဘုံ။
၃။ ဒ္ဒိဟိတ်	ကာမသုဂတိ ၇ ဘုံ၊
၄။ တိဟိတ်	ကာမသုဂတိ ၇ ဘုံ၊
	ဝေဟပ္ဖိုလ်အထိ ရူပ ၁၀ ဘုံ
	အရူပ ၄ ဘုံ၊ပေါင်း ၂၁ ဘုံ။
၅။ သောတာပတ္တိမဂ်	ကာမသုဂတိ ၇ ဘုံ၊
	ဝေဟပ်အထိ ရူပ ၁၀ ဘုံ၊
	ပေါင်း ၁၇ ဘုံ၊

၆။ သောတာပတ္တိဖိုလ်	ကာမသုဂတိ ၇ ဘုံ၊
(ဝါ)သောတာပန်	ဝေဟပ်အထိ ရူပ ၁၀ ဘုံ၊
	အရူပ ၄ ဘုံ၊ပေါင်း ၂၁ဘုံ၊
၇။ သကဒါဂါမိမဂ်	၎င်း ၂၁ ဘုံ၊
၈။ သကဒါဂါမိဖိုလ်	
(ဝါ)သကဒါဂါမ်	၎င်း ၂၁ ဘုံ၊
၉။ အနာဂါမိမဂ်	၎င်း ၂၁ ဘုံ၊
၁၀။ အနာဂါမိဖိုလ်	အပါယ်, အသညသတ် ၅ ဘုံ
(ဝါ)အနာဂါမ်	ကြဉ် ကျန် ၂၆ ဘုံ၊
၁၁။ အရဟတ္တမဂ်	၎င်း ၂၆ ဘုံ၊
၁၂။ အရဟတ္တဖိုလ်	
(ဝါ)ရဟန္တာ	၎င်း ၂၆ ဘုံ၊

အမှာ။ သောတာပန်ပုဂ္ဂိုလ်သေလျှင် လူ့ဘုံ၊ **နတ်ပြည်** ၆ ထပ်၊ ရူပဗြဟ္မာ **အောက်** ၁၀ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၁ ဘုံ**တွင်** တဘုံ**ဘုံ** **ရောက်**မည်ဟု သိပါ။

၇၀—ငရဲကြီးရှစ်ထပ်

၁။ **သဠေ**ဝ = သဠေ**ဂ**ိုဝ်ငရဲ

၂။ **ကာ**ဠသုတ္တ = **ကာ**ဠသုတ်ငရဲ

၃။ **သ**ဃာတငရဲ

၄။ **ရော**ရုဝငရဲ

၅။ **မဟာ**ရောရုဝငရဲ

၆။ **တာ**ပနငရဲ

၇။ မဟာတာပနုင၏

၈။ အဝီစိုင၏

၇၁-ငရဲကြီးရှစ်ထပ်သက်တမ်း

ငရဲ	သက်တမ်း(နှစ်ပေါင်း)
၁။ သဉ္ဇိုဝ်	၅၀၀
၂။ ကာဠသုတ်	၂၀၀၀
၃။ သံဃာတ	၈၀၀၀
၄။ ရောရုဝ	၃၂၀၀၀
၅။ မဟာရောရုဝ	၁၂۸၀၀၀
၆။ တာပန	၅၁၂၀၀၀
၇။ မဟာတာပန	မရေတွက်နိုင်
၈။ အဝီစိ	မဟာကပ်တဝက်၊ မဟာတပ်တကပ်

မှတ်ချက်။ ။နှစ်ပေါင်း ၅၀၀ ဟုဆိုသော်လည်း လူ့အရေအတွက် နှစ်မဟုတ်၊ ငရဲအရေအတွက်ဖြစ်သည်၊ ငရဲတရက်မှာ လူ့အရေအတွက်နှင့် နှစ်ပေါင်း ကိုးသန်း ရှိသည်၊ ငရဲ နှစ်ပေါင်း ၅၀၀ မှာ လူ့အရေအတွက်နှင့် နှစ် ကုဋေပေါင်း ၁သိန်း ၆ သောင်း နှစ်ထောင် ရှိသည်။

၇၂-အဝီစိဟိတဌာန လေးပါး

(၁)။ မာဂဓတိုင်း တိကတနယ် နေရဉ့်ရာမြစ် အနောက်ဖက်ကမ်းအနီး ဥရု ဝေဌတော မဟာဗောဓိပင်၏ အရှေ့ဖက် သစ်ကိုင်းအောက်ရှိ ပလွင်တော် တည်ရာဌာန၊

၂။ ကာသီတိုင်း ဗာရာဏသီမြို့အနီး သားသမင်များကို ဘေးမဲ့ ပေးရာ မိဂဒါဝုန်တော အမွှစကြာတရားဟောရာ၌ ၎၊

၃။ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အတွင်း ဂန္ဓကုဋိတိုက် ညောင်စောင်းတော်တည်ရာ၌ ၎၊

၄။ ကောသလတိုင်း သက်သနဂိုရ်ပြည် တောင်တံခါးဝ (ယခု-အစလ စေတီတော်) တည်ရာ၌ ၎၊

၇၄-သံဃဝတ္ထုနိယာဒ္ဒါန် လေးပါး

၀။ မြတ်စွာဘုရား ဖွားတော်မူရာ လုမ္မိနီဥယျာဉ်တော်၊

၂။ ဘုရားအဖြစ်ရောက်တော်မူရာ မဟာဗောဓိပင်တည်ရာ၌ ၎၊

၃။ အမွှစကြာတရား ဟောတော်မူရာ မိဂဒါဝုန်တော၊

၄။ ကုံသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် အတွင်း ပရိနိဗ္ဗာန်စံတော်မူရာ ၎၊

၇၄-ကောန်အာရုံပြုလက်ာ

နှစ်ဆယ့်ငါးတုံ၊ အာရုံကာမ၊ ခြောက်ဝိမုဟဂ္ဂါ၊ ရှစ်ဖြာနိဗ္ဗာန်၊ နှာမ်ကားဆယ့်လေး၊ တေးရသရုပ်၊ ပစ္စုပ်နည်းတူ၊ တိတ်မူခြောက်မှတ်၊ နာဂံတ်မရှိ၊ ဝိမုတ်နှစ်ဆယ့်ကိုး၊ ကျမ်းရိုးအညီ၊ ကေဝိပညတ်၊ ပရမတ္ထ၊ နဝံတိ ံသာ၊ ခြောက်ဖြာအဋ္ဌ၊ ဗာဟျဆဗ္ဗီ၊ နှစ်စီပဋ္ဌ၊ အမွှသုံးဆယ့်ငါး၊ တပါးဌဝီ၊ ဒွေးနှစ်လီတည့်၊ ငါးလီမှာသုံး၊ ဆယ့်နှစ်သုံးပင်၊ သီကုံးချိုးအား၊ ဆယ့်လေးကိုးလီ၊ ပဋ္ဌဝီ သုံးတန်၊ ကေန်ရှေးရှု၊ အာရုံပြုသည် ...သောတုဃယ်တို့ လွှယ်စေတည်း။

---

၇၅ အနေကန်အာရုံပြုလက်ာ

မှတ်လွှယ်စေရန်၊ အနေကန်ကို၊ ဆောင်ပုဒ်ဆိုအုံ့၊ အပိုမပြု၊ ကာမ, မဟဂ္ဂုတ်၊ ဝိမှုတ်ပညတ်၊ ပရမတ်ဟု၊ ငါးရစ်တူလစ်၊ သုံးဆဲ့တစ်စီ၊ ပစ္စုပ်ဟီတ၊ နုဝဂတ

နှင့်၊ ဓမ္မရုပ်နှာမ်၊ ခြောက်တန်ပေါင်းရုံး၊ လေးဆဲ့သုံးစီ၊ သုံးလီအဇ္ဈတ်၊ စုံ့လတ်မှီရောက်၊ ငါးဆဲ့ခြောက်မှန်၊ နိဗ္ဗာန်ဆဲ့တစ်ဝ၊ ပဉ္စဋ္ဌဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရှေးကောက်စေမှု၊ လက်ဘပြုသည်....သောတုမောင်တို့ ဆောင်ပျှို့သော်။

၅၆-အာခုံပြု သံပေါက်

ပဋ္ဌဝိညာ၊ မနောဒါ၊ တဒါ ဟသိနှော၊ (ကာမဇကန် ၂၅)
ဟသိမပါ့၊ ဇောက်ဘမာ၊ ဘိညာဒ္ဒေ့ဝုံ့ဌော၊ (ကာမအနေကန် ၃၁)
ဝိညာဏဋ္ဌာ၊ နာသညာ၊ သခ်္ခါ ဆ ဟုဟော။ (မဟာဂ္ဂုတ်ကေန် ၆)
ဟသိမပါ၊ ဇောတာမာ၊ ဘိညာဒ္ဒေ့ဝုံ့ဌော။ (မဟာဂ္ဂုတ်အနေကန် ၃၁)
ပန္နရသာ၊ စိတ်ရှုပါ၊ အာကာ, အာကိဉ္စော။ (ပညတ်ကေန် ၂၁)
ဟသိမပါ၊ ဇောကာမာ၊ ဘိညာဒ္ဒေ့ဝုံ့ဌော။ (ပညတ်အနေကန် ၃၁)
ပညတ်ကေန်၊လောကုတ်မှန်၊ရှေဥာဏ်မတွေ့းတော။(ကာလဝိမုတ်ကေန် ၂၉)
ဟသိမပါ၊ ဇောကာမာ၊ ဘိညာဒ္ဒေ့ဝုံ့ဌော။ (ကာလဝိမုတ်အနေကန် ၃၁)
ပဋ္ဌဝိညာ၊ မနောဓာ၊ သခ်္ခါ တေရသော။ (ပစ္စုပ္ပန်ကေန် ၁၃)
ကာမနေကာ၊ ပေါ်တွင်သာ၊ တဒါ ဟသိနှော။ (ပစ္စုပ္ပန်အနေကန် ၄၃)
ဝိညာဏဋ္ဌာ၊ နာသညာ၊ မှန်စွာ အတိုတ်ဟော။ (အတိတ်ကေန် ၆)
ပစ္စုပ်နေကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (အတိတ်အနေကန် ၄၃)
ဇကန်မပါ၊ နာဂတာ၊ မိန့်မှာရှင်ပင်ဟော။ (အနာဂတ်ကေန်မရှိ)
ပစ္စုပ်နေကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (အနာဂတ်အနေကန် ၄၃)
လောကုတ္တရံ၊ မြတ်နိဗ္ဗာန်၊ ကေန်သိစေသော။ (နိဗ္ဗာန်ကေန် ဂ)
ကာမကုသလံ၊ ကိရိယံ၊ ဥာဏ်နှင့်ယှဉ်စေသော။
ဝုဋ္ဌောဂေ၊ ဘိညာဒ္ဒ၊ ကေဒသဟော။ (နိဗ္ဗာန်အနေကန် ၁၁)

ရူပါရူပ၊ နုတ္တရ၊ ပဋ္ဌတိ သဟော။ (ဓမ္မာရုံကေန် ၃၅)
ပစ္စုပ္ပန္နကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (ဓမ္မာရုံအနေကန် ၄၃)
ပစ္စုပ္ပကေန်၊ တေရသံ၊ ရှေဉာဏ်ဆ၍ဟော။ (ရုပ်ကေန် ၁၃)
ပစ္စုပ္ပန္နကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (ရုပ်အနေကန် ၄၃)
အတိတ်နိဗ္ဗာန်၊ ယင်းကေန်၊ နှစ်တန် မိသကော။(နာမ်ကေန် ၁၄)
ပစ္စုပ္ပန္နကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (နာမ်အနေကန် ၄၃)
ဝိညာဏဇ္ဈာ၊ နာသညာ၊ သခ်္ခာ ဆ ဟုဟော။ (အဋ္ဌင်္ဂကေန် ၆)
စတုပညာ၊ စိတ်ကာမာ၊ ဘိညာနှစ်ခုနှော။ (အဋ္ဌတ္တအနေကန် ၅၆)
စိတ်ရူပမှာ၊ လောကုတ်ပါ၊ အာကာ, အာကိဉ္စော။ (ဗဟိဒ္ဓကေန် ၂၉)
စတုပညာ၊ စိတ်ကာမာ၊ ဘိညာနှစ်ခုနှော။ (ဂင်းအနေကန် ၅၆)
နတ္ထိကေန်၊ မရှိမှန်၊ ကေန်ဖွင့်၍ဟော။ (အဋ္ဌတ္တ ဗဟိဒ္ဓကေန် မရှိ)
စတုပညာ၊ စိတ်ကာမာ၊ ဘိညာထည့်၍ဟော။ (ဂင်းအနေကန် ၅၆)
ကာမနိဗ္ဗာန်၊ တိတ်ကေန်၊ သုံးတန် မိသကော။ (ပရမတ္ထကေန် ၃၉)
ဟသိမပါ၊ ဇောကာမာ၊ ဘိညာဒွေဝုဒ္ဓော။ (ပရမတ္ထအနေကန် ၃၁)
စက္ခုဝိညာ၊ တခုသာ၊ မိန့်မှာ ရှင်ပင်ဟော။ (ရူပါရုံကေန် ၁)
ကာမနေကာ၊ မနောဓာ၊ တဒါ ဟသိနှော။ (ရူပါရုံအဂနကန် ၄၆)
သောတဝိညာ၊ တခုသာ၊ မိန့်မှာ ရှင်ပင်ဟော။ (သဒ္ဒါရုံကေန် ၁)
ကာမနေကာ၊ မနောဓာ၊ တဒါ ဟသိနှော။ (သဒ္ဒါရုံအနေကန် ၄၆)
ဃာနဝိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။ (ဂန္ဓာရုံကေန် ၁)
ကာမနေကာ၊ မနောဓာ၊ တဒါဟသိနှော။ (ဂန္ဓာရုံအနေကန် ၄၆)
ဇိဝှာဝိညာ၊ တခုသာ၊ မိန့်မှာရှင်ပင်ဟော။ (ရသာရုံကေန် ၁)
ကာမနေကာ၊ မနောဓာ၊ တဒါဟသိနှော။ (ရသာရုံအနေကန် ၄၆)
ကာယဝိညာ၊ တခုသာ၊ မိန့်မှာ ရှင်ပင်ဟော။ (ဖောဋ္ဌဗ္ဗာရုံကေန် ၁)

ကဲ့မနေကာ၊ မနောခ့ာ၊ တဒါ ဟသိန္ဒော။ (ဖောဋ္ဌမ္ဘာရုံအနေကဲန် ၄၆)

(ကေ်န် ဟူသည်ကား အမြဲအာရုံပြုရ်ဖြစ်သည်၊ အနေကန် ဟူသည်ကား မမြဲအာရုံပြုရ်ဖြစ်သည်။)

---

၇၇ ဘုံပုဂ္ဂိုလ်ရ သံပေါက်

ပုဂ္ဂိုလ်အပြား၊ ဝါကရား၊ ခြားနားသိစိမ့်ဌာ။

ဂင်းဌ ဝါကရားကို ပိဋကတ်သခ်ျာယူ၊ (၂၁၄)ယောက် ဖြစ်၏။

ဒု-သု-ဒ္ဓိ-တိ၊ ယာအရှိ၊ ပေါင်းဘိ ဒ္ဓါဒသာ။

အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရဘိ တယောက်သာ။

လူမဟာရာဇ်၊ ဘုံနှစ်ဆစ်၊ ကြည်ပစ် ဒုဂ္ဂတာ။

ဒု သု မဝင်။ တကျိပ်လျှင်၊ ထက်ခွင်နတ်ဘုံမှာ။

တိဟိတ်ရှိယံ၊ ကိုးယောက်စု၊ ဆယ်ဘန်ဗြဟ္မာ့ရှာ။

သုဂတိတစ်၊ ရတုံလစ်၊ ရပ်ပြစ် အသညာ။

သုဒ္ဓါဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျား အရိယာ။

မဂ်သောတာဖျောက်၊ တိဟိတ်လျှောက်၊ ရှစ်ယောက် အရှုပါ။

ပေါင်းရ်မနှေး၊ ဘုံလိုက်မေး၊ တွက်ရေး ဝါကရာ။

နှစ်ရာ့ဘဆယ်၊ လေးယောက်ကယ်၊ ဥာဏ်ကျယ် ခွဲစိတ်ဖြာ။

---

၇၈ သဗ္ဗာဝါသ ဘုံကိုးဝ သံပေါက်

ဒိဋိပါတိကာ၊ အသုရာ၊ လူ့ရှာနတ်ဘဝ။ (နာနတ္တကာယနာနိတ္တသည်)

ရူပ ဗဒ္ဓမ္ဘာန်၊ ပါယ်ခေလးတန်၊ အမှန်တဌာန။(နာနတ္တကာယကေတ္တသည်)

ဒုတိယ ဈာန်ဘုံ၊ အလုံးစုံ၊ ယူတုံတဝ နိယတ။ (ကေတ္ထကာယနာနတ္တသည်)

တတိယဝေဟပ္ပလာ၊ သုဒ္ဓါဝါ၊ ဗြဟ္မာဌာန ဘုံတဝ။ (ကောယသေညီ)
အသညသတ်မှာ၊ ဗြဟ္မာ့ရှာ၊ ယူရာတဝ မြဲမုချ။ (ကေတ္တကာယ)
အရူပဘုံ၊ အလုံးစုံ၊ ယူတုံပစ္စေက်။ (ကေတ္တသညီ)

---

၇၉ ပုဂ္ဂိုလ်စိတ်ရ သံပေါက်

(ကာမပုဂ္ဂိုလ်စိတ်ရ)

မဟာကုသိုလ်၊ အကုသိုလ်၊ ဟိတ်ကို ဟသိကြဉ်။
ဒုဂ္ဂတိအဟိတ်၊ ပုဂ္ဂိုလ်စိတ်၊ ကိုလိုင် အမြဲယှဉ်။
သုံးဆယ်ခုနစ်၊ ဤမျှဖြစ်၊ လေးရစ် အပါယ်ခွင်။
ဝိပ္ပယုတ်လေး၊ သွင်းပြန်သေး၊ လေးဆယ့်တခုပင်။
ဒီ သုတ္တိမှာ၊ ဤမျှသာ၊ ရရာအမြဲယှဉ်။
သမ္ပယုတ္တ၊ သွင်းပြန်က၊ ကာမတိဟိတ်ပင်။
စျာန်မ့ရပြား၊ လေးဆဲ့ငါး၊ မှတ်သား သတိထင်။
စျာန်ရတုံသေး၊ ငါးဆဲ့လေး၊ မှတ်ရေးကြုံဆင်ခြင်။
လေးဆဲ့ငါးတွင်၊ ငါးခုပင်၊ နုတ်ငင် ပယ်လိုက်ရှား။
ဖိုလ်သွင်းပြန်လစ်၊ လေးဆဲ့တစ်၊ တရစ်ကာမသား။
သကဒါဂါမ်တွင်၊ ၎င်းပင်၊ ဖိုလ်လျှင်လှယ်၍ထား။
သုံးဆဲ့ကိုးတန်၊ အနာဂါမ်၊ တရုံသိစိမ့်ကြား။
လေးဆဲ့တစ်တွင်၊ ဒေါသပင်၊ နုတ်ငင်သ့ဲတိထား။
ဖိုလ်ချင်းဖလှယ်၊ နာဂါမ်ဝယ်၊ သုံးဆယ်ကိုးခုပ့ား။
သုံးဆဲ့ငါးမှာ၊ ရဟန္တာ၊ သေချာ ကြုံစိတ်ထား။
ဟိတ်ဌာရသာ၊ ကိုရိယာ၊ မဟာဝိပါက်ပြား။

အရယတ္တဖိုလ်လျှင်၊ တခုပင်၊ သင်းလျှင် သုံးဆဲ့ငါး။
စျာန်မရလျှင်၊ ဤမျှပင်၊ ဆင်ခြင်နှသုံးထား။
စျာန်ရပြန်က၊ အရှစ၊ ရှုပကိုရိယာ။
ကုသိုလ်လည်းကောင်း၊ ကိုးခုလောင်း၊ အပေါင်းစျာန်ရမှာ။
ရဟန္တာမှ၊ ကိရိယ၊ သေက္ခကုသိုလ်သာ။
ကာမာဝစရဘုံ၊ အလုံးစုံ၊ ဥဿုံမကြွင်းရာ။

(ရူပပုဂ္ဂိုလ်စိတ်ရ)

အကုသိုလ်ဝယ်၊ ဒေါ့သပယ်၊ ဟိတ်ဝယ်ဆဲ့တစ်သား။
စက္ခုသောတ၊ အာဝဇ္ဇ၊ ဌိစ္ဆတီရဏာ။
မဟာဂျုတ်ကု၊ မဟာကုံ၊ တခု ဝိပါက်သာ။
သုံးဆဲ့ကိုးပါး၊ ရူပသား၊ ဖြစ်ငြားတိဟ်တ်မှာ။
သုံးဆဲ့ကိုးတွင်၊ ဒိဋ္ဌိကြည့်၊ မယှဉ်စိကိုစ္ဆာ။
ဤမျှတွဲ့ဝင်သာ၊ ဖိုလ်ထည့်ပါ၊ ရဏသေက္ခမှာ။
သန္ဓီရဏ၊ ဌိစ္ဆန၊ သောတစက္ခုမှာ။
အရဟာတ္တဖိုလ်မှ၊ ဝိပါက၊ ဝိသ ကိရိယာ။
သုံးဆဲ့တဝ၊ ရေတွက်ရ၊ ရူပရဟန္တာ။

(အရူပပုဂ္ဂိုလ်စိတ်ရ)

ဒ်သအကု၊ မဟာကု၊ တခု မနောဒ္ဓါ။
အရူပကု၊ ပေါင်းလေးခု၊ တခု ဝိပါကာ။
နှစ်ဆဲ့လေးပါး၊ တိ့ဟိတ်သား၊ ဖြစ်ငြား အရူပါ။
ဂျင်းဌ်တွင်၊ ငါးခုပင်၊ နုတ်ငင် အကုသိုလ်။
နှစ်ဆယ်တိတိ၊ သုံးသေက္ခီ၊ သင်းဘိ မိမိဖိုလ်၊

မဟာကြီယာ၊ မနောဒ္ဓါ၊ အရူပါ ကြီယာလေး။
မိမိဖိုလ်ပါ၊ ဝိပါက်သာ၊ ထည့်ပါဥာဏ်ဖြင့်တွေ့။

၈၁-၃၁ဘုံ အပိုင်းအခြား သံပေါက်ကဗျာ

ကျေးဇူးတော်ရှင် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး
စီကုံးအပ်သော ၃၁ ဘုံ အပိုင်းအခြား
ဝိသုဒ္ဓါရုံ ကဗျာ

သောင်း,ငါးထောင်စိ၊ သခ်ျာညီ၊ ရှစ်လီပါယ်သုရာ။
ရှစ်သောင်း,လေးထောင်၊ သခ်ျာဆောင်၊ လူ့ဘောင်အသုရာ။
လေးသောင်း,နှစ်ထောင်၊ သခ်ျာဆောင်၊ လူ့ဘောင်နတ်ခြောက်ရှာ။
ဗြဟ္မာနတ်နန်း၊ ရှစ်ထောင်စွန်း၊ ငါးသန်း ငါးသိန်းသာ။
သုရာ,ဝိစိ၊ တသိန်းရှိ၊ စွန်းဘို နှစ်သောင်းသာ။
နှစ်သိန်း,လေးထောင်၊ သခ်ျာဆောင်၊ လူ့ဘောင်ဝိစိမှာ။
လေးသိန်းငါးသောင်း၊ ပေါင်း ခြောက်ထောင်ရှိ၊ သခ်ျာညီ၊ ဝိစိ,နိမ္မိတာ။
ဝိစိ,နေဝ၊ သတ္တကောဋိ၊ နှစ်သန်းရှိ၊ စွန်းဘိခြောက်ထောင်သာ။
တြိန်းသုည၊ ဒွေပဉ္စဒ္ဓ၊ လူမှုနိမ္မိတာ။
နေဝနှင့်လူ၊ သုံးဆူသုည၊ သော ပဠု၊ အဋ္ဌ ၈ သတ္တာ။
နိမ္မိ,နေဝ၊ နော နိ တ၊ ဝါနစာပထာ။

၈၁-ဘုံ အပိုင်းအခြား သံပေါက်

ဗဟုဿုတ၊ ရှိလိုက၊ မှတ်ကြ မျိုးလေးထွေ။
အစသာထင်၊ ဆုံးမမြင်၊ အောက်ခွင် အာကာပေ။

ကိုးသိန်း ခြောက်သောင်း၊ အထုပေါင်း၊ တည်ရှောင်း ယင်းထက်လေ။
လေးသိန်း ရှစ်သောင်း၊ အထုပေါင်း၊ တည်ရှောင်း ထို့ထက်ရေ။
လေးသိန်း ငါးသောင်း၊ အထုပေါင်း၊ တည်ရှောင်း ဤသည့်မြေ။
သိလာပံသု၊ မြေနှစ်ခု၊ အထု ထက်ဝက်ဝေ။
သိန်းနှစ်သောင်းစီ၊ သခ်ျာညီ၊ နှစ်လီ ယှင်းမသွေ။
သိလာပထဝီ၊ အထက်ဆီ၊ အဝီစီ တည်ငြား။
သောင်းငါးထောင်စီ၊ သခ်ျာညီ၊ ရှစ်လီ ငရဲခြား။
ပံသုပထဝီ၊ မြေဝယ်မှီ၊ ဤသည့် ကျွန်းအောက်နား။
ရပ်တမျက်နှာ၊ လေးလုံးသာ၊ ပေါင်းခါ ဆဲ့ခြောက်ပါး။
တရာ့ရှစ်ဆယ်၊ ရှစ်ခုကယ်၊ အဝယ် ငရဲများ။
တြိန်းသုည၊ ဒွေးဇယ၊ သတ္တဘု ံအခြား။
လေးသောင်းနှစ်ထောင်၊ သခ်ျာဆောင်၊ လူ့ဘောင် ခြောက်ထပ်ခြား။
ဘာမသုဂတိခုနှစ်ဘု ံ ယူဇနာ ၄၂၀၀၀ စီ ခြား၏။
တြိန်းသုညာ၊ ဒွေးပဠာ၊ သခ်ျာ ဒွေးတရုပ်။
ပရနိမ္မာ၊ ထက်နှိတ်မှာ၊ လူ့ရွာ အခြားမှတ်။
နှစ်သိန်းငါးသောင်း၊ နှစ်ထောင်ပေါင်း၊ မှတ်ကြောင်း မြဲသေသပ်။
ပရနိမ္မိတဝသဝတ္တီဘု ံနှင့် လူ့ဘု ံ ယူဇနံ့ ၂၅၂၀၀ ခြား၏။
စတုသုည၊ သောသတ္တ၊ ပဠသခ်ျာထား။
ပဌမစျာန်၊ ဗြဟ္မာ့ဌာန်၊ အမှန် လူ့ရွာခြား။
ငါးသန်း ခုနှစ်သိန်း၊ ခြောက်သောင်းကိန်း၊ အပြိန်း မြဲမှတ်သား။
ပဌမစျာန်သုံးဘု ံနှင့် လူ့သူ ံ ယူဇနာ ၅၂၆၀၀၀၀ ခြား၏။
တိခံ အဌခ၊ ဗျည်းဒွယ်၊ ဗြဟ္မာ့ဘု ံချင်းခြား။
ငါးသန်းငါးသိန်း၊ တွက်ကိန်းသခ်ျာ၊ ရှစ်ထောင်သာ၊ ဗြဟ္မာ့ဘု ံချင်းခြား။

ဗြဟ္မာဘုံ အချင်းချင်းကား ယူဇနာ ၅၅၀၀၀၀၀ ခြား၏။

ပရနိမ္မိတဝသဝတ္တီဘုံ နှင့် ပဌမစျာန်ဘုံလည်း ယူဇနာ ၅၅၀၀၀၀၀ ခြား၏။

တြိသုည၊ အင်္ဂနှင့်ဆ၊ ဒွယ ဧကောဟု။

ဒုတိယစျာန်၊ လူတို့ဌာန်၊ အမှန်ခြားမှတ်ပါ။

တကုဋ္ဌေမှန်း၊ တသန်း နှစ်သိန်း၊ သောင်းကိန်း ခြောက်ပြန်၊ ရှစ်ထောင်လွန်၊ ခြားဟန် ဒုတိယာ။

ဒုတိယစျာန် သုံးဘုံနှင့် လူ့ဘုံ ယူဇနာ ၁၁၂၆၀၀၀၀ ခြား၏။

သုံ လုံးသည်၊ သောသတ္တ၊ သတ္တဆကော။

တတိယစျာန်၊ ဘုံသုံးတန်၊ အမှန်ခြားလူ့ရှာ။

တတိယစျာန်သုံးဘုံနှင့် လူ့ဘုံ ယူဇနာ ၁၆၇၇၆၀၀၀ ခြား၏။

တြိသုည်၊ ဇောအဋ္ဌ၊ ဒွယ ဒွေးဒွေးရေး။

ဝေဟပ္ဖလာ၊ အသညာ၊ လူ့ရှာ မြေအဝေး။

ကုဋ္ဌေနှစ်စု၊ နှစ်ခုသန်းကိန်း၊ နှစ်သိန်း ရှစ်သောင်း၊ လေးထောင်ပေါင်း၊ ထပ်လောင်းမှတ်ဘိသေး။

ပေဟပ္ဖိုလိဘုံ အသညသတ်ဘုံနှင့် လူ့ဘုံ ယူဇနာ ၂၂၂၇၄၀၀၀ ခြား၏။

တြိသုည၊ ဒွေးနဝ၊ သတ္တ သတ္တဒွေး။

သုဒ္ဓါဝါသာ၊ အဝိဟာ၊ လူ့ရှာရုပ်ခြားဝေး။

သုဒ္ဓါဝါသ အဝိဟာဘုံနှင့် လူ့ဘုံ ယူဇနာ ၂၇၇၉၂၀၀၀ ခြား၏။

တြိန်းတယ၊ ငါးသုည၊ ဤမှ အတပ်ပါ။

သုံးကုဋ္ဌေမှန်း၊ သုံးသန်း သုံးသိန်း၊ ခန့်တာချိန်း၊ ရေကိန်းများသခ်ျာ။

အတပ်ပါဘုံနှင့် လူ့ဘုံ ယူဇနာ ၃၃၃၀၀၀၀၀ ခြား၏။

တြိသုည၊ အာဋ္ဌနှင့်ခ၊ အဋ္ဌ အဋ္ဌ တြိ။

သုဒ္ဓါဝါသာ၊ သုဒဿာ၊ လူ.ရှာဝေးလှဘိ။

သုဒ္ဓါဝါသ သုဒဿာဘုံနှင့် လူ.ဘုံ ယူဇနာ ၃၀၀၀၀၀၀ ခြား၏။

လေးကုဋေမှန်း၊ လေးသန်း သုံးသိန်း၊ တွက်ကိန်းမြားမြောင်၊ သောင်းခြောက်ထောင်၊ ဝေးခေါင် သုဒဿီ။

တိခံစေက၊ တေဇယ၊ ဇယရေးအညီ။

သုဒဿီဘုံနှင့် လူ.ဘုံ ယူဇနာ ၄၄၃၁၆၀၀၀ ခြား၏။

တြိသုည၊ ဇောဒ္ဓိယ၊ အဌနောဇယာ။

သုဒ္ဓါဝါသ၊ ကနိဋ္ဌ၊ ဌာနလူ.ရပ်ကွာ။

သုဒ္ဓါဝ^သ အကနိဋ္ဌဘုံနှင့် လူ.ဘုံ ယူဇနာ ၄၉၀၂၄၀၀၀ ခြား၏။

သုညတြိ၊ ဒွေးနှင့်တီ၊ တြိဗျည်းပဋ္ဌ။

ပဌမာရူပ္ပာ။ အာကာသာ၊ လူ.ရှာ ဝေးလွန်းလှ။

အာကာသာနဉ္စာယတနဘုံနှင့် လူ.ဘုံ ယူဇနာ ၅၅၃၃၂၂၂၀၀၀ ခြား၏။

ခြောက်ကုဋေကိန်း၊ ရှစ်သိန်း လေးသောင်း၊ သခ်ျာပေါင်း၊ ခြားကောင်းဒုတိယ။

ဝိညာဏဉ္စာယတနဘုံနှင့် လူ.ဘုံ ယူဇနာ ၆၀၀၄၀၀၀၀ ခြား၏။

ကုဋေ ခြောက်ခန်း၊ ခြောက်သန်း သုံးသိန်း၊ တွက်ကိန်း မျှားပေါင်း၊ လေးသောင်း ရှစ်ထောင်၊ ထက်မိုးခေါင်၊ ဘုံဆောင် အာကိဉ္စာ။

အာကိဉ္စညာယတနဘုံနှင့် လူ.ဘုံ ယူဇနာ ၆၆၃၄၇၀၀၀ ခြား၏။

တြိသုညာ၊ သောပဋ္ဌာ၊ အဌာ ဇကသတ်။

နေဝ်သညာ၊ နာသညာ၊ လူ.ရှာ အခြားမှတ်။

နေဝ်သညာနာသညာဘုံနှင့် လူ.ဘုံ ယူဇနာ ၇၀၀၇၅၆၀၀၀ ခြား၏။

ယူဇနာ ၈ါးသန်း ခုနှစ်သိန်း ခြောက်သောင်းမြင့်သော ပဌမစျာန်ဘုံမှ အလျား, အနံ, အထု တယူဇနာရှိသော ကျောက်ဖျာကြီးကို ချလိုက်သည်ရှိသော် စာနေ့ တည့်လျှင် ယူဇနာ ၄၀၀၀၀ ကျ၍ လေးလမှ မြေသို့ရောက်ရာသည် ဟူ၏။

-၁၂-မြင့်မိုရ်စကြဝဠာ အပိုင်းအခြား သံပေါက်

အရှေ့ဌေရောင်၊ ဝင်းဝင်းပြောင်၊ တောင်ကား မြပမာ။

ဖလ်ရောင်အနောက်၊ ဝင်းဝင်းတောက်၊ မြောက်ကား ရှေတိသာ။

ရှစ်သောင်းလေးထောင်၊ မြင့်မိုရ်တောင်၊ စောက်ဆောင်,ပြောကျယ်ဖွာ၊

သေးသောင်းနှစ်ထောင်၊ ယုဂန်တောင်၊ ဝန်းမြောင် ရစ်ပတ်ကာ။

ဤသဓရ ၊တြိခ၊ ဧကဒ္ဒေသခ်ီ၏။ (၂၁၀၀၀။)

ကရဝီက၊ တွင်နာမ၊ မြင့်လှ သောင်းငါးရာ။ (၁၀၅၀၀။)

သုဒဿန၊ အာမည်ရ၊ ခဗျည်းဒွေပဖွာ။ (၅၂၅၀။)

နေမိန္ဓရ၊ မြင့်လွန်းလှ၊ ပဇ္ဇဒ္ဒေသောဒ္ဓါ။ (၂၆၂၅။)

ဝိနတကာ၊ ထောင့်သုံးရာဝယ်၊ ဆဲ့နှစ်ကယ်၊ နှစ်သွယ် ဂါဝုတာ။
(၁၃၁၂ ယူဇနာနှင့် နှစ်ဂါဝုတ်။)

အဿကဏ္ဏ၊ ခြောက်ရာ့ငါးဆယ်၊ ခြောက်ခုကယ်၊ တသွယ်ဂါဝုတာ။
(၆၅၆ ယူဇနာ တဂါဝုတ်။)

မြင့်မိုရ်တောင်မှ၊ စဉ်ကာပြ၊ နိမ့်ကြထက်ဝက်သာ။

သီဒါခုနစ်တန်၊ တောင်ကိုရုံ၊ တောင်ဟန်မှတ်ယူပါ။

သံဒါခုနစ်တန် အနက်အကျယ်ကိုလည်း မိမိရုံအပ်သော တောင်၏ အမြင့်
ပမာဏအတိုင်းမှတ် ဟူလို၊ တောင်အထုမှာ ဝါဒမညီကြ။

အင်ကြင်းနော်ဇာ၊ ယင်းမာတော၊ အပြောစကွဝါ။ (၁၂၀၃၅၅၀။)

သန်းနှစ်သိန်းနှောင်၊ သုံးထောင်လေးရာ၊ ငါးဆယ်သာ၊ စကွဝါအချင်း
(အတွင်းအချင်း။)

အင်ကြင်းရှော်ပါ၊ ယင်းမာတော၊ အပြောအပမှာ။ (၁၂၀၅၅၀။)

သန်းနှစ်သိန်းနှောင်၊ ရှစ်သောင်း ငါးထောင်လေးရာ၊ ငါးဆယ် သာ၊ စကွ
ဝါအပ။ (အပအချင်း။)

ဆပ်သွားအနန်း၊ စပယ်ဒန်း၊ တွင်းဝန်း စက္ကဝါ။ (၃၆၁၀၃၅၀) (အတွင်းအဝန်း။)

စိုရွှဲမသန်း၊ စပယ်ဒန်း၊အဝန်းအပမ္ပာ။ (၃၈၅၆၃၅ဝ်။) (အပအဝန်း။)

ငါးသိန်းငါးသောင်း၊ ထောင်ပေါင်း ကိုးခါ၊ ခုနစ်ရာ၊မှန်စွာ နှစ်ဆဲ့ငါး။ (၅၅၉၇၂၅။)

မြင့်မိုရ်စက္ကဝါ၊ ခြားသခ်ျာ၊ ကျမ်းလာမြဲမှတ်သား။

နှစ်သိန်း ခုနစ်သောင်း၊ ထောင်ပေါင်း ကိုးခါ၊ ရှစ်ရာခြောက်ဆယ်၊ နှစ်ခုကယ်၊ နှစ်သွယ် ဂါဝုတ်ထား။ (၂၇၉ဂ၆၂) နှင့် ၂ ဂါဝုတ်။

မြင့်မိုရ်စက္ကဝါ၊ ခြားသခ်ျာ၊ နှစ်ဖြာ ခွဲဝေပြား။

တသိန်း သုံးသောင်း၊ ထောဝပေါင်း ကိုးဖြာ၊ ကိုးရာ သုံးဆယ်၊တခုတယ်၊ ဘသွယ် ဂါဝုတ်ထား။ (၁၃၉၉၃၁) နှင့် တဂါဝုတ်။

မြင့်မိုရ်စက္ကဝါ၊ ခြားသခ်ျာ၊ လေးဖြာ ခွဲဝေပြား။

ဂ၃-နတ်သက် လက်ခ

စာတုမဟာ၊ သက်ငါးရာကို၊ လူ့ရှာ ကိုးသန်းစင်၊ တာဝတိ်သာ၊ နတ်မှာ ထောင်စု၊လူ့နှစ်ပြုမှ၊ သုံးကုဋေခြောက်သန်းလျှင်တည့်၊ယာမာတွင် နှစ်ထောင်သက်၊ ဆဲ့လေးကုဋေ၊ လေးသန်းနေဟု၊ လူ့ပြေခန့်ရေတွက်လေ၊ လေးထောင်သက်ဘုသိတာ၊ ငါးဆဲ့ခုနစ်ကုဋေ၊ ခြောက်သန်းပေဟု၊ မှတ်လေ လူ့ပြေမှာ ဘည့်၊ ရှစ်ထောင်သာ နိမ္မာနေ၊ ကုဋေသခ်ျာ၊ နှစ်ရာသုံးဆယ်၊ လေးသန်းကယ် နှင့်ဟု၊ လူဝယ်မှတ်သားရလိမ့်၊ ဝသဝတ္တီ သောင်းခြောက်ထောင်၊ ကုဋေဖြင့် သာ၊ ကိုးရာနှစ်ဆယ်၊ တခုကယ်၍၊ တသွယ် ခြောက်သန်းဆောင်သည်၊ထောင် နှစ်ရာ့ နှစ်ဆဲ့ရှစ်နှင့်၊ နှစ်ငါးသန်းပေါင်း။

(နတ်ပြည်ခြောက်ထပ် နတ်သက် လူအရေအတွက်အပေါင်းတား တထောင့် နှစ်ရာ့ နှစ်ဆဲ့ရှစ်ကုဋေ အနှစ်ငါးသန်းခ၏ ဟူလို။)

မဟာရုင်မှာ၊ တရက်တာကို၊ လူ့ရှာ နှစ်ငါးဆယ်၊ တရာ လူ့သက်၊ ဝတ်ရက်ဟု၊ ရေတွက် သိစလွယ်၏၊ ယာမာဝယ် နှစ်ရာမျ၊အနှစ်လေးရာ၊ တုသိတာ

သည်၊ ရှစ်ရာ နီမ္မာနတည့်၊ ဝသဝတ္တီ ထောင့်ခြောက်ရာ၊ ခြောက် ကုံ နတ်ပြု
တရက်မျှကို၊ လူကနှစ်ဖြင့်စာသည်၊ ရတ်မြင့်သာ လနှင့်ပြင့်ရှု၊ သိသင့်ပါကောင်း။

လူ့ပြည်၌ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်ပြည်၌ တနေ့နှင့်တည့်
ဖြစ်၏၊ ထိုနေ့ညှင့်ဖြင့် အရက်သုံးဆယ်သည် တလ မည်၏၊ တဆဲ့နှစ်လသည်
တနှစ်မည်၏၊ ဆို နှစ် ငါးရာသည် စာတုမဟာရာဇ်နတ်သက်မည်၏။ တာဝတိ
သာ စသော အထက်ကိုလည်း ဤနည်းချည်းမှတ်ပါ။

နိဂုံး

ဒေ့ အဲ့ ကော် ကော်၊ သက္ကရာဇ်၊ ပြီးလစ် ဤသည့်စာ
ပြည့်ကျော်အဲ့၊ တပေါင်းလ၊ နေ့မှာ့ ပူး သောကြာ။
ဝိရာဇမည်၊ ရှင်မထေရ်၊ ရှင်ကြည် တောင်းပန်ထွာ။

၈၃-နတ်သက် လေးဆတက်ပုံ သံပေါက်

စတုဂ္ဂုဏ်၊ တက်သည်ဟန်၊ နာခံ မှတ်ကုန်ကြ။
နှစ်ကတပိုး၊ ရက်တပိုး၊ တက်တိုး ပေါင်းလေးဆ။
နှစ်ပြန်ငါးရာ၊ တပိုးသာ၊ ယူပါ နှစ် ၂ဆ။
၂ ရက်ရောက်ခါ၊ တရက်သာ၊ ရှည်စွာ ရက် ၂ဆ။
လေးဆတက်ရာ၊ ဧပြာယ်မှာ၊ ဤခါ နိဋ္ဌိတ။

၈၅-နတ်သက် သံပေါက်

စာတုမဟာ၊ သက်ငါးရာ၊ သခ်ျာနတ်တို့သက်။
တာဝတိ်မှာ၊ တဆောင်သာ၊ ဘခ်ျာ နှစ်ဆတက်။
ယာမာဘုံဖျား၊ နှစ်ထောင်ထား၊ ရှည်ပြား နတ်တို့သက်။

တုတိသာမှာ၊ လေးထောင်သာ၊ သခ်ၤာ ရေလို့တွက်။
နိမ္မာဘုံကား၊ ရှစ်ထောင်ထား၊ ရှည်ငြာ ဤမျှတွက်။
ဝသဝတ္တီ၊ သခ်ၤာညီ၊ နှစ်လီ ရှစ်ထောင်သက်။
နတ်တို့ရေငြား၊ ထိုဘုံများ၊ ရငြား ဤမျှတွက်။
လူမနုဿ၊ ရေပြန်က၊ သည်မျှမကတွက်။
စာတုမဟာ၊ ကိုးသန်းသာ၊ သခ်ၤာ မိန့်မှာမြွက်။
သုံးကုဋေ ခြောက်သန်း၊ သခ်ၤာမှန်း၊ ထက်နန်း ဝတိ်သက်။
ဆဲ့လေးကုဋေ၊ လေးသန်းပေ၊ တည်နေ ယာမာသက်။
ငါးဆဲ့ခုနစ်ကုဋေ၊ ခြောက်သန်းနေ၊ ရှည်လေ တုသီသက်။
ကုဋေနှစ်ရာ၊ သုံးဆယ်သာ၊ နိမ္မာ လေးသန်းတွက်။
ကိုးရာ့နှစ်ဆယ်၊ စွန်းကယ်တခု၊ ကုဋေပြု၊ သိမ္ဗုခြောက်သန်းစွက်။
ထိုနတ်သက်ကား၊ ရေလေငြား၊ ထက်ဖျား ဝတ္တီသက်။
လူကရေသည်၊ ဤမျှရှည်၊ ခြောက်လီ နတ်တို့သက်။
ထက်ဖျားဘုံခွင်၊ နတ်သက်စဉ်၊ ဤတွင် နိဋ္ဌိတာ။

ဂ၆-နတ်သက်ချိုး

ပဉ္စ ကော၊ ဒွေ ဇယာ၊ အဋ္ဌာ သောဠသ။
အစဋ္ဌမှာ၊ နှစ်သုညာ၊ ထက်မှာ သုံးစီချ။

မ္ဟုံ-ပြာ-ရိ-ဝ-ဒီ-စံကျော့၊ အစမှာ နီ-နီနှင့်၊ အောက်ဆီမှာ အာ-အာ အက်၊ တွေ့ခက်နိုင်ပေါ့။

မိ-က-ဆု-ေ-ဟာ-စံပ၊ အစမှာ နီ-နီနှင့်၊ အောက်ဆီမှာ အာ-အာ အက်၊ တွေ့ခံက်နိုင်မျှ။

ရှေးဦးစွာ ၉ ဓဂ်နှင့်၊ ဆ တြို့ သည်အောက်မှာ။ စတု ဇယ ကော်ကယ်နှင့်၊ အောက်ဆစ်က ဆ သတ္တာ၊ ဗျည်းထက်ချပ်ပါ။ ဘေ တခန်း ဆန်းသည့်တြို့နှာ။

စမ္ဘာတချက်၊ ဆ ကော် တယ် ဒွေ ဓ ဝင်နှင့်၊ ခြောက်အစဉ် သုညရေး၊ တွေးကွဲ. ဥာဏ်နှင့်။

၈၇-နတ်သက်ချီးအပြေ

၁။	ပဌ -	၅၊	စတုမဟာရာဇ် ၅၀၀
၂။	ကော -	၁၊	တာဝတိံသာ ၁၀၀၀
၃။	ဒွေ -	၂၊	ယာမာ ၂၀၀၀
၄။	ဇယ -	၄၊	တုသိတာ ၄၀၀၀
၅။	အဋ -	၈၊	နိမ္မာနရတီ ၈၀၀၀
၆။	သောဋသ -	၁၆၊	ပရနိမ္မိတဝသဝတ္တီ ၁၆၀၀၀

အစမှာ ဓဒွဲ့သုညာ - အစ ၅ နောင် သုည ၂ လုံးထည့်၊
ထက်မှာ သုံးစီချ - အထက်နတ်မှာ သုည ၃ လုံးစီထည့်။

၁။	မှူ -	၅၊	စတုမဟာရာဇ် ၅၀၀
၂။	ပြာ -	၁၊	တာဝတိံသာ ၁၀၀၀
၃။	ရီ -	၂၊	ယာမာ ၂၀၀၀
၄။	ဝ -	၄၊	တုသိတာ ၄၀၀၀
၅။	ဒီ -	၈၊	နိမ္မာနရတီ ၈၀၀၀
၆။	စံကျော့=	၁၆၊	ပရနိမ္မိတဝသဝတ္တီ ၁၆၀၀၀

အစမှာ နီ နီ နှင့် = အစမှာ သုည ၂ လုံးထည့်၊(နီ=သုည၊နီ=သုည)
အောက်ဆီမှာ အာ အာ အက် = အောက်မှာ သုည ၃ လုံး ထည့်၊
(အာ=သုည၊ အာ=သုည၊ အက်=သုည)
မီ=၅၊ က=၁၊ ရာ=၂၊ ယေ=၄၊ ဟာ=၈၊ စံပ=၁၆၊(အကြွင်းတူပြီ)

၁။ ရှေးဦးစွာ ၉ ဓဂ် = အစဆုံး ၉ ရေး၊

၂။ ဆတြိသည်အောက်မှာ = အောက်မှာ ၃၆ ရေး၊

၃။ စတုဇယကော် = အောက်မှာ ၁၄၄ ရေး၊

၄။ ဆသတ္တာ ဗျည်း = အောက်မှာ ၅၇၆ ရေး၊

၅။ ဘေ တြိန္နာစမ္မာ = အောက်မှာ ၂၃၀၄ ရေး၊

၆။ ဆ ကော် ဒ္ဒ ၉ ဓင် = အောက်မှာ ၉၂၁၆ ရေး၊

ခြောက်အစဉ် သုညရေး = နောက်ပိုင်းက သုည ၆ လုံးစီ ထည့်၊ အစဉ် အတိုင်း နဝ်ပြည် ၆ ထပ်၏သက်တမ်း နှစ်ပေါင်း ဖြစ်၏။ (နတ်အရေအတွက် နှစ် မဟုတ်၊ လ.အရေအတွက် နှစ် ဖြစ်သည်။)

အဝယဝတ္ထု။ ဆ=၆၊ တြိ=၃၊ စတု=၄၊ ဇယ=၄၊ ကော်=၁၊ သတ္တ=၇ ဗျည်း=၅၊ ဘေ=၅၊ နှာ=သုည။ စမ္မာ=၄။

၈၈-ဘုံပုဋ္ဌိုလ်ရ တေးထပ်

တေတိ ဌာန၊ ဒ္ဓါဒသပုဂ္ဂိုလ်၊ ပါယ်လေးရပ် နဂိုမှာ၊ ဒု ဆိုသူ တယောက်။ မဟာရုဇ်လူ.ရှာမှာ၊ ဒုကြည်ပါ ကြင်းဆဲ.တစ်ယောက်။ ကျန်ငါးရပ်နတ်နယ်၊ ဒု,သု ပယ် ဆယ်ယောက်။ ဝေဟပ္ဖိုလ် ဘု.တလျှောက်၊ တို ကိုးယော်က် ပုဂ္ဂ လာ။ သုဒ္ဓါဝါ ဘု.ငါး၊ ထက်ဖျားဆုံး သုံးအရိယာ။ သည်သတ် နာမ်ကွာမှာ၊ သုကိုသာ မှတ်ပါတော့၊ ရုပ်မစပ် အရှုပေ၊ ရှစ်ယောက် တိဟေ။ ပရတော ယောသကွေသည်၊ မဂ်သောတေ ရှိဘူးကဲ့.လေး။

၈၉-မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ဝေါ်နည်းသံးပါက်

မန္ဒာ-မ.၊ မဇ္ဈိမ၊ မှတ်ကြ မျိုးလေးပြာ။
ပဥ္စဒ္ဒါရ၊ စိဘ်ကစ၊ ဒနာက်မှ ပြန်ရေပါ။

သတ္တရသ၊ ဘင်သို့ကျ၊ ပြည့်ထ ကေ့ုန ပညာသာ။
လွန်အတိတ၊ ဥပါဒ်က၊ မှတ်ကြ မဇ္ဈိမာ။
မန္ဒာယုက၊ ပသာဒ၊ ထိုမှ ရှေ့ဌ်သာ။
အမန္ဒာမှ၊ နောက်သို့ယူ၊ မဇ္ဈေ ကျမ်းသလာ။
ပညာလိုလား၊ စာသင်သား၊ မှတ်သား မျိုးလေးဖြာ။

၉၀-ငရဲသက် လက်ဝ

စည်းစိမ်မရှည်၊ ခဏတည်၍၊ လူ့ပြည်နေခိုက်၊ စိတ်လိုလိုက်လျက်၊ ပျော်ပိုက်သမှု၊ လောဘစုနှင့်၊ ဒုစရိုက်မှဲ့၊ မကြဉ်ဖဲ့၍၊ ငရဲကျမှု၊ ကျိုက်ကျိုက်ဆူသား၊ သံပူရည်ဖျန်း၊ ခေါင်းကသွန်းလျက်၊ နစ်မွန်းဖန်မန်၊ အတန်တန်နှင့်၊ သေပြန်ရှင်ပြန်၊ ဖြစ်ဟန်မတည်၊ ဆင်းရဲမျှည်၍၊ သံရည်ပူထက်၊ လောင်ခြစ်ကျက်သား၊ နုရက်ငယ်စု၊ သဠေ်ဝ၌၊ လူက အနှစ်၊ ကိုးသန်းဖြစ်မှ၊ တရက် ရ၏၊ လနှစ် ဖွဲ့ကာ၊ နှစ်ငါးရာကို၊ သခ်ျာခွဲ၀ေ၊ လူနှင့် ရေသော်၊ ကုဋေ စုဆောင်း၊ သိန်းခြောက်သောင်းနှင့်၊ ထောင်ပေါင်းနှစ်၀၊ ဆင်းရဲရ၏၊ ထိုမှအောက်တွင်၊ သံမြေပြင်ထက်၊ မမြင်ရက်အောင်၊ လက်နက်ဝေးလှ၊ ဝန်းရစ်ရံ၍၊ မီးလျှံမောက်မောက်၊ ပြောင်ပြောင်တောက်နှင့်၊ နောက်ကပြေးခိုက်၊ ခွေးရူးလိုက်သို့၊ ရိုက်ခတ်ထိုးကာ၊ ဟစ်ကြော်ငြောလျက်၊ ကယ်ပါယူပါ၊ တောင်းပန်ရှာလည်း၊ မေတ္တာမဲ့ငြား၊ မသနားချ၊ သံပြားထက်လှည်း၊ တုံးလုံးလည်းက၊ တစည်းသမား၊ တမျှင်းသားလျက်၊ အလှားလေးထောင့်၊ ရှစ်မြောင့်ဘဲ့ခြောက်၊ ရောက်အောင်လှာခုတ်၊ ကားဌသုတ်မှ၊ သဃ်ားတနှင့်၊ ရေရူ၀မှာ၊ မဟာဆောရူ၀၊ တာပနတိုင်၊ လေးဆ လေးဆ၊ ကာလရှည်စွာ၊ ဆင်းရဲကြာ၏၊ မဟာတာပန၊ နှစ်ကိုဆလည်း၊ မရနိုင်ဘိ၊ အ၀ီစိမှု၊ တိုင်ထိရှည်လျက်၊ သည်နှစ်သက်ကား၊ ကပ်ဝက်ကပ်ဆုံး၊ ခံ၍ပြုန်းလည်း၊ နပုန်းမိန်းမ၊ မလှယုတ်မာ၊ လူ့ပြည်မှာ၌၊ ဖျားနာညှဉ်းဆဲ၊ လွန်ဆင်းရဲလျက်၊ မွဲမွဲတေတေ၊ လက်ခြေချို့တဲ့၊ မျက်နှာမဲ့၍၊ ကရဲ့ကစောင်း၊ ဖြစ်ပြန်ရှောင်း၍၊ မကောင်းယုတ်မာ၊ ဆင်းရဲကြာလိမ့်၊ ခံရုပြစ်ကြောင့် ဆွေးအောင်တည်း။ (ဥမ္မာဒန္တီပျို့သစ်)

၉၁-ကိုလေသာ ၁၅၀၀ မြောက်ပွားပုံ

နာမ်တေပညာ၊ ရူပ်နိုပ္ပဿနှင့်၊ လက္ခဏာလေး၊ ပေါင်းရှိရေးလစ်၊ ခုနစ်ဆဲ့ငါး၊ တည်ကာထားရှိ၊ ဆယ်ပါးကိုလေ၊ မြောက်ပွားလေက၊ ခုနစ်ရာ့ငါးဆယ်၊ နှစ်သွယ်သန္ဓာန်၊ မြောက်ပွားပြန်က၊ အမှန် တထောင့်ငါးရာ ဖြစ်သတည်း။

၉၂-၅၂၇ သွယ်မေတ္တာလက်ာ

ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ၊ ယူနည်းမှာမူ၊ ကျမ်းလာသို့မှတ်လေ၊ အဒေါဒိသ၊ ပုဂ္ဂလသည်၊ ပဋ္ဌင်ငါးဃောက်ခနရှင့်၊ ထူးတထွေ ရည်မှတ်သား၊ သြမိသမှာ၊ ပုဂ္ဂလာမှု၊ မှန်စွာ ခုနစ်ပါးတည့်၊ ပေါင်းပြားက ယှင်းမသွေ၊ ပုဂ္ဂိုလ်အပြား၊ဆဲ့နှစ်ပါးကို၊ မမှားရတို့လေသော်၊ အဝေရာ ဗျာပဇ္ဇ၊ အနီဿဟု၊ သုခိအတွာ၊ လေးဖြာမြောက်လစ်၊ လေးဆဲ့ကျစ်သည်၊ စင်စစ်ရလေပါ လိမ့်၊ ဌကထာအလိုမှု၊ ပိယ သဟာ၊ မဗျာဝေရီ၊ လေးလီမြောက်ခလဟူ၏၊ ရှပ်ဆယ်ဆူမြောက်ပြန်လျှင်၊ လေးရာ့ရှစ်ဆယ်၊ အာဂယ်ရသည်ပင်တည်း၊ ယင်းသည်တုင် ရပ်ဒေသ၊ မရည်မှတ်လစ်၊ လေးဆဲ့ရှစ်ကို၊ တသစ်နှောလိုက်ကလျှင်၊ မှန်မှုချမယှင်းပါ၊ ငါးရာနှစ်ဆယ်၊ ရှစ်သွယ်ခမတ္တာ၊ ပြည့်သည်သာဟု၊ သိပြီးခါပွားဧက၊ အိပ်နိုးချမ်းသာ၊ ယုဘ်မာမမက်၊ နှစ်သက်နတ်လူ၊ ဆိပ်မူ မန္ဒ၊ စိတ်ပျံ့ဘည်ကြည်၊ လှသည်မျက်နှာ၊ သေခါမတော့၊ မဂ်ကင်းချေသော်၊ ဖြစ်လေပြဟ္မာ၊ ဆဲ့တခါစင်၊ အာနိသင်ကို၊ လျင်လျင်အမြဲရ၏။ ဇာနန္ဒမှတ်ဘို့ပါ၊ ယုံမှားမဲ့အောင်၊ ကျမ်းစောင်ဧ င်မှ ဆောင်ရှိမိန့်လိုက်မှာသည်၊ သည့်တိုင်းသာမှတ်ရှိက ကဝိရောင်ပြေး။

သုတေသန၊ မျိုးသိဿတို့၊ မှတ်ကြစိမ့်ဌာ၊ စက္ကိန္ဒာဘိခ၊ မဟာခမ္မဆုဇဂုရ၊ ရေးပြုလိုက်ပါ၊ ဤကျမ်းစာကို၊ ပညာလိုလား၊ တပည့်သားတို့၊ မှတ်သားလေ့ကျက် ဆောင်ရွက်ကြည့်ရှုကြစေသော်။

၅၂-၅၂၇ သွယ်မေတ္တာမြောက်ပွားနည်း

နောဓိသ်ပဋ္ဌတ်၊ ဩဓိသ်သတ်ဟု၊ ဒွါဒသ်ပုဂ္ဂလာ၊မျှားသတ္တာကို၊အဝေထုစပြု၊ တုလေးခုဖြင့်၊ မြောက်မှုပွားလစ်၊ လေးဆဲ့ရှစ်တီ၊ တဆစ်ထိုမှ၊ ဒသဒိသာ၊ မျက်နှာဆယ်ရပ်၊ မြောက်ပွားလတ်က၊ လေးရာ့ရှစ်ဆယ်၊ ထိုဝယ်လေးဆဲ့ ရှစ်၊ ထောလစ်ပါက၊ ငါးရာ့နှစ်ဆယ်၊ ရှစ်စွန်းကယ်သား၊ အကျယ်မေတ္တာ၊ မြောက်ပွားထုသည်....မေတ္တာ အစစ်အမှန်တည်း။

၅၃-၅၂၇ သွယ်မေတ္တာမြောက်ပွားပုံ

ပုဂ္ဂိုလ် ၁၂ မျိုး

၁။ သဗ္ဗေ သတ္တာ

၂။ ″ ပါဏာ

၃။ ″ ဘူတာ

၄။ ″ ပုဂ္ဂလာ

၅။ ″ အတ္တဘावဝပရိယာပန္နာ

၆၊ သဗ္ဗာ ဣတ္ထိယော

၇။ သဗ္ဗေ ပုရိသာ

၈။ ″ အရိယာ

၉။ ″ အနရိယာ

၁၀။ ″ ဒေဝါ

၁၁။ ″ မနုဿာ

၁ ″ ″ ဝိနိပါတိတာ

တု ၄ ခု

၁။ အဝေရာ ဟောန္တု

၂။ အဗျာပဇ္ဇာ ဟောန္တု

၃။ အနီဃာ ဟောန္တု

၄။ သုခီ အတ္တာနံ ပရိဟရန္တု

မှတ်ချက်။ ။ပုဂ္ဂိုလ် ၁၂ မျိုးတွင် ၁ မှ ၅ အထိသည် အနောဓိသပုဂ္ဂိုလ်၊ ၆ မှ ၁၂ အထိသည် သြဓိသပုဂ္ဂိုလ်ဟုမှတ်။

ထိုပုဂ္ဂိုလ် ၁၂ မျိုးတည်း၊ တဲ့ ၄ ပါးနှင့် မြောက် ၄၈ ရ၏၊ ၄၈ ကို အရပ် ၁၀ မျက်နှာနှင့် မြောက် ၄၈၀ ရ၏၊ အရပ် ၁၀ မျက်နှာနှင့်မမြောက် ခင်းက ၄၈ နှင့် ၄၈၀ ကိုပေါင်း၊ ၅၂၈ ရ၏။

၁၂×၄=၄۸၊ ၄۸×၁၀=၄۸၀၊ ၄۸+၄၁၀=၅၂۸။

၉၅-ဝေဒနာသက်ဟာအမှင့်

၁။ ဝေဒနာတစ်၊ ခြောက်ပါးဖြစ်သည်။ ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ,ပီတိ ၎င်းခြောက်ပါသည် ဝေဒနာတပါးဌာသာ ဖြစ်သည်။

၂။ နှစ်မှာဌဝီ။ ဝေဒနာနှစ်ပါးဌ နှစ်ဆဲ့ရှစ်ပါး ဖြစ်သည်။ လောဘ, ဒိဋ္ဌ,မာန, သောဘန စေတသိက် နှစ်ဆဲ့ငါးပါး၊ ပေါင်း နှစ်ဆဲ့ရှစ်ခုသည် ဝေဒနာနှစ်ပါးဌ ဖြစ်သည်။

၃။ သုံးလီဆဲ့တစ်။ ဝေဒနာသုံးပါးဌ ဆဲ့တပါးဖြစ်သည်၊ သဗ္ဗာကုသလသာဝေရဏ စေတသိက်လေးခု, ပီတိကြဉ်ပကိဏ်း စေတသိက်ငါးခု, ထိန,မိဒ္ဓ၊ ၎င်းဆဲ့တပါးသည် ဝေဒနာသုံးပါးဌ ဖြစ်သည်။

၄။ ငါးဖြာခြောက်ခု။ ဝေဒနာ ငါးပါးဌ ခြောက်ခုဖြစ်သည်၊ ဝေဒနာ စေတသိက်ကြဉ် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခြောက်ခုသည် ဝေဒနာငါးပါးဌ ဖြစ်သည်။

၅။ မ တခု။ ဝေဒနာ စေတသိက်ကား ဝေဒနာ ငါးပါးစလုံးဌ မဖြစ်။

ဒုဒေ–ဟေတုသင်္ဂဟအဖွင့်

၁။ အဟိတ်တေရ၊ အဟိတ် စေတသိက်သည် မောဟမူဌေးခ် မောဟ, အဟိတ်စိတ်၌ ယှဉ်ခိုက် ဆန္ဒကြဉ် အညသမာန်း ဒွါဒသ၊ ပေါင်း တဆဲ့သုံးဖြစ်သည်။

၂။ ဂေ ၂၀။ ဂေဟိတ် စေတသိက်သည် ၊မောဟမူဌေးခ် မောဟ ကြဉ်သော စေတသိက် တဆဲ့ငါးပါး၊ လောဘမူ ဒေါသမူ၌ ယှဉ်ခိုက် လောဘ, ဒေါသ, မောဟ၊ ဒိဋ္ဌိဟိတ်ကာမာဝစရ သောဘနစိတ်၌ ယှဉ်ခိုက် အလောဘ,အဒေါသ၊ ပေါင်းနှစ်ဆယ် ဖြစ်သည်။

၃။ ဒိဝယ် ဌစတ်၊ ဒိဋ္ဌိဟိတ် စေတသိက်သည် လောဘမူ၌ယှဉ်ခိုက် လောဘ မောဟကြဉ်သော စေတသိက် နှစ်ဆယ်၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ဉာဏဝိပ္ပယုတ်၌ယှဉ်ခိုက် အလောဘ အဒေါသ အမောဟကြဉ်သော သောဘနစေတသိက် ၂၂ ပါး၊ ဉာဏသမ္ပယုတ်၌ ယှဉ်ခိုက် အလောဘ, အဒေါသ,အမောဟ၊ ပေါင်း လေးဆဲ့ရှစ်ပါး ဖြစ်သည်။

၄။ တိဟိတ်မှတ်၊ ရှလတ်သုံးဆဲ့ငါး။ တိဟိတ် စေတသိက်သည် တိဟိတ်စိတ်၌ ယှဉ်ခိုက် အလောဘ အဒေါသ အမောဟကြဉ်သော စေတသိက် သုံးဆဲ့ငါးပါး ဖြစ်သည်။

၁။ သုံးဂေဟိတ်။ လောဘ, ဒေါသ, ဝိစိကိစ္ဆာသည် ဂေဟိတ် စေတသိက် သုံးခုတည်း။

၂။ ဒွိဟိတ်ကိုးလီ။ မောဟ,ဒိဋ္ဌိ,မာန,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,အလောဘ, အဒေါသ, အဒမောဟသည် ဒွိဟိတ် စေတသိက် ကိုးခုတည်း။

၃။ သတ္တဝီတိဟိတ်။ အဟိရိက, အနောတ္တပ္ပ, ဒဒ္ဓစ္စ,ထိန,မိဒ္ဓ၊ အလောဘ, အဒေါသ အမောဟ ကြဉ်သော သောဘ စေတသိက် နှစ်ဆဲ့နှစ်၊ ပေါင်း တိဟိတ် စေတသိက် ၂၇ပါးတည်း။

၄။ ပဋ္ဌဟိတ်တစ်။ ပီတိ စေတသိက်သည် ဟိတ် ငါးပါးရှိသော စေတသိက်တည်း။

၅။ ၁၂ ဆဟိတ်။ ပီတိကြဉ်သော အညသမာန်း စေတသိက် တဆဲ့နှစ်ခုသည် ဟိတ် ခြောက်ပါးရှိသော စေတသိက်တို့တည်း။

၉၇-ကိန္နသက်ဟာအဖွင့်

၁။ တကိစ္စဖြစ် ၁၇ တည်း။ အကုသိုလ် စေတသိုက် တဆဲ့လေး, ဝိရတီ စေတသိုက် သုံးပါးတို့သည် တကိစ္စတပ်သော စေတသိုက်တို့တည်း။

၂။ လေးဖြစ် ၂ ပါး။ အပ္ပမညာ စေတသိုက် နှစ်ခုသည် လေးကိစ္စတပ်သော စေတသိုက်တို့တည်း။

၃။ ၎င်းကေဝီ။ ဆန္ဒ, သောဘနသာဓာရဏ စေတသိုက် တဆဲ့ကိုးပါး, ပညာနှင့်တို့သည် ၎င်းကိစ္စတပ်သော စေတသိုက်ဘို့တည်း။

၄။ ခြောက်လီမှာ ၁ ခုနှစ်လည်း ၁ပါး။ ပီတိကား ခြောက်ကိစ္စတပ်သော စေတသိုက်တည်း၊ ဝီရိယကား ခုနှစ်ကိစ္စတပ်သော စေတသိုက်ဘည်း။

၅။ ကိုးဖြစ်ကားတေး။ ဝိတက်,ဝိစာရ, အဓိမောက္ခတို့သည် ကိုးကိစ္စတပ်သော စေတသိုက်တို့တည်း။

၆။ ဆဲ့လေး ၇ ရပ်။ သဗ္ဗစိတ္တ သာဓာရဏ စေတသိုက် ခုနှစ်ခုတို့သည် တဆဲ့လေးကိုစ္စတပ်သော စေတသိုက်မျှားဖြစ်သည်။

၉၈-ဒ္ဒါရသက်ဟာအဖွင့်

၁။ မနောဒ္ဒါရံ ကေန်တီဏိ။ လောကုတ္တရာ ဝိရတီ စေတသိုက်သုံးခုသည် မနောဒ္ဒါရ၌ ကေန်ဖြစ်သည်။

၂။ မှန်သည့် ခြောက်ဒ္ဒါ၊ ကေန်မှာကား။ အကုသိုလ် စေတသိုက် တဆဲ့လေး, လောကီ ဝိရတီ သုံးခု၊ ပေါင်း တဆဲ့ ခုနှစ်ခုတို့သည် ခြောက်ဒ္ဒါရ၌ ကေန်ဖြစ်သည်။

၃။ ခြောက်ဒ္ဒါရဟူ၊ နေကန်မူ။ အညသမာန်း တဆဲ့သုံးခု, ဝိရတီကြဉ်သော သောဘန စေတသိုက် နှစ်ဆဲ့နှစ်ခု၊ ပေါင်း စေတသိုက် သုံးဆဲ့ ၎င်းခုတို့သည် ခြောက်ဒ္ဒါရ၌ ရုံခ ါဖြစ်ကြသည်။

၆၉-ဘာဝရွှေက သင်္ဂဟ အဖွင့်

၁။ ပဉ္စဝိကာမ။ မနောဒ္ဓါရုဝဇ္ဇန်းကြဉ်သော အဟိတ်စိတ် တဆဲ့ခုနှစ်ခု, မဟာဝိပါက် ရှစ်ခု၊ ပေါင်း တဆဲ့ငါးပါးတို့သည် ကာမကို ကေန် အာရုံပြုသည်။

၂။ ဆမဟဂ္ဂါ။ ဝိညာဏဇ္ဇာယတန စိတ် ၃ ခု, နေဝသညာ နာသညာယတန စိတ် ၃ ခုတို့သည် မဟဂ္ဂုတ်ကို ကေန် အာရုံပြုသည်။

၃။ ရှစ်ဖြာနိဗ္ဗာန်။ လောကုတ္တရာစိတ် ရှစ်ခုသည် နိဗ္ဗာန်ကို ကေန် အာရုံပြုသည်။

၄။ နာမ်တဆဲ့လေး။ မဟဂ္ဂုတ် ကေန် ခြောက်ခု, နိဗ္ဗာန် ကေန် ရှစ်ခု၊ ပေါင်း တဆဲ့လေးခုသောစိတ်သည် နာမ်ကို ကေန် အာရုံပြုသည်။

စေတသိက် အာရုံများ

အကုသိုလ်စေတသိက် တဆဲ့လေးခုသည် လောကီအာရုံ၌ဖြစ်သည်၊ ဣဿာ, အပ္ပမညာ နှစ်ခု၊ ပေါင်း စေတသိက် ၃ ခုသည် အဋ္ဌတ္တအာရုံ၌မဖြစ်၊ မစ္ဆရိယ စေတသိက်သည် ဗဟိဒ္ဓအာရုံ၌ မဖြစ်၊ ဝိရတီ ၃ ခုသည် ဝိရမိတဗ္ဗဟု ဆိုအပ်သော ကာမအာရုံ, ရူပ်အာရုံ, နာမ်အာရုံ, ပစ္စုပ္ပန်အာရုံများ၌ ဖြစ်သည်။

အပ္ပမညာ စေတသိက် နှစ်ခုသည် ပညတ်အာရုံ, ကာလဝိမုတ်အာရုံ၌ ဖြစ်သည်၊ အကုသိုလ် စေတသိက်, ဝိရတီစေတသိက်, အပ္ပမညာစေတသိက်မှကြွင်းသည့် စေတသိက် ၃၃ ပါးတို့သည် အလုံးစုံသော အာရုံ၌ဖြစ်ကြ၏။

၁၀၀-ဝတ္ထုသင်္ဂဟ အဖွင့်

၁။ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနှစ်ခုသည် ဝတ္ထုခြောက်ပါးကို တရုံတခါ မှီ၍ဖြစ်သည်။

၂။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက် လေးခုသည် ဟဒယ်ဝတ္ထုရူပ်တခုကိုသာ အမြဲမှီ၍ဖြစ်သည်။

၃။ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနှစ်ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ပေါင်း စေတသိက် တဆဲ့တခုမှတပါး ကျန် စေတသိက် လေးဆဲ့တခုသည် ဟဒယဝတ္ထုတခုကိုသာ တရုံတခါမှီ၍ဖြစ်သည်။

ကျင်းပြီးနိဂုံး

ကျမ်းဆရာ၏ ထေရုပွတ္တိ အကျဉ်း

မုံရွာမြို့၏ မြောက်ဖက် ၂၅ မိုင်ခန့် ကွာသော အရပ်၌ သက္ကရာဇ် ၉၉၉ ခုနှစ်၌ (နောသုံး၊ ဝါးသုဉ်း၊ နောသုံး-၉၉၉၊ ဝါးသုဉ်း-ဝါးတောကြီး ရှင်းလင်းခုတ်ထွင်ပြီးစီး) ကြီးမားလှစွာသော ဝါးတောကြီးကို ခုတ်ထွင် ရှင်းလင်းပြီးလျှင် စတင် ရွာတည်လာခဲ့သော 'ဝါးတောမ' ရွာကြီး ရှိပေသည်။

ရွာ၏မြောက်ဖက်၌ ဘုရားသုံးဆူ, တိုက်ကျောင်းကြီး သုံးကျောင်း, သစ်သား ကျောင်းကြီးမျှားနှင့် ခမ်းနားကြီးကျယ်သော သိမ်ကုန်းကျောင်း၊

ရွာ၏အရှေ့ဖက်၌ ကုန်းကျောင်းနှင့် ကျွန်းရင်းကျောင်း၊

ရွာ၏တောင်ဖက်၌ ဥက္ကံကျောင်း၊ ရှေညောင်ပင်ကျောင်း၊

ရွာ၏အနောက်ဖက်၌ ဘုရားကြီးကျောင်း အသီးသီး ရှိကြ၏။

ရွာ၏ အနောက်တောင်ထောင့်(စနေဒေါင့်) ၃ ဖာလုံခန့်ဝေးသောအရပ်၌ တနယ်လုံး ကိုးကွယ်နေကြသော တန်ခိုးကြီး "ရှေစည်းခုံစေတီတော်" မြတ်ကြီး ရှိပေသည်။

ဗုဒ္ဓဘာသာနှယ်ဝင် သူတော်စင်တို့ အစဉ်မပြတ် နေထိုင်လာခဲ့ကြသော ဝါးတောမရွာကြီး၏ အရှေ့ပိုင်း၌ ရှေပန်းတိမ်သည် (ဘုရားဒကာ) ဦးညွှန့် ဒေါ်ရှေထယ် နှင့် သားသမီးမျှားဖြစ်ကြသော ဦးပေါင်, ဦးပေါတင်,ဒေါ်စောကြွယ်, ဒေါ်စောနွဲ., ဦးပေါလှ, ဦးပေါဘတို့ နေထိုင်ခဲ့ကြသည်။

ရွာလယ်ပိုင်း၌ သက်နှံးပရိကွမ္ဘာ ကုန်သည်ကြီး (ဘုရားဒကာ, ကျောင်းဒကာ) ဦးရှေပိုင်, ဒေါ်မင်းအုံ နှင့် သားသမီးမျှားဖြစ်ကြသော ဒေါ်ဖွားမင်, ဒေါ်ဖွားမယ်, ဦးလူဒင်, ဒေါ်စောရှိန်, ဒေါ်စောသင့်, ဦးလူသင်တို့ နေထိုင်ခဲ့ကြသည်။

ဦးပေါတင် - ဒေါ်စောသင့် တို့မှ မောင်သောင်းအား, မောင်သောင်းချယ်, မောင်သောင်းနွယ်, မောင်သောင်းစိန်, မောင်သောင်းကြည်, မမြကြည်, မမြနီ, မမြသင်းဟု သားသမီး ရှစ်ယောက် ထွန်းကားရာ ဤ ကျမ်းစာရှင်မှာ

၁၂၉၆ ခုနှစ် တန်ဆောင်မုန်း လဆုတ် ၈ ရက်နေ့တွင် ဗွားမြင် သော သတ္တမမြောက် သားရတနာ ဖြစ်ပါသည်။

၁၃၁၀ ခုနှစ် ဝါဆို လဆန်း ၅ ရက်နေ့တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး–

၁၃၁၃ ခုနှစ်၌ ပဌမဝယ်တန်း

၁၃၁၄ ခုနှစ်၌ ပဌမလတ်တန်း

၁၃၁၆ ခုနှစ်၌ ပဌမကြီးတန်း (ပါဠိဂုဏ်ထူး)

၁၃၁၇ ခုနှစ်၌ စာချတန်း ကျမ်းရင်း ၂ ကျမ်းနှင့်ဂုဏ်ထူး ၅ ကျမ်း

၁၃၁၉ ခုနှစ်၌ သီလကွန် ကျမ်းရင်း ဘကျမ်းနှင့် အဂုံတို့ကုန်ပါဠိ ပါရဂူ ဂုဏ်ထူးကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

၁၃၁၉ ခုနှစ်၌ပင် ဘာသန္တရ ပုစ္ဆာပေါင်း (၁၀၈၀)ကို ခဖြေဆိုရာ ပဌမရသဖြင့် ပဌမကျော်နှင့် ဝိသိဋ္ဌဓမ္မာစရိယ ရှေတံဆိုပ်ဆုကို ရရှိခဲ့ပါသည်။

၁၃၁၅ ခုနှစ် တပေါင်း လပြည့်နေ့၌ မြောင်းမြမှိ ပဇ္ဇုံတာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် သာသနဝိသေသနီသိမ်၌ ဆရာတော် အရှင် ပညာဇောတ (ယခု ပဲခူးမှိ သာသနမဏ္ဍိုင်ဆရာတော်) ကို ဥပဇ္ဈာယ်ပြု၍ မြောင်းမြမှိ မြေပိုင်ရှင် ဒေါ်လေးမယ် ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ကျမ်းစာများ ရေးသားခြင်း

၁၃၁၄ ခုနှစ်၌ ကူညီရေး ရူပသိဒ္ဓိ၊

၁၃၁၅ ″ ″ ဆန်းနိဿယ၊

၁၃၁၆ ″ ″ အဘိဓမ္မာ၊

၁၃၁၈ ″ ဆန္ဒောသန္နယင်ဦးပွဏ္ဏီ၊

၁၃၂၀ ″ အလင်္ကာရသန္နယင်ဦးပွဏ္ဏီ၊

၁၃၂၁ ″ စာစပ်နည်းပေါင်းချုပ်၊

၁၃၂၂ ″ ကူညီရေး ပါ(တိ)ဓမာတ်၊

၁၃၂၄ ခုနှစ်၌ ကူညီရေးကခ်ါ၊
၁၃၂၆ ။ ခေတ်မှီ ပါဠိ မြန်မာ အဘိဓာန်၊
၁၃၂၈ ။ သဒ္ဒသန္ဒယဋ္ဌပ္ပကာ၊
၁၃၃၃ ။ ၂၅ ခက်း ကမ္မဝါ၊
ပုံတော်စုံ ဝိပါက်တော် ၁၂ ပါး၊
သမာဓိပ္ပကာ၊
၁၃၃၄ ။ ခေတ်မှီ သရုပ်ပြအဘိဓမ္မာ၊
ဒကွိဏသာခါ ဘုရားသမိုင်းတော်၊
အသခ်တနိဗ္ဗာန်၊
မဟာသတိပဋ္ဌာန် ဝတ္ထုတော်ကြီး၊
မဏ္ဍိုင် ရှင်ကျင့်ဝတ်နှင့် ဒုလ္လဘရဟန်းကျင့်ဝတ်၊
၁၃၃၅ ။ အခက်း ၁၀၀ ကမ္မဝါ၊
ခေတ်မှီ သဒ္ဒါကြီးနိဿယ၊
။ မာတိကာ ဓာတုကထာ အရကောက်
။ ဝင် ကိုးဝင်၊
။ တေဒဂ် ဝတ္ထုတော်ကြီး၊
။ ရေစက်ချနည်း တထောင်၊
ဝိပါက်တော် တထောင်၊
၁၃၃၆ ။ ခေတ်မှီ ကမ္မဝါ၊
။ ဇင်းမယ် ပဏ္ဏာသ တရားတော်ကြီး၊
။ ဝိနည်း ဝတ္ထုတော်ကြီး၊
။ သုပ္ပန် ။
။ အဘိဓမ္မာ ။
။ ဓမ္မပဒ ။
၁၃၃၇ ။ ။ စာတတ်နည်း တထောင်၊
။ သောတာပန် ဝတ္ထုတော်ကြီး၊
။ ရဟန္တာ ဝတ္ထုတော်ကြီး
။ သာသနာ့သမိုင်းကျမ်းကြီး၊

၈၃၃၀ ခုနှစ်၌ ခေတ်မှီ တရားအဘိဓာန်ကြီး၊
" တရားစာင်္ဂီကာကြီး၊
" တရားညွှန်ပေါင်းကျမ်းကြီး၊
" ဓမ္မကထိကလက်စွဲကျမ်းကြီး၊
" ၁၅၀၀ မြတ်ဂါထာ၊
၁၃၃၉ " " ပိဋကတ်သမိုင်းကျမ်းကြီး၊
" ပဋ္ဌမဒေသသမိုင်းကျမ်းကြီး
(နှစ်ခေါင်း ၅၀၀၀ အထိ)၊
" ဒါနဝတ္ထုတော်ကြီး၊
" သီလဝတ္ထုတော်ကြီး၊
၄၅ ဝါ မြတ်ဗုဒ္ဓာ
ကျမ်းစာအုပ်များ ရေးသားပြုစုခဲ့ပါသည်။

သာသနာဝင် ကျေးဇူးရှင်များ

ဤကျမ်းစာရှင်၏ အနန္တကျေးဇူးရှင် ဆရာတော်ဘုရားများမှာ -

မုံရွာခရိုင် အရာတော်မြို့နယ် ဝါးတောမရွာ သိမ်ကုန်းကျောင်း တတိယ ဆရာတော် အရှင်ကဝိန္ဒ၊ စတုတ္ထဆရာတော် အရှင်နာယက၊ စာချအရှင် ဇနိတ၊ အရှင် သုဇာတ။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ဒသမမြောက် ရှေကျင် သာသနာဝင် အဂ္ဂမဟာပဏ္ဍိတ သက္ကသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော် အရှင် ဥာနာဘိဓံသ(ဤဆရာတော်မှာ မိမိသာမဏေဘဝက အမြဲ ဥပဇ္ဈာယ် ဆရာ ဖြစ်တော်မူပါသည်)။

မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ် တိုက်အုပ် အရှင် ဥာနိက (ဓမ္မာ စရိယ၊ B.A.)၊ ကထိက အရှင် ကုမာရ (ဓမ္မာစရိယ၊ ဂန္ဓကာရုက)၊ ကထိက အရှင် ဣန္ဒဝံသ(ဓမ္မာစရိယ)၊ စာချ အရှင်ဥဂ္ဂဝံသ၊ အရှင်နာဂ ဝံသ၊ သင်္ချာနည်းပြ အရှင်ပရမ။

ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက် ဘာသာပြန်နည်းပြ အရှင် ကဒိ ဓေ(ဓမ္မာစရိယ)။

အိန္ဒိယပြည် နာဠန္ဒာတက္ကသိုလ် သက္ကတနှင့် အင်္ဂလိပ် နည်းပြ ဆရာတော် အရှင် ကေသာလ (**M.A.**)။

ပဲခူးမြို့ သာသနာ့ မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အရှင် ပညာဇောတ (ဓမ္မကထိက၊ ဂန္ဌကာရက၊ ဓမ္မာစရိယ) ဤဆရာတော်မှာ ဦးပဇ္ဇောက်ဆရာ ဖြစ်တော်မူပါသည်။

ဘိုးကြီးမြို့ မစိုးရိမ် ကျောင်းတိုက် ဆရာတော် အရှင် အဂ္ဂိန္ဒ (ဓမ္မာစရိယ) တို့ ဖြစ်ပါသည်။

အထက်ပါ အနန္တ ကျေးဇူးရှင် ဆရာတော်များ၏ အနန္တ ကျေးဇူးတော်များကို စာပေပို့ချခြင်း, ကျမ်းစာ ရေးသားခြင်း စသော ပရိယတ် ပဋိပတ် အကျိုးမြတ်တို့ဖြင့် လေးမြတ်ကော်ရော် ပူဇော်ခြင်းဖြင့် ကျေးဇူးဆပ်ရပါတော့သည်။

ပုံ့ရှာ ပုရသာ ဥတ္တရေ
ဂါမေ ဝါးတောမ နာမကေ
သက္ကရာဇေ တဒါရက္ခေ
သာသနေ စ သထမ္ဘရေ

သမ္ပတ္တေ ကတ္တိကေ မာသေ
အဌမေ ကာဠပက္ခကေ
ဦ.ပေါတဲ, ဒေါ်စောသင့် နာမ
ဇယမ္ပတ်ဟိ ဇာတိယာ

ဓမ္မဿဝါမိဘိဝံသေန
ဝိဇာနေန မယာ ကဒတာ
သာသနဋ္ဌိတိကာမေန
သာသနဿော'ပကာရကော

ခေတ်မှီမဟာတိကာအရကောက်
ဂန္ဌောသရူပသူစကော
ဇယဒိန္နော နယကိဏ္ဏော
နိဋ္ဌိတော ကတဂန္ဌကော

ပဋ္ဌတ္တိ သာမိကေ သာကေ
တိသတေကသဟဿကေ
ပုဗ္ဗကေ ကတ္တိကေ မာသေ
ပုဏ္ဏမေ ဇိဋ္ဌဝါရကေ။
ဂန္ထော ယုဝတိ မမေ'သာ
ဇာတာ သာသနမဋ္ဌိရေ
ကောသေန္တ သောတုယုဝတ
တဋ္ဌိတံ ဂဟတံ သဒါ

မုံ ရှာပုရသ=မုံ ရှာမြို့၏၊
ဥတ္တရေ=မြောက်အရပ်၌၊
ဝါးတောမနာမကေ= ဝါးတောမ အမည်ရှိသော၊
ဂါမေ=ရှာ၌၊
သက္ကရာဇေ=ကောဇာသက္ကရာဇ်သည်၊
တဒါရက္ခေ=၁၂၉၆ ခုနှစ်သို့၊
သမ္ပတ္တေစ=ရောက်သော်ရင်း၊
သာသနေ=သာသနာသက္ကရာဇ်သည်၊
သဋ္ဌိမ္ဘရေ=၂၄၇၈ ခုနှစ်သို့၊
သမ္ပတ္တေစ=ရောက်သော်ရင်း၊
ကတ္တိကေမာသေ-တန်ဆောင်မုန်းလ၌၊
ကာဠပက္ခကေ=လဆုန်းပက္ခ၌၊
အဋ္ဌမေ=ရှစ်ရက်မြောက်နေ့၌၊
ဦးပေါတင်-ဒေါ်စောသင့် နာမဇယမ္ပတိဟိ=ဦးပေါတင်-ဒေါ်စောသင့်
အမည်ရှိသော ဇနီးမောင်နှံတို့မှ၊
ဇာတိယာ=ပဋ္ဌိသန္ဓေ နေသောအားဖြင့်၊
ဝိဇာတေန=ဖွားမြင်ခဲ့သော၊
သာသနဋ္ဌိတိကာမေန-သာသနာတော်ကြီး အစွန့်ရှည်စွာ
တည်တံ့မှုကိုလိုလားသော၊
ဓမ္မသာမိဘိဝံ ဒသန=ဓမ္မသာမိဘိဝံသအမည်ရှိသော၊
မယာ=ငါသည်၊
ကတော=ရေးသားပြုပြင် စီရင်အပ်သော၊
သရူပသူစကော=သရုပ်အရကောက်ကိုဖော်ပြတတ်သော၊

ဇယဒိန္ဒော=စာမေးပွဲအောင်ဆုကိုပေးတတ်သော၊
နုယကိုဏ္ဍော=နည်းစုံပြွမ်းသော၊
သတဂန္ဓကော=ကျမ်းပေါင်းတရာ အပြည့်ပါသော၊
ခေတ်မီမာတိကာ အရကောက်ဂန္ဓော=ခေတ်မှီမာတိကာ ဓာတုကတာအရ ကောက်ကျမ်းသည်၊
ပဠုတ္တိ သာဓိကေ=၃၅ အလွန်ရှိသော၊
တိသတေကသဟဿဒဂ=၁၃၀၀ဖြစ် သော၊
သာကေ သက္ကရာဇ်၌၊
ပုဗ္ဗကေ ကတ္ထိကေမာသေ=သီတင်းကျတ်လ၌၊
ပုဏ္ဏမေ=လပြည့်နေ့၌၊
ဇိဝ္ဘ၀ါရကေ=ကြာသပတေးနေ့၌ နိဋ္ဌိတော=ပြီးပြီ။
သာသနမဒ္ဒိရေ=ဗုဒ္ဓမြတ်စွာ သာသနာဟု သာယာသိုက်မြိုက် နွယ်ထိုက်သည့် တိုက်အိမ်ကြီးအတွင်း၌၊
ဇာတာ တင့်တင့်တယ်တယ် အဆင့်ကြွယ်သဖြင့် မြင်ထယ်လှစွာ မွေးပွားရှိလာသော၊
မမ ခမ္မဿာမိဘိဝံသ နာမသမုတ် အကျွန်ုပ်၏၊
သော ဂန္ထယုဝတိ ကျစ်လစ်သိပ်သည်း ရှုမငြီးအောင် သူ့နည်း သူ့ဟန် ကဗျာဆန်တဲ့ စံပြယဉ်ပို ခေတ်မှီမာတိကာဓာတုကထာ အရကောက် ဆိုတဲ့ မိန်းမပျိုလေးသည်၊
သောတုယုဝတံ = ပရိသတ်ခမ္မာန် မြတ်ကျမ်းဂန်ကို သင်အုံ့ကြည့်ရှု လေ့လာမှုကြောင့် သောတုခေါ်ဆို လုလင်ပျိုအဓိပါဒ်းကို၊
တောသေန္တီ=အပြစ်မဖက် ချစ်မပျက်ပဲ နှစ်သက်ကျေနပ် ပီတိ ထပ်အောင် ဆွဲဆောင်နိုင်သည်ဖြစ်၍၊
တဒ္ဓိတံ=စာပေသင်ကြား စာသင်သားဟု မျှားပြားလှတောင်း လုလင်ပျိုအပေါင်းတို့၏အကျိုးစီးပွားကို၊
သဒါ=အခါခပ်သိမ်း၊
ဝဟတံ=လိုတိုင်းရရှိ တ,တိုင်းပြည့်အောင် ကြည်ရှုမပျက် ဆောင်ရွက်ရစ် ပါစေသတည်း။

ခေတ်မှီ မာတိကာ ဓာတုကထာ အရကောက်
ပြီးပြီ။